# ရန်ကုန်ဘဆွေ

## ပက်ဆစ်သရဲတွေ ပတ်လည်ဝိုင်းပါလို့

ဒုတိယအကြိမ်



# ဖက်ဆစ်သရဲတွေ ပတ်လည်ဝိုင်းပါလို့

## ရန်ကုန်ဘဆွေ

ပညာရွှေတောင် စာအုပ်တိုက်
အမှတ်(၉၀၊ ၉၂ ) ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ် ၊ ရန်ကုန်မြို့။
၀၁-၃၈၈၇၁၈

# အခန်း (၁)

# ဖက်ဆစ်သရဲတွေ ပတ်လည်ဝိုင်းပါလို့

အိမ်ရှင်က ဖော်ရွေလှသည်။ ည(၇) နာရီခန့် မိုးချုပ်မှ ထမင်းစားရသော်လည်း ဟင်းတွေက စုံလှသည်။ အိမ်ကြီးကလည်း အလွန်ခံ့ထည်လျက် အောက်လင်း ဓာတ်မီးတစ်လုံးနှင့် လက်ဆွဲဓာတ်မီးတစ်လုံး ထွန်းထားသဖြင့် တစ်အိမ်လုံး လင်းထိန် နေသည်။

တပည့်လက်သား သူရင်းငှားတို့နှင့်တကွ မိန်းမများ၊ ကလေးများ အပါအဝင် အိမ်သူအိမ်သားများ အတော်များပုံ ရသော်လည်း ထမင်းဝိုင်း၌ စံနက်ကျော် တစ်ယောက် တည်းရှိသည်။ အိမ်ရှင်သည် စံနက်ကျော်၏ ဘေးတွင်ထိုင်လျက် စံနက်ကျော်၏ ထမင်းပန်းကန် ထဲသို့ ဟင်းများကို အတင်းခပ်ထည့်ပေးနေသည်။

လွန်ခဲ့သော တစ်နာရီခန့်မှ ခန္ဓာစဲသွားဟန်ရှိသော ဤအိမ်ကြီးမှ ဘဲတစ်ကောင်၏ အသားသည် စံနက်ကျော်၏ ပန်းကန်အနီး၌ စားချင့်သဖွယ် မွှေးကြိုင်သင်းပျံ့နေသည်။ အိမ်ရှင်သည် ထိုဟင်းခွက်မှ ဆူဖြိုးသော အသားဖတ်များနှင့် အနှစ်ဖတ်များကို စံနက်ကျော်၏ ထမင်း ပန်းကန်ထဲသို့ စေတနာဒလဟောဖြင့် တွင်တွင်ချည်း ခပ်ထည့် ပေးနေသည်။

မီးသင်းသည့် ငရုတ်ကောင်းမှုန့်ကလေး စွတ်ထားသော ဒန့်သလွန်ရွက်ဟင်းချို ပူပူကလေးကို သောက်ပြီးသောအချိန်၌ ဆူးဖြိုးလှသော ဘဲသား၏ အချိုထူးပုံကို စံနက်ကျော်က သတိထားမိလာသည်။

နေရာတိုင်းတွင် ဆီပြတ်နေကြသည့် အချိန်၌ ဤအိမ်ရှင်တို့၏ ပေါ်များ ကြွယ်ဝပုံသည် စံနက်ကျော်အဖို့ သတိထားချင်စရာ ဖြစ်လာရပြန်၏။ ချက်ချင်းပင် အလွန် အကင်းပါးပုံရသော စေတနာကောင်းလှသည့် အိမ်ရှင်ကြီး၏ မျက်လုံးနှင့် ပါးစပ်တို့၏ အသွင်ကိုလည်း စံနက်ကျော်၏ စိတ်၌ မကြိုက်နိုင်သလို ဖြစ်နေ၏။

ထိုအတွင်း၌ စံနက်ကျော် ထမင်းစားနေသည့် အိမ်မျက်နှာစာ ဧည့်ခန်း၏ ရှေ့ဖိနပ်ချွတ်ကပြင်ပေါ်သို့ အသက်အစိတ်၊ နှစ်ဆယ်ဝန်းကျင် ခန့်ရှိ လူရွယ်လူလတ်တို့ တဖွဲဖွဲရောက်လာ ကြရာ ဖိနပ်ချွတ်တစ်ခုလုံး ပြည့်လုတော့မလို ဖြစ်လာ၏။

ထိုလူငယ်လူရွယ်တို့သည် ထမင်းစားနေသည့် စံနက်ကျော်ကို မသိမသာသော်လည်းကောင်း၊ သိသိသာသာသော် လည်းကောင်း ကြည့်နေကြ၏။ သူတို့၏ မျက်နှာထားများသည် စံနက်ကျော်အဖို့ လိပ်ပြာမသန့်စရာလိုလို ဖြစ်နေကြ၏။ လှောင်သရော်သလိုလို ပြက်ရယ် ပြုသလိုလို အမူအရာသည် သူတို့၏ မျက်နှာ၌ ဖုံးလွှမ်းနေကြ၏။

"ကျွန်တော်တို့ရွာက ဒီလိုပဲ ခင်တတ်မင်တတ်ကြတယ် ခင်ဗျ။ ဘယ်သူ့အိမ်ပဲဖြစ်ဖြစ် ဧည့်သည် လူစိမ်းတစ်ယောက် ရောက်လာရင် ရွာသားတွေဟာ မိတ်ဖွဲ့ရအောင် ဒီလိုပဲ ရောက်လာကြတာပဲ "

စံနက်ကျော်၏ မျက်လုံးရွေ့လျားမှုကို ကြည့်လျက် အိမ်ရှင်က ပြောပြနေခြင်းဖြစ်၏။ ထိုသို့ပြောပြရင်း ဘဲသားဟင်းများကိုလည်းထမင်းပန်းကန်ထဲသို့ ခပ်ပေးလိုက်၏။

စံနက်ကျော်သည် ဘဲသားထဲ၌ ဆေးခြောက်ထည့်၍ ချက်ထားခြင်းဖြစ်ကြောင်းကို အကြိမ်ကြိမ် ရိပ်မိလာ၏။ စံနက်ကျော်၏ မျက်နှာသည် အိမ်ရှင် ရှိရာသို့ လှမ်းကြည့် လျက် လိုက်လိုက်ရောရော ပြုံးနေရသော်လည်း စံနက်ကျော်၏ စိတ်ထဲတွင် စိုးရိမ်လာ၏။ စိုးရိမ်ဖွယ် အကြောင်းတစ်ခုကို တွေ့လိုက်သောကြောင့်လည်း ဖြစ်သည်။ စံနက်ကျော်က အိမ်အပြင် ဘက်ဆီသို့လှမ်းကြည့်မိ၏။

"အန္တရာယ်ရောက်လာပြီ၊ အသင့်ပြင်တော့ "

တစ်နည်းဆိုလျှင် ရန်သူအသင့် ဟူသည့် အဓိပ္ပါယ်မျိုးရှိသော အချက်ပေးမှုတစ်ခုကိုတွေ့လိုက်ရ၏။

စင်စစ် ဤရပ် ဤရွာသို့ စံနက်ကျော် တစ်ခါမျှ မရောက်ဘူးသေး။ ထို့ပြင် မိမိတို့၏ အဖွဲ့သားများလည်း မရှိ။

သို့ပါလျက် မိမိတို့၏ အထိမ်းအမှတ် အချက်ပေးစနစ်အတိုင်း အိမ်ရှေ့ချောင်းစပ်ရှိ သရက်ပင်နှင့် ဝါးပင်များရှိရာသို့ ရိပ်ခနဲ ရိပ်ခနဲလင်းလိုက်သော လက်နှိပ်ဓါတ်မီးရောင်က ထိုအဓိပ္ပါယ်ကို ဖော်ပြနေ၏။ ထိုမီးရောင်သည် အိမ်ရှေ့ဖိနပ်ချွတ်တွင်

ထိုင်နေကြသော လူအုပ်စုတို့ အထဲမှ လူရွယ်တစ်ဦးက မိမိလက်ထဲရှိ လက်နှိပ်ဓာတ်မီးကို ပြင်ဆင်းနေရင်း သစ်ပင်များပေါ်သို့ ဝင်းခနဲ ဝင်းခနဲ ကျရောက်နေခြင်း ဖြစ်၏။

"ထူးတော့ ထူးခြားနေပြီ၊ သတိထားမှပဲ" ဟူသော အသိသည် စံနက်ကျော်၏ ခေါင်းထဲ၊ ရင်ထဲ၌ ပေါ်လာရင်း (အမြင့် အဖျားတို့မှ လိမ့်ကျတော့မည်ကဲ့သို့ ယိမ်းယိုင်သွားရသည့် အခါတို့တွင်) တစ်ကိုယ်လုံး ဖျဉ်းခနဲ ထူထူပူပူ ဖြစ်သွားရသကဲ့သို့ မွေးညင်းများ ထောင်လာလျက် ဖျဉ်းဖျဉ်းသိမ့်သိမ့် ဖြစ်လာ၏။

"ဆရာလေး ၊ ဘာစားမိသွားလို့လဲ"

ကြောက်စရာ ကောင်းလောက်အောင် အကင်းပါးလှသော အိမ်ရှင်က စံနက်ကျော်၏ မျက်နှာကို အကဲခတ်ဟန်ဖြင့် စူးစူးစိုက်စိုက်ကြည့်ရင်းမေး၏။

"ကိစ္စမရှိပါဘူး ခင်ဗျာ၊ ဟင်းချိုထဲမှာ ပါလာတဲ့ ရေတ်ကောင်းစေ့ကို ဝါးမိလို့ပါ"

စံနက်ကျော်က ဣန္ဒြေမပျက်ဖြေရင်း "ဘယ်လိုလုပ်ရပ့်မလဲ" ဟု ဝမ်းထဲမှာ အကြံထုတ်၏။ မျက်လုံးကိုလည်း ဘယ်မှမကြည့်မိအောင် သတိမူရင်း ဟင်းခွက်များ ရှိရာတို့၌သာ ထား၏။ ထိုစဉ် ရွာလမ်းမကြီး၏ ခပ်လှမ်းလှမ်းလောက်ဆီမှ ရွာခွေးများကို ထိုးဟောင်သံတို့ကို ကြားရ၏။ စံနက်ကျော် လက်ဆေးလိုက်သည်။

"တော်ပလား ဆရာလေး နည်းလှပါလား"

"ကျွန်တော်က နဂိုကတည်းက အစားက ခပ်နည်းနည်းပါ။ ဒီအထဲမှာ လေရောဂါကလည်းရှိတော့ ဘယ်လို အဆင်မသင့်ဖြစ်သွားလဲ မသိဘူး၊ နံကြားထဲမှာ လေအောင့်သလိုလို ဘာလိုလိုဖြစ်တာတာနဲ့ "

"အို ဖြစ်မှ ဖြစ်ရလေ ဆရာလေးရယ်၊ ဒါဖြင့် ကျွန်တော်တို့ဘယ်လို ...."

အိမ်ရှင်သည် အိမ်ရှေ့ ကပြင်ပေါ်ရှိ တစ်စုံတစ်ယောက်ကို ခေါ်တော့မည် ပြုလိုက်စဉ် စံနက်ကျော်က ကမန်းကတန်း လက်ကာလိုက်သည်။ လက်သုတ်ပဝါကို ဆွဲယူရင်း.......

"ကိစ္စမရှိဘူး၊ ဘာမှလုပ်ဖို့မလိုဘူး။ ဒါက ကျွန်တော်အဖို့ အမြဲဖြစ်နေကျ၊ ခဏကြာရင် ပျောက်သွားမှာပဲ "

ထိုစဉ် ရွာလမ်းဆီမှ လျှောက်လာကြသော အသံတွေလည်း နီးလာကြ၏၊ အိမ်ရှေ့ ကပြင်ပေါ်တွင် ရှိနေကြသော လူရွယ်လူလတ်တို့လည်း လှုပ်လှုပ်ရှားရှားပင် ဖြစ်လာကြ၏။ စံနက်ကျော်သည် လက်သုတ်ပဝါကို ကိုင်လျက်ပင် နေရာမှ ထလိုက်သည်။

"ဘယ်လဲ ဆရာလေး၊ ဘာလိုချင်လို့လဲ"

"ကျွန်တော် နောက်ဘက် ခဏထွက်ချင်လို့"

"ကျွန်တော် လိုက်ပို့မယ်။ ဟဲ့- ထွန်းအုံ၊ လာစမ်း လက်နှိပ်ဓာတ်မီး ယူခဲ့၊ ငပွကော"

စံနက်ကျော်၏ နှစ်ကိုယ်စာမျှ ရှိသော အားကောင်းမောင်းသန် လူကြမ်း နှစ်ယောက်သည် ဖိနပ်ချွတ်မှ ထကာ လှွားခနဲ အိမ်တွင်းသို့ ရောက်လာကြ၏။ တစ်ယောက်၏ လက်ထဲတွင် ခက်ရင်းခွကြီးကို ကိုင်ထား၏။ ကျန်တစ်ယောက်၏ လက်ထဲ၌ ငါးထောင့်ထိုး လက်နှိပ် ဓာတ်မီးတစ်ခုနှင့် ဓနိခုတ်ဓားတစ်ချောင်း ပါ၏။ ထိုလက်နက်တို့သည် တောရပ်တောရွာသားတို့၏ ဓလေ့အတိုင်း ကိုင်စွဲထားကြခြင်း ဖြစ်ရာ စံနက်ကျော် အဖို့ မည်သို့မျှ မကန့်ကွက်သာ။

တောရွာ ပျဉ်ထောင်အိမ်ကြီးတို့၏ ထုံးစံအတိုင်း အိမ်နောက်ဘက်သို့ ထွက်သော တံခါးသည် အိမ်မကြီး၏ နောက်တည့်တည့် အလယ်ဘက်၌ရှိ၏။ စံနက်ကျော်သည် အိမ်ရှင်၏ ရှေ့သို့ကျော်တက် လိုက်ကာ နောက်ဖေးတံခါးကိုဖွင့်၏။

"ကျွန်တော်ဖွင့်ပေးမယ် ဆရာလေး"

"ကိစ္စမရှိပါဘူးဗျာ၊ ဒါလောက်ဆိုရင် တော်ပါပြီ။ ကျွန်တော် သွားတတ်ပါတယ်။ ခင်ဗျား လက်နှိပ်ဓါတ်မီးကို ခဏပေး "

အိမ်ရှင်နှင့်အတူ မိမိဘေးမှ အတင်းကပ်၍ လိုက်လာသည့် လူကြမ်းကြီး၏ လက်ထဲရှိ လက်နှိပ်ဓာတ်မီးကို စံနက်ကျော်က ပြောပြောဆိုဆို ဆွဲလိုက်သည်။ သို့သော် လက်နှိပ်ဓာတ်မီးကား ပါမလာ။ သစ်ပင်မှ သစ်ကိုင်းကို ဆွဲနုတ်နေသကဲ့သို့ ဆွဲငင်၍မရ။ ထိုစဉ် ပွင့်သွားသည့် တံခါးမှ အပြင်ဘက်ရှိ နွားတင်းကုပ်ကို မြင်နေရသည်။ နွားတင်းကုပ် ရှိရာသို့ အိမ်ဘေးဘက်ဆီမှ လျှပ်ပြက်သကဲ့သို့ ထိုးနေသော လက်နှိပ်ဓာတ်မီးရောင်ကို မြင်ရပြန်သည်။

"အမြန်ပြေး၊ သို့မဟုတ် နေရာယူ" ဟူသည့် အဓိပ္ပါယ်ကို ပြောပြနေသော ဓာတ်မီးရောင် ဖြစ်သည်။ စံနက်ကျော်သည် တံခါးဝ၌ ရပ်လိုက်သည်။

"ကျွန်တော်ကို အဲဒီဓာတ်မီး ပေးလိုက်ပါလား၊ ကိစ္စမရှိဘူး ကျွန်တော် သွားတတ်ပါပြီ။ ကျွန်တော့ဘာသာ ကျွန်တော်သွားမယ် "

လက်နှိပ် ဓာတ်မီးကိုင်ထားသော လူကြမ်းကြီးကား ဘာမှမပြော။ စက်ရုပ်ကြီးလို အသံမထွက်ဘဲ ရှိနေသည်။ သို့သော်သူ့ကိုယ်မှ ချွေးနံ့တို့က စံနက်ကျော်၏ နှာခေါင်း တွင်းသို့ စူးဝင်လာသည်။ သူ့လက်မှ အမွေးကြမ်းတို့ကလည်း စံနက်ကျော်၏ အသားကို ထိနေကြသည်။ ဖော်ရွေလှသော အိမ်ရှင်က ဝင်ရောက် လောကွတ်လုပ်လိုက်ပြန်၏။

"မဟုတ်တာဘဲ ဆရာလေး၊ ကျွန်တော်တို့က လိုက်ပို့ပေးမှာပေါ့"

ထိုစဉ် အိမ်ရှေ့ဆီမှ ဆူဆူညံညံ အသံတွေ ပေါ်လာခဲ့သည်။ စံနက်ကျော်၏ ရင်ထဲ၌ ပို၍ အရေးတကြီး ဖြစ်လာ၏။

"လိုက်ပို့ပေးလည်း ဓာတ်မီးကိုတော့ ကျွန်တော့် ခဏပေး ထားဗျာ။ ကျွန်တော်က ညဘက်မှာ သိပ်လမ်းမလျှောက် တတ်ဘူး"

စံနက်ကျော်၏ စကားမဆုံးမီပင်...

"ဟော့ပွကြီး၊ ဆရာလေးကို ဓာတ်မီးပေးလိုက်ပါကွာ" ဟုအိမ်ရှင်က ပြောလိုက် သည်။

စံနက်ကျော် အိမ်ရှင်၏ စကားမဆုံးမီ လူထွားလူကြမ်းကြီး၏ လက်ထဲမှ လက်နိပ်ဓာတ်မီးကို ဆွဲယူလိုက်သည်။ တစ်ချိန်တည်းလိုလိုပင် အိမ်ရှေ့ဆီမှ အော်ဟစ် အမိန့်ပေးသကဲ့သို့သော အသံကို ကြားလိုက်ရသည်။

ပွကြီးသည် စံနက်ကျော်၏ လက်ကောက်ဝတ်ကို ပြုတ်တူဖြင့် ညှပ်လိုက်သကဲ့သို့ ဆုပ်ကိုင်လိုက်သည်။

"အို . . . အနာ အနာ"

စံနက်ကျော်၏ အော်သံနှင့် အတူ ကိုင်ထားသော ပွကြီး၏ လက်က လွှတ်လိုက်၏။ စံနက်ကျော်သည် နောက်ဘေးဆင့် ကလေးပေါ်မှ ခုန်ချလိုက်သည်။

"သွားပဟေ့၊ လိုက်" ဟူသော အသံပေါ်လာ၏။ အမှောင်ရိပ်ရှိသော နွားတင်းကုပ်ဘက်ဆီသို့ နှစ်လှမ်းမျှ တည့်တည့် ပြေးလိုက်ပြီးနောက် ယာဘက်ဘေးသို့ ဖြတ်ခုန်လိုက်သည်။ တစ်ပြိုင်တည်းပင် နောက်မှ ခက်ရင်းခွသည် စံနက်ကျော်၏ ဝဲဘက်မြေကြီး၌ ဒုတ်ခနဲ လာစိုက်၏။ တမင်သတိထား၍ ဂရုတစိုက်ပြုလုပ်ရခြင်း မဟုတ်သော စံနက်ကျော်၏ ပင်ကိုအလေ့အကျင့်သည် စံနက်ကျော်၏ အသက်ကို ကယ်တင်လိုက်ပေပြီ။

မှောင်နေသည့် နွားတင်းကုပ်ထဲသို့ လက်နိပ်ဓာတ်မီးဖြင့် ဝင်းခနဲ တစ်ချက် ထိုးလိုက်သည်။ မီးရောင်လမ်းအတိုင်း တစ်ရှိန်ထိုးရိပ်ခနဲဝင်လိုက်ပြီး ဘေးဘက်သို့ တစ်လှမ်းခန့် ဆုတ်လိုက်ကာ လက်တွင်းရှိ ဓာတ်မီးဖြင့် ဝင်လာသည့် ဘက်သို့ ပြန်လှည့်၍ အားရပါးရ ရိုက်လိုက်သည်။

တမင်ချိန်ကိုက်ထား သကဲ့သို့ နောက်မှ ကပ်ဝင်လာသူ၏ နဖူးနှင့် နှာခေါင်းရိုးစပ်ကို လက်နိပ်ဓာတ်မီး ခေါင်းကြီးနှင့် တပ်တပ်အပ်အပ် ထိမိသွားသည်။ ဗလုံးဗထွေး အော်မြည်လိုက်သောအသံ နှင့်အတူ ထိုသူသည် နေရာတွင်လဲကျသည်။ နောက်မှ ကပ်ပါလာသူ တစ်ယောက်သည် ထိုသူ့ကို ခလုတ်တိုက်ကာ အပေါ်မှထပ်၍ လဲသည်။ စံနက်ကျော်သည် ထိုသူတို့အပေါ်မှ ခုန်ကျော်လျက် လွှားခနဲ အပြင်သို့ ပြန်ထွက်လိုက်သည်။

ဝင်းခနဲလင်းလာသော မီးရောင်သည် နွားတင်းကုပ်၏ အပြင်ဘက်သို့ ပြန်ရောက်နေသော စံနက်ကျော်ကို လည်းကောင်း၊ စံနက်ကျော်၏ ရှေ့တွင် ရန်ပြုရန် အတွက် အသင့်ရှိသော အိမ်ရှင်၏ လက်ထဲ၌ ဓားမြှောင်တစ်ချောင်း ဆုပ်ကိုင်ထားသည်။ တစ်ပြိုင်တည်းပင် အိမ်ဘေး ပတ်ပတ်လည်တို့မှ ဝိုင်းဝန်း အော်ဟစ်ကြသော အသံများနှင့် ပြေးလွှားလာကြသော အသံဗလံတို့ပေါ်လာကြသည်။ မီးရောင်က ချက်ချင်းပိတ်လိုက်၏။

"ဟေ့ မီးရှိတဲ့လူ ပြန်ထိုးထားပါကွ၊ ဘာလို့ ပိတ်လိုက်တာလဲ"

တစ်ယောက်တစ်ခွန်း အော်ဟစ်ဆူညံ နေစဉ်၌ပင် စံနက်ကျော်ကလည်း မီးရောင် ပျောက်သွားသည်နှင့် နောက်ဘက်သို့ ဘယ်ခြေတစ်လှမ်း ယောင်ယမ်း ဆုတ်လိုက်ကာ လက်ထဲရှိ ပိန်ချုံ့နေသည့် ငါးထောင့်ထိုး ဓာတ်မီးကြီးဖြင့် အရမ်းကာရော ရိုက်ချလိုက်သည်။

အုတ်ခနဲမြည်သံနှင့်အတူ လူတစ်ယောက်လဲကျသွားသည်။ သိပ်မဆိုးလှ။ အိမ်ရှင် အကောင်ကြီး၊ မင်း တစ်ရေးအိပ်ကျန်ခဲ့တော့ဟု တွေးလိုက်သည်။ တစ်ဆက်တည်းပင် သုံး၊ လေးလုပ်မျှ စားခဲ့မိသော ဆေးခြောက်ထည့်၍ ချက်ထားသည့် ဘဲသားဟင်းကို သတိရသွားသည်။ "ငါလည်း ဆေးခြောက်မူးပြီး အိပ်ချင်လာမှဖြင့် ဒုက္ခပဲ" ဟု တွေးလိုက်သည်။

စံနက်ကျော်သည် စိတ်က ထိုသို့ တွေးမိနေစကာမူ နားက ပတ်ဝန်းကျင်မှ အော်ဟစ် လှုပ်ရှားသံတို့ကို ကြားနေရသည်။ လူက နွားတင်းကုပ်ကြီးဘေး အမှောင်ရိပ်သို့ ရောက်နေခဲ့ပြီး ဖြစ်သည်။ လက်ထဲ၌လည်း လိမ်ကောက်နေပြီဖြစ်သော ငါးထောင့်ထိုး ဓာတ်မီးကြီးကို ကျစ်ကျစ်ဆုပ်ထားလျက် ရှိသည်။

"ဟေ့ - မီးရှိတဲ့ အကောင် ဘယ်ရောက်သွားလဲ၊ မီးထိုးပေးပါ ဆိုနေတာ"

အော်ဟစ်ကြိမ်းမောင်းရင်း ပြေးလွှားလှုပ်ရှားနေကြသည့် လူသံများ၏ နောက်မှ မီးရောင်တွေလည်း ဝိုးဝိုးဝွင်းဝွင်းဖြင့် လှုပ်ရှားရောက်လာသည်။

စံနက်ကျော်သည် မိမိ အခြေမလှတော့ပြီကို သိလျက် အမှောင်ရိပ်ရှိသော တင်းကုပ်ကြီး ဘေးသို့ ပတ်လိုက်သည်။ မိမိရှေ့တွင် လူရိပ်ကိုတွေ့လိုက်သောကြောင့် အားကုန်တီးလိုက်ရာ ခေါင်ဆင်းနိမ့်လှသော နွားတင်းကုပ်အမိုးကြီးမှ အခြင်ဝါးတန်း များကြောင့် ထိုလူအဖို့ ထိသော်လည်း မနာလှ။

"အို" ဟု ခပ်တိုးတိုးမြည်လျက် ထိုလူက နောက်ဘက်သို့ ရွှေ့သွားသည်။ တကယ့် လူအစစ်ဖြစ်သော်လည်း မိမိကို မည်သို့မျှပြန်မလုပ်။ ဝေးဝေးလံလံလည်း ပြေးမသွား သောကြောင့် စံနက်ကျော်က အံ့အားသင့်သည်။ "ငါ ဆေးခြောက်များ မူးနေပြီလား" ဟုလည်း မိမိပေါင်မိမိ ဆိတ်ကြည့်ရသေးသည်။ ချက်ချင်း "ငါမူးတာတော့ မဟုတ် သေးဘူး" ဟုတွေးသည်။

ထိုစဉ် ထိုလူ့ဆီမှ အသံတိုးတိုးပေါ်လာသည်။

"လာလာ - ဒီဘက်ကို မြန်မြန်လာ၊ အချိန်သိပ်မရှိဘူး"

"ခင်ဗျား ဘယ်သူလဲ"

"မိတ်ဆွေပါ"

"ဘယ်က မိတ်ဆွေလဲ"

ထိုအချိန်၌ လူသံများ ဓာတ်မီးရောင်များနှင့် မီးတုတ်မီးစည်းတို့၏ အရောင်များပါ အိမ်ဘေး နှစ်ဖက်သို့ ရိုက်ခတ်လာကြလေပြီ။ ဓားတွေ၊ တုတ်တွေကိုင်လျက် အိမ်ဘေး ပတ်ပတ်တွင်း ဝိုင်းရံ့ညာသံ ပေးနေကြသောလူတို့၏ မိုးမိုးမည်းမည်း ပုံသဏ္ဍာန်တို့ကို မြင်နေရပေပြီ။

"အဲဒါလုပ်မနေနဲ့၊ ခင်ဗျား မိသွားမယ်။ ကျုပ်နောက် မြန်မြန်လိုက်ခဲ့။ ကျုပ် ခင်ဗျားကို ဘယ်လိုပြောရမလဲ သပြေလို့ ပြောရင် ရသလား"

ဟုတ်ပေပြီ။ တကယ့် ကိုယ့်ဘက်သား အစစ် ဖြစ်ပေပြီ။ စံနက်ကျော်သည် ထိုသူ၏ ဘေးသို့ ဖျတ်ခနဲ ပြေးကပ်လိုက်၏။ ထိုသူက စံနက်ကျော်ကို မည်သို့မျှ

မပြောတော့ဘဲ တစ်ဖက်အိမ်၏ ဝင်းခြံထဲသို့ တိုးဝင်လိုက်၏။ စံနက်ကျော်ကလည်း ထိုသူနှင့် ထပ်ကြပ်မကွာ တိုးဝင်၏။ ဤနည်းဖြင့် အိမ်ဝင်းသုံး၊ လေးခုကို ဖြတ်ကျော်မိခဲ့ကြ၏။

ထိုအချိန်၌ တစ်ရွာလုံး ဆူညံနေကြလေပြီ။ အိမ်တွေရှေ့ ရွာလမ်းမကြီးပေါ်မှ ပြေးလွှားသံများ။

အိမ်တွေနောက် ရွာနောက်ဖေး လယ်ကွင်းကြီး၌ မီးစည်း၊ မီးတုတ်ကြီးများနှင့် ဟိုရှာ သည်ရှာ ရှာနေကြသံများ။

သံချောင်းခေါက်သံ၊ လူစုအသံ၊ တစ်စုနှင့် တစ်စု အော်ခေါ် ပြောဆိုနေကြသံများ စသည်တို့ စီစီညံနေကြပေပြီ။ ရှေ့မှ မိတ်ဆွေသည် အိမ်ဝင်း တစ်ဝင်း၏ ထောင့်တွင် ရှေ့တိုး နောက်မဆုတ်နှင့် ငြိမ်သက်နေ၏။ အိမ်ထဲမှလည်း လူသံများကို ကြားနေကြရ၏။ ဤ အိမ်သည် စိတ်ချရသည့် အိမ်လား၊ စိတ်မချရသည့် အိမ်လား မသိရ။ မိတ်ဆွေကမူ အပြင်ထွက်ဖို့ရန် အတွက်သာ ဦးတည်နေ၏ ။

"ကျွန်တော်တို့ ထွက်ကြမှာလား "

"ဟုတ်ကဲ့ "

"ဒါဖြင့် ထွက်ဗျာ "

"ခဏနေဦးဗျ"

ဤလိုအခါမျိုး၌ အချိန်သည် အလွန်အရေးကြီး၏ ။ အချိန်ကို မိမိက ဦးခြင်း၊ မိမိက နောက်ကျခြင်း တို့သည် မိမိ၏ အခြေအနေတစ်ခုလုံးကို အဆုံးအဖြတ် ပေးသွားနိုင်လေသည်။ မိတ်ဆွေကမူ တစ်စုံတစ်ခုကို ချီတုံချတုံပြုနေ၏။

"ဒီမှာ ကျွန်တော် နည်းနည်းအကြံပေးချင်၊ ကျွန်တော်တို့ တစ်နေရာရာက အိမ်ရှေ့ ရွာလမ်းကြီးကို အမှတ်တမဲ့ ဖြတ်ကျော်လိုက်ပြီး ချောင်းတစ်ဖက်ကမ်းကို ကူးလိုက်ရင် ပိုကောင်းမယ် ထင်တယ်"

"ကျုပ်လည်း အဲဒီအတိုင်း သွားမလို့ပဲဗျ၊ ဒီအိမ်နဲ့ ဟိုဘက်အိမ်က ဝင်းတစ်ခုစီ။ အလယ်က ရွာလမ်းဘက်ထွက်တဲ့ လမ်းကြောင်းရှိတယ်။ ချောင်းဟိုဘက်ကူးဖို့ လှေတွေရှိတဲ့ တံတားနဲ့လည်း နီးတယ်။ ခက်တာက ဒီဝင်းအပြင်ဘက်ထွက်လိုက်ရင် ဟိုဘက်အိမ်က သိပ်ချွေးပေါင်တယ်ဗျ"

"ဒီအိမ်ဝင်းထဲမှာကော ကျွန်တော်တို့ ကြာကြာနေလို့ကောင်းပါ့မလား"

"ဒီအိမ်မှာ မိန်းမတွေချည်းပဲ၊ ယောကျ်ား တစ်ယောက်တည်း ရှိတယ်။ အဲဒါက တင်းကုပ်ထဲမှာ လဲကျန်နေခဲ့တဲ့လူရဲ့အိမ်"

"ဒါဖြင့် ဒီလိုလုပ်ဗျာ၊ ကျွန်တော်တို့ ဒီအိမ်ဝင်းထဲကနေပြီး အိမ်ရှေ့ထွက်။ ပြီးတော့ လမ်းမ ဖြတ်ကူး"

"ဟုတ်တယ် ဟုတ်တယ် ကဲ--လာ"

နှစ်ယောက်သား အိမ်ဘေးပတ်၍ ထွက်လာခဲ့ကြ၏။ အိမ်မှာ ခနိမိုး၊ ဝါးထရံကာဖြစ်သော်လည်း တောရပ်တောရွာတို့တွင် ဆောက်လေ့ ဆောက်ထရှိကြသော တံခါးမပါသည့် အိမ်မျိုး မဟုတ်။ ဆွဲတံခါးနှင့် ပြတင်းတံခါးနှင့် အလုံအခြုံအိမ်မျိုးဖြစ်၏။ အိမ်ထဲမှာ ရေနံဆီမီးရောင်သည် တချို့ထရံကြားမှ အပြင်သို့ တန်းထွက်နေကြ၏။ မိတ်ဆွေ၊ စံနက်ကျော်တို့ အိမ်ဘေးမှ ဖြတ်လျှောက်သွားကြသည့် အချိန်၌ အိမ်တွင်းရှိ မိန်းမများ စကားပြောနေကြ၏။

သူတို့သည် တစ်ရွာလုံး လှုပ်လှုပ်ရှားရှား ဖြစ်နေကြသည်ကို အနည်းငယ်မျှ စိတ်ဝင်စားပုံမရကြ။ သူတို့၏ စကားများသည် အဝတ်ဆင်းရဲမှုနှင့် အစားအစာ ငတ်နေကြရမှု အကြောင်းတို့သာ ဖြစ်ကြ၏။

"ငါတော့ နင်တို့ အဖေကို စိတ်ကုန်တယ်ဟဲ့။ တစ်နေ့ တစ်နေ့ ဒီအစိုးရရဲ့ သူကြီးလုပ်ငန်း၊ ရာအိမ်မှူးရဲ့လုပ်ငန်း၊ ဝန်ထမ်းတပ်မှူးရဲ့လုပ်ငန်းတွေ လုပ်လုပ်နေရတာနဲ့ အချိန်ကုန်နေတာပဲ။ ကိုယ့်အတွက်ဆိုရင် မနက်စာချက်ဖို့ မရှိလို့ ဆန်ကလေး လိုက်ဆွဲပေးစမ်းပါဦး ဆိုတာတောင် အချိန်မရဘူး။ ပြီးတော့ နေစောင်းမှ ဗိုက်

ပောင်းလောင်းနဲ့ ပြန်လာပြီး နင်တို့ ဘာမှ မချက်ထားဘူးလားတဲ့။ တယ်ငါက ထမင်းကျွေးပစ်ချင်လိုက်တာမှလေ ပါးစပ်ထဲမှာ အရွှတ်ကြီး ကိုက်သလိုဖြစ်နေအောင် ခွံ့လိုက်ချင်တယ် တကယ်ပါပဲ။

နင်တို့ မြင်နေကြတယ် မဟုတ်လား၊ ကလေးတွေဆိုရင် အမြဲဆာပြီး တအီအီ ဖြစ်နေကြရတယ်။ အဝတ်ဆိုရင်လည်း သတိသာထားတော့။ ဟို အကယ်ကြီး ချောင်းဖျား ဘက်မှာ ဂုန်အိတ်တောင် မရှိလို့ သပေါ့ဖျာကို ပတ်နေရတယ်တဲ့။ နင်တို့လည်း အပျိုလေးတွေပေမယ့် အဲဒီလို မဝတ်ရဘူးများမထင်နဲ့၊ ညည်းအဖေ လုပ်ပုံနဲ့တော့လား။ တကတဲတော် အစိုးရ ဆိုတာကတော့ သဘော်ကြီးစီး၊ အစားကောင်းကောင်းကြီးတွေ စားပြီးခိုင်းနေရတော့ ခိုင်းနိုင်ကြ ခိုင်းအား ကြတာပေါ့။

ငါတို့က ခရီးဆိုရင်လည်း သူများ လှေငှားပြီး ချွေးပြိုက်ပြိုက်ကျအောင်လှော်နိုင်မှ ရောက်ကြရတော့ အစားဆိုရင်လည်း တစ်မိုး၊ တစ်မိုးမှာ ဖင်ထဲကို ရွှံ့တစ်ခွဲသားလောက် ဝင်အောင် နွားနဲ့အတူ ရုန်းနိုင်မှ ထမင်းတစ်လုတ် တစ်ဆုပ်ကို ဝရုံလောက်စားကြရတာ။ ဒီတော့ သူတို့ခိုင်းတိုင်း လုပ်နေရရင် ကိုယ့်အလုပ်ကိုယ်မလုပ်နိုင်ကြလို့ ငတ်သေကြရုံပဲ။

ပြီးတော့ အလုပ်ဆိုတာကလည်း အရင်က တစ်နေ့လုပ်ရင် တစ်နေ့စာရနိုင်တယ်။ အခု တစ်နေ့စာရဖို့ကို တစ်နေ့လုပ်လို့ရတာ မဟုတ်ဘူး။ လုပ်ခကျတော့ အရင်ကထက် ထူးရကြတာ မဟုတ်ဘူး သိကြလား။ ဒါပေမယ့် အစိုးရဆိုတာက သူတို့ ငတ်နေကြတာ သူတို့ လုပ်နေကြရတာ မဟုတ်လို့ သိကြတာမဟုတ်ဘူး။ ဘယ်တော့မဆို လူထုအားကို အများလိုသည်၊ လူထုအစိုးရ အချိုးကျကူညီနဲ့ အော်အော်နေကြတာ။ သင်းတို့ကတော့ အမြဲလိုနေမှာပဲ။ ပြီးတော့သာ လူတွေကငတ် သူတို့ကတော့ မြိန့်မြိန့်ကြီးစားလို့ ဝတ်လို့ ငါတယ်........ ”

ဗျစ်တောက်ဗျစ်တောက်နှင့် ပြောနေသည့် အသံက အဆက်မပြတ်။ စံနက်ကျော်က နားစွင့်ရင်း ငြိမ်နေ၏။ စံနက်ကျော်အဖို့ ထိုစကားများသည် နားဖြင့် ဆတ်ဆတ် ကြားရခဲ့သော စကားထူး စကားဆန်းများ ဖြစ်နေသော်လည်း စံနက်ကျော်၏ မိတ်ဆွေအဖို့ ထူးပုံမရ။ စိတ်ဝင်စားဖွယ် မဟုတ်သော ကြားနေကျ စကားမျိုး ဖြစ်ဟန်

တူ၏။ ထို့ကြောင့် ရပ်တန့် နားထောင်နေမိသည့် စံနက်ကျော်အား သွားကြပါရန် လှုံ့ဆော်လိုက်သည်။

စံနက်ကျော်သည် အိမ်ရာမှ နိုးသကဲ့သို့ ဆတ်ခနဲ သတိရလာ၏။ နစ်ယောက်သား အိမ်ရှေ့ဘက်သို့ ဆတ်ခနဲ သတိရကြ၏။ အိမ်ရှေ့ ဘက်တွင် တံခါးအားလုံးဖွင့်လျှက် ရှိနေကြသည်။ မိန်မကြီးနှင့် သမီး၊ ရွယ်၊ လတ် သုံးယောက်တို့သည် ရေနံဆီ မီးခွက်ကို ဝိုင်းလျက် ထိုင်နေကြသည်။ စကားပြောနေသည့် မိန်းမကြီး လက်ထဲ၌ ဆေးပေါ့လိပ်တစ်ခု ရှိနေသည်။

"ကိစ္စမရှိဘူး၊ ကောင်မလေးတွေက ကျုပ်တို့ဘက် ကျောပေးပြီး ထိုင်နေကြတယ် မမြင်နိုင်ဘူး။ ကျုပ်ဘေးကသာ ကပ်ထွက် "

အိမ်ဝင်းထဲမှ လမ်းမဘက် အပြင်သို့ ထွက်လိုက်ကြသည်နှင့် ဓာတ်မီးရောင် တစ်ခုသည် ဝင်းခနဲ လင်းထိန်လာကာ မျက်နှာဆီသို့ တည့်တည့် ထိုးထားခြင်း ခံလိုက်ရ၏။ မီးစူး ဖြစ်သောကြောင့် နောက်မှ ကပ်၍ ပါလာသော စံနက်ကျော် ထိုင်ချလိုက်သည်ကို မြင်ပုံမရ။ စံနက်ကျော်၏ မိတ်ဆွေက မိမိမျက်နှာသို့ မီးရောင်ထိုးထားသူအား ၄င်းလက်တွင် ပါလာသည့် လက်နှိပ် ဓာတ်မီးဖြင့် တုံ့ပြန်ထိုးကြည့်၏။

"ဟော့ သာခွေးတို့ပါလား၊ မင်းတို့ ဘယ်ကပတ်လာကြတာလဲ "

"တို့ ရွာဖျားဘက်ကပြန်လာတာကွ၊ မင်းကော"

"ငါက အဲ- ဟိုကောင့် နောက်ကို အိမ်ဘေးက ပတ်ပြီး ထက်ကြပ် လိုက်သွားတာကွ။ သိပ်လျင်တဲ့ ကောင်ကွာ၊ နွားတင်းကုပ်ထဲကို ဝင်လိုက်သလိုလုပ်လို့ နွားတင်းကုပ်ကြီးထဲကို ငါတို့ ဝင်လိုက်ကြသေးတယ်။ ငပွကြီးက ရှေ့ကလဲသွားပြီး ဘယ်လိုဘယ်လို ဖြစ်တယ်လို့ မသိလိုက်ဘူး။ ငါလည်း ဒီကောင်ကြီး အိမ်နောက်ဖေ လယ်ကွင်းထဲ ပြေးတယ်ထင်ပြီး အရမ်းဖွတ်လိုက်သွားတာကွ။ နောက်တော့ ဘာမှလဲ မတွေ့၊ လူတွေလည်း တကွဲပြား ဖြစ်ပြီး ငါက အခု ဒီအိမ်တွေကြားထဲက ဖြတ်ဝင်လာတာ"

"ဒါဖြင့် ဒီကောင် လွတ်ဖို့ မလွယ်ဘူးကွ။ ပတ်ပတ်လည်က ရွာတွေ အားလုံးမှာလည်း အစောင့်တွေ ချထားသတဲ့။ ကွင်းထဲက တဲတွေမှာလည်း သုံးယောက်စီ၊ လေးယောက်စီ ရှိနေကြသတဲ့။ ဒီကောင်က နာမည်ကြီးဆိုပဲကွ။ ဒီကောင်ကို တပ်တွေနဲ့ ဝိုင်း ဒီသတင်း ရထားတာ အတော်တောင်ကြာပြီတဲ့။ လူကိုမသိပေမယ့် ဓာတ်ပုံကို မြင်ဖူးထားသတဲ့။ ဒီငနဲက ကံဆိုးချင်တော့ မြို့ဆိပ်ကမ်း သင်္ဘောတစ်စင်းပေါ်က နေပြီး ဦးလေး ကိုဌေးမြိုင်ကို သွားကြိုတဲ့ ခတ်ဘောက်ထူထဲကို မခေါ်ဘဲနဲ့ တက်လိုက်လာတာ ဆိုပဲ။ ဦးလေး ကိုဌေးမြိုင်က သူ့မျက်နှာမြင်တော့ သူမှန်းသိပြီး အသာအိမ်ခေါ်လာခဲ့ တာပဲ။ လမ်းကျုံကျင် ရွာရောက်မှ သူ့ကို လှေဆိပ်ခတ်ဘောက်တူ ထဲမှာပဲ ထားခဲ့ပြီး ကျုံကျင်တိုက် သူကြီးနဲ့ တိုင်ပင်ပြီးတော့ တို့နယ်က စစ်စခန်းနှစ်ခုလုံးကိုလည်း အကြောင်းကြား။ မြို့က စစ်တပ်ရှိရာကိုလည်း မော်တော်နဲ့ လွှတ်ပြီး အကြောင်းကြားခိုင်း။

ပြီးတော့မှ လမ်းမှာ အချိန်ဆွဲပြီး ဖြည်းဖြည်းမှ အိမ်ရောက်အောင် အတူပြန်လာ။ ပြီးတော့သူ့ကို ညစာထမင်း ကျွေးနေတဲ့အချိန်မှာပဲ စစ်ဘက်က တက်လာပြီး ဖမ်းလိုက် နိုင်အောင် စီစဉ်ပေးခဲ့တာတဲ့ကွ။ တကယ်တော့ သူ့ချည်းပဲဆိုရင် ဦးလေး ကိုဌေးမြိုင်က ဘယ်လို ရိုက်ဖမ်းဖမ်း အလွယ်ကလေး ဖမ်းပေးလိုက်နိုင်တာပေါ့ကွ။ နို့ပေမယ့် သူ့ကို အယုံသွင်းပြီး သူ့အတွက် ကူညီဆောင်ရွက်ပေးသလိုလိုနဲ့ သူ့နောက်က လူတွေနဲ့ သူ့အဖွဲ့ တစ်ခုလုံးကို ခြေရာခံမိအောင် အဲဒီလိုလုပ်တာတဲ့ "

"အေးကွ၊ ဒါလောက် လုပ်ထားပါရဲ့နဲ့နော် ဒီကောင် လွတ်ထွက်သွားရတာ သိပ်ကံကောင်း တယ်နော် "

"လွတ်တော့ လွတ်ချင်မှ လွတ်မှာပေါ့ကွာ။ ဒါပေမယ့် တိုက်သူကြီးနဲ့ နှုတ်ခမ်းမွေး စစ်ဗိုလ်က ဦးလေးကိုဌေးမြိုင်ရော သူ့ပါ နှစ်ယောက်လုံးဖမ်း။ နောက်ပြီး ဦးလေး ကိုဌေးမြိုင်ကိုလွှတ်၊ ဦးလေးကိုဌေးမြိုင်က သူ့အတွက် ကူညီဆောင်ရွက်ပေးမယ် အနေနဲ့ သူ့ကိုတွေ့တွေ့ပြီး သူ့အဖွဲ့နဲ့ သူ့လူတွေကို သိအောင်လုပ်ဆိုတဲ့ အစီအစဉ်တော့ ပျက်သွားရတော့တာပေါ့ကွာ "

"အဲဒီ အစီအစဉ် ပျက်သွားတာလည်း နာတာပေါ့ကွာ၊ ဦးလေးကိုဒွေးမြိုင် နာတာထက် အစီအစဉ်ပျက်သွားတာကို စိတ်တိုပြီး တို့တစ်တွေကို ကြိမ်းမောင်း နေဦးမှာဗျာ။ တို့က သူနေရာ ချထားတဲ့ တာဝန်ကိုကျေထားမှ"

"ဟုတ်တယ် ဟုတ်တယ်၊ တို့လည်း သတိထားရမယ်။ ကဲ တို့လည်း သွားရမယ်ကွာ၊ မင်းကော ဘယ်ကိုသွားမှာတုံး "

"ငါက ပွဲကြီးတို့နဲ့ လူချင်းကွဲလာတာကွ၊ ဒီကောင် ဘယ်ကများ ဖြတ်ဝင်လာမလဲ မသိဘူး။ ငါ မင်းတို့ လာခဲ့တဲ့ ရွာဖျားဘက်ကို ပြန်ရှာလိုက်ဦးမယ် "

သူတို့သည် အချင်းချင်း နှုတ်ဆက်ကြတာ ဓာတ်မီးတဝင်းဝင်း ထိုးလျက် ရွာလမ်းမအတိုင်း တစ်ဖက်နှင့် တစ်ဖက် ကျောပေး၍ လျှောက်သွားကြသည်။ အတန်ငယ် သွားမိပြီးသည်နှင့် စံနက်ကျော်၏ မိတ်ဆွေသည် နောက်ကြောင်းသို့ ပြန်လျှောက် လာခဲ့သည်။ ထို့နောက် ခပ်စောစောက နေရာတွင် ရပ်လျက် ဟိုဟိုသည်သည် ကြည့်ပြီး လေချွန်၍ အချက်ပေးလိုက်သည်။

ချက်ချင်း တုံ့ပြန်လာသော လေချွန်သံကို ကြားရသည်။ ချောင်းစပ်ဘေးက ဖြစ်၏။ အသံကြားရာဘက်သို့ လျှောက်လာခဲ့သည်။ ဘယ်မှာမှ မတွေ့ရ။

"ဒီမှာ ဒီမှာ"

ခရာဆူးခြုံစပ်ဆီမှ လေသံခပ်တိုးတိုးတစ်ခု ပေါ်လာသည်။ ကြယ်ရောင်တို့ဖြင့် မြင်ရသော ရေပြောင်ပြောင်တွင် လူခေါင်းသဏ္ဍာန်မည်းမည်း တစ်ခုကို တွေ့လိုက်ရသည်။

"ဟာ ခင်ဗျား ရေထဲကို ဆင်းပြီလား၊ ကျုပ်က ချောင်းတစ်ဖက်ကမ်းကို လှေနဲ့ ပို့ပေးဖို့ စိတ်ကူးထားတာ "

"ရေထဲထက် လုံခြုံတာ ဘယ်ရှိမလဲဗျ၊ ဒါပေမယ့် ကျွန်တော် ခင်ဗျားနဲ့ ခဏလောက်။ ဟောဟို မြင်နေရတဲ့ ထိမ်ပင်အောက်ကို လာနိုင်မလား"

"သွားလေ၊ ကျုပ်အခုလာခဲ့မယ် "

စံနက်ကျော်၏ မိတ်ဆွေ ဘောက်တူ တစ်စင်းဖြင့် တစ်ဖက်ကမ်းသို့ ရောက်သောအခါ စံနက်ကျော်က ကမ်းစပ်မှ စောင့်နေပြီးဖြစ်လေသည်။ ရိုးဖြတ်တို့ အကြားမှ မြေသင်းနံ့ကို ယူဆောင်လာသော ညလေသည် အဝတ်စိုတို့ဖြင့် ရပ်လျက်ရှိသော စံနက်ကျော်၏ တစ်ကိုယ်လုံးကို အေးစိမ့်သွားစေသည်။ သို့သော် စံနက်ကျော်၏ စိတ်၌ ယခုမှ လန်းဆန်းလတ်ဆတ် လာသည်။ အကယ်၍ ဆေးခြောက်မူးနေလျှင်လည်း ပြေဖြစ်ပေပြီဟု တွေးသည်။

တစ်ဦးနှင့်တစ်ဦး စကားတစ်ခွန်းမျှ မပြောဘဲ ထိမ်ပင်ကြီး၏ အောက်သို့ ရောက်လာကြသည်။ ထိမ်ပင်ကြီးသည် ချောင်းစပ်နှင့် အလံငါးဆယ် လယ်နစ်ကွယ် ကျော်ကျော်ခန့် ဝေးလေသည်။ အရွက်တွေကျနေသည့် အချိန်ဖြစ်သောကြောင့် ထိမ်ပင်ကြီး၏ ပုံသဏ္ဌာန်မှာ အိုက်စပ်စပ်ရှိ၍ အဝတ်တို့ကို ချွတ်ခွာလျက် လေညင်းခံနေ သယောင်ယောင် မြင်နေကြရသည်။

စပ်စုတတ်သော ကြယ်ကလေးများသည် မိုးပြာရင့်ကြီးအတွင်း၌ ပုန်းခိုလျက် ကျိုးကျိုးကျဲကျဲ ရှိနေသော ထိမ်ပင် အကိုင်းအခက်တို့၏ အကွယ်မှ ချောင်းမြောင်းကာ ထိမ်ပင်အောက်တွင် ရှိနေကြသည့် လူနစ်ယောက်ကို မျက်တောင်ပုတ်ခတ်ပုတ်ခတ်ပြု၍ ကြည့်နေကြသည်။

စံနက်ကျော်သည် စကားတစ်ခွန်းမျှ မပြောသေးဘဲ အဖော်ဖြစ်သူ မိတ်ဆွေ၏ လက်ဖျားကို ဆုပ်ကိုင်ဖျစ်ညှစ်လိုက်သည်။

"ကျွန်တော် သိပ်ကျေးဇူးတင်တယ်ဗျာ၊ ဒီအဖြစ်နဲ့ ဒီညကိုတော့ ဘယ်တော့မှ မေ့နိုင်မှာ မဟုတ်ပါဘူး "

"အဲဒီ မမေ့တာတွေကို ခဏနောက်ထားပြီး ခင်ဗျား ကျုပ်တို့ ပြောနေကြတာ တွေကို ကြားတယ် မဟုတ်လား "

"ကြားပါတယ်၊ အဲဒီတုန်းက ခင်ဗျားတို့ ဘေးနားမှာတင်ကပ်ပြီး ဝင်းခြံအတွင်း ဘက်က ရှိနေတာပဲ။ ခင်ဗျားတို့ချင်း ခွဲသွားမှ ရွာလမ်းမကြီးကို ဖြတ်ပြီး ချောင်းစပ်ကို ဆင်းလိုက်တာ "

"ဒါဖြင့် အထူးပြောဖို့ မလိုဘူး၊ ကြားတဲ့သိတဲ့ အတိုင်းပဲ။ ပြီးတော့ ဟောဒီ တိုက်နယ် ပတ်ပတ်လည်မှာ ရှိတဲ့ ရွာတွေ အားလုံးဟာလည်း ခင်ဗျားအဖို့ ရန်သူချည်းပဲ လို့သာ သဘောထား။ ဘယ်သူမှ မယုံလေနဲ့၊ ကျုပ် အဲဒါပဲ သတိပေးချင်တယ်"

"ဒီလိုဆိုရင် ဟိုဘက်က နယ်စပ်ဖြစ်တဲ့ ကျုံခကို မရောက်မချင်း ဘယ်သူနဲ့မှ အတွေ့မခံရဘူးလို့ ခင်ဗျားပြောချင်တာပေါ့ "

"ဟုတ်တယ် "

စံနက်ကျော်က ပြုံးမိသည်။ ဤနယ်ထဲမှ လွတ်မြောက်ရန် အနီးဆုံး နေရာဖြစ်သည့် ကျုံခေါ် ချောင်းကုန်းရွာကလေးသို့ သွားရန်အတွက် ရေလမ်းမှ သွားလျှင် နှစ်ရေ (ရေတက်ရေကျ နှစ်ကြိမ်) လိုက်ရမည်။ ကွင်းလမ်းမှဖြတ်၍ သွားလျှင် ချောင်းကျယ်ကြီး ရှစ်ချောင်းနှင့် ချောင်းကျဉ်းရိုးကလေးပေါင်း တစ်ရာ့ခြောက်ဆယ်နီးပါးခန့် ဖြတ်၍ ကူးရမည်။ လမ်းသိသော သွားနေကျ သူများအတွက် ခရီးသွားချိန် တစ်ရက်ခရီးခန့် ရှိမည်။ ထိုလမ်းတစ်လျှောက်လုံး မည်သူနှင့်မျှ မတွေ့စေဘဲ သွားရမည်ဟု ဆိုသည်မှာ မလွယ်ကူလှ။

ထို့ပြင် သွားရိုးသွားစဉ် လူတိုင်းသွားသည့် လမ်းအတိုင်းသွားမှ သွားလာရန် လွယ်ကူမည်။ သို့သော် ခရီးသွားလာသူများ၊ ကွင်းထဲရွာထဲမှ ထွက်တတ်၊ သွားတတ် သူများနှင့် မလွဲမသွေတွေ့မည်။ သွားရိုးသွားစဉ်လမ်းအတိုင်း မသွားဘဲ သင့်သလို ဖြတ်သွားလျှင် ခရီးခက်ခဲမည်။ မိမိကို မြင်နိုင်တွေ့နိုင်သူတို့ နည်းပါးမည်။ သို့သော် မည်သူနှင့်မျှ လုံးလုံးမတွေ့ဟု အတပ်မပြောနိုင်။

မိမိက ကြိုတင်မြင်လျှင် မိမိကို မမြင်အောင် ရှောင်နိုင်၏။ သို့သော် ကွင်းထဲ၌ ခရီးသွားရခြင်းကား အကြိမ်အတော်များများသည် မိမိက မမြင်မသိလိုက်ရဘဲ မိမိကိုသာ တစ်စုံ တစ်ယောက်တို့က ကြိုတင် သိမြင်နိုင်ကြသည်။ အကြောင်းမူ ကွင်းတဲတစ်ခု၏ တင်းကုပ်တွင်းမှ ရပ်၍ကြည့်နေသူ တစ်ယောက်သည် ကွင်းပြင်ထဲမှ ဖြတ်သန်းသွားလာ နေသော ကိုက်ရှစ်ရာခန့် အဝေးတွင်ရှိသည့် လူတစ်ယောက်ကို ကောင်းစွာမြင်နိုင်၍

ကွင်းပြင်ထဲမှ လူသည် ကိုက်ရှစ်ရာခန့် အဝေးတွင် ရှိသော တဲအတွင်းမှ လူကို လုံးဝမမြင်နိုင်။

"အေးပေ့ါဗျာ၊ ဘယ်တတ်နိုင်မလဲ။ ရှောင်လို့မရရင်တော့ တစ်ခုခုစွန့်ပြီး လုပ်ရတော့မှာပေ့ါ "

"နေပါဦး၊ ကျုပ်နားမလည်တာ တစ်ခု မေးချင်နေတယ်။ ကျုပ်တို့ နယ်တစ်နယ်လုံးက ဘယ်သူမှ စိတ်မချရဘူး။ အသုံးတော်ခံ ပုံစံပြ ရွာတွေချည်းပဲလို့ ခင်ဗျားတို့ ကိုယ်တိုင် သတ်မှတ် ထားတယ်။ ကျုပ်ကိုဆိုရင် ဒီရွာသားဖြစ်တဲ့အတွက် ကျုပ်ဘက်က ခိုင်လုံတဲ့ ထောက်ခံသူတွေ ရှိနေတာတောင် အမျိုးမျိုး စစ်ဆေး စမ်းသပ်ပြီး ခြောက်လကျော်ကျော်လောက်ကြာမှ အသိအမှတ်ပြုခဲ့တယ်။ ခင်ဗျားတို့ လူတွေဟာ ကျုပ်တို့နယ်တွေ အကြောင်းကို အဲဒါလောက် သိထားပါရက်နဲ့ ဒီကျုပ်တို့ရွာက အင်မတန် နာမည်ကြီးပြီး လူတိုင်းသိထားကြတဲ့ ဦးလေး ကိုဋ္ဌေးမြိုင်လိုလူရဲ့ ခတ်ဘောက်တူထဲကို ဘာကြောင့် ခင်ဗျားက မဖိတ်ခေါ်ဘဲနဲ့ ဆင်းပြီး လိုက်လာခဲ့တယ်ဆိုတာ ကျုပ်ဖြင့် ဘယ်လိုမှ နားမလည်နိုင်ဘူး "

စံနက်ကျော်၏ မိတ်ဆွေ မေးသော စကားသည် မေးသင့်မေးထိုက်သော စကားဖြစ်၏။ ဤနယ်၌ ကိုဋ္ဌေးမြိုင်သည် မြို့နယ်တစ်လုလုံး၏ ကာကွယ်ရေးတာဝန်ခံနှင့် ထပ်တူမျှကဲ့သို့ ကြောက်ရွံ့ ရှိသေကြရသူ ဖြစ်ကြောင်း လူတိုင်းသိကြသည်။ စံနက်ကျော်ကလည်း ကြားဖူးသိဖူးသည်။ သို့သော် စံနက်ကျော်သည် မိမိအဖြစ်ကို ပြန်တွေးရင်း ပြုံးမိ၏။

ရန်ကုန်မှ ဆိုက်ကပ်လိုက်သော သင်္ဘောပေါ်၌ စံနက်ကျော် ပါလာခဲ့သည်။ ဆိပ်ခံကြီးတွင် သင်္ဘောတစ်စင်း ဆိုက်ကပ်လျက် ရှိနှင့်သည်။ ထိုသင်္ဘောပေါ်ရှိ ခရီးသည်များသည် မျက်နှာ၌ သွေးဆုတ်နေကြသည်။

စစ်သားတို့သည် လုံ့စွပ်ကြီးများနှင့် ဟိုချိန်ဒီချိန်လုပ်ရင်း အော်ဟစ်ခြိမ်းခြောက်နေကြသည်။ သူတို့သည် ပစ္စည်းများကိုလည်း ကန်ကျောက်ကြ၊ ပစ္စည်းချင်း မစာမနာဘဲ ကြမ်းကြမ်း တမ်းတမ်း ကိုင်တွယ်ကြနှင့်ပြုနေကြသည်။ သူတို့သည် ပစ္စည်းများကို

ရှာသည်ဟု ဆိုသော်လည်း စင်စစ် ပစ္စည်းများရှာဖွေခြင်းကို ဘေးမှ စောင့်ကြည့်နေခြင်းသာ ဖြစ်သည်။ သူတို့သိချင်၊ ကြည့်ချင်သော အရာတွေကို လုံစွပ်တပ်သေနတ်ကြီး ကိုင်ထားသည့် လက်နှစ်ဖက်အနက် လက်တစ်ဖက်ကို ဖြန့်ခံလိုက်သည်။ ထိုအခါ ရှာဖွေနေသူတို့က မိမိလက်ရှိ အရာကို သူတို့ဖြန့်လိုက်သည့် လက်ထဲသို့ ထည့်လိုက်သည်။ ကိုရွှေစစ်သားသည် ထိုအရာကိုကြည့်၍ သဘောကျပါက မိမိဘောင်းဘီ အိတ်ထဲသို့ ထည့်လိုက်သည်။ သဘောမကျပါက ကုန်းပတ်ကြမ်းပြင်ပေါ်သို့ ပစ်ချလိုက်သည်။ ထို့နောက် သူတို့ဘေး၌ ရှာဖွေနေသူအား သူတို့ ဆက်လက်ရှာလိုသည့် အရာကို လုံစွပ်ကြီးဖြင့် ညွှန်ပြလိုက်သည်။

စစ်သားတို့၏ ဘေးမှ လက်ရောက် ရှာဖွေနေသောသူသည် မြန်မာအရပ်သားတို့ ဖြစ်ကြသည်။ ထို့ထက် မြန်မာအရပ်သား၊ ကုလားအရပ်သား၊ တရုတ်အရပ်သားတို့ ဖြစ်ကြသည်ဟု ဆိုက ပို၍မှန်မည်။ သူတို့သည် အရပ်သား အချင်းချင်း၏ ပစ္စည်းကို ဂျပန်စစ်သားတို့က ယူနိုင်ရန်၊ အပြစ်ရှာနိုင်ရန်၊ ဖမ်းနိုင်ရန် ကူညီပြုလုပ်ပေးခြင်း အားဖြင့် သူတို့၏ အိမ်ထောင်ကို ဖူလုံဝလင်အောင် ဆောင်ရွက်နေကြရသူများ ဖြစ်သည်။

သူတို့၏ အလုပ်သည် ဂျပန်စစ်သားတို့က သူတို့ကဲ့သို့သော အရပ်သား ဘဝတူတို့ကို များများ နှိပ်စက်အောင် ဖန်တီးပေးနိုင်လေလေ သူတို့အဖို့ များများ နာမည်ကောင်းရလေလေ ။ စစ်သားများနှင့် အုပ်ချုပ်ရေးပိုင်းမှ အကြီးအကဲများသာ စားနိုင် သောက်နိုင်ကြ၍ ရိုးရိုးအရပ်သားများ စားသုံးခွင့်မရှိသော စားဖွယ်သောက်ဖွယ်နှင့် အသုံးအဆောင် ပစ္စည်းများကို ရရှိသုံးစွဲနိုင်လေလေ။

ထို့ကြောင့် သူတို့သည် သူတို့ဘေးရှိ ဂျပန်စစ်သားများ ကျေနပ်သဘောကျစေရန် သူတို့ကဲ့သို့သော ဘဝတူ မြန်မာအရပ်သားများကိုပို၍ ကြမ်းကြမ်းတမ်းတမ်း လုပ်ပြရသည်။ ရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံပြရသည်။

ထိုသူတို့အထဲ၌ တာဝန်ရှိသော မြန်မာအမှုထမ်းအရာထမ်းတို့လည်း ပါကြသည်။ သို့သော် အရပ်ထဲမှ သူလိုငါလို အရပ်သူအရပ်သား တို့က ပို၍များကြသည်။ ထိုသူတို့သည် စစ်တပ်တွင်းမှ ဂျပန်အရာရှိ တစ်ဦး၏ လက်အောက်ခံများ ဖြစ်ကြ၍ သူတို့ကို အရပ်သူ

အရပ်သားတို့က စစ်စုံထောက်ဟု သိထားကြသည်။ သို့သော် ဂျပန်တို့ခေါ်သည့် အတိုင်း ကင်ပေ ဟူသော အမည်ဖြင့် အရပ်သူ အရပ်သားတို့က သူတို့ကိုခေါ်ကြသည်။

စံနက်ကျော်တို့ စီးလာသည့် သင်္ဘောကြီး သင်္ဘောအချင်းချင်း တွယ်ကပ်တော့မည် ပြုသည်နှင့် အရှာအဖွေခံနေရဆဲဖြစ်သည့် သင်္ဘောကြီးပေါ်မှ ထိုကင်ပေဆိုသူ စစ်စုံထောက်အချို့က ဝိုင်းဝန်း အော်လိုက်ကြသည်။

"ဟေ့ ဟိုသင်္ဘောပေါ်မှာ ပါတဲ့လူတွေ နေရာမရွှေ့ကြနဲ့၊ ဘယ်သူမှ မလှုပ်ကြနဲ့။ ကိုယ့်နေရာကိုယ် ထိုင်နေကြ။ လှုပ်တဲ့လူ၊ နေရာရွှေ့တဲ့လူတွေ အားလုံး လုံ့စွပ်စာ ဖြစ်သွားမယ်။ သင်္ဘောကပ်ပြီးရင် ဒီက မာစတာတို့ လာမယ်။ ခင်ဗျားတို့ကိုရှာရမယ် ဒါပဲ"

မြို့သို့ကပ်သဖြင့် မတ်တတ်မတ်တတ် ဖြစ်နေကြသော ခရီးသည် အားလုံး ငြိမ်သွားကြသည်။ ထို့နောက် မိမိတို့ ပစ္စည်းများထားရာ နေရာ သို့ကုပ်ကုပ်လေး ပြန်သွားကြသည်။

ဂျပန်အသံ တစ်ခုပေါ်လာ၏။ တစ်ဆက်တည်းပင် စစ်စုံထောက် (အရပ်သား ကင်ပေ) တို့၏ အသံလည်း ပေါ်လာ၏။

"ဟေ့လူတွေ၊ နေရာမရွှေ့နဲ့ဆိုတာ ဘာလို့ရွှေ့ရတာလဲ။ အားလုံး ကိုယ့်နေရာကိုယ် ထိုင်လိုက်ပါဆိုတာ ပြောတာမရဘူးလား။ ပါးရိုက်ခံချင်ကြသလား"

ထိုအသံတို့မှ မဆုံးမီ ထိုအရပ်သား ကင်ပေတို့နှင့် လုံ့စွပ်သေနတ်ကိုင် ဂျပန်စစ်သားအချို့က သင်္ဘောအချင်းချင်း မကပ်မိရသေးမီးပင် ကူလီ အလုပ်သမားများ ခုန်ကူးသကဲ့သို့ ခုန်ကူးလာကြသည်။ ထို့နောက် နီးရာလူတို့၏ ပါးများကို ဘယ်ပြန်ညာပြန် ရိုက်ပစ်လိုက်ကြသည်။ သင်္ဘော အောက်ထပ်ရှိ အဘွားအိုကြီး တစ်ယောက်သည် ဂျပန်မာစတာ၏ လက်ပြန်ရိုက်မှုကို ခံလိုက်ရပြီး ရေထဲသို့ ထိုးကျသွားသည်။

နီးရာလူတို့လည်း အဘွားကြီးကို ကူညီဆယ်ယူကြရန် လှုပ်လှုပ်ရှားရှား ဖြစ်မိလိုက်ကြသောကြောင့် ဂျပန်စစ်သားအချို့တို့က လုံ့စွပ်ကြီးများ ဖြင့်ထောက်လိုက်

ကြသည်။ ထို့နောက် ခြေထောက်နှင့်ကန် ပါးရိုက်ပြုလုပ်ကြသည်။ ရူးရကား ဟူသော အသံတို့ကိုဆူညံသွားသည်။

အဘွားကြီး၏ မြေးနှင့်တူသော ဆယ့်သုံးနှစ်၊ ဆယ့်လေးနှစ် အရွယ် ကလေးမကလေးသည် နေရာမှ မထဝံ့ဘဲ သင်္ဘောကြီး နှစ်စင်းကြားမှ စီးနေသော ရေပြင်ကိုကြည့်လျက် ဆို့နစ်ရှိုက်ငင်နေသည်။

လူအားလုံးတို့သည် မိမိတို့ရပ်တည်နေရာ၌ပင် ခပ်ကုပ်ကုပ်ထိုင်လိုက်ကြသည်။ သူတို့သည် ပြူးကြောင်ဝိုင်းစက်သောမျက်လုံးကြီးများဖြင့် အထိတ်တလန့် ဟိုဟိုသည်သည် ကြည့်နေကြသည်။

ဆန်အိတ်တွေကြား၌ အိပ်လျက်ပါလာသော စံနက်ကျော်သည် နေရာမှ ထထိုင်လျက် အခြေအနေအားလုံးကို လေ့လာအကဲခတ်နေသည်။သူသည် တစ်ဖက် သင်္ဘောပေါ်တွင် ဂျပန်စစ်ဘက်အရာရှိ တစ်ယောက်နှင့် အခုံအညား စကားပြောနေသော မြန်မာအရာရှိ တစ်ယောက်ကို မြင်လိုက်ရသည်။ ထိုအရာရှိတို့သည် အင်္ဂလိပ်ခေတ် တစ်ခေတ်လုံး စံနက်ကျော်ကို ဖမ်းဆီးရန် လိုက်ခဲ့ဖူးသော စံနက်ကျော်နှင့် လူချင်းလည်းသိ၊ ခြေချင်းလည်းသိ၊ ဉာဏ်နီ ဉာဏ်နက် ချင်းလည်း သိခဲ့ဖူးကြသည့် မျက်နှာသိများ ဖြစ်ကြသည်။

စံနက်ကျော် ရင်ခုန်လာလေသည်။ ဘာလုပ်ရပါ့မတုံးဟု တွေးရင်း ဘာမှမရှိသည့်ခွက်ထဲသို့ တစ်စုံတစ်ခုကို လက်နှိုက်ရှာဖွေနေသကဲ့သို့ အကြံဉာဏ် ထုတ်သည်။ ဘာအကြံဉာဏ် မှလဲပေါ်မလာ။

ဂျပန်စစ်သားတို့နှင့် အရပ်သားကင်ပေတို့သည် စံနက်ကျော်တို့ သင်္ဘောပေါ်သို့ လူတွေ ကိုယ့်နေရာကိုယ် နေစေရန်အတွက် စောင့်ကြပ်ဖို့သာလျှင် ကူးတက်လာခြင်း ဖြစ်သည်။ ရှာဖွေရန် မဟုတ်သေး။

ရှာဖွေနေသည့် သင်္ဘောပေါ်တွင် လုံ့စွပ်တကားကားနှင့် ရှိနေကြသည့် ဂျပန်စစ်သားတို့ ပင်လျှင် သုံးဆယ်နီးပါးခန့် ရှိလေသည်။ ဆိပ်ခံကြီးပေါ်၌လည်း စီလျက် ရပ်နေကြသည်။ မြန်မာအရပ်သားများ ရဲအရာရှိများနှင့် ဂျေကေထိုင်များ၊ ဝန်ထမ်းများ

ဆိုသူတို့ကလည်း မနည်းလှ။ ရိုးရိုးအရပ်ဝတ် ဝတ်ထားကြသော ဘာကောင်တွေမှန်း မသိရသည့် ကင်ပေ အမျိုးအစားတို့ကား ဂျပန်စစ်သားနှင့် ရဲသားအား လုံးပေါင်း အရေအတွက် တို့ထက်ပင် များနေသေးသည်။ စံနက်ကျော်သည် ထိုသူတို့အထဲမှ သုံး၊ လေးယောက်ခန့်ကိုလည်း သူ့ဘက်ကိုယ့်ဘက် မျက်ခြည်မပြတ် ကြည့်နေကြရသည့် ရန်ဘက်များ အဖြစ် တစ်ယောက်နှင့် တစ်ယောက်သိခဲ့ဖူးသည်။

ထိုသူတို့ စံနက်ကျော်ကို မြင်လိုက်ကြသည်နှင့် အမဲကောင်ကို တွေ့လိုက်ရသော တောမုဆိုး၏ ခွေးကဲ့သို့ ဝိုင်းအုံရောက်လာကြ။ထို့နောက် သူတို့၏သခင် မုဆိုးကြီးများ ဖြစ်ကြသော ဂျပန်မာစတာကြီးထံသို့ ဆွဲခေါ်သွားကြကာ ဤသူကား မာစတာကြီးတို့ အလိုရှိနေကြသော ရန်ကုန်မှ စံနက်ကျော် ဆိုသူပါတည်းဟု သွားရောက် အပ်နှံကြ ပေလိမ့်မည်။

စံနက်ကျော်သည် တစ်ဖက်သင်္ဘောနှင့် ဆိပ်ခံကြီးဘက်ဆီသို့ မျက်ခြည်မပြတ် ကြည့်ရင်း အကြံအိုက်လျက် ရှိလေသည်။

ထိုစဉ် အရှာအဖွေခံနေရဆဲဖြစ်သော တစ်ဖက်သင်္ဘောပေါ်မှ ကူးလာဟန်ရှိသည့် ဂျပန်စစ်ဗိုလ်တစ်ယောက်တည်း စံနက်ကျော်တို့သင်္ဘောမှ ခရီးသည်တစ်ယောက်ကို ရင်းနှီးစွာ နှုတ်ဆက်လိုက်သည်။

နှုတ်ဆက်ခံရသူကား စံနက်ကျော်ထက် အနည်းငယ်မျှသာ အသက်ကြီးပုံရသော ပြောင်ပြောင် ရောင်ရောင် လူတစ်ယောက်ဖြစ်သည်။ စံနက်ကျော်က ထိုသူကို လမ်းကတည်းက သတိထားမိခဲ့သည်။ ထိုသူ၏ မျက်နှာကိုလည်း သိဖူးသလိုလို ဖြစ်နေသည်။ ထိုသူ၏ အသုံးအဆောင်တို့သည် ရိုးရိုးအရပ်သားများ အလွယ်တကူ ဝယ်သူသုံးစွဲ နိုင်သည့် အသုံးအဆောင်မျိုး မဟုတ်သောကြောင့် စံနက်ကျော်က ထိုသူနှင့် မျက်နှာချင်း မဆိုင်မိကြရန် တစ်လမ်းလုံး ဆန်အိတ်ပုံအကြား၌ လိုက်လာခဲ့သော လူတစ်ယောက်ကို လုံးဝ ဂရုမစိုက်ခဲ့ပေ။

ယခု ဂျပန်အရာရှိကြီးက ထိုသူ၏ နာမည်ကိုခေါ်၍ နှုတ်ခွန်းဆက်လိုက်သောအခါ စံနက်ကျော်သည် ထိုနာမည်ကို ချက်ချင်းသိလိုက်သည်။ ထိုသူကား စံနက်ကျော် အတွက် အန္တရာယ်ဖြစ်စေနိုင်သော လူတစ်ယောက်ပါတည်း။

ဂျပန်အရာရှိသည် ထိုသူနှင့် ဖက်လဲတကင်းပွေ့ဖက် နှုတ်ဆက်နေသည်။ ထို့နောက် ထိုသူက လက်ဆွဲအိတ်ထဲမှ တစ်စုံတစ်ခုကိုထုတ်ယူလျက် ဂျပန်အရာရှိကို ပေးသည်။ ထိုစဉ် ခတ်ဘောက်ထူတစ်စင်းသည် သင်္ဘောကို ဝင်ကပ်ရန် အပြင်မှ ပြန်းလာသည်။

အစောင့်ဂျပန်စစ်သားများက ခတ်ဘောက်တူကို မောင်းထုတ်မည်ပြုစဉ် ဂျပန်စစ်ဗိုလ်နှင့် စကားပြောနေသည့် ထိုသူက ရှေ့ဘက်ကို လာကပ်ရန် လှမ်းခေါ်လိုက်သည်။ အစောင့်ဂျပန် စစ်သားသည် ကပ်လာမည့် ခတ်ဘောက်တူကို နောက်တစ်ကြိမ် မောင်းထုတ်ရန် ပြေးလာစဉ် စစ်ဗိုလ်ဖြစ်သူက တစ်စုံတစ်ခု ပြောလိုက် သောကြောင့် ခတ်ဘောက်တူသမား လှမ်းပေးသည့်ဘောက်တူကြိုးကို လှမ်းယူ လိုက်သည်။

ထိုစဉ် ဂျပန်မာစတာကြီးနှင့် စကားပြောနေသော တောသား လူလည်သည် မိမိပစ္စည်းများကို ဘောက်တူရှိရာသို့ သယ်ချရန်အခက်အခဲတွေ့နေသကဲ့သို့ ဖြစ်နေသည်။ ထိုစဉ် စံနက်ကျော်သည် ဆန်အိတ်ပုံပေါ်မှ ခုန်ချက ထိုတောသား လူကြီးလူကောင်းကြီး၏ ပစ္စည်းများကို ဘောက်တူရှိရာသို့ တစ်ခုပြီးတစ်ခု သယ်ပေးသည်။ ထို့နောက် ဘောက်တူ ထဲအထိ ဆင်း၍ပင် ပစ္စည်းများကို နေရာချပေးသည်။

ထိုသို့ နေရာချပေးရင်း ခတ်ဘောက်တူသမားကိုလည်း "ခင်ဗျား ပဲ့သွား ခတ်တက်ကိုင်" ဟု ပြောလိုက်သေးသည်။ ခပ်ဘောက်တူသမားက ခတ်တက်ကိုင်ရန် သင်္ဘောနှင့် ယှဉ်လျက် အသင့်ရှိနေစေရန် ခတ်တက်ကို လှုပ်ပေးနေသောအခါ စံနက်ကျော်က ဘောက်တူဦးပေါ်မှ ရပ်၍ သင်္ဘောနှင့် ခတ်ဘောက်တူတို့ ဘေးချင်းမရိုက်မိ စေရန်နှင့် ဆင်းမည့်သူ သင်္ဘောပေါ်မှ အလွယ်တကူဆင်းနိုင်ရန် ကိုင်ပေးထားသည်။

ယခုအထိ စံနက်ကျော်သည် မည်သို့မျှ တွေးတောစီစဉ်ထားမှု မရှိဘဲ ပြုလုပ်ပေးနေခြင်း ဖြစ်ရာ ယခု သင်္ဘောပေါ်မှ ဆင်းလာမည့်သူကို စောင့်နေရသည့် အချိန်အခိုက်အတန့်ကလေးသို့ ရောက်မှ တွေးတောစရာ တစ်ခုကို စဉ်းစားသည်။

ဤသူတို့သည် မိမိကို အမှတ်မထင် ခေါ်သွားလေမလား သို့တည်းမဟုတ် သင်္ဘောပေါ်သို့ ပြန်တတ်ခိုင်း လေမလား။ အကယ်၍သင်္ဘောပေါ်သို့ ပြန်တက်ခိုင်းခဲ့သော် လှေ့ားခနဲ ခုန်တက်ဟန်ဖြင့် ရေထဲသို့ ချော်ချလိုက်မည်။ ရေထဲသို့ ရောက်ပြီးပြီဆိုက နောက်ဆင့် ဆက်လက် ကြိုးပမ်းရန် အတွက် သင့်သလို.....။

စံနက်ကျော် ဘဝင်ကျသွား၏။ စံနက်ကျော် စောင့်စားနေခဲ့သော နာမည်ကြီး တောသား လူလည်ကလည်း သူ့ဂျပန်မာစတာနှင့် အလွမ်းသည် ကောင်းဆဲ။

သူတို့သည် လှေရှိရာသို့ လျှောက်လာကြပြီး (လှေထဲသို့ ဆင်းရန် စံနက်ကျော်က အသင့်ကိုင်ပေးထားသဖြင့်) တောသားလူလည် လှေထဲသို့ ခုန်ဆင်းပြီးသည် အထိ သင်္ဘောပေါ်ရှိ ဂျပန်မာစတာနှင့် စကားမပြတ်သေးခဲ့။

သို့ဖြင့် စံနက်ကျော်က လှေဦးကို တွန်း၍ သင်္ဘောမှခွာလိုက်သည်။ ထို့ကြောင့် ဘောက်တူဆရာကလည်း ပွဲမှ ခတ်လိုက်သဖြင့် ဘောက်တူနှင့် သင်္ဘောသည် တဖြည်းဖြည်း ဝေးကွာလာခဲ့သည်။

ဘောက်တူပေါ်မှ ဆရာသည် သင်္ဘောပေါ်ရှိ မာစတာကို နောက်ဆုံးအော်ဟစ် နှုတ်ဆက်ပြီးချိန်မှ မိမိက မဖိတ်ခေါ်ဘဲ၊ မိမိတို့နှင့်မသိဘဲ မိမိဘောက်တူပေါ်တွင် ပါလာခဲ့သော စံနက်ကျော်ကို သတိထား မိလေသည်။

"မိတ်ဆွေဘယ်ကလိုက်မှာလဲ "

"ကျွန်တော်က စာဖြူစုတွင်ပါ"

"စာဖြူစု ဘယ်သူ့အိမ်သွားမှာလဲ၊ မိတ်ဆွေ ဒီနယ်သားတော့ မဟုတ်ပါဘူး"

"ကျွန်တော် စာဖြူစု ရာအိမ်မှူး ကိုကံရဆီတည်းမှာပါ။ ဒီက မဟုတ်ပါဘူး။ ရန်ကုန်က ကျောင်းဆရာပါ"

နာမည်ကြီးတစ်ယောက် ဖြစ်သော ကွင်းသာယာ သူဌေးဦးဌေးမြိုင်သည် စံနက်ကျော်၏ မျက်နှာကို အကဲခတ်သလိုကြည့်သည်။ ထို့နောက် ချက်ချင်း ကျားပြုံးကြောင်ပြုံး ပြုံးလိုက်သည်။

"ဟာ အားနာစရာပဲဗျာ၊ ကျုပ်တို့က အဲဒီဘက်လမ်းကသွားမှာ မဟုတ်ဘူး။ ချောင်းတွင်းမှာ ဝင်စရာကလေးရှိလို့ ချောင်းတွင်းကသွားမှာ။ ဒီတော့ ဆရာလေးရာ ဘာပြုလဲ ကျုပ်တို့ ရွာကိုပဲ လိုက်ခဲ့ပေါ့။ ကျုပ်အိမ်မှာတည်းပါ။ ပြီးတော့ ကျုပ်တို့ရွာမှာလည်း ကျောင်း ကိစ္စလေးဘာလေးကို အခုလို တိုက်တိုက်ဆိုင်ဆိုင် ကြုံကြိုက်လာကြတဲ့အခါ တိုင်ပင်ဆွေးနွေး အကူအညီတောင်းဆိုတာ မျိုးလုပ်ချင်ပါတယ် မဟုတ်ဘူးလား။ကျုပ်တို့ တောသားတွေ ဆိုတာကတော့ ဒီလိုပဲ လူတွေကို တွေ့တွေ့ချင်း ဆွေရင်းမျိုးချာလို ကျွေးချင်မွေးချင် ခင်မင်ချင်တတ်ကြတာပဲ ဆရာလေးလည်း သိမှာပါပဲလေ"

စံနက်ကျော်သည် ဤနည်းဖြင့် ကိုဌေးမြိုင်၏ ဘောက်တူထဲသို့ ပါလာခဲ့ရခြင်း ဖြစ်သည်။ သူသည် မိမိ၏ ဖြစ်ရပ်ကို မျက်စိထဲတွင်ပြန်လည် မြင်ယောင်လာရင်း ပြုံးမိရာမှ သိချင်နေသော မိမိမိတ်ဆွေ ကိုအကျဉ်းရုံး၍ ပြောပြသည်။

"အဲဒါပါပဲဗျာ၊ ကျွန်တော် ခင်ဗျားတို့ ဦးဌေးမြိုင်ဆီကို လိုက်လာရတဲ့ အဖြစ်က ကျွန်ဘဝ အကျပ်အတည်းက ဗမာပြည်လွတ်လပ်အောင် ဂျပန်ဖက်ဆစ်တွေနဲ့ ပေါင်းလိုက် ရသလို ရုတ်တရက် ရင်ဆိုင်တွေ့နေရတဲ့ အကျပ်အတည်းက လွတ်မြောက်အောင် ဦးဌေးမြိုင်နဲ့ လိုက်လာခဲ့မိတာပါပဲ "

မိတ်ဆွေ ဆိုသူက နှုတ်ဆိတ်ခေါင်းငုံ့နေ၏။ အတော်ကြီးကြာမှ ခေါင်းမော့လာကာ မှောင်ထဲ၌ပင် စံနက်ကျော်၏ မျက်နှာကိုမြင်နေရသလိုကြည့်သည်။

"သူကတော့ ခင်ဗျားမျက်နှာကို ဂရုစိုက်မိတာနဲ့ ဘယ်သူဘယ်ဝါဆိုတာ တမ်းသိပုံရတယ်ဗျ။ အေးလေ၊ အရေးကြီးတာက ခင်ဗျားတို့ စာရွက်စာတမ်းတွေထဲက စကားနဲ့ ခင်ဗျားကို ပြန်ပြောရမှာပဲ။ ဖက်ဆစ်နိုင်ငံ ဖြစ်တာတွေ၊ မဖြစ်တာတွေတော့

ကျွန်တော်မပြောတတ်ဘူး။ အခုအချိန်မှာ ခလုတ်တိုက်မိလို့ ဘယ်သူလဲဆိုပြီး ငုံ့ကြည့်လိုက်ရင် အဲဒါ ဘာမှ စဉ်းစားမနေနဲ့စစ်စုံထောက် ဂျပန့်အလိုတော်ရိကောင် ဆိုတာတော့ တကယ့်ကို အမှန်ပဲ။ အဲဒီတော့...။

ထိုအချိန်၌ လူတွေရော ခွေးတွေပါ ရွာထဲမှ၌ ဆူနေကြ၏။ မီးတုတ်တွေလည်း ထိန်ထိန်လင်းနေ၏။ မိမိတို့ရွာ၌ သာမဟုတ်ပတ်ပတ်လည်တွင် ဝိုင်းရံနေကြသော အခြားရွာခြေ တို့၌လည်း မီးရောင်များ တထိန်ထိန်ဖြစ်လာလျက် မီးတုတ် မီးစည်းကြီး တို့သည် လယ်ကွင်းပြင်တွင်းသို့တိုင်အောင် ပြန့်နေကြ၏။ တစ်ခါတစ်ရံ ဗြာသံ ပေးလိုက်သော အသံတို့သည်လည်း လယ်ကွင်းပြင်ကြီးပေါ်မှ ဘောင်ဘင်ခတ်က ခပ်သဲ့သဲ့ ရိုက်လာနေကြပေပြီ။ မိတ်ဆွေသည် ပတ်ပတ်လည်ရှိ ရွာများဆီသို့ လှည့်ကြည့်လိုက်၏။

"လမ်းတစ်လျောက်လုံး ခင်ဗျားသွားချင်နေတဲ့ နယ်ထဲ မရောက်မချင်း သိပ်ဂရုစိုက်ရမှာပဲဗျာ။ အထူးသဖြင့် ကျုပ်ပြမယ်"

မိတ်ဆွေက အဝေး၌မြင်နေရသော ရွာတို့ကို လမ်းညွှိုးညွှန်လျက် မည်သည့်ရွာ၌ ဂျပန်စစ်တပ် စခန်းချသည်။ မည်သည့်ရွာ၌ ဂျေကေထိုင်ဟုခေါ်သော ရပ်ရွာ ကာကွယ်ရေး အဖွဲ့ ရှိသည်၊ မည်သည့်ရွာ၌ ဝန်ထမ်းတပ်နှင့် ဟေးဟိုးတပ်ဖွဲ့တို့ပါ ရှိသည် စသည်ဖြင့် အတော်ပြည့်ပြည့်စုံစုံ ပြောပြသည်။ ထို့နောက် ၄င်း၏ နာမည်ကိုလည်း မောင်လူရှည်ဟု ခေါ်၍ ကျုံကန်ရွာအဖွဲ့၏ အဆက်ဖြစ်ကြောင်း ပြောပြသည်။

"အေးဗျ၊ ခင်ဗျားက သပြေလို့ ပြောကတည်းက ကျုံကန်ရွာ အဆက်မှန်း ကျွန်တော် သိလိုက်တယ်လေ။ တစ်နေရာနဲ့ တစ်နေရာ အထိမ်းအမှတ်ချင်း မတူကြပေမယ့် ကျွန်တော်ကတော့ နေရာအားလုံးကို ရောက်နေရလို့ နေရာအားလုံးက နာမည်တွေကို သိနေရတာ။ ခင်ဗျား မီးနဲ့အချက်ပေးပေးနေကတည်းက တို့လူတစ်ယောက်တော့ ရှိနေတယ်ဆိုပြီး မယုံရဲယုံရဲနဲ့ အားရှိမိတာတော့ တကယ်ပဲ။ ကျွန်တော် ဘယ်တော့မှ ခင်ဗျားနဲ့ ဒီည အဖြစ်ကိုတော့ မမေ့နိုင်ပါဘူးဗျာ "

စံနက်ကျော်က မောင်လူရှည်၏ လက်ကို အားရှိပါးရှိဖျစ်ညှစ် လိုက်သည်။

"ကဲ သွားပေတော့ဗျာ" ဟု ပြောရင်း လယ်ကွင်းပြန့်ကြီးဘက်သို့ မျက်နှာမူလိုက်သည်။

အချိန်က သိပ်ကြာရှည်ဆွဲနေ၍ မရ။ ပတ်ပတ်လည် ရွာတိုင်း ရွာတိုင်း၌ မီးတထိန်ထိန် ဖြစ်နေခဲ့သည်။ လူသံ၊ ခွေးသံ၊ဆူညံသံ တုံးခေါက်သံ၊ သံချောင်းခေါက်သံတို့ကိုလည်း ကြားနေရသည်။ မိုးမလင်းမီ တစ်နေရာရာ၌ ခိုနိုင်မှဖြစ်မည်ဟု တွေး၏။ မည်သည့်ရွာတို့၏ အကြားမှ ဖြတ်သွားရပါမည်လဲဟု တွေး၏။ ခေါင်းငိုက်စိုက် ငိုက်စိုက် လျှောက်လာဆဲ

"ဟေး ရပ်လိုက် "ဟူသော အသံကို ကြားလိုက်ရသည်။

စံနက်ကျော်သည် အသံနှင့်အတူ မြက်တောထူထူဘက်သို့ ဝမ်းလျား ပစ်ထိုးလိုက်၏။ တစ်ခဏချင်းပင် ဒူးလေးမှ လွှတ်လိုက်သော မြားတို့၏ အသံနှင့်အတူ သေနတ်သံတို့ကိုပါ ကြားလိုက်ရသည်။ လက်နှိပ်ဓာတ်မီးရောင်တို့ကလည်း တဝင်းဝင်းနှင့် မြတ်တောများ ရှိရာသို့ ဝှေ့ယမ်းရောက်လာကြသည်။ အတွေ့အကြုံ ရှိခဲ့ဖူးသော စံနက်ကျော် သည်ကျရာ၌ ရပ်မနေဘဲ ပို၍ မြက်ချုံထူထပ်သည့် နေရာသို့ ဖားခုန် ခုန်လျက် ပြေးသည်။ အဆင်သင့်စွာပင် ကိုင်းတောကြီးတစ်ခု၏ အစပ်သို့ ရောက်သွားသည်။

ဆုတ်ဆိုင်းနေခြင်းမပြုဘဲ ကိုင်းတောကြီး၏ အတွင်းဘက်သို့ ရောက်နိုင်သမျှ ရောက်အောင် ဝင်သည်။ ထိုသို့ဝင်ရာတွင် တစ်ရှိန်တည်း တိုးဝင်ခြင်းမဟုတ်ဘဲ လေတိုက်လာသံနှင့် အတူ ထုံ့ပိုင်းထုံ့ပိုင်း ရပ်၍ ရပ်၍ တိုးဝင်ခဲ့သည်။ စိတ်ချ ရလောက်သည့် နေရာသို့ ရောက်သည် နှင့်ခေတ္တရပ်၍ နားစွင့်လိုက်သည်။ အရမ်းဝိုင်းဝန်း ပစ်ခတ်နေကြသော သေနတ်သံ၊ ဒူးလေး မောင်းကျသံနှင့်မြားသံ နှစ်ဖက်ချွန်များ လေထဲသို့ ဖြစ်လာကြသော အသံတို့သည် အခြားဘက်သို့ ဦးတည်နေပြီ ဖြစ်ကြောင်းကို သိရသည်။

စံနက်ကျော်အဖို့ ထိုအသံတို့နှင့် အမြန်ဆုံး ဝေးသည်ထက် ဝေးအောင်ပြေး၍ ထိုသူတို့မသိမီ ထိုကိုင်းတောကြီး၏ အပြင်သို့အမြန်ဆုံး ထွက်ထားနင့်မှ ဖြစ်မည်ဟု တွေးသည်။ ထိုအချိန်သည် အတွေးနှင့် တစ်ပြိုင်တည်း လှုပ်ရှားမှုကိုပါ ပြုရမည်ဖြစ်သည့် အတိုင်း အတွေးပြတ်၍ ရန်သူတို့၏ အခြေအနေကို နားစွင့်ရန် ရပ်လိုက်သောအခါ ရန်သူ၏

အသံသည် အလွန်ကွာသည့် အရပ်မှ ခပ်သဲ့သဲ့သာ တစ်ချက်တစ်ချက် လေသံနှင့်အတူ ပါလာသည်။

သို့သော် လှုပ်ရှားနေသော အလင်းရောင်နှင့်အတူ မီးလောင်ညှော်နံ့ကို ရလာသည်။ သူတို့သည် ကိုင်းတောကြီးကို မီးတိုက်နေဟန် ရှိနေပေပြီ။

စံနက်ကျော် ရှေးဦးစွာ ပြုလုပ်ရသည်မှာ ရန်သူတို့ ကိုင်းတောကြီး တစ်ခုလုံးကို လှူဖြန့်၍ ဝိုင်းမထားမီ ကိုင်းတောကြီး၏ အပြင်သို့ ရောက်နေနှင့်ရန် ဖြစ်သည်။ သို့သော် ကိုင်းပင်များ ပိန်းပိတ်နေသော ကြောင့် ကိုင်းတောကြီး၏ အပြင်သို့ရောက်ရန် အတွက် ထွက်လမ်းကြောင်း ဖြောင့်မှဖြစ်ပေမည်။ အချိန်ကြန့်ကြာ၍ မဖြစ်နိုင်ရကား ကိုင်းပင်တို့၏ ထိပ်ဖျားတွင်မြင်နေရသည့် ကြယ်ကြီးတစ်လုံးကို မျက်နှာ မူလျက် ခပ်သွက်သွက်ကြီး တိုးထွက်လာခဲ့သည်။

ဆယ်မိနစ် ကျော်ကျော်ခန့် ကြာသောအခါ ကိုင်းတောကြီး၏ အစပ်သို့ ရောက်နေပြီ ဖြစ်ကြောင်းသိရသည်။ ခဏဆိုင်း၍ ရှေ့၊နောက်၊ ဝဲ၊ ယာ ကြည့်လိုက်ပြီးနောက် ကိုင်းတောကြီးကို ကျောခိုင်းလျက် ခပ်လှမ်းလှမ်းသို့ ရောက်အောင်ပြေးသည်။

သို့သော် သိပ်မပြေးလိုက်ရ။ ကွမ်းသီးတောကြီးသည် စံနက်ကျော်၏ ရှေ့သို့ တရိပ်ရိပ် ရောက်လာသည်။ ကိုင်းတောကြီးနှင့် ကွမ်းသီးတောသည် အလံငါးဆယ် လယ်ငါးကွက်မျှသာ ခြားသည်။ ယခု စံနက်ကျော် ပြေးခဲ့သည်မှာ လယ်သုံးကွက် ကျော်ခဲ့ပေပြီ။

ကွမ်းသီးတောကြီးထဲ အရမ်းဝင်မလား၊ ဤလယ်ကွင်းထဲ၌ပင် အခြေအနေ လေ့လာ သုံးသပ်၍ သင့်တော်သလိုပြေးရမလား ဟူသော ပြဿနာ ပေါ်လာသည်။ အလိုလို အလေ့အကျင့် ရှိနေသော စံနက်ကျော်သည် လယ်ကွင်းကြီးတစ်ခု၏ ကန်သင်း မြင့်မြင့်ထောင့် တစ်ခု၌ ကပ်၍ ထိုင်ချလိုက်သည်။

ယခုမှ သတိထားမိသည်။ ထိုရွှေဂျပန်တို့နှင့် တကွသော ဂျပန်အခိုင်းခံ ကျေးရွာသား တို့သည် ထိုကိုင်းတောကြီး၏ တစ်ဖက်စပ်ကိုမီးနှင့် တိုက်နေကြရုံမျှမက မီးမလောင်သေးသည့် ဘက်သို့လည်း လူဆက်မပြတ် ပတ်၍ စောင့်ရန် တာဝန်ခွဲဝေ

ပြေးလွှား နေကြသည်။ မီးတုတ် မီးစည်းများ ကိုင်ထားသော လူအချို့သည် နေရာ နှစ်နေရာခွဲဝေ၍ ကိုင်းတောကြီးကို မီးတင်ရှို့နေကြသည်။ လူအချို့သည် အပြေးပြိုင် သကဲ့သို့ ပြေးလွှားလျက် စံနက်ကျော် ထွက်လာသည့် ဘက်သို့ ရောက်လာကြသည်။ သူတို့သည် အခြားကျေးရွာများရှိရာတို့လည်း လူလွှတ်ခေါ်လိုက်ပုံရသည်။ ပတ်ဝန်းကျင် ရွာတို့ဆီမှ မီးတုတ်မီးစည်း အစုအအုပ်တို့သည် ကိုင်းတောကြီးရှိရာဘက်သို့ အတော်မြန်မြန် ရွေ့လျားလာ နေကြကြောင်းကို တွေ့နေရသည်။ ထိုစဉ် နောက်ဘက်မှ စကားပြောသံများ ကြားလိုက်ရသည်။

အသံသည်အလွန်နီးနေလေပြီ။ စံနက်ကျော်သည် နေရာတွင် လဲလျက်ကန်သင်း ဘေး၌ယှဉ်၍ ပြားနေအောင် ကပ်အိပ်လိုက်သည်။ ချက်ချင်း လက်နိပ်ဓါတ်မီးရောင် ဖြတ်သန်း လာသည်။ သူတို့သည် စံနက်ကျော် ခြေပြုထားရာဘက်ရှိ ကန်းသင်းပေါ်မှ ကိုင်းတောကြီးဘက်ဆီသို့ ရောက်သွားကြသည်။ ဂျပန်စစ်သား ငါးယောက်နှင့် မြန်မာ ရွာသားကြီးအချို့ ဖြစ်သည်။ ဂျပန်စစ်သားတို့ လက်ထဲမှ လက်နိပ်ဓာတ်မီးရောင်သည် ၄င်းတို့သွားရာ ကန်သင်းပေါ်သို့ ထိုး၍ သွားသော်လည်း စံနက်ကျော် ရှိရာဘက်သို့ နှစ်ကြိမ်ခန့် ဝေ့၍ဝေ့၍ ထွက်လာသည်။ စံနက်ကျော်သည် မိမိမျက်နှာကို မိမိခေါင်းစိုက် ထားသော ကန်သင်းဘက်မှ မြက်ပင်အုပ်ကြီးကြီးတစ်ခုဖြင့် ဆွဲယူဖုံးကွယ်လိုက်သည်။ သူသည် ရင်တဒိတ်ဒိတ် ခုန်နေ၏။ အသက်မရှူဝံ့။

သို့သော် တာရှည် ငြိမ်နေကြောက်နေ၍ မဖြစ်။ ဤ နေရာမှ အမြန်ရွှေ့ပြောင်း နိုင်မှ ဖြစ်မည်။ စံနက်ကျော်ရှိရာ ကွင်းကြီးတစ်ခုလုံး တဖြည်းဖြည်း လင်းထိန်၍ လာလေပြီ။ သူတို့သည် ကိုင်းတောကြီးတစ်ခုလုံးကို လေးဖက်လေးတန်မှ မီးဖြင့်တိုက်နေကြလေပြီ။

ဤကိုင်းတောကြီးသည် အလျားငါးမိုင်၊ အနံ သုံးမိုင်ကျော်ခန့် ရှိသည်တဲ့။ ယခင်က ကျွဲစားကျက် ဟောင်းကြီးဖြစ်လျက် အလယ်၌ပဒုမ္မာ ကြာတွေပေါက်နေသည့် ပေါင်လယ်ခန့်ရေ အနက်ရှိသော နွံအိုင်ကြီးတစ်ခု ရှိသည်တဲ့။ ထိုနွံအိုင်ကြီး၏ အကျယ် ကလည်း အလံငါးဆယ် လယ်ကွက်ကြီး တစ်ကွက်သာသာခန့်မျှရှိလျက် အနည်းငယ် အလျား ရှည်သည်တဲ့။ ထို့ကြောင့် သူတို့သည် ဤကိုင်းတောကြီး တစ်ခုလုံးကို

မီးနင့်တိုက်၍ တစ်ညလုံး ဝိုင်းဝန်းစောင့်နေကြပြီး နံနက်လင်းမှ ရွှံ့အိုင်ကြီးထဲသို့ လေ့များ ချကာမိုန်းများ၊ စူးများဖြင့် နေရာမလပ်ထိုး၍ ရှာကြမည်တဲ့။

စံနက်ကျော်သည် ထိုသူတို့ ဤလုပ်ငန်းကို အာရုံစိုက်နေကြလိမ့်မည်ဟု သိနေရသော်လည်း ကွင်းကြီးတစ်ခုလုံး လင်းထိန်နေသော ကြောင့်မိမိနေရာမှ လုံးဝမထခဲ့။ သို့သော် ကွမ်းသီးတောကြီးအတွင်းမှ ထွက်ထွက်လာကြသည့်သူများ ကိုင်းတောကြီး ဘက်သို့သွားရန် အသုံးပြုသည့် လမ်းကို စံနက်ကျော်က သတိထားမိ လာသည်။

ထိုလမ်းအဖြစ် အသုံးပြုနေကြသည့် ကန်သင်းနှင့် ဝေးသော နေရာသို့ တတ်နိုင်သမျှ ရောက်အောင် ရှေးဦးစွာ စွန့်စားရမည်။ထို့နောက် လောင်နေသော မီးများ အရှိန်ကျ၍ အလင်းရောင်နည်းသွားမှ ဤကိုင်းတောကြီးနှင့် ဝေးနိုင်သမျှ ဝေးရာသို့ ရောက်အောင် သွားရမည်။ စံနက်ကျော်သည် ဤအတိုင်းဆုံးဖြတ်သည်။ ထို့နောက် ကန်သင်းဘေးမှ ကပ်လျက် သွားလမ်း လာလမ်းတို့နှင့် ဝေးနိုင်သမျှ ဝေးရာသို့ရောက် အောင်တွား၍ သွားသည်။ ထို့နောက် မီးအလင်းရောင်၏ အကွယ်ဘက်သို့ ရောက်အောင် ကန်သင်းပေါ်မှ ကျော်လိမ့်ချလိုက်သည်။

လဆုတ်ဆယ်ရက် လတစ်ခြမ်းပဲ့ကလေးသည် အရှေ့ဘက်မှ ထွက်လာစပြုခဲ့ပြီ ဖြစ်ရာ အချိန်သည် နံနက်သုံးနာရီ ကျော်ခန့်ရှိလေပြီဟု စံနက်ကျော်က ခန့်မှန်းသည်။ မောင်ရင်ပြန်ကြက်တို့ တွန်ခဲ့သည် မှာလည်း အတော်ကလေး ကြာခဲ့ပြီ ဖြစ်ရာစံနက်ကျော် ခန့်မှန်းချိန်သည် အတော်ကလေး နီးနီးစပ်စပ် မှန်ပေလိမ့်မည်။

ဤအတိုင်းဆိုသော မီးရောင်သည် ယခုထက်ပို၍ လျော့ကျသွားရန် လမ်းမမြင်။ ဤနေရာမှ မီးရှိန်ကျလျှင် ထိုနေရာမှ ထပ်၍ရှို့နေသောကြောင့် မီးတောက်တို့က ထပ်၍ ထပ်၍ တက်လာနေကြသည်။ မီးတောက်ရှေ့၌လည်း ကျေးရွာသားများနှင့် ဂျပန်စစ်သား တို့ စကားပြောနေကြသေးသည်။ လူတွေကလည်း ဟိုးနားတစ်စု သည်နား တစ်စု များလွန်းလှ၏။

ထိုစဉ်၌ပင် သိပ်မဝေးလှသော နေရာမှ တုံးခေါက်သံကြားလိုက်ရသည်။ ဘုန်းတော်ကြီးကျောင်းမှ တုံးသံဖြစ်၏။ နံနက်လေးနာရီဖြစ်ပေလိမ့်မည်။ ကြေးစည်သံနှင့် ခွေးအူသံသည် တုံးသံကို လွှမ်းမိုးလျက် စံနက်ကျော်၏ နားထဲသို့ ဝင်လာသည်။ ခွေးအူသံတို့သည် တစ်ခါတစ်ရံ၌ သနားကြေကွဲဖွယ်ကဲ့သို့ စိတ်ထိခိုက်ဖွယ်ရာ ဖြစ်တတ်သည်ကို ထိုအချိန်က စံနက်ကျော် သိလိုက်ရသည်။

တုံးခေါက်သံတို့ ပြီးဆုံးသွားသောအခါ တစ်လောကလုံး တိတ်ဆိတ်သွားသကဲ့သို့ ထင်ရ၏။ သို့သော် မဟုတ်ပါ။ မကြာမီ ဥဩငှက်ကလေး၏ လွမ်းဆွတ်စဖွယ်အသံသည် ကွမ်းသီးတော်ကြီးဆီမှ ပေါ်ပေါက်လာခဲ့သည်။ ကန်သင်းဘေး၌ ကပ်လျက် ပက်လက် အိပ်ရင်း ဥဩငှက်၏ အသံကို ခဏနားထောင်ကြည့်၏။

ဥဩပျိုသည် နေလုလင်ကို တမ်းတကြိုဆိုပြီးနောက် မကြာမီ နာရီပိုင်းအတွင်း နေလုလင်ပေါ်လာရတော့မည် မဟုတ်ပါလား။

စံနက်ကျော်သည် ပူပန်စိတ်ဖြင့် ငုတ်ခနဲ ထိုင်လိုက်၏။ ယခု အခြေအနေအရ စံနက်ကျော်အဖို့ အေးမြမောင်မိုက်မှုသည် အဖိုးတန်၏။ နေလုလင်ပေါ်လာပါက ပူလောင်ခြင်းနှင့်အတူ လင်းကျင်းမှုက မိမိအပေါ်သို့ အန္တရာယ်ကျရောက်လာမည်။ ထို့နောက် သားမုဆိုး၏ အမဲလိုက် ခွေးကြီးများထက် ကြမ်းတမ်းရက်စက်သော ဖက်ဆစ်သရဲ လူမုဆိုး၏ တို့၏ လူလိုက်ခွေးကြီးများက မိမိကိုဝိုင်းဝန်း လိုက်လာပေလိမ့်ဦးမည်။ ထိုအခါ ကျွမ်းလောင်လုလု ချစ်ချစ်တောက်ပူလောင်သည့် နေရောင်အောက်တွင် မာကျောကြမ်းထက် ပပ်ကြားအက်တွေ ပြွမ်းသော ခယောင်းတောကြီးကို နင်း၍ နားနေပုန်းအောင်းစရာ ရှေ့၊ နောက်၊ ဝဲ၊ ယာဘက်မှာမှ မတွေ့မမြင်နိုင်ဘဲ အကာအကွယ်ကင်းလျက် ရပ်တည် ရာမဲ့ပြေးရပေဦးမည်။

မိမိ၏ ခရီးသည် သံသရာ ခရီးကြမ်းထက်ပင် ဆိုးရွားကြမ်းတမ်း သည့်ခရီးလမ်းဖြစ်ခဲ့ပြီး နားနေကွန်းခိုရာမဲ့သည့် ခရီးကြမ်းကြီး ဖြစ်ခဲ့ပြီ။ နေလုလင်၏ ရှေ့တော်ပြေးလင်းအာရုံ အရောင်သည် မိမိအဖို့ ငရဲမြို့တော်ဝမှ ထိုးထွက်လာသော ငရဲမီးအရောင်နှင့် ထပ်တူထပ်မျှ ဖြစ်ပေတော့မည် ဟုတွေး၏။

ပတ်ဝန်းကျင်သည်စံနက်ကျော် ထိတ်လန့်စိုးရိမ်လောက်အောင် အကယ်ပင် ပို၍လင်းလာ၏။ သို့သော် မှုန်ရီဝေသောလရောင်သည် ဥသြငှက်ငယ် တမ်းတဆိုနေသည့် တေးကို ကောင်းချီးပေးရင်း စံနက်ကျော်အားသရော် ကျီစယ်နေသောကြောင့် ကွင်းပြန့်ကြီး တစ်ခုလုံး ပို၍ လင်းကျင်းနေခြင်း ဖြစ်လေသည်။ စံနက်ကျော်သည် ထို့ထက် ပို၍ ဆိုးသောအရာကိုသတိထားမိလာပြန်၏။

ကိုင်းတောကြီးနှင့် ကွမ်းသီးတောအကြားရှိ ကွင်းပြန့်ကြီးထဲ၌ ရွာသားအချို့ တို့သည် ဟိုနားတစ်စု သည်နားတစ်စုရှိနေကြပြန်၏။ သူတို့သည် စံနက်ကျော် ခေါင်းပြုခဲ့သည့် ဘက်၌ လည်းကောင်း ဘယ်၊ ညာညှပ်၍ ရှိနေကြခြင်း ဖြစ်၏။ ကြည့်ရသည်မှာ ဤကွမ်းသီးတောကြီး ရှိသော ရွာတစ်ခုတည်းမဟုတ်ဘဲ ရွာအသီးသီးက ရောက်လာကြသည့် သူများသူ့အုပ်စု ကိုယ့်အုပ်စု ဟိုးနားတစ်စု သည်နားတစ်စု စုထိုင်ကြလျက် နေထွက်လာမည်ကို စောင့်စားနေကြဟန်ရှိ၏။ သူတို့သည်နေထွက်လာ ပါက လူသားတစ်ယောက်ကို အမဲသားကောင်လို အမှတ်ထားလျက် ဝိုင်းဝန်း လိုက်ကြပေတော့မည်။

မိမိမည်သို့ ပြုရပ့်ါမလဲဟု တွေးရင်း အကြံအိုက်နေစဉ် အလွန်နီးကပ်သောနေရာမှ အသံတစ်ခုကို ကြားလိုက်ရသည်။

"ဟေ့ကောင် ရေသွားတောင်းဦးကွာ "

စံနက်ကျော်နှင့် တည့်တည့် မီးလောင်နေသော ကိုင်းတောကြီး ဘက်မှ ၄င်းတို့က ရောက်နေသောကြောင့်တော်တော့၏။ သို့မဟုတ် တစ်ယောက်ယောက်က စံနက်ကျော်ကို မြင်ရ ပေလိမ့်မည်။ ထိုသူတို့သည် စံနက်ကျော်နှင့်ကပ်လျက် ရှိသောလယ်ကွက်တွင် ကန်သင်းဘေး၌ ဝိုင်းဖွဲ့၍ ထိုင်နေကြခြင်း ဖြစ်၏။ စံနက်ကျော်နှင့် အလံလေးဆယ်လောက် မျှသာ ဝေးကြလေသည်။

"ဟေ့ကောင် သွားပါကွ"

"ဟာကွာ ငါသိမှ မသိဘဲ"

"သိဖို့လိုသေးလားကွ၊ ဒီလိုပဲ လူတိုင်း သွားယူနေကြတဲ့ဥစ္စာ မင်း တော်တော်ဖျင်းတဲ့ ကောင်ပဲ။ ငါမေးပေးမယ်၊ ဖျို့- ဟိုဘက်က နောင်ကြီးတို့၊ ခင်ဗျားတို့ စောစောက ရေသွားယူကြတယ် မဟုတ်လား ရရဲ့လား ...."

"ရပါတယ် ရပါတယ်၊ အဲဟိုဘက်က ကန်သင်းအတိုင်းသာ လျှောက်သွားကျောင်းထဲကို တန်းရောက်သွားလိမ့်မယ် "

လယ်နှစ်ကွက် ခြားလောက်တွင် စုထိုင်နေကြသော လူပိုင်းဆီမှ လှမ်းအော်ပြောလိုက်ခြင်း ဖြစ်သည်။ ပထမလူသည် အတင်းတိုက်တိုက်တွန်းတွန်းနှင့် ခိုင်းနေသောကြောင့် လူတစ်ယောက် ဝိုင်းထဲမှ ထလိုက်သည်။ ထိုလူ ငိုက်စိုက်ငိုက်စိုက်နှင့်ထွက်သွား၍ အတော်ခပ်လှမ်းလှမ်းသို့ရောက်သောအခါ တစ်နေရာမှ လှမ်းအော်လိုက်သည်။

"ရေသွားခပ်မလို့လား ဖျို့၊ ကျွန်တော်တို့လည်း လိုက်ခဲ့ဦးမယ် "

သွားနေသူက ရပ်စောင့်နေစဉ် အတော်ခပ်လှမ်းလှမ်းမှ လူနှစ်ယောက် ထလာသည်။ စံနက်ကျော်သည် အရဲစွန့်၍ နေရာမှ ထရပ်လိုက်သည်။ ထို့နောက် ထိုလူတွေ ရှိရာသို့ နောက်မှ လိုက်သွားသည်။

ဤအခါတွင်မှ မိမိစွန့်စားလိုက်မှုသည် အလွန် ကံကောင်းထောက်မကြောင်း သိလိုက်ရသည်။ လယ်ကွင်းပြန့်ကြီး တစ်ပြင်လုံးတွင် ကိုယ့်အုပ်စုနှင့်ကိုယ် ထိုင်နေကြသည့် လူအုပ်စုတို့သည် မှန့်ပျားသလက်ပေါ်တွင် ကြဲဖြန့်ထားသော ပဲလွန်းစေ့များကဲ့သို့ကွင်းနှင့်အပြည့်ရှိနေကြသည်။ နံနက်အာရုဏ်ကျင်း၍ လင်းလင်းချင်းချင်းတွင် ဤအုပ်စုတို့အထဲမှ တစ်စုံတစ်ယောက်သည် မိမိကို တွေ့သိသွားပါက မိမိအဖို့ တွေးဝံ့စရာမရှိတော့။

"ကျုပ်တို့ ရေလာခပ်တာ "ဟုရှေ့မှလူက ပြောလိုက်သည်။

ကွမ်းသီးတောအစပ်တွင် လုံ့စွပ်တပ်သေနတ်ကြီးနှင့် ရပ်နေသော ဂျပန်စစ်သားတစ်ယောက်က မတုန်မလှုပ်ငြိမ်နေသည်။ စစ်သားနှင့် မလှမ်းမကမ်း ရေခြောက်နေသည့် မြောင်းကြီးတစ်ခုအတွင်း၌ အခြားဂျပန်စစ်သား ငါးယောက်ခန့်တို့ သေနတ်ကြီးတွေကို ဖက်လျက် အချင်းချင်း ပူးကပ်ကာ ငုတ်တုတ်အိပ်နေကြသည်။

စံနက်ကျော်တို့သည် မြောင်းကူးပျဉ်ပြားကလေးပေါ်မှ ဖြတ်လျက် ခြံတစ်ခြံ၏ အတွင်းသို့ ဝင်လိုက်သည်။

"ရေက ဘယ်မှာခပ်ရမှာလဲ"

ရှေ့မှလူက မေးလိုက်သည်။ ထိုသူ၏ နောက်မှလူက -

"အဲ- ဟိုကျောင်းဘေးက ပတ်ပြီးသွား၊ နောက်ဘက်က အုတ်ရေကန် ကလေးထဲမှာ ခပ်ရမှာ" ဟုလမ်းညွှန်သည်။

"နေပါဦးဗျ၊ ဒီကျောင်းက ဘာကျောင်းလဲ"

သူတို့သည် စာသင်ကျောင်းဘေးရှိ အမှောင်ရိပ်ကလေးမှ ဖြတ်လျက် အုတ်ရေကန် ရှိရာသို့ ရောက်လာကြသည်။ စံနက်ကျော်က ဇရပ်လိုလို ဘာလိုလို အဆောင်နှစ်ဆောင်နှင့် အဆောင်ကြီး တစ်ဆောင်တွင် ခရစ်ယာန်ဘုရားကျောင်းတို့ ပုံစံအတိုင်း အမိုးချွန်ကလေးနှင့် သီးသန့်ခွဲထုတ်ထားသော အဆောင်ကလေးနှင့် တွဲလျက် ရှိသော အဆောင်အအုံကို တိတ်တိတ်ဆိတ်ဆိတ် အကဲခတ်ရင်း ပါလာသည်။ အဆောက် အအုံတစ်ခုလုံး တံခါးတွေ အလုံပိတ်ထားသည်ကို တွေ့ရသည်။

အုတ်ရေကန်ကလေး ဘက်သို့ ထွက်သည့် တံခါးမကြီးရှိရာ မြေစိုက်အဆောင် ကလေးသည်လည်း ထိုအတိုင်းပင်ပြတင်းတံခါးများပါ အလုံအခြုံ ပိတ်လျက်ရှိသည်။ သို့သော် အမိုးနိမ့်သဖြင့် အရိပ်ကျသောကြောင့် အခြားနေရာတွေထက်ပို၍ မှောင်နေသည်။

"နောင်ကြီးကကော ရေသယ်စရာ ပါမလာဘူးလား"

စံနက်ကျော်က မိမိအားမေးနေသည်ကို အသံကြားရပြီး ခဏကလေးကြာမှ သတိထားမိသည်။

"ကျ.. ကျ.. ကျွန်တော် ရေသောက်ဖို့ သက်သက်လာတာပါ"

ထိုစဉ် ဆူညံဆူညံနှင့် စကားပြောလာကြသည့် အသံတွေကို ကြားရသည်။ စံနက်ကျော်၏ တစ်ကိုယ်လုံး မွေးညင်းတွေထောင်သွားသည်။ မိတ်ဆွေကြီး ကိုငွေးမြိုင်၏ အသံဖြစ်လေသည်။ စံနက်ကျော်သည်ရေခပ်သည့် ခွက်ကို လှမ်းယူလိုက်ရင်း။...

"ခင်ဗျားတို့ သွားနှင့်ကြ၊ ကျွန်တော် လိုက်လာမယ်။ အခု ကျွန်တော်တို့ ရွာကလူတွေ လာနေကြပြီ "ဟုပြောလိုက်သည်။

အဖော်တွေက စိတ်ချ လက်ချ စံနက်ကျော်ကို ကျောခိုင်းလိုက်သည်။ ခြံဝမှ မီးရောင်တို့သည် မြေပြင်သို့ ရိုက်ခတ်လျက် ဝင်းခနဲဝင်းခနဲ စံနက်ကျော် ရှိရာသို့ ရောက်လာသည်။

စံနက်ကျော်သည် မိမိအား ကျောခိုင်းသွားသည့် အဖော်များ မဝေးကွာသေးမီပင် လက်ထဲရှိရာ ရေခွက်ကို ဖြည်းညင်းစွာ ချခဲ့ကာ အဆောက်အအုံ၏ အမိုးနိမ့်သောအပိုင်းကို မှောင်ရိပ်ခိုလျက် ပတ်လိုက်သည်။

သို့သော် ထိုအချိန်၌ပင်လျှင် ကိုငွေးမြိုင်ကြီးတို့အုပ်စုသည် ဓာတ်မီးရောင် တဝင်းဝင်းနှင့် အုတ်ရေကန်ကလေးဘက်သို့ ရောက်လာကြပေပြီ။ ထိုမျှမက ဓာတ်မီးတွေ ကလည်း တစ်ခြံလုံး ဟိုထိုးသည်ထိုးပြုနေကြသည်။

"ဟာ ဟောဟို ပိန္နဲသီးကြီး မှည့်နေတယ်ကွ၊ အဲဒါ အိမ်မာမျိုးပဲ။ ခွဲရင် အစေ့သိပ်မရှိဘူး ခူးကွာ"

"ဟုတ်ရဲ့လား၊ ဘယ်နှယ့်လုပ် ခူးရမလဲကွ ဓားမှ မပါတာ"

"ဒီကောင် တော်တော်ဖျင်းတဲ့ကောင်ပဲ၊ ဓားမပါလည်း ပိန္နဲသီး အလုံးကိုကိုင်ပြီး ပတ်ချာလှည့် လိမ့်လိုက်ပေါ့ကွာ"

နောက်ဆုံးပိတ်ပြောလိုက်သော အသံသည် ကိုငွေးမြိုင်၏ အသံဖြစ်လေသည်။

ပိန္နဲသီးခူးမည့်သူသည် ဓာတ်မီးကြီး တဝင်းဝင်းနှင့် ပိန္နဲပင်ရှိရာ သို့သွားခဲ့သော် မိမိသည် ခိုကပ်နေစရာ အကာကွယ်မရှိတော့။ အရေးတကြီး စိုးရွံ့ပူပန်လာရသော

စံနက်ကျော်သည် မိမိ ခိုကပ်လျက်ရှိသော အဆောက်အအုံ၏ နံရံအပေါ်ပိုင်းကို လှမ်းဆွဲလိုက်သည်။ ထို့နောက် တစ်ကိုယ်လုံးကို အမိုးရှိရာသို့ ဆွဲကပ်လိုက်သည်။ သီသီကလေး မျှသာ လွတ်မြောက်ရသည်။ အကြောင်းမူ စံနက်ကျော်၏ ခြေထောက်နှစ်ချောင်း နံရံပေါ်သို့ ရောက်နေဆဲ၌ပင် စံနက်ကျော်ခိုနေသော နံရံတစ်ခုလုံးသည် ဓာတ်မီးရောင်ဖြင့် လင်းထိန်လျက် စံနက်ကျော်၏ တစ်ကိုယ်လုံးပါ ထင်းခနဲပေါ်လာသည်။

သို့သော် ဓာတ်မီးထိုးသူသည် စံနက်ကျော်၏ အောက်ဘက်သို့ ဖြတ်လျက် ပိန္နဲပင်ရှိရာသို့ သွားခဲ့သည်။ သူသည် စံနက်ကျော်ကို မမြင်။ စံနက်ကျော်ကသာလျှင် ထိုသူကို အပေါ်မှ စီး၍ မြင်လိုက်သည်။

စံနက်ကျော်သည် အသက်မရှူဘဲ ငြိမ်နေလိုက်သည်။ သို့သော် အမိုးမှ ဒိုင်းခွေတန်းကြီးကို ကန်၍ထားရသော စံနက်ကျော်၏ ခြေထောက်တို့သည် ကိုယ်၏ အလေးချိန်ကို ကြာရှည် ထိန်းမထားနိုင်ဘဲ တုန်လာသည်။ ဤအတိုင်းဆိုလျှင် တစ်ကိုယ်လုံး အောက်သို့ ပြန်၍ တွဲလွဲကျပေတော့မည်။

စံနက်ကျော်၏ ခေါင်းသည် လည်ပင်းကို လိမ်စောင်းလျက် ပတ်ဝန်းကျင်သို့ လှည့်ပတ်ကြည့်၏။ အခွင့်အရေးတို့သည် စံနက်ကျော်၏ ဘက်မှ အသင့်ကူညီနေသလို မှတ်ထင်ရသည်။

အကြောင်းမူ ရှေးကျောင်း အဆောက်အအုံ ဆန်ဆန် ဆောက်လုပ်လိုသော လက်သမားတို့သည် ဒိုင်းခွေတန်းကြီးများကို တောသစ်တို့ဖြင့် ကြီးကြီးမားမား ထည့်ထားကြရာ နံရံနှင့် အမိုးတို့၏ အကွာအဝေးသည် တစ်ပေနီးပါးခန့် ကွာခြားလျက် ရှိနေကြလေသည်။

စံနက်ကျော်သည် ခြေထောက်တစ်ဖက်ကို ကန်ထားရာမှ ဖြုတ်လိုက်ကာ နံရံအပေါ်သို့ ကိုယ်တစ်ခြမ်းလုံး ရောက်အောင် တင်လိုက်သည်။ ထို့နောက် မိမိ အောက်ဘက်မှ မီးရောင် ပျောက်သွားတိုင်း မိမိ၏ ကိုယ်လုံးကို အတွင်းဘက်ဆီသို့ တစ်စတစ်စ သွင်းယူကာ တစ်ကိုယ်လုံး ရောက်ပြီးသည်နှင့် တွဲလွဲခို၍ အတွင်းဘက်သို့ ဆင်းလိုက်သည်။

ရပ်မိပြီးသည်နှင့် မိမိရောက်နေသည့် နေရာကို လှည့်ပတ်အကဲခတ်သည်။ အမိုး၏ အတွင်းစပ်ကို ရိုက်၍ ရောင်ပြန်လင်းလာသောအပြင်မှ ဓာတ်မီးရောင်တို့ကြောင့် သန့်သန့်ပြန့်ပြန့် ထားသော နောက်ထပ် ရေကန်တစ်ခုဟု သိရ၏။ ထို့ပြင် အပေါ်ဘက်သို့ တက်သော သုံးထစ်ရှိသည့် လှေကားတစ်ခုကိုလည်း တွေ့ရ၏။ လှေကားထိပ်၍ တံခါးမကြီးသည် ခပ်ဟဟ ရှိနေသောကြောင့် စေ့ထားရုံမျှ ဖြစ်ပေလိမ့်မည်။

စံနက်ကျော်သည် အပြင်မှ ပြောဆိုအော်ဟစ်နေကြသည့် လူသံဆူညံတို့ကို အကာအကွယ် ယူကာ ခပ်ဟဟစေ့ထားသည့် တံခါးမကြီးကို တွန်းဖွင့်လျက် အတွင်းထဲသို့ တစ်ဆင့် ဝင်သွားသည်။အပြင်မှ ဓာတ်မီးရောင်တို့ ဝင်းလက်လာကြတိုင်း ကျယ်ပြန့်လှသော အတွင်းခန်းမကြီးကို မြင်ရသည်။ တစ်ဖက်စွန်းရှိ သီးသန့်ပြင်ထားသော အဆောင်ငယ်၌ လက်ဝါးကပ်တိုင်တွင် ချိတ်ဆွဲခံနေရရှာသော ခရစ်တော်ကို ကြင်နာဖွယ် တွေ့မြင်ရသည်။ ထိုအဆောင်နှင့် ထောင့်တန်းဖြတ် ခပ်လှမ်းလှမ်းတွင် သီးခြားအခန်း တစ်ခုကို တွေ့မြင်နေရသေးသည်။

မိမိသည် ဤအခန်းကျယ်ကြီးအတွင်း၌ ခိုပုန်းနေခြင်းထက် ကျဉ်းမြောင်း၍ လူမြင်ရန် မလွယ်ကူသည့်နေရာတွင် ပုန်းအောင်းကပို၍ အဆင်ပြေလိမ့်မည်။ ထိုသို့ ပုန်းမည် ဆိုလျှင်လည်း ဘုရားဆောင်တွင် ပုန်းအောင်း၍ စိတ်မချရ။ ဘုရားကြည်ညို ဝတ်ပြုသူများ လာတွေ့မြင်နိုင်ပေမည်။ တစ်ဖက်ထောင့်တွင် တွေ့နေရသော သီးသန့်အခန်း ထဲသို့ ဝင်ရောက် ပုန်းအောင်း နေပါက ပို၍ အဆင်ပြေလိမ့်မည်။

စံနက်ကျော်က ဤအတိုင်း တွေးလိုက်သည်။ ထို့နောက် မိမိတွေ့ထားသော အခန်းသို့ အပြင်မှ ခြေသံမကြားစေဘဲ ချွတ်နင်း၍သွားရန် ကြွက်လျှောက်တန်းကို လက်ဖြင့်ကိုင်ကာ အားပြုလိုက်သည်။

ကြွက်လျှောက်တန်းပေါ်မှ အေးစက်စက် အရာတစ်ခုသည် အောက်သို့ ကျတော့မည်ကဲ့သို့ ဖြစ်သွားရာ ကမန်းကတန်း ဖမ်းဆုပ်လိုက်သည်။

တံခါးမင်းတုပ် အပျက်တစ်ခုမှ မင်းတုပ်သံချောင်း ဖြစ်သည်။ ကြွက်လျှောက် ပေါ်တွင် ပြန်တင်ထားမည်ပြုရာမှ မတော်တဆ တိုက်မိပြန်ကျမည် စိုးသဖြင့် ဆုပ်ယူလာခဲ့သည်။

အခန်းရှိရာသို့ ရောက်သောအခါ အခန်းတံခါးဝက ပိတ်ထားသည်။ အခန်း၏ အမြင့်သည် ရှစ်ပေခန့်မျှသာ ရှိသောကြောင့် အခန်းဖွဲ့ထားရာ နံရံရှိ ကြွက်လျှောက်တန်း ပေါ်သို့ နင်းလိုက်ပြီးလျှင် အခန်းနံရံ၏ ပေါင်ပေါ်သို့ တင်းပါးလွဲထိုင်လျက် ကိုယ်ကိုလွဲကာ အတွင်းဘက်သို့ ခုန်ချလိုက်သည်။

အခန်းအတွင်းမှ လူတစ်ယောက်သည် ခြင်ထောင်ကို မ၍ထွက်လာကာ ဖြန်းခနဲ မတ်တတ် ရပ်လိုက်၏။ လှုပ်ရှားမှုကို တွေ့လိုက်သော စံနက်ကျော်သည် ထိုသူကို ဝင်းပူးလျက် ထိုသူ၏ ခေါင်းကိုပိုက်၍ ပါးစပ်ကို တအားဖိညှစ် ပိတ်ထားကာ ချုပ်ကိုင်လိုက်သည်။

ထို့ထက် အရေးကြီးသည်ကား ထိုသူ၏ ခြေထောက်နှစ်ချောင်းကိုပါ ချုပ်ထားရန် ဖြစ်သည်။ အသတ်အပုတ်တို့တွင် အလေ့အကျင့်ရှိထားသော စံနက်ကျော်သည် လွတ်လပ်နေသည့် ခြေထောက်နှစ်ချောင်းကို မည်မျှလောက် အန္တရာယ်ပြုနိုင်သည်ကို သိပြီးဖြစ်သည်။ ထို့ကြောင့် တစ်ဖက်လူ၏ ခြေထောက်နှစ်ချောင်းကိုပါ မိမိခြေထောက် နှစ်ချောင်းဖြင့် ညှပ်၍ ချုပ်လိုက်သည်။တစ်ပြိုင်တည်းပင် ကျန်လက် တစ်ဖက်တွင် ကိုင်လျက် ပါလာသည့် သံမင်းတုပ်နှင့် ထိုသူ၏ အသည်းနှင့်နှလုံးရှိရာသို့ ထောက်လိုက် သည်။

"ဒီမှာ မင်း အသံမထွက်လိုက်နဲ့ ဘာမှတ်သလဲ ပစ်ထည့်လိုက်မယ်"

စံနက်ကျော်သည် ကြိမ်းဝါးနေရင်း မိမိ သံမင်းတုပ်နှင့် ထောက်ထားသူ၏ ရင်ဘတ်က ခပ်တင်းတင်းဖောင်းဖောင်း နူးညံ့သော အတွေ့ရှိသည်ကို သိလာသည်။ တစ်ပြိုင်တည်းပင် မိမိဖျစ်ညှစ်ချုပ်ကိုင်ထားသူ၏ တင်းပြည့်ညက်ညောသော ကိုယ်လုံး ကိုယ်ထည် တစ်ခုလုံးကို သတိထားမိလာသည်။ တစ်ချိန်တည်း၌ပင် စံနက်ကျော်၏

သွေးတို့သည် အတွေ့၏ ဆွဲဆောင်မှုအရ ပူနွေးဆူကျွတ်လျက် ဖျဉ်းဖျဉ်းသိမ့်သိမ့် ဖြစ်လာသည်။

စံနက်ကျော်သည် တစ်ခဏချင်း အားနာရှက်ကြောက်စိတ်များ ပေါ်လာခဲ့သည်။ ထို့ကြောင့် ပူနွေးဖောင်းအိသည့် ရင်ဘတ်ကို ထောက်ထားလျက် ရှိသော မင်းတုပ်အား နေရာရွေ့လျက် မိမိချုပ်ကိုင်သူ၏ လည်မျိုသို့ ထိကပ်ထားလိုက်သည်။ ပြီးလျှင် တင်းတင်းကျပ်ကျပ် ပိတ်ကိုင်ထားသည့် ထိုလူ၏ ပါးစပ်ပေါ်မှ လက်ကို မသိမသာ ကြွပေးလိုက်သည်။

"ဒီမှာ ပြောတာကို နားလည်ရဲ့လား၊ အော်ဟယ် ဟစ်ဟယ် နဲ့ အသံမျိုး ထွက်လာရင် ချမ်းသာမပေးဘူး။ တစ်ခါတည်း ပစ်ထည့်လိုက်မှာ။ ဒါပေမယ့် ကိုယ်ပြောတဲ့ စကားကို ကောင်းကောင်းနားထောင်ရင် ဘယ်လိုမှ ရန်မလုပ်ဘူး သိရဲ့လား"

ဖမ်းချုပ်ထားမှုကို ခံနေရသူကား ခေါင်းကိုတွင်တွင်ညိတ်သည်။ ထို့နောက် အလွန်တိုးတိတ်သည့် စကားသံကလေးများ ထွက်လာသည်။

"ကျွန်မ မိန်းမသားပါ၊ ဘယ်သူ့မှ ရန်မမူဝံ့ပါဘူး။ ပြီးတော့ ဘယ်သူ့ကိုမှလဲ မုန်းတီး တတ်သူ မဟုတ်ပါဘူးရှင်။ ရှင်ဘာကြောင့် ကျွန်မခန်းထဲ ကျူးကျူးကျော်ကျော် ဝင်လာပြီး ဘယ်သူ့ကိုမှ ရန်မလုပ်တတ်တဲ့ ကျွန်မကို ဘာကြောင့်လာပြီး ရန်ရှာနေသလဲ ဆိုတာ အံ့ဩတာပါပဲ။ ဒါပေမယ့် ကျွန်မစိတ်ထဲက ဆုတောင်းနေပါတယ်၊ ရှင့်ကို ဘုရားသခင်က ခွင့်လွှတ်ပါစေဆိုတာ"

စံနက်ကျော်သည် အားတောင့် အားနာဖြစ်သွားလျက် မိမိ၏ ချုပ်ကိုင်ထားမှုကို ဖြည်းညှင်းစွာ လွှတ်ပေးလိုက်သည်။ သို့သော် ...

"ခင်ဗျား မရိုးမသားလုပ်ရင် ခင်ဗျားနဲ့ ကျွန်တော် အသက်ချင်း လဲလိုက်မှာပဲ။ ကဲ- ခင်ဗျား အဲဒီခုတင်စွန်းမှပဲထိုင်" ဟုပြောလိုက်သည်။ ထို့နောက်..

"ခင်ဗျားက ဒီမှာနေသလား၊ ခင်ဗျားအပြင် တခြားဘယ်သူတွေ ရှိသေးလဲ" ဟုမေး၏။

မိန်းကလေးက မိမိသည် ဤကျောင်းမှ ကျောင်းဆရာမဖြစ်ကြောင်း၊ ဤရွာရှိ ကလေးငယ်များ ပညာတတ်မြောက်ရေးနှင့် အကျင့်အယူ ကောင်းမွန်ရေးအတွက် ရည်ရွယ်လျက် ဤတောရပ်တောရွာသို့ လာရောက်နေထိုင် သင်ပြပေးရင်း ခေတ်ပျက် သွားသဖြင့် မပြန်နိုင်ဘဲ ဤအရပ်၌ပင် နေထိုင်သူဖြစ်ကြောင်း၊ မိမိ၏ မိဘမောင်ဘွား များသည် ရန်ကုန်မြို့ အလုံရပ် ကရင်ခြံ၌ ရှိပါကြောင်း၊ ယခု မိမိ၌ အလွန်စိတ်ဆင်းရဲဖွယ် ကောင်းသည့် ဖြစ်ရပ်တစ်ခုနှင့် တွေ့နေရပါကြောင်း၊ ထိုဖြစ်ရပ်သည် မိမိတို့ရွာ၌ စခန်းချနေသော ဂျပန်စစ်တပ်မှ ဂျပန်စစ်ဗိုလ်ဆိုသူက အတင်းခြိမ်းခြောက် အနိုင်ကျင့်လျက် သူ၏ မယားဖြစ်လာရန် ကြိုးပမ်းနေခြင်း ဖြစ်ကြောင်း၊ ထိုကြောင့် ဘုရားသခင် အထံ၌ ဆုတောင်းကာ မိမိအား ဤအဖြစ်ဆိုးမှ ကယ်တင်ရန် ညစဉ် ဝတ်ပြုပြီးမှ အိပ်ရာဝင်ခဲ့ရာ ယခု ဘုရားသခင်သည် ထိုအဖြစ်ထက်ဆိုးသော ဖြစ်ရပ် တစ်ခုနှင့် တွေ့ကြုံနေစေပြီ ဖြစ်သောကြောင့် မိမိဝမ်းနည်း၍ မဆုံးနိုင်လောက်အောင် ဖြစ်မိကြောင်း စသည်တို့ကို ပြောပြ၏။

မိန်းကလေးသည် ဖြည်းဖြည်းတိုးတိုး အလွန်ညင်သာစွာ ပြောနေသော်လည်း ငိုရှိုက်ခြင်း လုံးဝမရှိ။ သို့သော် မိန်းကလေး၏ အသံမှာ အလွန်ကြင်နာ ထိခိုက်ဖွယ်ရာ ကောင်းလေသည်။

စံနက်ကျော်၏ စိတ်ထဲ၌ အတော်ထိခိုက်သွား၏။ သို့သော် ထိခိုက်မှုကို လုံးဝမပြ။ ထို့နောက် မိမိ ဤအခန်း အတွင်းသို့ မည်ကဲ့သို့သော အကြောင်းကြောင့် ရောက်လာ ရသည်ကို သဘော်ဆီဆိပ်မှ စ၍ အတိုချုံးလျှက် ပြောပြသည်။

ထိုစဉ် တံခါးများကို ထုရိုက် ဖွင့်ခိုင်းသံ ကြားနေကြရ၏။ မိန်းကလေးသည် စံနက်ကျော် အတွက် အလွန်စိုးရိမ်ပဟန်ဖြင့် ဖုံးဂုက်ပေးရန် နေရာရှာမရ လောက်အောင် ဖြစ်နေ၏။

"ကိစ္စမရှိဘူး၊ ခင်ဗျား တံခါးကိုသာ သွားဖွင့်ပေးလိုက်ပါ"

"ဒီမှာ ပြုန်းပြုန်းဒိုင်းဒိုင်း ကိုယ်ကစ မလုပ်နဲ့နော်၊ ဘုရားသခင်က သည်းခံမှုဟာ ကျေအေးခြင်းကို ဖြစ်စေတတ်တယ်တဲ့ "

"ကိစ္စမရှိဘူး၊ ခင်ဗျားသာ သွားပါ"

မိန်းကလေးက ဖယောင်းတိုင် ထွန်းလိုက်သည်။ စံနက်ကျော်၏ စိတ်တွင် ဖယောင်းတိုင်ကို ကိုင်ထားသည့် မိန်းကလေးသည် လူသား စင်စစ်မှ ဟုတ်ပါလေစ ဟူသော အတွေးပင် ဝင်လာခဲ့ရသည်။ ရှေးမကျောက်ဆစ် ပန်းပုကျော် မိုက်ကယ် အိန်ဂျာလိုသည် ဤမြင်ကွင်းမျိုးကို တွေ့ဖူးမည်ဆိုပါက သူ၏ ကျောက်ဆစ်ရုပ် များသည် ယခုထက်ပင် ကမ္ဘာ၌ကျော်ကြား ပေလိမ့်မည်ဟုတွေးသည်။

ထိုစဉ် မိန်းကလေးက အခန်းအပြင်သို့ ထွက်သွားသည်။ ထို့နောက် တံခါးဖွင့်သံနှင့် ဝင်လာကြသော ခြေသံ၊ မပီကလာပီကလာဗမာစကားပြောနေသည့် သူ့ရဲကောင်းဆန်သည့် ဂျပန် စစ်ဗိုလ်၏ စကားသံတို့ကို ကြားနေရသည်။ သူတို့၏ မေးမြန်း ပြောဆိုနေကြသံသည် တော်တော်နှင့် မပြီးကြ။ ထို့နောက် ထွက်ခွာသွားကြသည့် အသံကို ကြားလိုက်ရသည်။ မိန်းကလေးသည် ဖယောင်းတိုင်၏ အလင်းရောင်နှင့်အတူ အခန်းတွင်း သို့ ပြန်ရောက်လာ၏။

အခန်းတံခါးကို ပိတ်လိုက်၏။ ဖွင့်ထားသည့်တံခါး အကွယ်၌ ရပ်နေသော စံနက်ကျော်ကို မိန်းကလေးက စူးစူးစိုက်စိုက် ကြည့်မိသည်။

"ကျွန်မဖြင့် ရှင်ကများ စိုးရိမ်အားကြီးပြီး ဂျပန်တွေကို ပစ်လိုက်ခတ်လိုက်မလားလို့ စိတ်ပူနေတာပဲ"

စံနက်ကျော်က ဘာမှ ပြန်မပြောဘဲ အတွင်းခံ တစ်စုံတစ်ခုမျှ မပါဘဲ ညဝတ်အင်္ကျီ အစား ဝတ်ဆင်ထားသည့် ပျော့ပျော့လေးလေး ပုံဟန်ရှိသော သင်တိုင်းရှည် ပွပွကြီးအတွင်းမှ အချိုးအဆစ်ကျကျ ပေါ်လွင်နေသော မိန်းကလေး၏ တစ်ကိုယ်လုံးကို မျိုမိမလို ကြည့်နေသည်။ မိန်းကလေးသည် စံနက်ကျော်၏ မျက်နှာကို စိန်းစိန်း ပြန်ကြည့်မိရာမှ ရှက်ကြောက်ဟန်ဖြင့် မျက်နှာပျက်စွာ မျက်လွှာချလိုက်သည်။ ဤတွင် စံနက်ကျော်ကလည်း အားတုံ့အားနာ ဖြစ်လျက် မိမိ၏ လက်ထဲတွင် ကိုင်ထားသည့် သံမင်းတုပ်ကလေးကို ခြင်ထောင်ဘေးသို့ ပစ်ချလိုက်သည်။

"ကျွန်တော့်မှာ ပစ်စရာခတ်စရာ ဘာလက်နက်မှ မပါပါဘူးဗျာ။ ကျွန်တော့်ကို မကြောက်ပါနဲ့"

မိန်းကလေးသည် စံနက်ကျော်ကို ကြင်နာစွာ ကြည့်နေမိသည်။ ထို့နောက် အတန်ကြီးကြာမှ တံတွေးကိုမျိုချလျက်

"ကျွန်မဆီမှာရှိသမျှ ကျွန်မကိုယ်နဲ့ထပ်တူ ရှင့်အတွက် လုံခြုံအောင် ကျွန်မ ကူညီပါ့မယ်။ ဒါဟာ ဘုရားသခင်ရဲ့ဆန္ဒပါပဲ"

နှစ်ယောက်သား တိတ်ဆိတ်နေကြသည်။ ကွမ်းသီးတောကြီးအတွင်းမှ ကူချွဲစွာဟစ်ကြွေးလိုက်သည့် ဥဩသံကို စံနက်ကျော်ရော ဆရာမကလေးပါ ငြိမ်သက်စွာ နားထောင်မိနေကြသည်။

ဥဩသံသည် အလွန်သာယာပါသည်။ ယခု အရင့်အရင်က ကြားဖူးခဲ့သည် တို့ထက် ပို၍ ပို၍ သာယာလှပါသည်။ သနားလွမ်းဆွတ်ဖွယ်ရာလည်း ဖြစ်လှပါသည်။

# အခန်း(၂)

# စံနက်ကျော်နှင့် ဓားသူရဲကောင်းကြီး နာကာမူရာ

ကြေကွဲစဖွယ် လွမ်းတေးကို ဆိုနေသော နွေဥသြကလေး၏ ခွန်းဆင့်သံကို ဆရာမကလေးနှင့် စံနက်ကျော်တို့ နှစ်ယောက်လုံးက အလိုအလျောက် ငြိမ်သက် နားစွင့်နေမိကြသည်။

ဥသြသံကလေးကို ကြားရသည်မှာ ကြင်နာစရာ ကောင်းလှသည်။ သာယာ နာပျော်မှုသည် နားထောင်သူတို့၏ နှလုံးသားကိုဖြည်းဖြည်း သိမ့်သိမ့် လှုပ်ရှား စေနိုင်သည်။ ထို့ထက် စစ်မှန်သော မေတ္တာနှင့် သနားကြင်နာမှုသည် သနားကြင်နာခြင်း ခံရသူ၏ စိတ်ကို ပို၍ လှုပ်ရှား ထိခိုက် စေနိုင်သည်။ ထို့ကြောင့်လည်း......

စံနက်ကျော်သည် ဆရာမလေး ကြင်နာသော မေတ္တာတို့ဖြင့် သွန်းလောင်း ထုလုပ်လိုက်သည့် စကားလုံးတို့ကို နားချိုသော ဥသြသံကလေးနှင့် ထပ်တူ ဆင့်၍ဆင့်၍ ကြားယောင်သည်။ ကြားယောင် နေရန်လည်း စိတ်တွင်းမှ အကြိမ်ကြိမ် ရွတ်ဆိုနေသည်။

"ကျွန်မဆီမှာ ရှိနေသမျှ ကျွန်မနဲ့ထပ်တူ ရှင့်အတွက် လုံခြုံအောင် ကျွန်မ ကူညီပါ့မယ်။ ဒါဟာ ဘုရားသခင်ရဲ့ ဆန္ဒပါပဲ "

ဥယျာဉ်၏ နသစ်သောအနံ့သည် လတ်ဆတ်သော နံနက်ခင်း လေပြည်နှင့် အတူ ဆရာမကလေးနှင့် စံနက်ကျော်တို့ကို ကလူကျီစယ် လှောင်သည်။ တိတ်ဆိတ်မှုသည် ပို၍ နက်ရှိုင်း လာသကဲ့သို့ ထင်ရသည်။ ဆရာမကလေးနှင့် စံနက်ကျော်တို့သည် တစ်ဦး၏ အသက်ရှူသံကို တစ်ဦးက ကြားနေရသည်။ သူတို့သည် မိမိတို့ သယ်ဆောင်သွားရမည့် ဝန်ထုပ်ဝန်ပိုးကြီးအား ခေတ္တခဏချ ရပ်အနားယူလိုက် သကဲ့သို့ စိတ်၌ ပေ့ါပါးနေကြသည်။

ဆရာမသည် မျက်လွှာချလျက် ငြိမ်သက်နေ၏။ ဆရာမ၏ မျက်နှာသည် ကြည်ဝင်းနေ၏။ သိမ်မွေ့သော ကရုဏာ၊ ချမ်းမြေ့သောမေတ္တာ၊ သန့်စင်သော စေတနာ တို့သည် ဆရာမ၏ မျက်နှာပေါ်၌ လိမ်းကျံထားသကဲ့သို့ ပေါ်လွင်နေ၏။ ထိုကရုဏာ၊ မေတ္တာ၊ စေတနာ တို့ကြောင့်ပင် ဆရာမ၏ မျက်နှာသည် အလိုလို ကျောက်ဆစ်ပြုံးကလေး ပြုံးနေ၏။ ထိုအပြုံးသည် စံနက်ကျော်၏ မျက်နှာတစ်ခုလုံးကို မရွေ့လျားနိုင်အောင် ဖမ်းဆီးထားလိုက်သည်။

ဗုဒ္ဓကျမ်းစာထဲ၌ ပါသော သာမာဝတီနှင့်ပင် တူလေသလား သို့တည်းမဟုတ် ဥရောပ ရာဇဝင်တွင် ပေါ်ခဲ့ဖူးသည်ဆိုသောဂျုံးအော့ပ်အာ့ခ် နှင့် တူလေသလား သို့တည်း မဟုတ် အီစလန် ဘာသာကျမ်းတွင် ပါသော ဖိုမ်နဗ်အမည်ရှိ အွန်မုလ်စစာကိန်းနှင့် တူလေသလား။ တူချင်းတူရမည် ဆိုပါက ထိုမိမိမမြင်ဘူးရသော အမျိုးသမီး သုံးဦးကသာလျှင် ဤဆရာမလေးနှင့် တူကောင်းတူလိမ့်မည်ဟု စံနက်ကျော်က တွေး၏။

တစ်ဖက်မှအကြောင်းကို စူးစိုက်တွေးကြံနေသော စံနက်ကျော်၏ စိတ်အရှိန်သည် ဆရာမကလေး၏ မျက်လွှာကို ဖျတ်ခနဲ ပွင့်လိုက်စေသည်။ ဆရာမကလေးသည် မိမိအား စူးစိုက် နေသည့် စံနက်ကျော်၏ မျက်လုံးနှင့် မျက်လုံးချင်း တိုက်မိကြသည်။

မျက်လုံးအကြည့်ချင်း တိုက်မိလိုက်ကြသော အရှိန်သည် နှစ်ဦးသားတို့၏ ရင်ထဲ၌ နှလုံးသွေးတို့ ဘောင်ဘင် ခတ်သွားကြသည်။ ထိုနှလုံးသွေးတို့သည် မျက်နှာ ထက်ဆီသို့ ဖြန်းခနဲ ရောက်လာကြသည်။ ယောက်ယက်လှုပ်ရှားလာကြသည့် သွေးတို့ပျံ့နှံ့ လာသောကြောင့် နှစ်ဦးစလုံး၏ ရင်တွင်းမျက်နှာ ကိုယ်လုံးတို့၌ ထူပူသွားကြသည်။ သူတို့၏ ပကတိမျက်နှာ သည် ဝေဒနာတစ်စုံတစ်ခု ခံစားလိုက်ရသကဲ့သို့ အသွင်ပြောင်းလာသည်။ ဤသည်ကို တစ်ယောက်နှင့် တစ်ယောက် မသိစေအောင်ဖုံးဖိလိုက်ကြသည်။ ထို့နောက် ရင်ဆိုင် တိုက်မိ လိုက်ကြသည့် မိမိတို့အကြည့်များကို အတင်း နေရာရွှေ့ပစ်ကြသည်။ သို့သော်တိုက်ခိုက်မှုသည် စေတနာ၊ မေတ္တာတို့နှင့်တကွ နှလုံးသားမှ တွန်းပို့ လွှတ်လိုက်ကြသည့် အရှိန်အင်အား တို့ကြောင့် ပြင်းထန်လွန်းလှသည် ဖြစ်ရကား တစ်ဦး၏ မျက်လုံးထဲ၌ တစ်ဦးက လဲကျနေသည့် အကြည့်သည် အချိန်အတော်ကြာသည့် တိုင်အောင် ရွှေ့ဖယ် ပစ်၍ မရခဲ့ပေ.....။

အတောင် တဖြုန်းဖြုန်းခတ်၍ တွန်လိုက်ကြသော လင်းကြက်သံတို့၏ လှုပ်နှိုး မှုကြောင့် မိမိတို့ကိုယ်တိုင် မသိလိုက်ကြဘဲ ဆန္ဒချင်း၊အတွေးချင်း တစ်သားတည်း ဖြစ်အောင် ရောစပ် ပျော်ဝင်မိနေကြသူ နှစ်ယောက်တို့သည် မိမိတို့၏ အတွေး၊ မိမိတို့၏ ဆန္ဒ၊ မိမိတို့၏ နှစ်မြောမှုတို့ကို မိမိတို့ဘာသာ အထိတ်တလန့် ဆွဲထုတ်ပြေးသကဲ့သို့ ပြုလိုက်ကြသည်။ ထို့ကြောင့် သူတို့နှစ်ဦး၏ မျက်လုံးသည် လျှပ်စစ်ခလုတ် တစ်ခုတည်းဖြင့် တပ်ဆင် ဆက်သွယ်ထားသကဲ့သို့ တစ်ပြိုင်တည်း လွှဲဖယ်လိုက်ကြသည်။သူတို့၏ ရင်ထဲ၌

နလုံးသွေးတို့ ခုန်နေကြဆဲ ရှိသေးသည်။ တစ်ချိန်တည်းပင် သူတို့နှစ်ယောက်စလုံး၌ မတွေးတောပါဘဲနှင့် တူညီသော အသိတစ်ခုကို သိလိုက်ကြသည်။

"သူလည်း အခု ငါဖြစ်သလိုဖြစ်နေတာပဲ" ဟူသော အသိဖြစ်သည်။ သို့သော် သူတို့သည် ထိုသို့ အချင်းချင်း ဖုံးကွယ်မရဘဲ တစ်ယောက်နှင့် တစ်ယောက် သိနေကြခြင်းကို မသိချင်ယောင် ပြုလိုက်ကြသည်။ ဘာမှ မဖြစ်သကဲ့သို့ ဟန်ဆောင်လိုက်ကြသည်။ ထို့သို့နှစ်ယောက်သား ဟန်ဆောင်နေကြခြင်း ဖြစ်ကြောင်းကိုလည်း နှစ်ယောက်လုံးကပင် သိနေကြသည်။

နံရံတစ်ဖက်ဆီသို့ မျက်နှာပြုလျက် ငေးစိုက်နေသော စံနက်ကျော်၏ မျက်လုံးရှေ့တွင် အရုဏ်၏ လင်းကျင်းသော အရောင်သည် စာသင်ဇရပ်ကျောင်းကလေး၏ နံရံကြားတို့မှ တိုးဝင် လာကြသည်။ နီရဲသော အရောင်သည် သွေးစိမ်ရှင်ရှင် ပန်းဝင်လာသကဲ့သို့ လှုံ့ဆော် သတိပေးလိုက်သည်။ မကြာမီ သတ္တဝါတို့ကို အလင်းရောင်ပေးမည့် နေဝန်းကြီး ပေါ်လာတော့မည်။ စံနက်ကျော်၏ စိတ်သည် ပို၍ လှုပ်ရှားလာသည်။ ထိုနေဝင်းကြီးသည် အလင်းရောင်ထက် ပူလောင်မှု၊ ထိတ်လန့်မှုတို့ကို ပို၍ ဖြစ်စေသည်။ ယုန်သူငယ်သည် ဝိုင်းရံလျက်ရှိသော ဝံပုလွေနှင့် ခြင်္သေ့၊သစ်၊ ကျား ကြွပ်ကြွပ်ဝါးမည့် တောသားရဲကောင်ကြီးတို့ အလယ်သို့ ရောက်ရှိနေရသဖြင့် နံနက်ကျင်း၍ အလင်းရောင်လာမည်ကို ကြောက်ရွံ့နေသကဲ့သို့ ဖြစ်၏။ ထို့ပြင် ထိုနေဝန်းကြီးသည် စံနက်ကျော်အတွက် တစ်သက်မမေ့နိုင်သော အထိမ်းအမှတ် နာကြည်းမှု တစ်ရပ်ဖြစ်၏။

နေဝန်း အမှတ်တံဆိပ်ကို ကိုင်ဆောင်လာသော ဖက်ဆစ်ဂျပန် ငရဲပါးကွက်ကြီးများသည် မိတ်ဆွေအရောင်ပြုလျက် စံနက်ကျော်တို့နှင့် ဖက်လဲတကင်း ပြုလုပ်ခဲ့ကြသည်။ ထို့နောက် လက်နက်အားကိုဖြင့် အနိုင်ကျင့်လျက် စံနက်ကျော်တို့၏ တိုင်းပြည်ကို သိမ်းပိုက်လိုက်ကြသည်။ သူတို့သည် တိုင်းပြည်အတွင်းမှ ရှိရှိသမျှ ပစ္စည်းတို့ကို ဓားပြတိုက်သလို ရိုက်နက်လုယူ ကြသည်။ ထို့နောက် လူတွေကိုပါ ယူလာကြသည်။ တစ်ပြည်ထောင်လုံး ဖက်ဆစ်သရဲတွေ ဗရုန်းဗရင်း ပြောင်းဆန်လာကြသည်။

ဘယ်နေရာ ကြည့်ကြည့် ဖက်ဆစ်သရဲတွေကို မတွေ့ ဟူ ၍ မရှိရ။ နေရာတိုင်း၌ တွေ့နေရသည်။ ရှောင်၍မလွတ် ပြေး၍မလွတ်။ ဘယ်ဘက်သို့လှည့်လိုက် လှည့်လိုက်

မျက်စိရှေ့တွင် ဖက်ဆစ်သရဲကြီးတွေကို ကားရားကြီး မြင်လိုက်ကြရသည်။ လူထုသည် တုတ်တုတ်မှ မလှုပ်ဝံ့ကြ။ မျက်ကိုမှိတ်၊ နားကိုပိတ်လျက် ကြိတ်၍ ကြိတ်၍ သာရှိုက်ငင်နေခဲ့ကြရသည်။

"ကျွန်တော်တို့ ဒီလိုပဲ နေကြရတော့မလား " ဟု စံနက်ကျော်က သူတို့ဆရာသမားအကြီးစားကြီးများကို မေးမိသည်။

ဆရာကြီးကြီးတို့က ဆရာကွာ  မပျက်ရုံ၊ ဟိတ်ကြီး ဟန်ကြီးနှင့် ဟိုလှည့် ဒီလှည့် ပြောသည်။

တကယ်တော့ လက်နက်ကလေးတွေ ရှိနေကြသဖြင့် သွေးကြွသွေးဆာလာကြသော ဖက်ဆစ်သရဲတွေက သူ့လူလိုလို ကိုယ့်လူလိုလို ပြုကာ အခွင့်အခါရသည်နှင့် သစ္စာဖောက်လိုက်ပြီး တစ်ပြည်ထောင်လုံးကို အနကြမ်းစီးယူလိုက်ပြီးနောက် ရက်ရက်စက်စက် ဟိုလူ့ဖမ်း ဒီလူ့သတ် ပြုလုပ်ပြလိုက်ကတည်းက ဘယ်ခေါင်းဆောင်ကြီး တွေမှ မလှုပ်ဝံ့ကြတော့။

ကိုယ့်အဖွဲ့ကိုယ် အတိုးတက်ဆုံးဟု သမုတ်လျက် စာအုပ်ထူကြီးများ တသသယ် တပိုးနှင့် အလိုလို ဘဝင်မြင့်နေကြသော လူတစ်စုကဆိုကြသည်။

"ငါတို့က ဖက်ဆစ်သရဲတွေကို တိုက်ခြင်းသည် အကိုင်းအခက်တို့ကို ခုတ်ခြင်းသာဖြစ်သည်။ မျိုးချစ်မျက်ကန်းတို့ အပြုအမူသာဖြစ်သည်။ ဖက်ဆစ်တို့ကို ဦးဆောင်တိုက်ပွဲဆင်နေသည့် မဟာမိတ်တို့ကိုသာ အထောက်အကူပေးရမည် " တဲ့။

"ငါတို့ လုပ်တာ ငါတို့လုပ်တာ၊ ဒါ ငါတို့လုပ်တာ" ဟု လက်မထောင်နေကြသော ခေါင်းဆောင်တို့က ဆိုကြသည်။

"ဘာပဲဖြစ်ဖြစ် အရင် အင်္ဂလိပ်လက်ထဲမှာ ကျွန်ဖြစ်နေတာထက်တော့ အခု လွတ်လပ်တယ်လို့ တချို့တိုင်းပြည်တွေက အသိအမှတ်ပြုတယ်ဗျာ။ ကျုပ်တို့ကို ကမ္ဘာက ပိုသိလာတယ်ဗျာ။ ဘာပဲပြောပြော ကျုပ်တို့လူမျိုးတွေနဲ့ ဖွဲ့စည်းထားတဲ့ စစ်တပ်တွေ ပေါ်လာခဲ့ကြတယ်ဗျာ။ အဲဒီတော့ အရင်ကထက်သာတာပဲ။ ဒီတော့ အခြေအနေ

လေးလည်း ကြည့်ပြီး နည်းနည်းပါးပါး စောင့်နေဦးပေါ့။ လက်နက်ရှိတဲ့ လူတွေက ဖိနိပ်တာကို ခံရတယ် ဆိုတာကတော့ ကျုပ်တို့ချည်းမှ မဟုတ်ဘဲ တစ်ကမ္ဘာလုံး နေရာတိုင်းမှာ ဖြစ်နေတာပဲ ” တဲ့။

သူတို့သည် ဖက်ဆစ်သရဲတွေ၏ လက်အောက်၌ နေရာရထား သူများဖြစ်ကြ၍ ကြီးလန့်စာ စားသလို နေ့တထိတ်ထိတ် ညတလန့်လန့်ဖြင့် စားဝတ်နေရေးအတွက် ဘာတစ်ခုမှ စိတ်မချရသော လူအများစု၏ ဘဝကို မမြင်ကြ။ ငါတို့ အောင့်နိုင် အောင့်နိုင်သလို မအောင့်နိုင် မအောင့်နိုင်ရကောင်းလားဟု အပြစ်တင်နေကြသေးသည်။

ထိုကဲ့သို့သော အချိန်အခါမျိုး၌ စံနက်ကျော်တို့ လူရွယ်ကလေးများက ဘယ်လိုမှ မသက်ဆိုင်သော်လည်း ဆရာသမားကဲ့သို့ နေရာပေးထားသည့် ခေါင်းဆောင်တစ်ဦး ရှိခဲ့သည်။

ထိုခေါင်းဆောင်သည် ဖက်ဆစ်တို့၏ ခေတ်တွင် အရေးပါအရာတွင်သည့် နေရာမျိုးကို မရရှိခဲ့။ ဤသို့ မရရှိခြင်းကို မယူ၍ မရရှိခြင်းဖြစ်သည်ဟု ထင်မှတ်ကာ စံနက်ကျော်တို့က လေးစား ကြည်ညိုခဲ့ကြသည်။ စံနက်ကျော်တို့သည် ထိုပုဂ္ဂိုလ်ကြီးကို ချဉ်းကပ်လျက်မိမိတို့ အထက်မှ ခေါင်းဆောင်ပြုလုပ်၍ မိမိတို့ဆောင်ရွက်ရန် တာဝန် ဝတ္တရားများ ခွဲဝေချထားပေးပါ ခင်ဗျာဟု သွားရောက် တောင်းပန်ခဲ့ကြသည်။ ထိုအခါ ခေါင်းဆောင်ကြီးက အင်္ဂလိပ်ဖတ်စာအုပ်ထဲမှ တံငါသည် ဆယ့်တစ်ယောက် ငါးမျှားသည့် ပုံပြင်ဖြင့် မိန့်ခွန်းခြွေတော်မူသည်။ တံငါသည် ဆယ့်တစ်ယောက်တို့သည် ငါးမျှားသွားကြ၍ အပြန်တွင် ရေတွက်ကြသောအခါ လူတစ်ယောက် ပျောက်နေပါသတဲ့။ မည်သူက ရေတွက်ရေတွက် လူတစ်ယောက်တစ်လဲစီ ရေတွက်ကြည့်တိုင်း လူဆယ်ယောက်သာရှိပြီး အမြဲပျောက်ဆုံးနေသတဲ့။ ဤတွင် တို့သူငယ်ချင်း တစ်ယောက်တော့ ရေနစ် ပျောက်ဆုံးသွားတာ ဖြစ်မှာပါပဲ ဆိုပြီး ဝိုင်းထိုင်ငိုနေကြသတဲ့။

ဒီအချိန်မှာ လူကြီးတစ်ယောက်ဟာ လှေတစ်စင်းနဲ့ ကမ်းကို ဆိုက်လာပြီး တဲ့နောက် ဘောက်မဲ့ကြောင့် ငိုနေကြရသတုံးလို့ မေးပါသတဲ့။

ဒီတော့ တံငါသည်တွေက လူဆယ်ပ့်တစ်ယောက် လာခဲ့ကြရာ ယခု အိမ်ပြန်ကြမည် အပြုတွင် လူဆယ်ယောက်သာကျန်၍ လူတစ်ယောက် ပျောက်ဆုံးနေသည့် အတွက် စိုးရိမ်ပူပန်ပြီး ငိုကြရခြင်း ဖြစ်ကြောင်း ပြောပါသတဲ့။

ဒီတော့မှ အနားကို ရောက်လာတဲ့ လူကြီးက တံငါသည်တွေကို မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်ပြီးတဲ့နောက် "ဟုတ်လား၊ တကယ် ဒီမှာကြည့်၊ ကျုပ်ရေပြမယ်" ဆိုပြီး ဝိုင်းထိုင်နေကြတဲ့ သူ့အဖော်တွေကို တစ်ယောက်၊ နှစ်ယောက်၊ သုံးယောက်လို့ လက်ညှိုးညွှန်ပြီး ရေတွက်ပြလိုက်သတဲ့။

အဲဒီတော့ တံငါသည်ကလည်း သူ့အဖော်တွေကို ရေတွက်လို့ ဆယ်ယောက်မှာ လူကုန်သွားပြီး လူကြီးကို မော့လည်းကြည့်လိုက်ရော အနားမှာ ရှိတဲ့လူကြီးက အဲဒီ မော့ကြည့်နေတဲ့ လူရဲ့ခေါင်းကို ခပ်နာနာရိုက်လိုက်ပြီး မင်းပါနဲ့ ဆယ့်တစ်ယောက်လို့ ပြောလိုက်သတဲ့။

စံနက်ကျော်တို့ တစ်တွေဟာ ဘာအစီအစဉ် ဘာညွှန်ပြချက် တစ်ခုတလေမှ မရလာဘဲ အဲဒီပုံပြင်ကို စိတ်ပျက်စွာနှင့် နားထောင်ပြန်လာခဲ့ကြသည်။ စံနက်ကျော်က

"ကဲ ကျွန်တော်တို့ ဘာဆက်လုပ်ကြမလဲ" ဟုမေးသည်။

စံနက်ကျော်၏ အဖော်တို့က "ခွေးကြီး၊ နွားကြီး၊ အလကား ကောင်ကြီး၊ အပေါကြီး" စသည်ဖြင့် ရေရွတ်လာကြသည်။

အချိန်သည် ဖက်ဆစ်သရဲတွေ အစွယ်တဖြီးဖြီးနှင့် အစွမ်းကုန် သောင်းကျန်းကြလျက် သင်းတို့အတွက် မကုန်ဆုံးနိုင်သော တော်သလင်းလအခါတော်ကြီး ဖြစ်နေကြသည့် အချိန်ဖြစ်လေသည်။

ထိုအချိန်တွင် ဖက်ဆစ်သရဲတို့သည် လက်နက်နှင့် အာဏာကို လူသူတကာ အလွယ်တကူ မြင်ကြောက်ကုန်ကြအောင် ရှေ့တန်းမှ ထုလျက် လက်နက်မဲ့ ပြည်သူလူထုတို့ကို တွေ့ရာနေရာ၌ အနိုင်ကျင့် ကြပြီးလျှင် ရှေ့ကိုယူသည်။ မော်တော်ကား

တွေကိုလည်း ယူတယ်။ စက်ဘီးအစုတ်ကိုလည်း ယူသည်။ ပြီးတော့ လူတွေကိုပါ ယူနေကြသည့်အခါ ဖြစ်သည်။

ထို့ကြောင့် လူအတော်များများ ကိုယ့်အိုးကိုယ့်အိမ်တွေကို စွန့်လွှတ် ပြေးကြရသည်။ ဖက်ဆစ်သရဲတွေက ထိုအိမ်တို့ကို သူတို့ကြိုက်လျှင် ကိုယ်တိုင်နေသည်။ မကြိုက်လျှင် သူတို့လူတွေကို နေရန်ပေးသည်။ သို့မဟုတ် သူတို့ကို ထောက်ခံသည့် အဖွဲ့အစည်းများ၏ ရုံးခန်းပြုလုပ်စေသည်။ သို့မဟုတ် ကုန်ပစ္စည်း သိုလှောင်ရုံ လုပ်ပစ်လိုက် ကြသည်။ သူတို့သည် အမြဲသူတို့အတွက်ကိုသာ ကြည့်ကြသည်။ သူတို့ချုပ်သော ဖိနပ်က သေးငယ်လျှင် ပြည်သူလူထု၏ ခြေထောက်နှင့် အလောတော်ဖြစ်စေရန် ပြည်သူလူထု၏ ဖနောင့်ကို အလွယ်တကူ ဖြတ်ပစ် နေကြသော သူတို့ဖြစ်ကြသည်။

ထို့ကြောင့် သူတို့အတွက် အလွယ်တကူ အလုပ်ဖြစ်ရန် လိုအပ်ပါက ပြည်သူလူထု၏ ရပ်ကွက် တစ်ခုကို လည်းကောင်း၊ ချက်ချင်း နာရီအတွင်း ပြောင်းရွှေ့ ထွက်သွားစေလျက် သူတို့၏ စခန်းပြုလုပ် ပစ်လိုက်တတ်ကြသည်။

ထိုနည်းအတူ ပြည်သူလူထု၏ မော်တော်ကားတွေကိုလည်း ယူကြသည်။ ပြည်သူလူထုသည် ကိုယ်ပိုင် မော်တော်ကားစီးခြင်း ကိုယ်ပိုင် မော်တော်ဘုတ်စီးခြင်းတို့ကို မပြုလုပ်ရ။

ကိုယ်ပိုင် မော်တော်ကား နှင့် ကိုယ်ပိုင် မော်တော်ဘုတ်တို့သည် သူတို့နှင့် သူတို့အသိုင်းအဝိုင်း သူတို့ခွင့်ပြုသူတို့သာ စီးကြရသည်။ ပြည်သူလူထုသည် သူတို့က ခွင့်ပြုထားသော သူတို့ လူတွေပိုင်ဆိုင်သည့် ခရီးသည်တင်ကားနှင့် ခရီးသည်တင် မော်တော်ဘုတ်ကိုသာ စီးနိုင်ခွင့်ရှိကြရမည်။ ထို့နည်းအတူ စက်ဘီးကိုလည်း မစီးနိုင်။ သူတို့က ခွင့်ပြုမှ ရဲရဲတင်းတင်း စီးနိုင်ကြသည်။ ထိုသို့မဟုတ်က တွေ့ရာနေရာ၌ တွေ့ရာ ဖက်ဆစ်သရဲ တစ်ကောင်ကောင်က ဆွဲသိမ်းသွားနိုင်သည်။ သူတို့က ခွင့်ပေးထားလျှင် ခွင့်ပေးသူ၏ ထံမှ ကိုယ်ပိုင်စီးနိုင်ခွင့် အမိန့်စာရွက် ကလေးရထားမည်ဆိုက တော်ရုံတန်ရုံ ဖက်ဆစ်သရဲအငယ်စားက ဆွဲသိမ်းလုယက်သွားခြင်း မပြုရဲ။

ထို့အကြောင်းတို့ကြောင့် ပြည်သူလူထုတို့သည် မိမိတို့ တိုက်တာအိုးအိမ်များကို စွန့်ပစ်လျက် မြို့စွန်ဆင်ခြေဖုံး အရပ်တို့၌ မီးအရှားရှား ရေအရှားရှား ဖုတ်ထူ ဖွက်ထသော လမ်းများဖြင့် ရပ်ကွက် ကလေးများပြုကာ စုပေါင်းနေကြရသည်။ ရေမီးအပြည့်အစုံနှင့် တိုက်တာ အိုးအိမ်ကောင်းတို့၌ ဖက်ဆစ်သရဲကြီး၊ သရဲကလေးများ၊ သူတို့၏ ဘက်တော်သား အလိုတော်ရိများ၊ သူတို့၏ တရားဝင် စာရင်းပြထားသော မယား အမှတ် (၂)၊ အမှတ် (၃)၊ အမှတ် (၄)၊ အမှတ် (၅)၊ အမှတ် (၆) များ။ ထို့ပြင် သူတို့၏ နောက်တော်ပါး အခိုင်းအစေတို့နှင့် ရင်းနှီးသူများကသာ သိထားသော မယားငယ်အမှတ် တစ်၊ နှစ်၊ သုံး ၊ ကိုး ၊ တစ်ဆယ်များ။ သူတို့နှင့် သူတို့မယားများ၏ ဆွေတော်ရှစ်သောင်း မျိုးတော်ပေါင်းတို့သာလျှင် နေထိုင်နိုင်ကြသည်။

ထို့ကြောင့် ပြည်သူအပေါင်းတို့သည် အလုပ်ချိန်၊ ရုံးချိန်၊ အရောင်းအဝယ် ချိန်တို့ ကုန်သည်နှင့် မြို့လယ်ရပ်ကွက် တိုက်ကြီးတာကြီးများ ရှိရာနေရာ၌ အသွား၊ အလာ အတွေ့ မမြင်ကြရတော့ဘဲ မိမိတို့နေရာထိုင်ရာ မြို့စွန်ရပ်ကွက်တို့ရာသို့ ရောက်ကုန်ကြ တော့သည်။

ထိုကဲ့သို့သော အခြေအနေမျိုး၌ ခေါင်းဆောင်ကြီးဆီမှ အဖိုးတန်လှသော တံငါသည် ပုံပြင်ကို အချိန်ကုန်ခံကာ နားထောင် ဆွေးနွေးမှုပြုပြီး စိတ်တိုဆဲရေးရင်း ပြန်လာခဲ့ကြသော စံနက်ကျော်တို့၏ လူစု၌ လူငါးယောက်ပါဝင်သည်။ စက်ဘီးနှစ်စီးနှင့် ဖြစ်ကြသည်။ တစ်စီးတွင် သုံးယောက်စီး၍ တစ်စီးက နှစ်ယောက်စီးသည်။

နေရာသည် နောင်တစ်ချိန်၌ လင့်လမ်းအမည်ဖြင့် စည်ကားလာမည့် ရွှေတိဂုံ ဘုရားကြီး၏ အနောက်မြောက်ဘက် တောင်ကုန်းလွတ်ကြီးကို ပတ်သွားသည့်နေရာ ဖြစ်သည်။ ထိုအချိန်က ထိုနေရာသည် အလွန် လူပြတ်သော နေရာဖြစ်ခဲ့သည်။ အသွားအလာ ရှိသော လမ်းတို့နှင့်လည်း အလှမ်းကွာလွန်းသော နေရာဖြစ်သည်။

စက်ဘီးနှစ်စီးဖြင့် လူသူပြတ်လပ်သော နေရာတွင် အော်ကျယ်အော်ကျယ် ဆဲရေး တိုင်းထွာ ဝေဖန်ကြရင်း စိတ်တွင်းရှိသမျှအလွန် လွတ်လပ်စွာ အန်ထုတ် လာခဲ့ကြသော လူတစ်စုသည် မိမိတို့ရှေ့၌ မြင်ကွင်းတစ်ခုကို မြင်လိုက်ကြသည်။ ချက်ချင်း အသံတိတ်သွားကြကာ ရှေ့သို့ အာရုံ စူးစိုက်လိုက်ကြသည်။

ဖက်ဆစ်သရဲကြီး တစ်ကောင်သည် အရက်မူးလျက် လမ်းလုံးပြည့်မျှ လျှောက်လာနေသည်။ အလုံးအထည်ကြီးကြီး ခပ်တောင့်တောင့်ပင် ဖြစ်သည်။ ထိုဖက်ဆစ်သရဲကြီး၏ နောက်မှ အဖော်ဖက်ဆစ်သရဲ တစ်ကောင် ပါလာသည်။ ထိုအဖော် ဖက်ဆစ်သရဲ၏ လက်ထဲတွင် အိမ်မြှောင်၏ ကိုက်ဖမ်းမှုကို ခံရသော ပုရစ်ကောင်ကဲ့သို့ ရုန်းကန်လှုပ်ရှားရင်း တရွတ်တရွတ် ပါလာသော မိန်းမတစ်ယောက်ကို တွေ့ရသည်။ ထိုမိန်းမသည် ပုရစ်ကဲ့သို့ မညို၊ ခပ်ဖြူဖြူ ဖြစ်သည်။ အရွယ် (၂၅) နှစ် ဝန်းကျင်ခန့်ရှိလျက် ဆူးဖြိုးတောင့်တင်းမှုကို တပ်မက်စဖွယ် မြင်နေရသည်။ အဖော်တစ်ယောက်ဆိုသည်။

"ဒါ ကိုယ်တို့ပြည်သူတွေကို သက်သက်စော်ကားတာ ချမယ်ကွာ၊ ဒီနေရာ လူပြတ်သားပဲ။ သူတို့နှစ်ယောက်၊ ကိုယ်တို့က ငါးယောက်"

"ဟာဗျာ၊ မလုပ်စမ်းပါနဲ့ ဘာမဟုတ်တာကို အောင့်ထား လိုက်စမ်းပါ။ ဒီမိန်းမကလည်း သူကိုယ်တိုင်က ထိကပါးရိကပါး သွားသွားအရောဝင်လို့ ဒီကောင်တွေကလည်း ဆွဲလာရဲတာ ဖြစ်ချင်ဖြစ်မှာပေါ့ "

စံနက်ကျော်က ဝင်တားမြစ်လိုက်ခြင်း ဖြစ်သည်။ စံနက်ကျော်သည် မိန်းမတွေနဲ့ ပတ်သက်လာလျှင် အတွေးအခေါ်ကို အများသူတကာနှင့် မတူဘဲ တစ်မျိုးတစ်ဖုံ တွေးတတ်သူ ဖြစ်သည်။

မိန်းမတွေသည် အလှအပမက်သည်။ အကောင်းကြိုက်သည်။ အသက်သာခိုသည်။ ဂုဏ်ရှိချင်သည်။ အပင်ပန်းလည်း မခံနိုင်။

ထိုအခါ သူတို့သည် အလှအပတွေ ဝတ်နိုင်အောင်၊ အကောင်းတွေစား၍ အကောင်းဆုံး နေရာ၌ နေရအောင် အများသူတကာ မော်တော်ကား မစီးနိုင်ဘဲ ခြေကျင်သွားနေရသည့် အချိန်၌ မော်တော်ကားကြီးကို စီးလျက် သက်သက်သာသာ ခရီးသွားနိုင်အောင် လူတကာက ကြောက်ရွံ့ ရိုသေ၍ ပွဲကြီးလမ်းကြီးတို့၌ ရှေ့ဆုံးအတန်းမှ ထိုင်ရသော ဖက်ဆစ် ကတော်ကြီးအဖြစ် ဂုဏ်ရှိရှိနေနိုင်အောင် ဘာတစ်ခုမှ အပင်ပန်းခံ၍ မပြုလုပ်ရဘဲ အလိုရှိသမျှ မိမိရှေ့မှောက်သို့ ရောက်လာအောင် နေချင်ကြပေလိမ့်မည်မှာ သူတို့၏ ခန္ဓာကိုယ်တည်ဆောက်မှုနှင့် သူတို့ တွင်ရှိနေကြရသည့် လင်ယူသားမွေး

ဘက်တစ်ဖက်တည်းတွင်သာ အားပြည့်ထက်သန်စေတတ်သော မိန်းမတို့၏ မွေးရာပါ ဇာတိလိင် သဘာဝ ကြောင့်ဖြစ်သည်။

ထို့ကြောင့်မိန်းမတွေ ဖက်ဆစ်ကတော် ဖြစ်ချင်နေကြသည်ကို ခွင့်လွှတ်ရမည်။ ခွင့်လွှတ်နိုင်သည့် စိတ်ထားသလို သူတို့၏ ဆန္ဒသူတို့၏ လှုပ်ရှားဖောက်ပြန်မှုအရ သူတို့ တွေ့ကြုံနေကြရသည့် သုခ၊ ဒုက္ခတို့ကို ရေးကြီးခွင်ကျယ် သုံးသပ်မနေဘဲ လျစ်လျူ ပြုနိုင်ရမည်။

စံနက်ကျော်သည် မိန်းမတွေနှင့် ပတ်သက်၍ ဤအတိုင်းတွေးတော ယုံကြည် ထားသူ ဖြစ်သည်။ သူသည် မိန်းမတွေကို အားနည်းသူများအဖြစ် တမင်ငဲ့ညှာ အလျှော့ ပေးတတ်သူသာ ဖြစ်သည်။ သူသည် မိန်းမတွေ ပြုလုပ်သမျှကို မိန်းမပဲ ပြုလုပ်မှာပေါ့ဟု ခွင့်လွှတ်မှုရှိသလို မိန်းမတွေ၌ ဒုက္ခတစ်စုံတစ်ခု တွေ့နေလျှင်လည်း အို- မိန်းမဆိုတာ ဒါမျိုးတော့ တွေ့ရမှာပေါ့။ ဒါဟာသဘာဝပဲဟု အသနားကင်းသလို နေစိမ့်တတ်သူဖြစ်သည်။

"ဟော့လူ၊ အဲဒါ အလိုမတူပဲနဲ့ အတင်းဆွဲလာတာဖြစ်မှာဗျာ ဟိုမှာ ရုန်းကန်နေတာ မတွေ့ဘူးလား"

"ဟာ ခင်ဗျား တို့ကလည်း ပုံကိုက ကြည့်ပါလားဗျ၊ ဖက်ဆစ် မာစတာကြီးနဲ့ ရင်နီးကျွမ်းဝင်တဲ့ သူတွေမှ မတတ်နိုင်တဲ့ အဝတ်အဆင် တွေ ဝတ်ထားတာကြည့်ပါလား။ သူဒီလိုလုပ်ရင် ဒီလိုခံရမှာပဲ ဘဝက သင်ပေးတဲ့ အသိကို သူ့ဟာသူ သိပစေ။ ကိုယ့်ဟာကိုယ် မြန်မြန်သာ ဖြတ်နင်းသွား"

"မဟုတ်ပါဘူးဗျာ၊ ကိုယ့်မျက်စိရှေ့မှာ ပြည်သူအမျိုးသမီး တစ်ယောက်ကို ဒီလို အတင်းဆွဲနေတာ ကျုပ်တော့ အဲဒီကောင်ကို စက်ဘီး နဲ့ ပစ်တိုက်လိုက်မယ်"

သူ့စက်ဘီးမှာ လူနှစ်ယောက်စီးလာသည့် စက်ဘီးဖြစ်သည်။ စံနက်ကျော်တို့ စက်ဘီးက လူသုံးယောက်ပါ၍ စံနက်ကျော်ကိုယ်တိုင် နင်းသည်။

သဘောမတူသော စံနက်ကျော်သည် သူတို့ဟာသူတို့ဖြစ်ချင်တာဖြစ် တို့ဟာတို့ နင်းသွားမယ်။ မကူဘူး၊ လှည့်တောင် မကြည့်ဘူးဟု စိတ်တွင်းက တွေးလိုက်သည်။

လူနစ်ယောက်ပါသော စက်ဘီးသည် အရှိန်ယူလျက် အမျိုးသမီးကိုဆွဲ နေသည့် ဖက်ဆစ်ကောင်အား တည့်တည့်ဝင်တိုက်ရန် ရှေ့မှ အကောင်ကြီးကို ရှောင်လျက် ဦးတည်လိုက်သည်။ ထိုတွင် မမျှော်လင့်သော ဖြစ်ရပ်တစ်ခု ရုတ်ခြည်းဖြစ်သည်။

လမ်းနှင့်အပြည့် လျှောက်လာသော ဖက်ဆစ်ကောင်ကြီးသည် ထိုလူနစ်ယောက် ပါသည့် စက်ဘီး၏ လက်ကိုင်ကို အတင်းဝင်ဆွဲလိုက်သည်။ အကောင်ကြီးနှင့် တကွ စက်ဘီးရော စက်ဘီးပေါ်က ကိုယ်တော်ချော နစ်ယောက်ပါ ဖရိုဖရဲ လွင့်ကျဲ လဲကျကုန်သည်။

စက်ဘီးအရှိန်ပြင်းသောကြောင့် စက်ဘီးပေါ်က ကိုယ်တော်ချောနစ်ယောက်က ပိုနာသည်။ ဖက်ဆစ်သရဲ အငယ်ကောင်သည် အမျိုးသမီးကိုမလွှတ်ဘဲ ဖက်ဆစ်သရဲကြီး လဲနေရာကို လာထူသည်။

ဖက်ဆစ်သူရဲကြီးက လဲနေသည့်စက်ဘီးကို ဆွဲထူလျက် စောင်းယမ်းနေသည့် စက်ဘီးလက်ကိုင်ကို ပြန်တည့်ရန် စက်ဘီးမှ ရှေ့ဘီးကို ဒူးနစ်ဖက်ကြားထဲသို့ သွင်းညှပ်လိုက်သည်။

အဖြစ်သည် ဖက်ဆစ်သရဲကြီးက စက်ဘီးကို လုယူသည့် အဖြစ် ဖြစ်သည်။ ထိုစက်ဘီးကိုသာ လုသည် မဟုတ်။ ၄င်းတို့ဘေးမှ ဖြတ်နင်းသွားသော စံနက်ကျော်တို့၏ စက်ဘီးကိုလည်း လုယူရန် လှမ်းခေါ်လိုက်သေးသည်။ ပြောင်းလဲသွားရသည့် ဖြစ်ရပ်ကို အကြောင်းပြုလျက် စံနက်ကျော်တို့ သုံးဦးသား ပြန်လှည့်လာကြသည်။

အတော်ဟုတ်၏။ ဖက်ဆစ်သရဲကြီး နစ်ကောင်က စက်ဘီးတစ်စီးပေါ်တွင် မိန်းမပါတင်ပြီးလျှင် တစ်ယောက် စက်ဘီးတစ်စီးဖြင့် သင်းတို့လိုရာကို သွားကြမည်ဖြစ်၏။

သူတို့သည် အမျိုးသမီးကို ပေါက်ဖော် ဟိုတယ်တစ်ခုပေါ်မှ အတင်းဆွဲလာကြခြင်း ဖြစ်၏။ ပြန်ပို့မည်ဖြစ်သောကြောင့် ကြည်ကြည်သာသာ လိုက်လာခဲ့ရာမှ ပြန်ပို့ရမည် အချိန်တွင် ပြန်မပို့ဘဲ နောက်တစ်နေရာသို့ ပြောင်းရွှေ့ခေါ်သွားရန် အတင်းဆွဲလာကြခြင်း ဖြစ်၏။

စံနက်ကျော်တို့ အထဲမှ တက္ကသိုလ် ကျောင်းသား တစ်ယောက်သည် ထိုအမျိုးသမီးနှင့် မျက်မှန်းတန်းမိသူဖြစ်၏။ တွေ့လျှင်ချင်း

"အစ်ကို ကယ်ပါဦး၊ အစ်ကိုတို့ ဘယ်လိုမှ မတတ်နိုင်ရင်လဲ ကျွန်မတို့ ဆိုင်ကို အကြောင်းကြားပေးကြပါ" ဟု လှမ်းအော်နေ၏။

စံနက်ကျော်တို့လူစုက အမျိုးသမီး၏ အရေးထက် မိမိတို့ စက်ဘီးကို အတင်း လုယူနေသည့် အရေးက ပို၍အရေးကြီးနေ၏။ တစ်ခဏချင်း နှစ်ယောက်နှင့် ငါးယောက် ထွေးလားလုံးလား ဖြစ်နေဆဲ အမျိုးသမီးက လက်လွတ် ထွက်ပြေးသွားနိုင်ခဲ့၏။ ဖက်ဆစ်သရဲကောင်ငယ်က အမျိုးသမီး ဖြတ်တတ်ပြေးသွားသည့် တောင်ကုန်း ဘက်သို့ ပြေးလိုက်၏။

ဤတွင် စံနက်ကျော် လူစုကလည်း မိမိတို့နှင့် သတ်ပုတ်နေသည့် အကောင်ကြီးကို ထားပစ်ခဲ့ပြီး စက်ဘီးများကို တွန်းကာ ထွက်ပြေးကြဖို့ ကြိုးစားကြ၏။ သို့သော် ဖက်ဆစ်ကောင်ကြီးက စက်ဘီးနှစ်စီးလုံးကို မလွှတ်ဘဲ ဆုပ်ကိုင်ထားပြီး သူ့အဖော်ကို လှမ်းအော်၏။

သူ့အဖော်သည် အပြေးအလွှား ရောက်လာခဲ့ပြီး စံနက်ကျော်တို့ လူစုနှင့် လုံးထွေး သတ်ပုတ်ပြန်၏။ သူသည် စက်ဘီးကို မလုတော့ဘဲ လူတွေကို မိရာဆွဲပြီး လက်ဝါးကြမ်းကြီးဖြင့် မျက်နှာဆီသို့ လွှဲလွှဲရိုက်နေ၏။

ဤတွင် စံနက်ကျော်တို့ကလည်း စက်ဘီးကို ပြန်လုရန် မဲမနေတော့ဘဲ ဖက်ဆစ် နှစ်ကောင်ကိုသာ ခြေထောက်ဖြင့်ကန်၊ ခေါင်းဖြင့် ဆောင့်ပြုလုပ်နေကြ၏။ အသတ်အပုတ် ဖြစ်ပွားလျှင် ရုတ်ခြည်းလာဘ်မြင်တတ်သော စံနက်ကျော်သည် လမ်းဘေးတွင် အသင့်မြင်တွေ့ လိုက်သည့် အုတ်ခဲထက်ပိုင်းကျိုးဖြင့် ဖက်ဆစ်သရဲ အငယ်ကောင်၏ ခေါင်းကို သေသေချာချာစုံကိုင်၍ ထုလိုက်၏။

ထိုစဉ် တစ်ယောက် "ဟေ့ကောင် ရှောင်ရှောင်" ဟု အော်လိုက်၏။ စံနက်ကျော်သည် ဘာမှန်းမသိ၊ ကြည့်လည်း မကြည့်ဘဲ ဖြုန်းခနဲ ပြေးခုန်ထွက်လိုက်၏။

ဖက်ဆစ်သရဲကြီး၏ ဓားရှည်သည် စံနက်ကျော် အုတ်ခဲဖြင့် ထုချလိုက်သောကြောင့် လဲကျသွားသော ဖက်ဆစ်သရဲ အငယ်ကောင်ပေါ်သို့ မြုပ်ဝင်သွား၏။

သို့သော် ဖက်ဆစ်သရဲကြီးသည် ဒေါသတကြီး အရမ်းမဲ့ ဒေါသအလျောက် မိမိ၏ ဒေါသ ပြေပျောက်အားရအောင် ခုတ်လိုက်ခြင်း မဟုတ်။ တစ်ဖက်ရန်သူကို အနိုင်တိုက်ရန် အတတ်ပညာနှင့် ဉာဏ်ရည်ပါသော ခုတ်ထစ်မှုမျိုး ဖြစ်သည်။ စံနက်ကျော်တို့၏ အဖော်တစ်ယောက် ကအော်လိုက်သည်။

"ဟေး ဟေ့ ဟေ့ကောင်တွေ သတိထားရှောင်ကြနော် "

ဤသို့ ပြောလိုက်စဉ်၌ပင် ဖက်ဆစ်သရဲကြီးတွေက ရင်ခေါင်းထဲမှ အသံကို ညှစ်ထုတ်၍ အားခနဲ အော်လိုက်သံနှင့်အတူ စံနက်ကျော်တို့၏ အဖော်တစ်ယောက်ကို ခုန်၍ ခြောက်လိုက်သည်။

သူသည်လဲကျနေသော စက်ဘီးနှစ်စင်းနှင့် လဲကျနေသော သူ့အဖော် ဖက်ဆစ်တစ်ကောင်၏ အနီးတွင် ထုပ်တိုးကစားသည့် ထုပ်တိုးသူက ခြောက်နေသကဲ့သို့ စံနက်ကျော်တို့လူစုကို လက်ကားရားခြေကားရားဖြင့် ခြောက်နေသည်။

ဖက်ဆစ်သရဲကြီး၏ လက်ထဲမှာ ဓားကြီးသည် စံနက်ကျော်တို့၏ လူစုဘက်သို့ ဦးစိုက်လျက် ရှိသည်။

"စက်ဘီးနှစ်စင်းကို ပစ်ထားပြီး ထွက်ပြေးကြရင် ကောင်းမလား၊ ဒီကောင်ကြီးကို တစ်နည်းနည်းနဲ့ကြံဖန်ပြီး အနိုင်တိုက်ရကောင်းမလား "

ဤအတွေးသည် စံနက်ကျော်တို့တစ်စုလုံး တိုင်ပင်မထားဘဲ တညီတည်း တွေးမိလိုက်ကြသည့် အတွေးဖြစ်သည်။ ထိုစဉ် ဖက်ဆစ်သရဲကြီးကလည်း အခြား သူတို့ထက် စံနက်ကျော်ကို ပို၍ မိမိ၏ သားကောင်သဖွယ် အာရုံစိုက်လာ၏။ အဖော် အချို့က ချက်ချင်း သတိမမူမိကြ၏။

"ဟော့ကောင် မင်းနောက်ဆုတ်၊ မင်းကိုထိထားတာ မြင်လို့ ခွေးသရဲကြီးက ပိုမဲနေတယ်"

စံနက်ကျော် ကိုယ်တိုင် မသိလိုက်ဘဲနှင့် စံနက်ကျော်၏ လက်မောင်းတွင် သွေးတွေရွှဲနေ၏။ ရုပ်ကျိုလက်တစ်ခုလုံး စိုထိုင်းစီးကပ်နေ၏။ ဖက်ဆစ်သရဲကောင်ကြီး စဝင်၍ ခုတ်ချက်တည်း။ စံနက်ကျော်က ရှောင်လိုက်သော်လည်း လုံးဝ လွတ်သွားမှု မရှိဘဲပွတ်ကာသတ်ကာ ခုတ်မိသွားခြင်း ဖြစ်ဟန်တူ၏။

အဖော်ဖြစ်သူက သတိပေးလိုက်မှ စံနက်ကျော်သည် မိမိလက်မောင်းတွင် ဒဏ်ရာ ရလိုက်ပြီ ဖြစ်ကြောင်း စိတ်တွင်းမှ သိလိုက်၏။သို့သော် လစ်ခနဲမျှ မကြည့်ဝံ့ဘဲ ဖက်ဆစ် ကောင်ကြီးကိုသာ မျက်ခြည် မပြတ်ကြည့်နေ၏။

ဖက်ဆစ်ကောင်ကြီးက စံနက်ကျော်၏ အဖော်တစ်ကောင် ရှိရာသို့ ဓားကို စုံကိုင်ဝင်ကာ ခုန်လိုက်၏။ အဖော်က အထိတ်တလန့် ဘေးဘက်သို့ လွတ်အောင် ပြေး၏။ ထိုအခိုက် စံနက်ကျော်က လဲနေသည့် စက်ဘီးကို ဝင်ဆွဲ၏။ ဖက်ဆစ်သရဲကြီးက စံနက်ကျော် ရှိရာပြေးဝင်လာရာ စံနက်ကျော်က မလွတ်သာသဖြင့် မြေပေါ်တွင် လိမ့်ပစ် လိုက်၏။ ထိုစဉ် ခပ်စောစောက ဖက်ဆစ်သရဲကြီး၏ ခြေထောက်နားတွင် တရေးတမော ငရဲအိပ်မက်မက် နေဟန်ရှိသည့် ဖက်ဆစ်ကောင်နှင့် အတူရှိနေသော အုတ်ခဲပိုင်းကြီးကို အဖော်တစ်ယောက်က ပြေးဝင်ကောက်သည်။

ထိုအခိုက် ထမပြေးသာလောက်အောင် အကျဉ်းအကျပ်ကြုံသည့် စံနက်ကျော်၏ ရင်ဝသို့ ဖက်ဆစ်သရဲကောင်ကြီး၏ ဓားရှည်သည် တည့်တည့်မတ်မတ် အားသွန် ထိုးစိုက်လိုက်၏။

ဝင်လာသည့် ဓားဦးကို သွေးဆုတ်သည့် မျက်နှာဖြင့်ကြည့်သည်။ စံနက်ကျော် သည် ထိတ်လန့်ရှိုက်ငင်ကြီး နှင့် အတူ လက်ထဲတွင် စက်ဘီးမှ ပြုတ်ပါလာ သည့် သံလေထိုးတံဖြင့် လျှပ်ပြက်သလိုပစ်သည်။ ဖက်ဆစ်ကောင်ကြီး၏ နှာရိုးတည့်တည့် ချက်ကောင်းသို့ မှန်သည်။ ဖက်ဆစ်ကောင်ကြီး၏ ဓားသည် ချိန်အားပျက်လျက် စံနက်ကျော်၏ ချိုင်းကြားဆီသို့ ထိုးစိုက်မြုပ်ဝင်သည်။ ထို့နောက် အုပ်ခနဲမြည်သံနှင့်

အတူစံနက်ကျော်၏ အဖော်က ဖက်ဆစ်သရဲကောင်ကြီး၏ နောက်စေ့ကို အုတ်ခဲ ပိုင်းကျိုးဖြင့် မိမိရရ ထုချလိုက်သောကြောင့် ဖြစ်၏။

သူတို့သည် ဖက်ဆစ်သရဲကောင်ကြီးကို အင်္ကျီကုပ်မှ ပိုင်းဆွဲလျက် ဘေးသို့ ဖယ်ချလိုက်သည်။

"ဟေ့လူ ထိသွားသေးလား၊ ဘယ်ထိတုံး"

အဖော်တို့၏ အသံတို့သည် အလွန် စိုးရိမ်တုန်လှုပ်နေကြသည်။ စံနက်ကျော် သည် မြေကြီးတွင် စိုက်ထောင်လျက်ရှိသည့် ဓားကြီးကို ချိုင်းတွင် ညှပ်ထားသလို ဖြစ်နေရာမှ လက်ကိုဖယ်ယမ်း၍ ဖြုတ်ပြသည်။

"ဟေ့လူ မေးနေတာ ပြောစမ်းပါ။ ဘယ်နေရာ ထိသွားလဲ၊ ဘယ်လောက် များတယ်ဆိုတာ"

"ထိတော့မထိပါဘူး၊ လန့်သွားတာတစ်ခုပါပဲ"

"မထိဘူးသာဆိုတယ် ကိုယ်တစ်ခြမ်းလုံး သွေးတွေနဲ့။ ကိုယ့်လူ လှုပ်လို့ကော ရရဲ့လား"

အဖော်တို့၏ ချစ်ခင်စိတ်နှင့် ပူပန်မှုကြောင့် စံနက်ကျော်၏ ရင်ထဲတွင် ကြည်နူးနှစ်သိမ့်မိကာ ပြုံးလိုက်သည်။

ထို့နောက် မြေကြီးထဲသို့ စိုက်နေသည့် ဖက်ဆစ်သရဲကြီး၏ ဓားကိုနဲ့ကာနဲ့ကာ ဆွဲနုတ်နေရာ အဖော်တို့က ဆွဲနုတ်လိုက်ကြသည်။ စံနက်ကျော်သည် လူးလဲထကာ မိမိ၏အင်္ကျီပေါက်သွားသည့် ဓားရာကိုပြသည်။

"သွေးတွေက စောစောက လက်မောင်းကို ရှပ်ထိသွားတယ်နဲ့ တူတယ်။ တစိမ့်စိမ့်ထွက်ပြီး နောက်တော့ ရှပ်အင်္ကျီလက်က ရှပ်အင်္ကျီကိုယ်ကိုပါ ပေကုန်တာဗျ။ သိပ်များမယ် မထင်ပါဘူး။ ကဲ- ကျွန်တော်တို့ ပြေးကြစို့"

"မထူးပါဘူးဗျာ၊ ဒီနှစ်ကောင်ကို ကိစ္စတုံး ထပ်ဆော်လိုက်ရအောင်"

အဖော်တစ်ယောက် ပြောပြောဆိုဆို အုတ်ခဲပိုင်းကြီးကို ကုန်းကောက်ပြန်သည်။ တစ်ယောက်က ထိုသူ၏ လက်ထဲမှ အုတ်ခဲကိုဆွဲယူလွှင့်ပစ်လိုက်သည်။

"ဘယ်လိုမှ မလှုပ်နိုင်တဲ့ရန်သူကို မလုပ်ချင်စမ်းပါနဲ့ဗျာ "

ထိုသည်၏ နောက်မှ စ၍ စံနက်ကျော်သည် ရန်ကုန်မြို့ ကိုယ့်မင်းကိုယ်ချင်း လမ်းရှိ အာရှလူငယ်အဖွဲ့ သို့သွားကာ ဆရာကြီး ဦးပြေသိမ်း၏ အထံ၌ ဗန်တို၊ ဗန်ရှည်နှင့် ဓားသိုင်း၊ တုတ်သိုင်းတို့ကို သင်တော့သည်။

"ဆရာ၊ ကျွန်တော့်ကို အလှအကတွေကို မသင်ဘဲ တကယ် အစစ် တိုက်ခိုက်နည်းနဲ့ လက်တွေ့ သဘောတရားတွေကို သင်ပေးပါ" ဟုဆိုသည်။

ဆရာသည် လူအမျိုးမျိုး စရိုက်အမျိုးမျိုးကို ကြည့်လျက် လူ့စရိုက်နှင့်အလိုက် သင်ပေးတတ်သူဖြစ်သည်။ စံနက်ကျော် ထိုသို့သင်နေဆဲ တစ်နေ့တွင် စံနက်ကျော်၏ အဖော်တစ်ဦး ပေါက်လာသည်။

"ကဲ ကိုယ့်လူ၊ ကိုယ့်လူကတော့ ပြစ်မှုတွေ ထပ်နေပြီ။ ကိုယ့်လူ ဒီမှာနေလို့ မဖြစ်တော့ ဘူး လစ်ပေတော့"

အဖော်ဖြစ်သူ၏ ရှင်းပြချက်အရ စံနက်ကျော်တို့လူစုမှ တက္ကသိုလ် ကျောင်းသားသည် ဖက်ဆစ်သရဲတွေ၏ ဖမ်းဆီးခြင်းကို ခံရသည်ဆို၏။ ဟိုတယ် အမျိုးသမီးက ဖော်ပြခြင်းကြောင့် အဖမ်းခံလိုက်ရရာခြင်း ဖြစ်သည်။

ထိုစဉ်က ဗမာ့ခေတ်သတင်းစာတွင် ပါလာသည့် အတိုင်း ရွှေတိဂုံစေတီကြီး၏ အနောက်မြောက် လမ်းသစ်ကြီးပေါ်တွင် လုံးဝ သေဆုံးသွားသည့် ဖက်ဆစ်သရဲ အရာရှိငယ် တစ်ယောက်နှင့် ဆေးရုံတွင် သုံးရက်ခန့်ကြာပြီးမှ သေဆုံးသွားသည့် ဖက်ဆစ်သရဲ အရာရှိကြီး တစ်ကောင်တို့၏ အမှုနှင့် ပတ်သက်၍ ဖက်ဆစ်စုံထောက်ဌာနမှ ဟိုတယ် အမျိုးသမီး တစ်ဦးကို ဖမ်းလိုက်သည်။

ထိုအမျိုးသမီးသည် ပေါက်ဖော်ကပြား ဖြစ်၏။ အင်္ဂလိပ် - မြန်မာ ကိုးတန်း အောင်၏။ ကလေး တစ်ယောက်အရတွင်လင်၏ စွန့်ပစ်ခြင်းကို ခံရ၏။ အဒေါ်ကြီး

တစ်ယောက်ကို ကလေးထိန်းရန် ခေါ်ထားကာ ဝင်ငွေကောင်းသည့် ဟိုတယ်အလုပ်ကို လုပ်၏။ သို့သော် အမျိုးသမီး သည် မိမိ၏ ရင်သွေးကို ရှုးမတတ်ချစ်သည်ဟု ပြောကြ၏။

ဖက်ဆစ်သရဲ စုံထောက်တို့သည် ထိုအမျိုးသမီးကို ဖမ်းလိုက်ကြ၏။ ငရဲပြည်သို့ သွားကြပြီ ဖြစ်သော သူတို့အဖော်နှစ်ယောက် အကြောင်းကို မေး၏။သူတို့သည် အမျိုးသမီးထံမှ မည်သည့်သဲလွန်စကိုမျှ မရကြ။ နောက်ဆုံး၌ အမျိုးသမီး၏ ကလေးငယ်ကို ခေါ်လာကာ မိခင်အမျိုးသမီး၏ ရှေ့တွင် ကလေးငယ်၏ ပါးကို စီးကရက်မီးဖြင့် ထိုး၏။ ထို့နောက် ဆူနေသည့် ရေနွေးအိုးထဲသို့ ကလေးငယ်၏ လက်ကို နှစ်ရန်ပြု၏။

ဤတွင် မိခင်အမျိုးသမီးသည် ကလေးကို ချမ်းသာပေးပါဟု တောင်းပန်လျက် - "သေသူအကောင်ကြီး နှစ်ကောင်က လွှတ်လိုက်သောကြောင့် အေးအေးချမ်းချမ်း ပြန်လာခဲ့ရခြင်း မဟုတ်ပါ။ မာစတာတို့ သိထားကြသည့်အတိုင်း သေသူနှစ်ယောက်က မိမိအား အခြားနေရာ တစ်နေရာသို့ အတင်းအဓမ္မ ခေါ်သွားပါသည်။ လမ်းတွင် စက်ဘီးစီးလာကြသော မြန်မာလူငယ်တစ်စုကို စက်ဘီးနှစ်စီးနှင့် တွေ့ရပါသည်။ ဘယ်နှစ်ယောက်ဟု သတိမထားမိပါ။ ထိုသူတို့၏ စက်ဘီးကို မိမိအား ဆွဲခေါ်သွား ကြသူတို့က လုယက်နေကြစဉ် မိမိ လက်လွတ် ထွက်ပြေးလာခဲ့ ရပါသည်ဟု ဖြောင့်ချက် ပေးလာရသည်။

ကင်ပေဖက်ဆစ်သရဲတို့သည် အမျိုးသမီးကို ဆက်လက် စစ်ဆေးကြ၏။ စက်ဘီး စီးလာသူတွေအထဲမှာ နင့်အသိ တစ်ယောက်မျှ မပါဘူးလား။ လူငယ်တွေဆိုရင် နင်သိတဲ့လူ ပါရမယ်ဟု ရိုင်းရိုင်းပျပျ စစ်ဆေး၏။ ထို့နောက် ငါးရက်ခန့်အကြာတွင် ဖက်ဆစ်သရဲတို့သည် တက္ကသိုလ် ကျောင်းသားကို လာရောက် ခေါ်ဆောင် သွားတော့ သည်။

"အဲဒီနောက်တော့ဗျာ၊ ကျုပ်တို့ကောင်လည်း မခံနိုင်တော့ ဖြောင့်ကွယ် ကွယ်သွားရတော့တာပေါ့။ ခင်ဗျားကလည်း စကတည်းက ပြေးနေရတဲ့လူ မဟုတ်လား။ ဒီတော့ သူဖော်လိုက်လည်း ခင်ဗျားအဖို့ တော့မထူးဘူးဆိုပြီး ဘီအိုင်အေခေတ်မှာ ဂျပန်က ပြန်တိုက်ဖို့ လက်နက်တွေနဲ့ စစ်သားတွေစုထားတဲ့ အမှုနဲ့ ထွက်ပြေးနေရတဲ့ ဝရမ်းပြေး

စံနက်ကျော်နဲ့ သူတို့နောက်လိုက် သုံးယောက်ပါလို့ ပြောလိုက်သတဲ့။ အဲဒီတော့ကျမှ ကျုပ်တို့လူကို ခင်ဗျားတို့နဲ့ ပတ်သက်ပြီး သိရမယ်။ အခုလိုက်ပြရမယ် ဆိုပြီး အကျပ်ကိုင်တာကိုး။

"ခင်ဗျား နေရာကိုပြဖို့ဆိုပြီး အပြင်ကို သုံးခါတောင် ထွက်သတဲ့ဗျ။ ပြန်လာတိုင်း တစ်ညလုံး နှိပ်စက်သံတွေ ကြားနေရတယ်ဆိုတာပဲ။အခုတော့ သေသွားပြီ လို့ထင်ရသတဲ့ "

"အဲဒါတွေ ဘယ်ကနေကြားရတာလဲ "

"အဲဒီ ဟိုတယ် အမျိုးသမီးပဲ၊ ကျုပ်တို့ကောင်ရဲ့ ဆွေမျိုးမိဘ တွေရှိရာ စုံစမ်းပြီး လာပြောတာ။ သူကတော့ သူ့ကလေးနဲ့ ပတ်သက်ပြီး အဲဒီက ကြီးကြီးမာစတာ တစ်ယောက်ရဲ့ အားကြီး သနားနေတာကို ခံနေရသတဲ့"

"ဘယ်လို သူ့ကလေးနဲ့ ပတ်သက်တာလဲ "

"သူ့ကလေးဟာ လက်မှာရတဲ့ ဒဏ်ရာတွေက အနာရင်းလာပြီး နောက်ဆုံး အဲဒီလက်ကို ဖြတ်ပစ်လိုက်ရသတဲ့။ ဖြတ်ပြီးတဲ့ နောက်လည်း အဖျားဝင်လာပြီး ရက်ပိုင်းအတွင်းပဲ ကလေးဆုံးသွားသတဲ့။ သူ့မာစတာက အဲဒီကလေး ကိစ္စတွေမှာ အစ အဆုံးလိုက်ပြီး ဆောင်ရွက်ပေးရတဲ့ မာစတာတဲ့။ နောက် သူက သိပ်ငိုနေတော့ အဲဒီမာစတာက ဆောင်ရွက်ပေးလို့ သူ့ကိုလွှတ်လိုက်သတဲ့။ အဲဒီနောက် ငါးရက်လောက် အကြာမှာ သူ့ကို သနားလွန်းလို့ ရှာဖွေပြီး ရောက်လာတာတဲ့။ သူဟာ ဒီဖက်ဆစ် သရဲတွေကို ဘယ်ဘဝမှာမှ မကျေပါဘူးတဲ့။ သူ့ကြောင့် အခွင့်များရရင် သူ့ကို သနားလှပါတယ် ဆိုနေတဲ့ မာစတာကိုတောင် လက်စားချေမှာပါပဲတဲ့ "

စံနက်ကျော်က ငြိမ်သက်စဉ်းစားသည်။ ထို့နောက် ရန်ကုန်တွင်နေရန် မသင့်တော်တော့ဟု တိုင်ပင်ကြလျက် ဖျာပုံခရိုင်ဘက်သို့ ထွက်ခဲ့သည်။ သို့သော် စံနက်ကျော်တို့ အတွက်မှားကြသည်။ အစစ်အဆေး ခံ၍ သေဆုံးသွားခဲ့ရသူသည် စံနက်ကျော်နှင့် ပတ်သက်၍ လမ်းကြောင်း လှီးလွှဲကာ ပြောခဲ့ပေလိမ့်မည်။ ထို့သို့ ပြောရာ တွင်လည်း မေးမြန်းစုံစမ်း၍ အဆက်အစပ်ကင်းမဲ့သော မယုံကြည်နိုင်စရာတွေကို

ပြောလိမ့်မည် မဟုတ်။ ယုတ္တိရှိနိုင်သည့် အလုပ်မ်းကွာဝေးလှသော အကြောင်းအရာ တွေကို ပြောခဲ့ပေလိမ့်မည်။

စံနက်ကျော်သည် ပြေးရင်းလွှားရင်း ဖက်ဆစ်သရဲ မုန်းတီးရေး၊ ဖက်ဆစ် ဆန့်ကျင်ရေး တရားတွေကို ဟော၏။ ထို့နောက် ဖက်ဆစ်မုန်းတီးရေး ဖက်ဆစ် ဆန့်ကျင်ရေး အဖွဲ့တွေကို ဖွဲ့၏။ စံနက်ကျော်ရောက်သမျှ ကျေးရွာတိုင်းတွင် ထိုအဖွဲ့မျိုးတွေ အနေးနှင့် အမြန်ဖွဲ့စည်းပြီးသား ဖြစ်၏။ ထိုသို့ ရွာတစ်ရွာ ဖွဲ့စည်းလိုက်နိုင်ခြင်းသည် ဖက်ဆစ်သရဲတွေက မိမိအား အမဲလိုက်သလို ဝိုင်းရံလိုက်နေခြင်းကို ရှောင်ရှားရေးအတွက် ပြေးပုန်းနိုင်ရန် နယ်သစ်တစ်နယ်တိုးလာခြင်းပင် ဖြစ်၏။ ပြေးပုန်းရန်အတွက် နယ်ကျယ် လာခြင်းပင် ဖြစ်၏။ ထို့ကြောင့် စံနက်ကျော်သည် ဘယ်နေရာသွားသွား ဖက်ဆစ် မုန်းတီးရေး တရားကို ဟော၏။ ဖက်ဆစ် ဆန့်ကျင်ရေး အဖွဲ့ကိုဖွဲ့၏။

လွန်ခဲ့သည့် တစ်နှစ်ခန့်က စံနက်ကျော်၏ ပြေးပုန်းကျက်စားရာ နေရာသည် ဖျာပုံခရိုင် ဖြစ်၏။ ထို့နောက်စံနက်ကျော် သည် ရန်ကုန် ရွှေမြို့တော်ကြီးပေါ်၌ အမှတ်မထင် နေထိုင် လာခဲ့သည်။

အနိုပ်စက်ခံ၍ ကွယ်လွန်သွားရရှာသူသည် စံနက်ကျော်နှင့် အလုပ်မ်းကွာဝေး လှသည့် အဟုတ်အမှန် အကြောင်းဖြစ်ရပ်နှင့် နေရာတို့ကို ပြောပြကောင်း ပြောပြသွား ပေလိမ့်မည်။ စံနက်ကျော်သည် ထိုနေရာကိုမှ ဆိုက်ဆိုက်မြိုက်မြိုက် လာဖြစ်အောင် ရောက်လာခဲ့ရသည်။ ထို့ကြောင့်လည်း သဘော်ပေါ်မှ မဆင်းရမီကတည်းက ဖက်ဆစ် သရဲတွေနှင့် သင်းတို့ရဲ့ အပေါင်းပါ တစ္ဆေမှင်စာတွေကို ခလုတ်တိုက်မိရခြင်း ဖြစ်သည်။

တွေငိုင်နေသော စံနက်ကျော်သည် အလိုလို အတွေးပြတ်သွားကာ ဖျတ်ခနဲ လှည့်ကြည့်မိလိုက်သည်။ မိမိကို ငေးစိုက်နေသော ဆရာမကလေး၏ မျက်လုံးနှင့် တိုက်တိုက်ဆိုင်ဆိုင် တိုးရပြန်၏။ သနားကြင်နာစိတ်တို့ ပြည့်လျှံခြင်းဖြင့် အရောင်တောက် နေသော မျက်လုံးအစုံတို့သည် လွှဲဖယ်မရကြဘဲ တစ်ယောက်၏ မျက်လုံးထဲသို့ တစ်ယောက်က ကျွံနစ်သွားပြန်၏။ ဤအဖြစ်သည် ဟန်ဆောင်ဖုံးဖိ၍ မရနိုင်တော့ပြီဖြစ်ရာ ရင်တွင်းရှိ နှလုံးသား အချင်းချင်း သိနေကြပြီးဖြစ်သည့် အလျောက် နှစ်ယောက်လုံး ပြုံးမိလိုက်ကြသည်။

ချက်ချင်းပင် ဦးနှောက်ရှိအသိဉာဏ်က တားမြစ်ပိတ်ပင်လိုက်သောကြောင့် မိမိတို့ ပြုံးမိကြသည့် အပြုံးကို တစ်ဝက်တစ်ပျက်တွင် ရပ်လိုက်ကြပြန်သည်။

သူတို့သည် မျက်လုံးချင်းလွှဲပစ်ရန် ကြိုးစားကြပြန်၏။ ကြိုးစား၍ အလွယ် မဖြစ်လာသော အခါ ဆရာမကလေးက ပြန်ပြုံးလိုက်သည်။

"ရှင်သိပ်ပြီးတော့များ စိတ်ပူနေလားဟင်၊ ကျွန်မကို တော့ယုံပါ။ ကျွန်မ ရှင့်ကို အတတ်နိုင်ဆုံးကူညီမှာပါ "

ဤတွင်မှ စံနက်ကျော်သည် မထီလေးစား ပြုံးမိလာပြန်ကာ ဖက်ဆစ်ဆီသို့ မျက်နှာ လှည့်သွားသည်။ အပြင်မှ ဝင်လာနေသည့် အလင်းရောင်တို့ကို မြင်မိရသောအခါ မိမိ အထူးဂရုစိုက်ရတော့မည်ဟု သိလာသည်။ ချက်ချင်း စံနက်ကျော်၏ မျက်နှာက တင်းမာလာ၏။

"ကျွန်တော်အတွက်လည်း ပူတော့ပူပါတယ်၊ အဲဒါထက် ဆရာမကလေးကိုလည်း ဘယ်လိုများ အကူအညီ ပေးရမလဲ ဆိုတာကိုပိုပြီး စိတ်စောနေမိတာပါ"

"အို ရှင်"

ဆရာမကလေးက စံနက်ကျော်၏ မျက်နှာရှိရာသို့ မျက်လွှာ ပင့်လိုက်မိသည်။ ဝမ်းထဲကလည်း တကယ်ပဲ ကျေးဇူးတင်မိသည်။ ရင်ထဲ၌ ကြည်နူး ကျေနပ်လှသောကြောင့် ရုတ်တရက် ဘာပြောရမည်ကို မသိနိုင်ဘဲ ဖြစ်သွားရသည်။

"ကျွန်မ ဘာမှ မဖြစ်တာဘဲ၊ ရှင်သာ မအိပ်ရမနေနဲ့ ခုအထိ ပြေးလွှားနေခဲ့ရတာ။ ရှင်ပြောတာတွေ အားလုံးမှန်ရင် အခု ရှင်အနားမရှိ ပြေးနေတာဟာ (၄၈) နာရီကျော်ပြီ "

စံနက်ကျော်က ပြုံးလိုက်မိပြန်သည်။

"အေးဗျာ၊ ခင်ဗျားပြောမှ ကျွန်တော်လည်း သတိထားမိတယ်။ (၄၈) နာရီ အတွင်းမှာ ဖက်ဆစ်သရဲတွေနဲ့ သူတို့ရဲ့ မျက်နှာလိုမျက်နှာရ တစ္ဆေမှင်စာတွေ ကျွန်တော့် နောက်ကို ဝိုင်းလိုက်နေကြတာ အကောင်ပေါင်း (၄၈၀) မကဘူး။ ကျွန်တော်ထင်တယ်၊

ခင်ဗျားတို့ ရွာနောက်က ကိုင်းတောကြီးကို ဝိုင်းထားတာတောင် တစ်ထောင်ကျော်ချင်ကျော်မယ် ”

“အဲဒါကတော့ အဲဒီလိုလာဝိုင်းတိုင်း သူတို့ချည်းမဟုတ်ဘူး ရှင့်။ အများစုကတော့ သူတို့ကခေါ်ရင် ကြောက်ပြီး လိုက်သွားရတာပဲ။မလိုက်လို့လည်း မရဘူး။ ရွာထဲမှာ အာဏာရှိနေတာက သူတို့နိုင်းရာ လုပ်ပြီး သူတို့ဆီက အခွင့်အရေးတွေ ရနေကြတဲ့ လူတွေမဟုတ်ပါလား။ အဲဒီလူတွေကို ကလန်ကဆန် လုပ်မိရင်လည်း အဲဒီလူတွေ နောက်က ချက်ချင်းသူတို့ပါ ပါလာ ကြတာ။ အဲဒီသူတို့ လူတွေကိုလည်း သူတို့နှင့် ထပ်တူ သူတို့ရဲ့ကိုယ်ပွားအဖြစ်နဲ့ ကြောက်နေကြရတာပဲ။ ဒီတော့ အဲဒီလူတွေကခေါ်ရင် စိတ်ထဲက ပါပါ၊ မပါပါ လိုက်ကြရ၊ လုပ်ကြရ တော့တာပဲ ”

စံနက်ကျော်သည် ဆရာမကလေး စကားပြောသည်ကို ငေးကြည့်နေမိ၏။ ဆရာမကလေးကို ကြည့်ရသည်မှာ စကားများများ ပြောလေ့ရှိပုံမရ။ သို့သော် ယခုအလွန် စိတ်ပါလက်ပါနှင့် ပြောချင်နေပုံရသည်ဟု အလိုလို တွေးသိလာ၏။ တစ်ချိန်တည်းပင် ဆရာမကလေး၏ စကားပြောချင်နေသည့် ဆန္ဒကို ဖြည့်ပါမည်ဟုလည်း ဆုံးဖြတ်လိုက်သည်။

“ကျွန်တော်တို့မှာ စကားပုံရှိတယ်လေ။ တစ်ယောက်ချမ်းသာ ကိုယ့်ဖို့ရှာ သတ္တဝါအပေါင်းပျက်စီးကြောင်းကို ဆိုတာပေါ့။ ကိုယ့်မယား ကိုယ့်သားသမီးနဲ့ ကိုယ့်အတွက် သက်သာချောင်ချိမှုကလေး တစ်ခုထဲကိုကြည့်ပြီး ကိုယ်နဲ့ဘဝတူ လူတွေစိတ်နလုံး ပင်ပန်းဆင်းရဲအောင် မျက်ရည်ပေါက်ကြီးငယ် ကျအောင် နှိပ်စက်နေတဲ့ ဖက်ဆစ်သရဲကြီး တွေကို အကူအညီပေးပြီး ကိုယ့်ဘဝကလေးကို ကိုယ်ရပ်တည်နိုင်အောင် လုပ်ရတယ်ဆိုတာဗျာ တကယ် တွေးကြည့်တတ်ရင် ကိုယ့်ဆွေစု မျိုးစုနဲ့ မိဘဘိုးဘွားတွေကိုပါ ရက်စရာကြီး ဖြစ်အောင် လုပ်ပစ်လိုက်တာပဲ။ ပြီးတော့ ကိုယ်ချစ်လှပါတယ်ဆိုတဲ့ မိန်းမကိုလည်း ယောကျ်ားပီပီ ခံနိုင်ရည်ရှိရှိနဲ့ ကိုယ့်အားကိုယ်ကိုးပြီး မြင့်မြင့်မြတ်မြတ် ရှန်းကန်သယ်ပိုးလို့ရတဲ့ ပစ္စည်းနဲ့တစ်ဝမ်း တစ်ခါးကိုဝအောင် မကျွေးဘဲ ကိုယ့်လို ဘဝတူချင်းတွေကို နှိပ်စက်မယ့်သူနဲ့ ကိုယ်ကပေါင်းပြီး ကိုယ့်လို ဘဝတူတွေ မျက်ရည်ပေါက်ကြီးငယ် ကျအောင် လုပ်နိုင်မှ ရမယ့် စီးပွားဥစ္စာနဲ့ ကျွေးရတယ်ဆိုတော့

ဒီမိန်းမက သူချစ်ပါတယ် ဆိုတာဗျာ။ သူကလေးတွေ အနေနဲ့လည်း ငါတို့ဟာ ငါတို့မိဘက သူတစ်ပါး မျက်ရည်ကြီးငယ်ကျအောင် လုပ်ပြီးရလာတာတွေနဲ့ စားသောက်ပြီး ကြီးပြင်းလာခဲ့ကြရတာပါကလားလို့ သိလိုက်ရင် ဘယ်လောက်များ စိတ်ဆင်းရဲထိခိုက်လိုက်ပါ့မလဲ။ ကိုယ့်ကိုယ်ကိုယ် သတ်မသေဝံ့လို့သာ လူ့ပြည်မှာဆက်ပြီး နေသွားရရှာမှာ ဆရာမ စဉ်းစားကြည့်စမ်း ”

တကယ်တော့ စံနက်ကျော်သည် အတိုက်သမားမဟုတ်။ စည်းရုံးရေးကောင်း၊ စကားပြောကောင်းသူ တစ်ယောက်ဖြစ်၏။ အခြားသော စည်းရုံးရေးသမားများနှင့် မတူသော အချက်သည် အမြဲလေပေါနေခြင်းမျိုး မဟုတ်ဘဲ ကြောင်လက်သည်းကဲ့သို့ အကြောင်းပေါ်ပေါက်လာမှသာ လေထွက်လာတတ်ခြင်း ဖြစ်သည်။ ဆရာမကလေးသည် စံနက်ကျော် စကားပြောနေပုံကို စိတ်လွတ်ကိုယ်လွတ် ကြည့်နေမိသည်။ ပင်ကိုက ကြင်နာသည့် ဓာတ်ခံရှိခဲ့သူ တစ်ယောက်က ပြောပြနေသည့် စကားဖြစ်ရာ ဟုတ်ပါပေရှင်၊ မှန်ပါပေရှင်ဟု စံနက်ကျော်က စကားဖြတ်လိုက်တိုင်း ဖြတ်လိုက်တိုင်း ဝမ်းထဲမှ တိတ်တခိုး ရေရွတ်နေမိသည်။

“ဟုတ်လိုက်တာ ရှင်ရယ်၊ သူတို့တစ်တွေ အဲဒီလို စဉ်စားမိကြဖို့ ကောင်းတယ် နော်။ သူတို့ အဲဒီ စဉ်းစားတတ်လာအောင် ကျွန်မတို့ ဘယ်လိုများ လုပ်ကြ ရပ့ါမလဲရှင် ”

“အဲဒါကတော့ ကျွန်တော်တို့ သိတဲ့လူတွေမှာ တာဝန်ရှိတာပေါ့။ ကျွန်တော်တို့၊ ဆရာမတို့က သူတို့နားလည် သဘောပေါက်အောင် ပြောပြကြရမှာပေါ့ ”

“အိုး ဘယ်သူက ပြောရဲပ့ါမလဲရှင်၊ အဲဒီလူမျိုးတွေဆိုတာက လူကြမ်းလူရမ်း သတ်ရဲဖြတ်ရဲ လူတွေချည်းပဲရှင့်။ ကျွန်မတို့ကသူ့ကို နားလည်လာပါစေတော့ ဆိုပြီး ပြောပြနေတာကို သူတို့က သူတို့ကို သက်သက် လာစော်ကားတယ်ထင်ပြီး ထရမ်းလိုက် မှဖြင့် ”

စံနက်ကျော်က ပြုံးလျောင်လျောင် မျက်နှာမျိုးဖြင့် ခေါင်းယမ်းလိုက်သည်။

“မဟုတ်ဘူး ဆရာမ၊ ဆရာမ မှားနေပြီ”

ဆရာမက စံနက်ကျော်၏ မျက်နှာကို ရေငတ်သူ ရေသောက် သကဲ့သို့ မျက်လုံးဖြင့် သောက်သလို ကြည့်သည်။ မထိတရိပြုံးလျောင်လျောင် ပြုနေသည့် မျက်နှာထားကိုပင် တပ်မက်မောဖွယ် ကောင်းသည့် ယောကျ်ားတို့၌သာလျှင် ရှိတတ်သည့် မျက်နှာထားမျိုးဟု နှစ်သိမ့်နေသော ရင်ထဲမှ မှတ်ချက်ချလိုက်သည်။

"ရှင် ကျွန်မ ဘယ်လိုမှားမိပါလိမ့်"

စံနက်ကျော်၏ မျက်နှာ၌ ချစ်ကြည်နူးဖွယ်ရာ ပျော့ပျောင်းသော အပြုံးမျိုး ပေါ်လာသည်။ ကလေး ချစ်တတ်သူသည် ချစ်စရာကလေးငယ်ကို တွေ့သဖြင့် လိုက်လျောချော့မြူသည့် အပြုံးမျိုးဖြစ်လေရာ ကလေးတို့ကဲ့သို့ မှီခိုချွဲနွဲ့လိုသည့် ဉာဉ်ကလေးမျိုး ရှိတတ်သော မိန်းမသားအဖို့ ကျေနပ်ငေးမောနေစရာချည်း ဖြစ်နေသည်။

"ဖိနှိပ်နေတဲ့လူနဲ့ ပေါင်းပြီး ကိုယ်လိုဘဝတူချင်း နှိပ်စက်စားနေတဲ့ လူမျိုးဆိုတာ ဆရာမပြောသလို လူကြမ်းလူရမ်း လုပ်ရဲကိုင်ရဲလူမျိုး မဟုတ်ဘူး ဆရာမ။ လူညံ့၊ လူကြောက်၊ ရေသာခိုသမား၊ သူရဲဘောနည်းတဲ့ လူတွေ။ ဆရာမ စဉ်းစားကြည့်လေ၊ အစစကျပ်ပြီး လူတိုင်း လူတိုင်း ပြတ်ငတ်နေကြတဲ့ ခေတ်ကြီးထဲမှာ လူတိုင်းဟာ အငတ်ခံ၊ အပင်ပန်းခံပြီး ကိုယ့်အားကိုယ်ကိုး ကြတယ်။ အပင်ပန်းမခံနိုင်တဲ့ ရေသာခို အချောင်သမားတွေကတော့ ကိုယ့်တိုင်းပြည်ကြီး တစ်ခုလုံးကိုလည်း အနကြမ်းစီးပြီး ယူထား။ ရွှေ၊ ငွေ၊ အိုးအိမ်၊ မော်တော်ကားနဲ့ စက်ဘီးစုတ်၊ ပြီးတော့ လူတွေကိုလည်း ယူထား။ အဲဒီလိုယူပြီးမှ အဝတ်တွေက အစုတ်အပြတ်၊ ထမင်းကလည်း အငတ်ငတ်နဲ့ ပူလောင်တဲ့ နေရောင်ပြင်း အောက်က ချစ်ချစ်တောက်ထဲမှာ လှုပ်ရှားရုန်းကန် နေကြတဲ့ တစ်တိုင်း တစ်ပြည်လုံးကို မြိန့်မြိန်ကြီးကြည့်ပြီး မော်တော်ကားတွေ စီးလိုက်ကြ၊ တိုင်းပြည် မစားနိုင်တဲ့ အစာတွေစားလိုက်ကြ။ အဲဒီလို လုပ်နေရက်တဲ့ လူတွေကို လှမ်းအားကျပြီး ကျွန်တော်မျိုးကို အရိုးအရင်းကလေး နည်းနည်းပါးပါး သာပေးပါတော့ ဆိုပြီး ဝင်လုပ် နေကြတဲ့ လူမျိုးတွေဟာ ခံနိုင်ရည်ရှိ၊ လုပ်ရည်ကြံရည်ရှိတဲ့ လူမှာ လူသံမဏိကြီးမျိုး ဖြစ်နိုင်ပါ့မလား ဆရာမ။

ဒီလူမျိုးတွေလောက် ပျော့ညံ့တာ၊ ဒီလူမျိုးတွေလောက် ရက်စရာကောင်းတာ ဘယ်ရှိပါတော့မလဲ။ သူတို့ဟာ သူလိုငါလို လူတိုင်းခံနေရတဲ့ တိုင်းပြည်ထဲမှာ ကျရောက်

နေတဲ့ မုန်းတိုင်းဒဏ်ကို မခံနိုင်လို့ မုန်တိုင်း ဘက်က ဝင်ပြီး တိုင်းပြည်ကို ရောတိုက်ပစ်လိုက်တာပဲ။ သူ့ရဲ့ခံနိုင်ရည်နည်းမှု၊ ပျော့ညံ့မှုကို သူ့ဘဝ၊ ပြီးတော့သူ့မယား၊ သားသမီးတွေရဲ့ ဘဝနဲ့ပါ အလိုက်ပေးပြီး လဲယူလိုက်တာပဲ။ အဲဒီလို လူမျိုးစားတွေဟာ လူပျော့လူညံ့တွေပါ။ နိုင်ရလို့ ဘယ်သူကမှ မလှန်ဝံ့တဲ့အချိန်မှာ သတ္တိပြောင်တာပေါ့။ လူတစ်ယောက်ရဲ့ သတ္တိဆိုတာဟာ တကယ့် မိုးထဲလေထဲ သေရေးရှင်ရေး ခံနေရတဲ့အချိန်မှာမှ ဒီလူဟာ တစ်ကိုယ်ကောင်းရှန်းသွားသလား၊ အများနဲ့ အတူရောခံသလား၊ အများအတွက် ရှေ့ကနေပြီး အနာခံသလားဆိုတာ တကယ်သိတာနိုင်တာ ”

ထိုစဉ် လယ်ကွင်းဆီမှ လျှံထွက်လာသော ဆူဆူညံညံ အသံတို့သည် ကွမ်းသီးတောကြီး ရှိရာသို့ လိမ့်ဝင်လာကာ ကွမ်းသီးပင်တို့နှင့် ဆရာမကလေးတို့ နေကြသည့် ကျောင်းကလေးသို့ ဘောင်ဘင်ရိုက် ခတ်သွားသည်။ ဆရာမကလေးသည် အထိတ်တလန့် လှုပ်ရှား နားစွင့်၏။ ထို့နောက် စိုးရိမ်စိတ်ဖြင့် စံနက်ကျော်ကိုကြည့်၏။ စံနက်ကျော်က နေရာမှ ထရပ် လိုက်သည်။

“သူတို့လေ ကျွန်တော့ကိုရှာကြဖို့ ညာသံ ပေးနေကြတာဗျာ။ အဲဒီကိုင်းတောကြီးကို တစ်ခုလုံးကို ဝိုင်းထားကြတာ။ ကျွန်တော်သာ အဲဒီကိုင်းတောကြီးထဲမှာ ရှိနေရဦးမယ် ဆိုရင် ဖက်ဆစ်သရဲတွေ ပတ်လည်ဝိုင်း ပါလို့ဆိုတာ တကယ် အစစ်ဖြစ်သွားမှာပဲ ”

စံနက်ကျော်က ခပ်ပြုံးပြုံးပြောနေသည်။ ဆရာမကလေးက မပြုံးနိုင်။ စိုးရိမ်စိတ်တွေ ဖုံးလွှမ်းနေပုံရ၏။

“ဒီလိုဆိုရင် တကယ်လို့များ အဲဒီကိုင်းတောကြီးထဲမှာ ရှင့်ကိုရှာပြီး မတွေ့ဘူးဆိုရင် ဘယ်နှယ့်လုပ်မလဲ ”

“အဲဒါတော့ သူတို့မှ အမှန်သိမှာပဲ ခင်ဗျာ။ ကျွန်တော်တွေးမိ သလောက်တော့ အနီးအနားရွာတွေ၊ လမ်းတွေကို ပတ်ပြီးရှာချင်ရှာ မှာပဲ ”

“ဒီလိုဆိုရင် ”

ဆရာမကလေးသည် အကြံရကျပ်သည့် ပုံစံဖြင့် စကားမပြောနိုင် ဘဲရှိနေ၏။ ထို့နောက် စံနက်ကျော် ရှိရာသို့ တကယ့်စိုးရိမ်စိတ်ဖြင့် ရောက်လာကာ စံနက်ကျော်၏ မျက်နှာကို မော့ကြည့်၏။

"ရှင် ဘယ်လို စိတ်ကူးရသလဲဟင်၊ ကျွန်မ အဲဒါလောက်များတဲ့ အသံတွေကို ကြားနေရတာ ရှင့်အတွက် သိပ်ကြောက်တာပဲ"

ရုတ်တရက် မွေးရာပါ မထီတရီ ဉာဏ်မျိုးကြောင့် စံနက်ကျော် ကပြုံးမိ၏။ ထိုအပြုံးနှင့် အတူမိမိ၏ မျက်လုံးရှေ့ တစ်ပေခန့်အကွာတွင် ရောက်နေသော ဆရာမ၏ မျက်လုံးထဲသို့ စိုက်ကြည့်မိ၏။ အဝေးမှ အော်ဟစ် ဆူညံနေကြသည့်အသံ တို့ကလည်း မိမိတို့ နှစ်ယောက်ကို မည်သူမျှ မကြား၊ မမြင်အောင် ထူထူသိပ်သိပ် ဖုံးလွှမ်းနေကြ သကဲ့သို့ ထင်မှတ်နေရ၏။

မိန်းမပျိုတို့တွင် ရှိနေတတ်ကြသည့် သနပ်ခါး၊ ပေါင်ဒါတို့မှ စွဲကပ် ကျန်ရစ် တတ်ကြသော သင်းထုံသည့်ရနံ့ တို့ကလည်း စံနက်ကျော်၏ နှာခေါင်းတွင်းသို့ ဝင်ရောက် လာကြ၏။ ရုတ်တရက် ဖျစ်ညှစ် ဖက်ပွေ့၍ တအားကြီး နမ်းပစ်လိုက်ချင်သော စိတ်မျိုးဖြန်းခနဲ ပေါ်လာ၏။ ထိုစိတ်နှင့်အတူ စံနက်ကျော်၏ ရိုးသားစွာ ပြုံးမိခဲ့သော အပြုံး သည် ရော့ရဲ ပျက်ပြယ်လာ၏။ သို့သော် မိမိစိတ်ကို မိမိထိန်းချုပ်ပစ်လိုက်မှုနှင့် အတူ ပြုံး၏။ ထိုအပြုံးသည် ပထမပြုံးလိုက်စဉ်ကနှင့် မတူဘဲ အားတင်းထားသည့် ဝေဒနာခံစားရပုံမျိုးနှင့် တူနေ၏။ ထို့နောက် မိမိမျက်လုံးရှိရာသို့ စူးစိုက်နေသော ဆရာမကလေး၏ မျက်လုံးထဲ စိုက်ကြည့်ရင်းရယ်ချလိုက်၏။

"ကျွန်တော် စိတ်ကူးရတာကတော့ တဝကြီး ရေချိုးပြီး တဝကြီး အိပ်ပစ် လိုက်ချင်တာပဲ"

ပြက်လုံးနှင့် ခပ်ဆင်ဆင် တူလှသည့် စံနက်ကျော်၏ စကားကို ဆရာမလေးက မရယ်နိုင်။ ယောကျ်ားရွယ်နှင့် မိန်းမရွယ်တို့သည် တစ်ဦးနှင့်တစ်ဦး အာရုံစိုက်နေမှု တို့ကြောင့် မရိုးမသား စိတ်လှုပ်ရှားလာမှုတို့ကို အချင်းချင်း သိနေကြပါလျက် မသိယောင်

ပြု၍ ဖုံးဖိဟန်ဆောင်နေကြ ရခြင်းကလည်း အလုပ်တစ်ခု ဖြစ်နေပါလျက်နှင့်ပင် ဆရာမကလေးသည် စံနက်ကျော်၏ စကားကြောင့် တကယ်သနားသွားသည်။

"သူ မနားရ၊ မအိပ်ရသည်မှာ (၄၈) နာရီလောက် တောင်ရှိနေပြီ" ဟုသတိရလာပြန်သည်။ ဖျတ်ခနဲ စံနက်ကျော်ကို ကျောပြုလျက် နံရံတွင် တန်းထားသော ကြိုးတန်း ရှိရာသို့ သွားသည်။

မိမိကို ကျောပြုထွက်သွားမှ ဖြိုးထောင့်သော ပေါင်တံ၊ လုပသော တင်အလုနှင့် ဝင်းဝါ၍ စိမ်းနုနုမွေးညင်းကလေးများ ဖုံးလွှမ်းနေသည့် သလုံးသားတို့ကို တွေ့လိုက်ရသည်။ ထို့ပြင် အားလုံးကိုလည်း တွေ့မြင်ရသည်။ ထို့ကြောင့် ဆရာမလေး၏ ကိုယ်လုံးကို အထင်းသား မြင်စေခဲ့သော အလင်းရောင်သည် စံနက်ကျော်၏ သတိတရားကို မှောင်မိုက်စေသည်။ စံနက်ကျော်သည် အဝေးမှ ဝိုင်းဟာဆီးဟာဖြင့် အော်နေကြသည့် အသံဗလံတို့ကိုပင် မကြားနိုင်ပြီ။ နံရံတန်းပေါ်ရှိ မျက်နှာသုတ်ပဝါနှင့် ကြွက်လျှောက်တွင် ရိုက်ထားသည့် စင်ပေါ်မှ ဆပ်ပြာခွက် စသည်တို့ကို ယူ၍ အမှတ်မထင်လှည့်လိုက်သော ဆရာမလေးသည် မိမိတစ်ကိုယ်လုံးကို အဝတ်အတွင်း သို့ဖောက်ထွင်းမြင်နေရသလို ကြည့်နေသည့် စံနက်ကျော်၏ အကြည့်နှင့် ရင်ဆိုင်တိုးမိသည်။

တကယ်လည်း ဖောက်ထွင်းမြင်နေခြင်း ဖြစ်သည်။ ဆရာမ ကလေး၏ တစ်ကိုယ် လုံးသည် ထူပူသွား၏။ ဆရာမကလေး၏ နားထဲ၌ အဝေးမှ အော်ဟစ်နေကြသည့် အသံဆိုးကြီးများ ပျောက်သွား၏။ ဆရာမကလေး၏ မျက်နှာသည် သွေးလွှမ်းလာ၏။ ဆရာမကလေး၏ ရင်တွင် နလုံးသွေးများ တဒုတ်ဒုတ် ခုန်လှုပ်လာ၏။ လှမ်းနေသော ဆရာမကလေး၏ ခြေလှမ်းသည် တုံ့ဆိုင်းရပ်တန့်သွား၏။ စံနက်ကျော်သည် ရှက်ကြောက် အားနာစွာဖြင့် မျက်နှာလွှဲလိုက်သည်။

ဆရာမကလေးသည် ယခုမှပင် မိမိကိုယ်မိမိ ပြန်၍ သတိရသည်။ မိမိဝတ်ထားသော ပါးလွှာ လေးတွဲသည့် သင်းတိုင်းရှည်ကြီးသည် ည၏ အလင်းရောင်တွင် မည်သို့မျှ မထူးခြား သော်လည်း နေ့၏ အလင်းရောင်၌ ဖန်ဝတ်တန်ဆာ ဝတ်ဆင်ထားသည့် ပုံပြင်ထဲမှ တမန်တော် နတ်သမီးကို စိတ်ကူးတွင် မြင်နေရသကဲ့သို့ ဖြစ်၏။ ဉေ့သည် ယောကျ်ား တခြားဘက်သို့ မျက်နှာလှည့်နေပြီ ဖြစ်သဖြင့် တဖြည်းဖြည်း

မျက်လွှာချ လိုက်ကာ မိမိကိုယ်မိမိ ကြည့်၏။ ဖြူစိမ်းနေသည့် ဝန်းဝိုက်ဝိုက် ဗိုက်ပေါ်ရှိ မိမိ၏ ချက်ကိုပင် အစင်းအရစ် တို့နှင့်တကွ အကွင်းအတိုင်း မြင်နေရ၏။ ယခုနေ့၏ အလင်းရောင်သည် အခန်းငယ် တစ်ခုလုံးကို လင်းကျင်းနေခဲ့လေပြီ။

မိမိကိုယ်မိမိမြင်လိုက်ရသော မြင်ကွင်းသည် မည်သည့်နည်းနှင့်မျှ ကြည့်မြင်ရန် မသင့်တော်။ ယောကျ်ားတစ်ယောက် ရှေ့တွင် မနေထိုက်။

သို့သော်ချက်ချင်း မိမိကိုယ်ကို တစ်စုံတစ်ခုဖြင့် ဆွဲဖုံးမိပါက မိမိအား ငေးစိုက်ကြည့်မိသဖြင့် ရှက်ကြောက်အားနာစွာ တစ်ဖက်သို့ လှည့်နေရှာသည့် ဧည့်သည် ယောကျ်ားကို စော်ကား အထင်သေးစွာ ပြုလုပ်မှုမျိုး ဖြစ်လိမ့်မည်ဟု တွေး၏။ မျက်နှာ၌ ပန်းသွေးရောင်များ ဥလျက်နှင့်ပင် ဖွတ်ရှေ့သို့ လျှောက်လာ၏။ ရဲရဲပင် ဧည့်သည်ရှေ့၌ ရပ်၏။

"အချိန်တော့ ရပါလိမ့်ဦးမယ်၊ ဟောဒီကျောင်းထဲက အုတ်ရေကန်မှာ ရေသွားချိုး။ ဟောဒီ တဘက်ကြီးလည်း ရေလဲလုပ်ဖို့ယူသွား "

ဆရာမကလည်း ဧည့်သည်၏ မျက်နှာကို မကြည့်ဘဲ လှုပ်ရှားသော အသံနှင့် ပြော၏။ မျက်နှာပူလျက် ရှက်ကြောက် အားနာနေသော ဧည့်သည်ကလည်း ဆရာမ၏ မျက်နှာကို မကြည့်ဘဲ ပေးသမျှလှမ်းယူပြီး အခန်းထဲမှ မြန်မြန်ထွက်လာခဲ့၏။ နှစ်ယောက်သား ကွယ်သွားကြသည်နှင့် တစ်ယောက်ကို တစ်ယောက် ကြည့်ချင်သည့် စိတ်တွေပေါ်လာ၏။ မျက်နှာဘယ်လိုများ နေပါလိမ့်မလဲ သိပ်ပြီးတော့များ ရှက်သွား သလား ဟုတွေး၏။

အုတ်ရေကန်သို့ ရောက်လာ၏။ ရေချိုး၏။ သို့သော် မိန်းမပျိုတစ်ယောက်၏ သနပ်ခါးနံ့ မွှေးသော မျက်နှာသုတ် တဘက်ကြီးကို ရေလဲမပြုလုပ်ပါ။ ရေချိုးပြီးမှ တဘက်ကြီးဖြင့် ကိုယ်ရေသုတ်၏။ အမွှေးစွဲနေသည့် တဘက်ကြီးကို နမ်းကြည့်၏။ သူ့ကိုယ်ကလည်း ဒီလို မွှေးမှာပဲဟုတွေး၏။ ထိုစဉ် စကားပြောလာကြသည့် အသံတို့ကို သတိပြု မိလိုက်၏။ တဖြည်းဖြည်း နီးလာသောကြောင့် အသံတို့ကို သတိပြုမိလိုက်၏။ တဖြည်းဖြည်း နီးလာသောကြောင့် ဒီကိုလာတာပဲဟု ချက်ချင်းသိ၏။ စံနက်ကျော်သည်

အခန်းရှိရာသို့ သုတ်ခြေတင်၏။ သုံး၊ လေးလှမ်းမျှနှင့် ရောက်လာသည်ဟုပင် မှတ်လိုက်ရသည်။ အခန်းထဲသို့ ရောက်ပြီးသည်နှင့် မြင်လိုက်ရသည့် မြင်ကွင်းကြောင့် မိမိ အရေးတကြီး ပြန်လာခဲ့သည်ကိုပင် မေ့တော့မတတ်ဖြစ်ရ၏။

ယခုတော့လည်း အိမ်မက်နိုင်ငံ ဖန်ဝတ်လဲကို ဝတ်ဆင်ထားသည့် ဥရောပ ပုံပြင်တွင်းရှိ နတ်သမီးကလေး တစ်စုံတစ်ယောက်၏ အိပ်ခန်းဆောင်သို့ ရောက်နေ ရသည်နှင့် မတူပြန်ဘဲ မွေးရပ်နိုင်ငံရှိ ရိုးရာထုံးစံကို ဆုပ်ကိုင်မြတ်နိုးလှသော မိုင်းကောင်း ကျောက်ဖိ မိန်းမပျိုကလေး တစ်ဦး၏ ဧည့်ခန်းဆောင်သို့ ရောက်နေရပြန်ပါပြီ။ ထို့ကြောင့် ဧည့်ခန်းဆောင်ရှိ ထိုမိန်းမပျိုကလေးကလည်း ဥရောပ၏ အလှများကို အလုပ်အကျွေး နေရာ၌သာ ရပ်တည်ရန်ခွင့်ပြုသော အလှပိုင်ရှင်မျိုး ဖြစ်သည်။ ထိုအလှ မျိုးသည် ကမ္ဘာ့အရှေ့ခြမ်း နိုင်ငံသားတို့ သာလျှင် တစ်ခါတစ်ရံမှ တွေ့ရကြုံတတ်သော အလှတရား၏ ကေရီအမျိုးအစားဖြစ်သည်။

ထိုအလှကေရီ ဆရာမကလေး၏ ဆံထုံးသည် နောက်စေ့၌ ချောပြောင်နေသည်။ ဖားဖားပွပွ တွဲကျနေသော ဖျင်ဖြူစ အင်္ကျီသည် ဆရာမကလေး၏ ရင်အလှကို ပိုမိုထင်ရှားအောင် ပြုပြင်နေသကဲ့သို့ ထင်ရသည်။ ဆရာမကလေး၏ လုံချည်သည် ဖက်ဆစ်သရဲတွေ စိုးမိုးအုပ်ချုပ်နေကြသည့် ခေတ်ဖြစ်သဖြင့် အဝတ်အထည်တွေ ရှားပါးလှသောကြောင့် မန်ကျည်း စေ့ကွက်တုံး အနက်ထည်ဖျင်ကြမ်းလုံချည် ဗမာရက် ဖြစ်သည်။

သို့ပါလျက် ထိုဖျင်ကြမ်းကြီးသည် နဝင်းသော ဆရာမကလေး၏ အသားကိုပို၍ ထင်ရှားအောင် ပေါ်လွင်စေရန် ပြုပေးသကဲ့သို့ ဖြစ်ရသည်။

ထို့ထက်ထူကြမ်းသော လုံချည်ကြီးသည် ဆရာမကလေး၏ လှပ သေးငယ်သော ခါးကို တုတ်ခိုင်ကြီး ထွားလာအောင် မပြုလုပ်နိုင်ဘဲ အချိုးကျသည့် တင်အလှကိုသာ ပို၍ တောင့်ကြွအောင် ဖန်တီးနိုင်ခဲ့သည်။ နှစ်ယောက်သား တစ်ယောက်နှင့် တစ်ယောက် စူးစူးစိုက်စိုက် ကြည့်နေမိကြရာမှ ဆရာမကလေး ရှေးဦးစွာ လှုပ်ရှားလိုက်သည်။

"ရှင် ရှင်ကြားတယ် မဟုတ်လား၊ လူသံတွေလေ ဒီဘက်ကို လာနေကြတာ"

"ဟုတ်တယ်၊ ကျွန်တော် အဲဒါတွေကြားတာနဲ့ ချက်ချင်းပြန်လာတာ"

ထိုစဉ် အပြင်မှ တံခါးဖွင့်ရန် ခေါ်နေကြသည်။

ဆရာမက "ဟုတ်ကဲ့၊ ကျွန်မလာပါပြီ" ဟုအသံပြုလိုက်သည်။ ထို့နောက် စံနက်ကျော်၏ အနီးသို့ တိုးကပ်သွားသည်။

"ကျွန်မ အပြင်က တံခါးပိတ်သွားမယ်၊ ရှင်အိပ်ချင်ရင်လည်း ကျွန်မ အိပ်ရာပေါ်မှ သဘောရှိအိပ်ပါ။ အားမနာပါနဲ့၊ ပြီးတော့ အရေးအကြောင်း ဆိုရင် ယောက်ျား တစ်ယောက်အနေနဲ့ အသုံးပြုဖို့ ဓားတစ်ချောင်း ဟောဟို ထရံထောင့်မှာ ထောင် ထားတယ်။ ကလေးတွေ ကျောင်းပြဇာတ် လုပ်တုန်းက ပြဇာတ်ထဲမှာ သုံးဖို့ ငှားရမ်းထားတဲ့ ဓား။ ဗမာ့ငှက်ကြီးတောင်ဓားပဲ။ ရှင်သဘောကျရင် ကျမှာပါပဲ။ ထမင်းဟင်းတော့ အဆင်သင့်တဲ့ အချိန် ကျွန်မ ဒီအထဲကို ယူလာပေးမယ်။ ရှင် တစ်ရေး တစ်မောအိပ်ပြီး နိုးလာတာနဲ့ အတော်နေမှာပါပဲ ကဲသွားမယ်"

ဆရာမသည် နှုတ်ဆက်ပြီးမှ စံနက်ကျော်၏ မျက်လုံးထဲသို့ တစ်ခဏမျှ စိုက်ကြည့်လိုက်ပြီးနောက် ချာခနဲ လှည့်ထွက်သွားသည်။ အခန်းကိုလည်း အပြင်မှ ပိတ်သွားသည်။ ကျောင်းတံခါးမကြီးတွေဆီသို့ ဖြတ်လျှောက်သွားနေစဉ်အတွင်း ဆရာမ၏ ရင်သည်ခုန်နေသည်။ ဆရာမ၏ ခေါင်းထဲ၌ စံနက်ကျော်အကြောင်းကို တွေးနေသည်။

"ငါ့နယ်နော်၊ ဘာပြုလို့များ ဒီလူကို ဒါလောက်ချက်ချင်း သနားမိရတာလဲ။ ပြီးတော့ ငါက အညှာလွယ်လွန်းနေသလား။ တကယ်တော့ သူ့နာမည်တောင် ဘယ်သူ မှန်းမှ မသိသေးဘူး။ သူဟာ လူပျိုလား၊ လူအိုလားလည်း မသိဘူး။ ဒါနဲ့များ ငါက လှည့်ထွက်လာမယ် လုပ်တော့ ဝမ်းနည်းပန်းနည်း ခွဲခွဲရသလိုလို ပြီးတော့ နမ်းပစ်ခဲ့လိုက်ချင် သလိုလိုများ စိတ်ထဲက ဖြစ်လိုက်သေးရဲ့။ အို ငါကလည်း ဘယ့်နယ် ဟာပါလိမ့် ရှက်စရာကြီး "

ဆရာမက ဤသို့ တွေးနေစဉ် စံနက်ကျော်လည်းနေရာမှ မလှုပ်မရှေ့ဘဲ တွေးနေမိ၏။ သူ ငါ့ကိုကြည့်သွားလိုက်တာက ဘယ်လိုကြီးများပါလိမ့်၊ ငါ့စိတ်ထဲမှ တစ်မျိုးကြီးပဲ။ ကံကောင်းလို့ ငါ့စိတ်ထဲက သူ့ကို ပွေ့ဖက်ဖျစ်ညှစ်ပြီး နမ်းမိတော့မလို။

မနည်း ကိုယ့်ကိုယ်ကိုယ် ထိန်းလိုက်ရတာ။ ငါ ဒါလောက် စိတ်လှုပ်ရှားလွယ်တာ မကောင်းဘူး။ ငါလူညံ့၊ ဒီအတိုင်းဆိုရင် ငါဘယ်ကိစ္စမှ မျိုသိပ်အောင့်အည်းနိုင်စိတ်၊ ခံနိုင်ရည်စိတ်ရှိမှာ မဟုတ်ဘူး။

အပြင်ဘက်မှ ပြောဆို နှုတ်ဆက်ခေါ်ငင်သံများ၊ တံခါးတို့ကို ဖွင့်သံများ၊ ဝင်လာကြသော ခြေသံများကို ကြား၏။ နေရာ၌ မလှုပ်မရှေ့ ငေးရပ်နေသော စံနက်ကျော်သည် အိပ်ရာနိုးလာသလို ခေါင်းငဲ့နားစွင့်သည်။ ထို့နောက် ကျောင်းပြေဇာတ် အတွက်ငှားထားသည် ဆိုသော ဓားထောင်ထားသည့် အခန်းထောင့်ကို လှမ်းကြည့်သည်။ လူသုံး ပစ္စည်းကိရိယာ တစ်ခုအဖြစ်မမြင်ဘဲ လူသားအချင်းချင်း နှိပ်စက်သည့် လက်နက်အမျိုးအစားအဖြစ် မြင်လျက် ရွံမုန်းသည့် စိတ်တွေ ဝင်လာသည်။ ထို့နောက် ဆရာမ၏ ခုတင်ရှိရာသို့ သွားကာ ခေါင်းအုံးကို ရည်ရွယ်ချက်အရ ဖိနှိပ်ကြည့်သည်။ မိန်ကလေး တစ်ယောက်၏ အိပ်ရာပေါ်မှာ မိမိ တက်အိပ်၍ သင့်တော်ပါ့မလား ဟုတွေးသည်။

အခန်းထဲ၌ အိပ်ရန် သင့်တော်သည့် နေရာလည်း မရှိ။ ဖျာအပို လည်းမရှိ။ ဘယ်မှာမှနေရာ မရှိသည့် အတူတူ ဤခုတင်၏ အောက်တွင် ဝင်ရောက်အိပ်နေပါက ပို၍ လုံခြုံစိတ်ချရခြင်း မဖြစ်ပါလားဟု တွေးသည်။ ထို့နောက် ခုတင်အောက်သို့ ငုံ့ကြည့်သည်။ သံသေတ္တာတစ်လုံး၊ ထန်းခေါက်ဖာတစ်လုံး၊ ထင်းရှူးသေတ္တာနှစ်လုံးတို့ တန်းစီလျက် ရှိနေကြသည်။

ထိုသေတ္တာတို့၏ ဘေးတွင် အလွန် ကျဉ်းကျဉ်း ကျပ်ကျပ် ကပ်အိပ်လိုက်ပါက သည်ဘက်မှ အိပ်လျှင် ခုတင်တစ်ဖက်မှ ငုံ့ကြည့်သည့်တိုင် မိမိကို မမြင်သာနိုင်ဘဲ ဟိုဘက်မှ အိပ်လျှင် ခုတင်ဘက်မှ ငုံ့ကြည့် သည့်တိုင် မြင်ရလိမ့်မည် မဟုတ်ဟု တွေးသည်။

သို့သော် ဤသို့ ခုတင်အောက် ဝင်အိပ်ရမည် ဆိုသည်မှာ ယောကျာ်း တစ်ယောက် အနေဖြင့် အတော်အရုပ်ဆိုးလှသည်ဟု တွေးပြန်သည်။ ထို့နောက် ရေချိုးပြီးကတည်းက အိပ်ချင်စိတ်မှ မရှိတော့ဘဲ ငါဘယ်မှာမှ မအိပ်တော့ပါဘူးဟု တွေးသည်။ မအိပ်လိုသော်လည်း အနည်းငယ် ခြေလက်ဆန့် နားလိုသည်ဖြစ်ရာ တခြားမှ

နေရာ မရှိဘဲလေ၊ သူခွင့်ပေးထားသားပဲဟု မိမိကိုယ်မိမိ သက်သာ လွယ်ကူရာဘက်သို့ ဘက်လိုက် ဆုံးဖြတ်လျက် ဆရာမကလေး၏ ခုတင်ပေါ်၌ ပက်လက် လှန်လိုက်သည်။ ထို့နောက် ခြေနစ်ဖက်ကို သားရေခွလို ဆန့်တန်း လိုက်သည်။ အိပ်ရာ ခေါင်းအုံးတို့မှ သင်းပျံ့ပျံ့ ရနံ့များကို ရှူရှိုက်မိရင်း ဆရာမ အကြောင်းကို တွေးပြန်သည်။ သို့သော် အပြင်မှာ ဆူညံဆူညံအသံများက စံနက်ကျော်၏ နားထဲသို့ အတင်းလုဝင်လာကြသည်။ ဝါးခနဲ တစ်ကြိမ်မျှ သမ်းလိုက်ပြီးနောက် ထိုအပြင်မှ တိုးဝင်လာသည့် ဆူညံဆူညံ အသံတို့ကို အမှတ်မထင် နားစိုက်နေမိသည်။ တဖြည်းဖြည်းချင်း အသံတို့သည် ဝေး၍ ဝေး၍ ပျောက်ကွယ်သွားကြသည်။

ထို့နောက် ဆရာမကလေး ရောက်လာပြန်သည်။ ဆရာမ ကလေး၏ ကိုယ်၌ မိမိ ပထမဆုံး တွေ့မြင်ထားရသည့် သင်တိုင်းရှည်ကြီးကို ဝတ်ထားသည်။ ဆရာမကလေးသည် ညအချိန်သို့ ရောက်လာပြီ ဖြစ်သောကြောင့်သာ ဤသင်တိုင်းရှည်ကြီးကို ပြန်ဝတ်ထားခြင်း ဖြစ်လိမ့်မည်ဟု စံနက်ကျော်က တွေးသည်။ သို့သော် ထူးဆန်းသည်က ညဉ့်အချိန ဖြစ်ပါလျက် တွေ့မြင်ရသည်မှာ နေ့ခင်း၏ အလင်းရောင်တွင် တွေ့မြင်ထားသည့်အတိုင်း ဆရာမလေး၏ တစ်ကိုယ်လုံးကို တွေ့မြင်နေရခြင်းပင် ဖြစ်သည်။ သင်တိုင်း အတွင်း ရင်ညွှန့်၏ လက်ယာဘက် ခပ်နိမ့်နိမ့်တွင် မှဲ့နက်ကလေးထိပ်၌ ပေါက်နေသည့် တွန့်လိပ်တွန့်ခွေ အမွေးကလေးစိမ်းညို့ညို့ကိုပင် နေ့ခင်းက မြင်ရသည့်အတိုင်း မြင်နေသည်။ သို့သော် ဆရာမသည် ခပ်တည်တည် မျက်နှာပြုလျက် စားစရာများ ထည့်ထားသည့် ဗန်းတစ်ခုကို ကိုင်မလျက် မိမိအား လာပေးသည်။

မိမိကလည်း ဆာဆာဖြင့် ဗန်းကို ယူလိုက်သည်။ ထို့နောက် စားသောက် တော့မည်ဟု ဖုံးအုပ်ထားသည့် တို့ကို ဖွင့်လိုက်ရာသွေးသံ ရဲရဲဖြင့် ဖက်ဆစ်ခေါင်းပြတ်ကြီး တစ်ခုပေါ်လာပြီး ထိုခေါင်းပြတ်ကြီးက မိမိကို အလွန် မုန်းတီးစွာ ကြည့်လျက် ဗန်းထဲမှ ခုန်ဆင်းလိမ့်ကျသွားသည်။

အုန်းသီးကြီး လိမ့်ကျသွားသလို ဒုန်း... ဂလုံး... ဂလုံး ဟုမြည်သွားသည့် အသံနှင့် အတူ စံနက်ကျော်ကလည်း ရုတ်တရက် ထိတ်လန့်ကာ နေရာမှထလိုက်သည်။

စံနက်ကျော်သည် အိပ်ရာထက်၌ ထိုင်လျက် ဖြစ်သွား၏။ အခန်းထဲ၌ မည်သူမျှမရှိ။ အခန်းတံခါးသည် ပိတ်နေ၏။ အချိန်သည် နေ့အချိန်ပင် ဖြစ်၏။ အခန်းအပြင်ဘက်တွင် မောဟိုက်နေသည့် အသက် ရှူသံများကို ကြားနေရ၏။ ထို့နောက် ရှန်းကန် သံတို့နှင့်အတူ စကားသံပေါ်လာ၏။

"မာစတာ မကောင်းဘူး၊ မာစတာ အားကြီးညက်များတယ်။ မာစတာ ဒီလို လုပ်ခဲ့တာကြာပြီ၊ ဒီတစ်ခါသာ......"

ဆရာမကလေး၏ အသံဖြစ်၏။ ဆရာကလေး၏ စကားမဆုံးမီပင် ဖက်ဆစ်သရဲကြီး သဘောခွေ့စွာ ရယ်မောလိုက်သည့် အသံက စကားသံကို လွှမ်းမိုးပေါ်လာ၏။

"မာစတာ ကောင်းတယ်ကား၊ အားကြီး ကောင်းတယ်ကား။ ချောချောစံနော် အားကြီး ကောင်းမယ်ကား။ နောက်ကိုနော် မာစတာ လာပါလာပါ ပြောမယ်။ မာစတာနော် အင်္ကျီကောင်းကောင်း ပေးမယ်၊ ထဘီလှလှ ပေးမယ်ကား။ ချောချောစံ လိုတယ်နော် အားလုံးရမယ်ကား။ ချောချောစံနော် အားကြီး ဆိုးတယ်ကား။ လူတွေနော် အားလုံးသွားပါ သွားပါ ချောချောစံနော် ဒီမှာနေပါ။ မာစတာ လာတယ်နော်၊ ချောချောစံ မရှိဘူး လူတွေ ရှိတယ်နော် ချောချောစံ ရှိတယ်။ အခုနော် လူတွေမရှိဘူး ချောချောစံနော် ဒီမှာရှိတယ်။ မာစတာ လာတယ်နော် ဒီမှာတွေ့တယ်။ ချောချောစံ အားကြီး ကောင်းတယ်။ မာစတာလည်း အားကြီး ကောင်းတယ်ကား။ ချောချောစံ မာစတာ နှစ်ခု အားကြီး ကောင်းတယ်ကား "

ထိုစကားသံ၏ အဆုံးတွင် ရှန်းသံ၊ ဆွဲသံ၊ တွန်းသံ၊ လှဲသံ တို့ပေါ်လာပြန်၏။ ပြင်းသော အသက်ရှူသံတို့နှင့်အတူ ငြင်းဆန်သံ၊ တိုက်ခိုက် ထိမြည်သံတို့ ပေါ်လာကြ၏။

"ဟင့်အင်း မာစတာ၊ မဖွင့်နဲ့ မဖွင့်နဲ့။ ဒီအခန်းကို မဖွင့်နဲ့၊ ဒါ မိန်းကလေးနေတဲ့ အခန်း။ မိန်းကလေးနေတဲ့ အခန်းကို ဘယ်ယောကျ်ားမှ မဖွင့်ရဘူး။ ဗမာမှာ ထုံးစံရှိတယ် "

"မိန်းမ၊ ယောကျ်ားနော် အတူနေနိုင်တယ်ကား။ အားကြီး ကောင်းတယ်ကား။ ချောချောစံနော် အိပ်ရာဆိတယ်ကား "

ဖက်ဆစ်သရဲကြီး၏ အသံတို့သည် သားကောင်ကို ကိုက်ငုံထား သကဲ့သို့ တိုးတိုးကြိတ်ကြိတ် ရှေ့လောတကြီး လေသံမျိုးနှင့်ဖြစ်၏။ ငုတ်တုတ်ထိုင်၍ နားစွင့်နေသော စံနက်ကျော်သည် ခုတင်ပေါ်မှ ခုန်ဆင်းလိုက်ကာ ခုတင်အောက်သို့ တန်းဝင်လိုက်သည်။ ခုတင်အောက် သို့ရောက်ပြီးမှ အခြား မည်သည့်နေရာ ပြောင်းနေရလျှင် ကောင်းမလဲဟု တွေး၏။ တံခါးကြား တစ်နေရာသာ ရှိ၏။ သို့သော် ဖွင့်ဝင်လာသည့် အခန်းတံခါးကို ပြန်ပိတ်လိုက်က မိမိအား ဘွားခနဲ မြင်ရပေလိမ့်မည်။ လတ်တလော အကောင်းဆုံးသည် ဤခုတင်အောက်၌ ပင်ဖြစ်လေသည်။

သို့သော် ခုတင်အောက်၌လည်း အခန်းတံခါး ရှိရာဘက်မှနေလျှင် အမှတ်မထင် ငုံ့ကြည့်က မိမိအား တွေ့လိမ့်မည်။ ခုတင်ထက်သို့ အလွယ်တကူတက်ကြမည့် အခန်းတံခါးဘက် မဟုတ်သည့်ဘက်မှ သေတ္တာ၊ ထန်းခေါက်ဖာတို့၏ ဘေးတွင် ကပ်လျက် တစ်ကိုယ်လုံး စောင်ဖြင့် ခြုံ၍ ငြိမ်နေမှ သင့်မည်ဟု တွေး၏။ တွေးမိသည့် အတိုင်းလည်း ပြု၏။ ထိုစဉ်၌ပင် ရှန်းသံ ဆွဲသံတို့နှင့်အတူ အခန်းတံခါး မင်းတုပ်သံကို ကြားလိုက်ရပြီး တံခါးပွင့်လာသည်။

ကမ္ဘာအရှေ့ခြမ်းမှ ဖက်ဆစ်သရဲတို့သည် အရုပ်ပုကြပါသည်ဟု ဆိုပြောလေ့ ရှိသော်လည်း နပိုလီယံထက် လက်မဝက်မျှသာ မြင့်သော စံနက်ကျော်ထက် ထိုယခု ဝင်လာသည့် ဖက်ဆစ်သရဲကြီးသည် သိသိသာသာ ပို၍မြင့်သည်။ ကိုယ်လုံး ကိုယ်ထည် လည်း ကြီးသည်။ အရိုးအဆစ်တို့ ကလည်း အားကစား သမားဆန်သည်။ စံနက်ကျော် သည် ခေါင်းမြီးခြုံထားသည့် စောင်ကို အနည်းငယ်မျှ ဖွင့်လျက် မိမိကိုယ်လုံးကို ကာရံထားသည့် သေတ္တာတစ်လုံး၏ ဘေးမှ ကပ်၍ကြည့်လိုက်ရာ ခြေဆုံးခေါင်းဆုံး အားလုံး မြင်လိုက်ရသည်။

မြင်လိုက်သည်နှင့် တစ်ပြိုင်နက် မည်သူမည်ဝါဟု တန်းသိသည်။ သူ့ဓါတ်ပုံနှင့် သူ့သတင်းကို စံနက်ကျော်က ဆရာပြေသိမ်း၏ ထံမှ သိရ၊ မြင်ရ၊ ကြားရဖူးပြီး ဖြစ်သည်။ သခင်မြ အမည်ခံ စစ်စုံထောက် ကင်ပေဗိုလ်ကြီးနှင့် နာကာမူရာ အမည်ခံ ဓားသူရဲကောင်း ဗိုလ်ကြီးတို့သည်ကား ၎င်းတို့ အချင်းချင်းဖြစ်သော ဖက်ဆစ်သရဲဗိုလ်မျုးကြီး များကိုပင် ပါးတွေ၊ နားတွေ ဆွဲရိုက်ပစ်လိုက်နိုင်သည့် အဖိုးတန်ပုဂ္ဂိုလ် အမျိုးအစားတို့ ဖြစ်ကြသည်။

ထိုအဖိုးတန်ဖက်ဆစ် သရဲကြီးသည် ဆရာမ၏ ခါးကို နပန်းသမား ပွေ့ပွေ့ဖက်ယူကာ ခုတင်ရှိရာသို့ လာသည်။ သူသည် အခန်းတံခါးကို မင်းတုပ် ထိုးပစ်ခဲ့ဖို့လည်း မမေ့ပါ။ ခုတင်အနီးသို့ ရောက်သောအခါ စံနက်ကျော်က နစ်ယောက်လုံး တို့၏ ခြေထောက်ကို တွေ့နေရသည်။ ထို့နောက် ဖက်ဆစ်သရဲကြီးသည် ဆရာမကို မည်သို့ ပြုလုပ်လိုက်သော ကြောင့်ဆရာမက မည်သို့ တုံ့ပြန်လိုက်သည်ဟု မသိရသော်လည်း နာကြည်းစွာ အော်လိုက်သော အသံသည် ဖက်ဆစ်သရဲကြီး၏ နှုတ်မှ ပေါ်လာသည်။

ထို့နောက် သုံးချက်ခန့် ဆက်၍ ရိုက်လိုက်သည့် အသံနှင့် အတူ ဆရာမ၏ ရှိုက်မြည်လိုက်သည့် အသံတို့ကိုလည်း ကြားလိုက်ရသည်။

မည်သို့ ပြုမည်နည်းဟု တွေးရင်း စံနက်ကျော်၏ ရင်ထဲ၌ လှုပ်ရှား လာခဲ့သည်။ မိမိလုပ်ငန်းကို အကြောင်းပြကာ လုပ်ငန်းအောင်မြင်ရေး အတွက်ဟု ဆိုပြီးလျှင် မိမိအပေါ်၌ စေတနာထားရှာသော အမျိုးသမီးကို လျစ်လျူပြုထားမလား။

မိမိ၏ အသက်ကို လည်းကောင်း၊ ထို့ထက်ကြီးကျယ်သော ဖက်ဆစ်ဆန့်ကျင်ရေး လုပ်ငန်းကို လည်းကောင်း အပျက်အစီးခံပြီးလျှင် မိမိ၏ ရင်ထဲ၊ ဝမ်းထဲမှ ဘာလိုလို ဖြစ်မိသည့် မည်သို့မျှ မပြောပလောက်သည့် အမျိုးသမီးကို ကယ်တင်မလား။ ထိုသို့ ကယ်တင်ခြင်းကြောင့် မိမိက ဆုံးရှုံးသည် ဖြစ်စေ၊ အောင်မြင်သည်ဖြစ်စေ ဤ အကြောင်းနှင့် ပတ်သက်၍

"ဒီကောင်က မိန်းမတွေ ဘာတွေနဲ့လာရင် အဲဒီလို ဖြစ်တော့တာပဲ" စသဖြင့် နာမည် ပျက်ရလိမ့်ဦးမည်ကိုလည်း ခံနိုင်မလား။ သို့တည်းမဟုတ် သက်လည်းသက်သာ၊ ဘေးအန္တရာယ်ကလည်း ကင်းလျက် နောက်သောအခါတွင်လည်း

"ဒီမောင်ကအင်မတန် စိတ်ခိုင်တဲ့ကောင်၊ သူ့ရဲ့ ချစ်သူတစ်ယောက် သူ့ရှေ့မှာတွင် မရှုမလှ ဖြစ်ပြီး သေသွားရတာတောင် ဖက်ဆစ်တော်လှန်မှုကြီး အောင်မြင်ရေးကို ရှေ့တန်းတင်ပြီး ချုပ်ထိန်းနိုင်ခဲ့တာ"

ဟုဝိုင်းဝန်း ချီးကျူးကြမှုမျိုးကို ဘဝင်ဆိမ့်ဆိမ့်နှင့် နားထောင်ကြည်နူးနေမလား ဟူသော လားအမျိုးမျိုးတို့ပေါ်လာ၏။

ထိုစဉ် သွေးစက်သွေးပေါက်တို့ ကြမ်းပြင်သို့ ကျလာ၏။

"ချောချောစံ ကိုမစတာ အားကြီး တနားတယ်ကား၊ ချောချောစံ မကောင်းဘူး မလုပ်ဘူးနော်၊ မာစတာ မကောင်းဘူး မလုပ်ဘူး။ အခု မာစတာက ကောင်းတယ် လုပ်တယ်နော်၊ ချောချောစံ ကောင်းမယ် ဆိတယ်ကား "

ဖက်ဆစ်သရဲကြီး၏ လေပြေသွေးသံ ဖြစ်၏။ ထို့နောက် ဆရာမကလေးသည် ကြမ်းပြင်ပေါ်မှ မြောက်ကန်ကြွသွားကာ ခုတင်ပေါ်သို့ ပုန်းခန်ကျသွား၏။ တစ်ပြိုင်တည်းပင် ညည်းရှိုက် လိုက်သံနှင့် အတူ ဆရာမကလေး၏ လုံချည်သည် ခုတင်အောက်သို့ ကျလာ၏။ တစ်ဆင့်တည်းပင် ဖက်ဆစ်သရဲကြီး၏ ရယ်မော သဘောကျသံ ထွက်လာပြီး နောက် ခါး၌ ချိတ်လျက် ပါလာသည့် ဓားရှည်ကြီးသည် ခုတင်ခေါင်းရင်းဘက်တွင် မှီထောင်ပြီးသားဖြစ်သွား၏။ ထို့နောက် ဖက်ဆစ်သရဲကြီး၏ ဘောင်းဘီသည်လည်း ကြမ်းပေါ်သို့ ပုံကျလာပြီးနောက် လက်တစ်ဖက်ဖြင့် ကောက်ယူလိုက်ကာ ခုတင်ပေါ်သို့တွဲ လဲတင်လိုက်၏။

ဖက်ဆစ်သရဲကြီး၏ ခြေသလုံး တုတ်တုတ် ကြီးသည် စံနက်ကျော်၏ မျက်စိရှေ့ ၌ လှုပ်ရှားနေရာမှ ခုတင်ပေါ်သို့ တင်ပါးလွှဲ ထိုင်လိုက်ဟန်ကြောင့် ကြမ်းပြင်နှင့် ခြေဖဝါးတို့ လွတ်သွားလျက် ခုတင်ဘေးတွင် တွဲလွဲချကာ ခြေမနစ်ခုက ကုပ်ချည်ဆန့်ချည်ပြုနေ၏။ ချက်ချင်း ရပ်သွား၏။

"ဒီမှာ လူရှိတယ်ကား၊ ဒီအိပ်ရာမှ အိပ်သွားတယ်ကား ပူနေတယ်ကား"

"မရှိဘူး၊ အခု ဟိုဘက်လှိမ့်လိုက်လို့ အိပ်ရာ ပူကျန်နေရစ်ခဲ့တာ"

"ရှိတယ်ကား၊ ချောချောစံ လိမ်တယ်ကား"

ပြောပြောဆိုဆို ဖက်ဆစ်သရဲကြီးကား ငုံ့ကြည့်၏။ စံနက်ကျော် ကြိုတင် တွက်ထားသည့် အတိုင်းဝင်လာသည့် အခန်းတံခါးဝဘက်မှ ခုတင်အောက်သို့ ငုံ့ကြည့် သောကြောင့် ကွယ်နေသည့် သေတ္တာများနှင့် ကပ်လျက် တစ်ကိုယ်လုံး စောင်တို့ဖြင့် ဖုံးလွှမ်းထားသည့် စံနက်ကျော်ကို သိမြင်ပုံမရ။

သို့သော် စံနက်ကျော် သိမြင်နိုင်သည်ဟု တွက်၏။ ဖက်ဆစ် သရဲကြီးသည် အတန်ကြာ ငုံ့ကြည့်နေပြီးနောက် ဘာမှ မတွေ့မြင်သကဲ့သို့ ၎င်း၏ ကိုယ်ကြီးကို ခုတင်ပေါ်သို့ ပစ်လှဲချ လိုက်မိ၏။ ထို့နောက် ခေါင်းရင်း၌ မှီ၍ ထောင်ထားသည့်ဓားကို ခုတင်ပေါ်သို့ ဆွဲတင်၏။ ထို့နောက် ဆရာမကလေး၏ ရှိုက်ငင်ရှန်းတွန့်သံ ကြားလိုက်သောကြောင့် တစ်စုံတစ်ခု ပြုလုပ်လိုက်သည်ဟု ထင်ရ၏။

မလွတ်မလပ် ရုန်းကန် လှုပ်ရှားနေကြမည့် ကျဉ်းမြောင်းသော ခုတင်ပေါ်သို့ သူ့ဓားလွယ်ကြီးကို လူနှင့်အတူ ယူထားခြင်းသည် မိမိ ရှိနေကြောင်း ဖက်ဆစ်သရဲကြီး သိခြင်းဖြစ်သည်။ သို့ပါလျက် ဖက်ဆစ်သရဲကြီးသည် တမင်ညစ်ပြီး ဆရာမလေးကို အနိုင်ကျင့်ပြဦးမည်။ ထို့နောက် မိမိကို ခေါ်ထုတ်မည်။

စံနက်ကျော်သည် သတိလွှတ်ကာ တက်ခေါက်မိတော့မတတ် ဖြစ်သွား၏။ အံကို တင်းတင်းကြိတ်မိ၏။ ထိုစဉ် ဖက်ဆစ်သရဲကြီး၏ မခိုးမခန့် ရယ်သံပေါ်လာ၏။

"ချောချောစံနော် မာစတာကို ကောင်းဘာ၊ ချောချောစံ မာစတာကို ကောင်းတယ်က ချောချောစံလည်း ကောင်းတယ်။ အားလုံးကောင်းတယ်၊ ချောချောစံ မကောင်းဘူးနော် အားလုံး ဒုက္ခဖြစ်မယ်။ မာစတာကြီး စိတ်ဆိုးမယ်။ ချောချောစံ အခုကောင်းပါ၊ ကောင်းမယ် ဆိတယ် ကား"

တွန်းသံ၊ ရုန်းသံ၊ ရှိုက်ငင်သံ၊ ဖက်ဆစ်သရဲကြီး၏ ဟက်ဟက်ပက်ပက် ရယ်သံနှင့် အတူ စကားသံ ပေါ်လာပြန်၏။ စကားသံသည် အနည်းငယ် ထန်လာသည်။

"ချောချောစံ ကောင်းမယ် ရှိတယ်က မကောင်းဘူး ရှိတယ်က အာဂုပြောပါ ပေါင်းကို ဖွင့်ပါ ဒါကို ယူမလား ဓားကို ယူမလား။ ဓားရိုးနော် မကောင်းဘူးက ကြမ်းတယ်က ဒါနော် အားကြီး ကောင်းတယ်က။ ကိုင်ကြည့်ပါ ၊ကြမ်းကြမ်း မရှိဘူး၊ ဒါကို ယူဘာ မယူဘူး ဓားကိုယူမယ် ဒါကိုယူမယ် ကိုင်းပါ အဂုကိုင်းပါ"

စကားသံတို့ အကြားမှာ ငိုရှိုက်သံ၊ ရုန်းကန်သံ၊ ဖိညှစ်သံ၊ ငြင်းဆန်သံ၊ အတင်းအကျပ် ပြုလုပ်သူနှင့် အထိတ်တလန့် ရက်ကြောက် ရုန်းကန်နေသူတို့၏ တိုက်ခိုက်သံ၊ ဖြုန်းဖြုန်း ဖြင်းဖြင်း ဖြစ်နေသံတို့ကို နားစွင့်ရင်း စံနက်ကျော်သည် မိမိအဖြစ်

မိမိကိုယ်ကို နာကြည်း ရွံမုန်းလာ၏။ ထိုစဉ် ပြင်းပြင်းထန်ထန် လှုပ်ရှားလိုက်သည် နှင့်အတူ ဖက်ဆစ်သရဲကြီးသည် ဝုန်းခနဲ ကြမ်းပြင်ပေါ်သို့ ကျလာသည်။ ဓားလွယ်ကြီးကို ဆုပ်ကိုင်လျက် ကျလာခြင်းဖြစ်၏။ လူးလိမ့် ထလိုက်သည်နှင့် ခုတင်အောက်မှ ခေါင်းထောင်ကြည့်နေသည့် စံနက်ကျော်နှင့် မျက်နှာချင်း ဆိုင်မိကြ၏။ တစ်ယောက် မျက်နှာတစ်ယောက် ပြူးပြူးကြီး စိုက်ကြည့်နေမိကြ၏။

ခူးရားဟု ညစ်အော်လိုက်သံနှင့်အတူ ဖက်ဆစ်သရဲကြီးက ခုန်ထလိုက်၏။ တစ်ပြိုင်တည်းပင် စံနက်ကျော်ကလည်း ခုတင်အောက်မှ တစ်ရှိန်ထိုး ထွက်ရင်း ကြမ်းပြင် ပေါ်တွင် ပုံလျက်ရှိသော ဆရာမကလေး၏ ထဘီဖြင့် ဖက်ဆစ်သရဲကြီး၏ မျက်နှာကို ပစ်ဖုံးလိုက်၏။ ဓားကို ဓားအိမ်မှ ချွတ်လျက် ဖုံးနေသည့် ထဘီကို ဆွဲဖယ်လျက် စံနက်ကျော် ရှိရာဆီသို့ ကြည့်လိုက်သည့် အချိန်တွင် စံနက်ကျော်သည် အခန်းထောင့် တစ်နေရာသို့ ရောက်နေခဲ့လေပြီ။

ဓားရေးတွင် ကျော်ကြားလှသော ဖက်ဆစ်သရဲကြီးကား အဆုတ်အဆိုင်းမရှိ စံနက်ကျော်နေသည့် အခန်းထောင့်ကို ဓားချက်တစ်ချက် သွင်းလိုက်၏။ ဓားချက်နှင့်အတူ ကြားရသူတို့ တုန်လှုပ် လန့်ရပ်သွားစေနိုင်သည့် ယားဟူသော အသံကြီးကလည်း ထွက်လာလေသည်။

ဆရာပြေသိမ်း၏ ကျေးဇူးကြောင့် ဖက်ဆစ်သရဲကြီး၏ အသံနှင့်အတူ စံနက်ကျော်က ဘေးဘက်သို့ တစ်ကွက် ခုန်လိုက်ရသည်။ ခုန်သည် ဆိုသော်လည်း အလွတ်ခုန်လိုက်ခြင်း မဟုတ်။ စကတည်းက အခန်းထောင့်တွင် အသင့်ရှိနေသည့် ကျောင်းကပွဲ အတွင်းက အသုံးပြုခဲ့သည် ဆိုသော ဓားလွတ်ကို ပြေးယူနေခြင်း ဖြစ်ရာ ဘေးသို့ ခုန်ထွက် လိုက်သည်နှင့် တစ်ပြိုင်နက် ရှေ့သို့တန်း ထွက်လာသော ဖက်ဆစ်သရဲကြီး၏ ဓားကိုင်ထားသည့် လက်ကိုလည်း တွတ်ခုတ်ခုတ်လာခဲ့သေး၏။ ငှက်ကြီးတောင်ချွန်း ဓားဦးစွန်းသည် ဖက်ဆစ်သရဲကြီး၏ လက်မောင်းကို သွေးစွန်း ရုံမျှ နမ်းခုတ်လာခဲ့နိုင်သေး၏။ ဤအချက်သည် ဖက်ဆစ်သရဲကြီး၏ ဒေါသအိုးကို ယမ်းထိုး ဖောက်ခွဲလိုက်သလို ဖြစ်စေခဲ့သည့်အချက် ဖြစ်၏။ ဓားသရဲကြီးသည် နွားရိုင်းကြီး

လိုက်ငေ့သကဲ့သို့ ပါးစပ်မှလည်း သံကုန်အော်ဟစ်လျက် တိမ်းရှောင်နေသည့် စံနက်ကျော် နောက်သို့ တရကြမ်း လှည့်ပတ်လိုက်ခုတ်၏။

စံနက်ကျော်သည် ဖက်ဆစ်သရဲကြီး၏ ဓားချက်မှ ဥချမည့် လိပ်ပြာ နေရာရှာသကဲ့သို့ လူးလာတုံ့ခတ်၍ ရှောင်၏။ ဆရာဦးပြည်သိမ်း၏ စကားသည် စံနက်ကျော်၏ နားထဲ၌ ကြားယောင်နေ၏။

"ဖက်ဆစ်သရဲတွေ အပါအဝင် အရှေ့တိုင်း ဓားသမားတွေဟာ အသံနဲ့ လှုပ်ရှားမှုနဲ့ တစ်ပြိုင်တည်း ပြုလုပ်တတ်ကြတယ်။ ဒေါသကြီးလာ လေလေ အသံနဲ့ လက်နဲ့ တစ်ညီတည်း ဖြစ်လေပဲ။ အဲဒီတော့ မင်းကလည်း သူတို့အသံနဲ့အတူ ကိုယ်ရပ်တည်နေတဲ့ နေရာက တခြား နေရာတစ်ခုကို လွတ်လွတ် ရွှေ့ပြောင်းလိုက်နိုင်ရင် မင်းအဖို့ လုံလောက်ပြီ။ မင်းမှတ်ထားဖို့က နေရာရွှေ့ပြောင်းတယ် ဆိုတာ ရှောင်တိမ်းတာပဲ။ တမင် ရှောင်တိမ်းတာပဲ။ တမင်ရှောင်နေတယ်လို့ အမှတ်မထားဘဲနဲ့ စိတ်ကလည်း ပေါ့ပေါ့၊ လူကလည်း ပေါ့ပေါ့ သဘောထားပြီး နေရာသာ ရွှေ့ပေး။ နေရာရွှေ့တယ် ဆိုတာလည်း ခဲရာခဲစစ် မဟုတ်ဘူး။ ရှေ့တက်၊ ဘယ်တက်၊ ညာတက် အတက်သုံးမျိုး။ နောက်ဆုတ်၊ ဘယ်ဆုတ်၊ ညာဆုတ် အဆုတ်သုံးမျိုး။ အဲဒါကို မင်းလှုပ်လိုက်တိုင်း အမျိုးမျိုး ဖြစ်အောင် လှုပ်နိုင်ရင်ပြီးတာပဲ။ အကွက်တွေ ဘာတွေဆိုတာက ဝတုံးတွေကို အကျင့်ရအောင် လေ့ကျင့်ပေးတာ ဘာအကွက်မှ လုပ်မနေနဲ့။ အဲဒီ အတတ် သုံးမျိုး၊ အဆုတ်သုံးမျိုး အနက် အဆင့်သင့်သလို ကြုံရာနဲ့ဖြစ်အောင်လုပ်။ နောက်တစ်ခုက ခြေထောက် လှုပ်လိုက်တိုင်း လက်ကလှုပ်။ လက်ကလှုပ်တယ် ဆိုတာ လက်ထဲမှာရှိတဲ့ လက်နက် ကိုပြောတာ။ အထူးသဖြင့် ဓားပေါ့။ ဓားဆိုတာ ထိုး၊ ခုတ်၊ ပက်၊ ပိုင်း၊ တွက်တဲ့ လှုပ်ရှားနည်းငါးမျိုးပဲ ရှိတယ်။ မင်းရဲ့ကိုယ်ကို လှုပ်လိုက်တိုင်း ကိုယ်လှုပ်ရှားမှုနဲ့ အဆင့်သင့်သလို အဲဒီငါးမျိုး ထဲက တစ်မျိုးမျိုးကို အသုံးပြုသွား အဲဒါပဲ။ အသုံးပြုတဲ့အခါမှာ သူ့ရဲ့ဓားကို မထိစေရဘူး။ အဲဒါက ပြဇတ်တွေ၊ ရုပ်ရှင်တွေမှာ လုပ်တာ။ ကိုယ့်ဓားက သူ့ရဲ့လက်နက် ကိုင်လှုပ်ရှားနေတဲ့ လက်ကိုသာ အမြဲဦးတည်လျက် ရှိပေစေ။ လည်မျိုတို့၊ ရင်ဘတ်တို့ ဆိုတဲ့ တခြားနေရာတွေက ကိုယ်လုပ်လိုက်ရင် ထိမယ်လို့ သေချာတဲ့ အခွင့်အရေးမျိုးရမှ အဲဒီရတဲ့ အခွင့်ကို လက်မလွှတ်ဘဲ အရယူလိုက်ရတာ။ အဲဒီလိုပဲ ဓားချင်း အထိခံရတယ် ဆိုတာကလည်း ကိုယ်ဘယ်လိုမှ ရှောင်လို့ မလွတ်သာတော့မှ ကိုယ့်ကိုယ်ပေါ် ကျလာတဲ့

ဓားချက်က ကိုယ့်ကို ပြတ်မသွားအောင် ဓားချင်းခံလိုက်ရတာ။ ဓားက စားတယ် ဆိုတာ ဓားချင်းခုတ်နေကြတာ မဟုတ်ဘူး။ ကြက်ခွပ်သလိုပဲ။ သူကလည်း သူ့ဓားက ကိုယ့်ထိအောင်၊ ကိုယ်ကလည်း ကိုယ့်ဓားက မဖြစ်နဲ့၊ ကြောက်လည်းမကြောက်နဲ့။ ကြက်တောင်ရိုက်နေကြသလို ခပ်ပေါ့ပေါ့ စိတ်ရှင်ရှင် သဘောထား။ ဒီတော့မှ ညာဏ်ပွင့်မယ်။ စိတ်ကူးရတယ်။ အလှုပ်အရွေ့တွေမှာ ကိုယ်က အဆင့်သင့်သလို ရှောင်လိုက် တိမ်းလိုက်တာကို မှုသေမဖြစ်စေနဲ့။ စိတ်ကူးရှင်ရှင်နဲ့ ပျော်ကန် အဆင်ပြေသလို အပြောင်းအလဲ အမျိုးမျိုးနဲ့ ပြုတတ်ရင် မောင်စံနက်ကျော် ဓားခုတ် တတ်ပြီ”

ဗမာနိုင်ငံ လူငယ်များ အစည်းအရုံးမှ ဆရာဦးပြေသိမ်းသည် ဓားရေးပညာနှင့် ပတ်သက်၍ အဆီအနှစ်တို့ကိုချည်း စုထုတ်ကာ အထက်ပါအတိုင်း ပညာပေးခဲ့သည်။ ထို့နောက် မြန်မာပြည်အတွင်း ကျော်ကြားသော လက်ရှိဓားသမား အတော်များများတို့၏ အထာကိုလည်း တစ်ဦးချင်း ခွဲခြားပြောပြသည်။ ထိုအထဲတွင် ယခု စံနက်ကျော်နှင့် ရင်ဆိုင်နေရသော ဖက်ဆစ်သရဲကြီး နကာမူရာ၏ အကြောင်းလည်း ပါလေသည်။

နကာမူရာသည် သူ့ဓားရေးတွင် သူကျွမ်း၏။ အမောခံနိုင်၏။ အထူးသဖြင့် ညစ်၏။ သို့သော် ဒေါသကြီးတတ်သည်ဟု ဆိုသည်။

စံနက်ကျော်သည် နကာမူရာ၏ အင်အားကိုလည်း မကြောက်။ အမောခံနိုင်မှု ကိုလည်း မကြောက်။ ဓားရေးကိုလည်း မကြောက်။ စံနက်ကျော် ကြောက်သည်မှာ ဒေါသကြီးစွာ ရင်ခေါင်းသံကြီးဖြင့် ကြိမ်းဝါး အော်ဟစ်နေသည့် အသံကိုသာ ကြောက်နေခြင်း ဖြစ်သည်။ ထိုအသံကြောင့် သူ၏ ဘက်တော်သားများ ရောက်လာ ခဲ့ကြသော်...

ဤအတိုင်း ဆိုလျှင် သူ့ကို ဒေါသဖြစ်အောင်၊ အမှားဖြစ်အောင် စ၍မဖြစ်ဟု တွေးကာ လှည့်ရှောင်ရင်း အကာအကွယ် မရှိသော ပေါင်လုံးတီးဖြင့် ကျုံ့ကျုံ့ကလေး ရှိနေသည့် ဆရာမလေးဆီသို့ ပစ်လိုက်၏။ ဤတွင် ဆရာမကလေးက ထိုခြုံတဘက်ကို ဖြန့်၍ ပတ်လိုက်ဟန်တူသည်။ ဖက်ဆစ်သရဲကြီး၏ မျက်လုံးသည် ဆရာမကလေး ရှိရာသို့ ရောက်နေ၏။ ရသည့် အခွင့်ကို လက်မလွှတ်ရဟု ဆရာမှာထားသည့်အတိုင်း ညာဘက်သို့

တစ်လှမ်းဆုတ်လိုက်ရင်း အနီးကပ်ဆုံး ရှိနေသည့် ဖက်ဆစ်သရဲကြီး၏ ပေါင်ကို တွက်ဓားဖြင့် တွက်လာခဲ့သည်။

အတော်အထိနာသွား၏။ အကာအကွယ် မရှိသော ပေါင်လုံးတီးတွင် ဒဏ်ရာမှ သွေးတို့သည် ပွက်ခနဲ ပွက်ခနဲ စီးဆင်းကျလာ၏။ ဖက်ဆစ်သရဲကြီးသည် စံနက်ကျော်၏ မျက်နှာကို သေးငယ်သော မျက်လုံးအစုံတို့ဖြင့် အစွမ်းကုန်ပြူး၍ ကြည့်ကာ နွားသိုးကြီးကဲ့သို့ တစ်ရှူးထိုး တိုးဝင်လာ၏။

ပျံလွှားငှက်ကလေးများ၊ လိပ်ပြာကလေးများကဲ့သို့ ရှောင်ရမည်။ ဆရာ၏ ဩဝါဒအရ ယာဘက်ဘေးသို့ ယိမ်းငဲ့ဆုတ်လိုက်၏။ ဖက်ဆစ် သရဲကြီး၏ ခြေလှမ်းသည် လေးကန်နေ၏။ သူသည် မိမိမျက်စိရှေ့တွင် မရှိတော့ပြီဖြစ်သည့် စံနက်ကျော်ကို လှည့်မကြည့်ဘဲ ရင်ခေါင်းသံကြီးဖြင့် အော်လျက် ဓားကြီးကို စုံကိုမြှောက် လိုက်၏။

ဖက်ဆစ်သရဲကြီး၏ သားကောင်ကား ခုတင်ပေါ်တွင် ခြုံတဘက်ကြီးကို ပိတ်လျက် ကျုံ့ကျုံ့ကလေး ကြောက်နေရှာသည့် ဆရာမကလေးဖြစ်သည်။ ဓားကြီးကို မိုးမြှောက်လျက် မိမိဆီသို့ ဦးတည်ချက်ပြုနေသည့် ဖက်ဆစ်ဓားသရဲကြီးကို ကြည့်ရင်း သံကုန် အော်လိုက်၏။ ထိုအသံနှင့်အတူ ဖက်ဆစ်သရဲကြီး၏ ဘေးဘက်တွင် အတူယှဉ် ရပ်သကဲ့သို့ ရှိနေသည့် စံနက်ကျော်၏ ဓားသည် ဖက်ဆစ်သရဲကြီး၏ မေးဖျားအောက် လည်မျိုရှိရာသို့ ပင့်ခုတ်ပြီးသားဖြစ်သွား၏။

ဖက်ဆစ်သရဲကြီးသည် ကြိုးဖြတ်ချလိုက်သည့် သစ်သား ရုပ်သေးရုပ်ကြီးကဲ့သို့ နေရာတွင် ဂိုးဂိုးဂေါက်ဂေါက် လဲကျသွားသည်။

"ကဲ ဆရာမ အချိန်မရှိဘူး၊ ကျွန်တော်တို့ တစ်နေရာရာကို အမြန်ဆုံးရွှေ့မှ" ဆရာမက အိပ်ရာမှ နိုးလာသလို ယောင်တိယောင်တောင် ဖြစ်နေ၏။ စံနက်ကျော်က အတင်းဆွဲထူ၏။ ဆရာမက လုံချည်ရှာမည်ကဲ့သို့ ပြုနေ၏။

"လုပ်မနေနဲ့ ဆရာမ၊ အဲဒီတဘက်နဲ့ပဲ မြန်မြန်ထွက်မှ"

နှစ်ယောက်သား ဇရပ်ကျောင်းကလေး ပေါ်မှ ပြေးဆင်းခဲ့ကြသည်။ ဥသြသံ ကလေး၏ အဆုံးတွင် အဝေးကွင်းထဲမှ ခေါ်သံဆူဆူ ညံညံတို့ကို ကြားမြဲတိုင်း ကြားနေရသည်။

ဆရာမသည် စံနက်ကျော်၏ လက်ကို ကျစ်ကျစ်ဆုပ်ကိုင်လိုက်ပြီး ကွမ်းသီးတောကြီး အတွင်းဘက်သို့ ရှေ့ဆောင်ဝင်ခဲ့၏။

# အခန်း (၃)

# စံနက်ကျော်၏ မကြောက်တရားနှင့် လက်တွေ့သင်တန်း

အကြောက်စိတ်သည် ဆရာမ၏ တစ်ကိုယ်လုံးကို လွှမ်းခြုံနေခဲ့သည်။ သူသည် ကွမ်းသီးတောကြီး၏ နက်ရှိုင်းမှုကိုလည်း သတိမထားနိုင်။ ဉသြသံကလေး၏ သာယာမှုကိုလည်း မခံစားနိုင်။ အဝေးမှ ဆူညံနေသည့် အသံဗလံများကိုလည်း မကြားနိုင်။ ပန်းပဲဖိုလေဆွဲသံကဲ့သို့ တရှူးရှူး အသက်ရှူလျက် မျက်နှာ၌ သွေးဆုတ်နေသည်။ သူသည် စံနက်ကျော်၏ လက်ကို မလွှတ်တမ်း ကျစ်ကျစ်ဆုပ်ထားသည်။ သူ၏ သွယ်ပြောင်းသော လက်ချောင်း ကလေးများသည် သူ၏ ဖိညှစ်ဒဏ်ကြောင့် သွေးဆုတ်နေသဖြင့် စိမ်းဖန့်ဖြူရော်နေသည်။ ဒဏ်ရာရသော သမင်မသည် တုန်လှုပ်ခြင်းဖြင့် ပြေးသကဲ့သို့ ဘာကိုမှ မမြင်မသိနိုင်ဘဲ ပြေးတော့သည်။

စံနက်ကျော်သည် လမ်းသိသော ဆရာမကလေး ဆွဲခေါ်ရာ နောက်သို့ ပြေးလိုက်ရင်း ကြောက်ရွံ့ ရှိုက်ဖိုလျက်ရှိသည့် ဆရာမကလေး၏ ထိတ်လန့် တုန်လှုပ်မှုကိုလည်း သတိထား မိနေသည်။ ရစ်ပတ်ထားသည့် ခြုံတဘက်ကြီးကို လက်တစ်ဖက်ဖြင့် ဖိကိုင်ထားလျက် မလုံမလဲ အသည်းတအေးအေး မြင်နေရသည့် ဆရာမကလေး၏ အချိုးကျကျ လှပသော နို့မြင့်ကြီးငယ် အသွယ်သွယ်သော ပုံသွင်တို့ကိုလည်း သတိဝင်လျက် မြင်သိနေမိသည်။ ဉသြသံနှင့် ချိုးကူသံ၊ ဆက်ရက်ကလေး ချွဲနေကြ သံတို့ကိုလည်း ကြားမြင်နေသေးသည်။ အဝေးကွင်းဆီမှ လူသံသူသံ အော်ဟစ်သံ တို့ကိုလည်း တစ်ခါတစ်ရံ စကားလုံးတို့ကိုပါ ကြားသိမှတ်မိ လိုက်သေးသည်။

ဤသည်မှာ စံနက်ကျော်၏ အကျင့် ဖြစ်သည်။ စံနက်ကျော်အဖို့ အထိတ်တလန့် ကိစ္စမျိုးနှင့် တွေ့လိုက်ရမှ ပတ်ဝန်းကျင် လေးဖက်လေးတန်ကို ပို၍ ကြားမြင် သတိထားတတ်မြဲ၊ သိရှိခံစားမှု ပိုမိုကျယ်ပြန့် စမြဲ။

ထို့ကြောင့်လည်း စံနက်ကျော်သည် ကမူးရှူးထိုး ပြေးလွှားနေသည့် ဆရာမကို တန့်ရပ်သွားစေလျက် မိမိ၏ လက်ကို ဆရာမ ဆုပ်ကိုင်ထားသည့် လက်မှ ရုန်းထွက်လိုက်ကာ လမ်းကြောင်းကလေး၏ ဘေးသင်တောကြီးထဲသို့ ခုန်ဝင်လိုက်သည်။ ချက်ချင်းလိုလိုပင် သင်တောကြီးထဲမှ လမ်းကြောင်းကလေး ရှိရာဘက်သို့ အရာဝတ္ထုနှစ်ခု ထွေးခနဲ လွင့်ထွက် လာကြသည်။

ဆရာမကလေးသည် မိမိအရှေ့၌ ကျလာသည့် ထိုအရာဝတ္ထုနှစ်ခုကြောင့် လန့်အော်မိမတတ် ပါးစပ်ကလေးဟ သွားမိရသည်။ ထို့နောက် မျက်လုံးအဝိုင်းသားနှင့် ကြည့်နေမိသည်။

လွင့်စဉ်ကျလာသည့် လူနှစ်ယောက်ပေါ်မှ မြင်ရသူမှာ စံနက်ကျော်။ စံနက်ကျော်၏ အောက်တွင် အခြားလူတစ်ယောက် ပါလာသည်။ ထိုသူ၏ လက်ထဲ၌ ခနီခုတ်ဓား တစ်လက်ရှိ၏။ စံနက်ကျော်သည် ထိုလူ၏ ဓားကိုင်ထားသော လက်ကို ထိုလူ၏ နောက်ကျောဘက်တွင် မလှုပ်နိုင်အောင် ဖမ်းချုပ်ဖိထားရင်း မိမိက ဦးစွာ ထလျက်ထိုလူကို ဆွဲထူလိုက်သည်။ ရပ်မိကြသည်နှင့် ထိုလူ၏ လက်ထဲမှ ဓားကို ဖြေ၍ ယူလိုက်သည်။

သို့သော် သိုင်းသမားများသည် သော့ခတ်သည်ဟု ခေါ်ကြသည့် ပြုလုပ်နည်း အတိုင်း ထိုလူ၏ လက်ကို ထိုလူ၏ ကျောတွင်ကပ်လျက် ဖမ်းကိုင်ထားသည်ကို မလွှတ်ဘဲ ခပ်တင်းတင်း ဆွဲယူလိုက်သည်။

"အား နာတယ် နာတယ်ကွာ ယောက်ဖရာ၊ ငါ့လက်ကျိုးရောပေါ့ဟ"

"ကဲ ပြောစမ်း၊ ခင်ဗျား အဲဒီ သင်တောကြီး အစပ်ကတည်းက ကျုပ်တို့နောက်ကို လိုက်လာတယ် မဟုတ်လား။ ဘာလုပ်ဖို့ လိုက်လာတာလဲ။ အို ခင်ဗျား ဒီခွေး ဖက်ဆစ်သရဲကောင်တွေက ခိုင်းလို့ လိုက်လာတာ မဟုတ်လား။ ဒါလောက်တောင် ရှိလှတာ"

"ဟ နည်းနည်းလျှော့ပါဟ၊ နင်ပြောတာ ဘယ်ကဟုတ်ရမှာလဲ။ ငါလိုက် လာတာက နင် ဂျပန်ကြီးကို ခုတ်ချပြီး ထွက်ပြေး လာကတည်းက လိုက်လာတာပါဟ။ ကျောင်းပေါ်မှာ နင်တို့ ခုတ်ထစ်နေကြတော့ ငါအောက်က ချောင်းကြည့်နေရင်း ဟိုကောင်ကြီးက အစုကို ဓားနဲ့ခုတ်ဖို့ မိုးလိုက်တော့ ငါလန့်ပြီးတောင် အော်မိ ပါသေးတယ်ဟ။ ငါနင့်တို့ကို အကူပေးမလို့ပါ။ နင်တို့က မသိစေချင်ဘူး ထင်တာနဲ့ ခေါ်ရကောင်းမလား၊ မကောင်းဘူးလား တွေးမရဘဲ ဒီအထိရောက်လာတာဟ"

ဤတွင်မှ ပြူးပြူးကြောင်ကြောင်ဖြင့် တစ်ကိုယ်လုံးတုန်နေသော ဆရာမလေးသည် အသက်ဝင်လာသလို နေရာမှ ရွှေ့လိုက်သည်။

"ဟုတ်တယ် ကိုစောရော်နီ၊ ကျွန်မတို့ ဘယ်သွားရမှန်းလဲ မသိသေးဘူး ဘယ်ဘက်ကို ထွက်ပြေးရမှန်းလဲ မသိသေးဘူး။ အဲဒါလုပ်ပါဦး"

"ဒါ ငါသိတာပေါ့ဟ၊ အခု ဘယ်ဘက်မှ ထွက်ပြေးလို့ မရဘူး။ ရွာအပြင် ရောက်တာနဲ့ နင်တို့ မိမှာပဲ။ ရွာထဲလည်း နင်တို့ ဘယ်သူ့အိမ်မှာ ပုန်းမတုံး"

စံနက်ကျော်က ကိုစောရော်နီ ဆိုသူ၏ လက်ကို လွှတ်လိုက်သည်။ ကိုစောရော်နီက စံနက်ကျော် လွှတ်လိုက်သည့် လက်ကို အခြားလက် တစ်ဖက်နှင့် ဆုပ်နယ်ပွတ်သပ်ရင်း

"နင်တို့ ငါ့နောက်ကို မြန်မြန်လိုက်ခဲ့"

ဟုပြောပြောလည့်လှည့် လှည့်ကာ သင်တောကြီး အတွင်းသို့ ပြန်ဝင်သည်။ စံနက်ကျော်က ဆရာမကလေးကို တစ်ချက်လှမ်းကြည့်ရင်း ဘေးဖယ်လိုက်သည်။ ဆရာမက ကိုစောရော်နီဆိုသူ နောက်သို့ ကပ်၍လိုက်ခဲ့သည်။

သင်တောကြီး အတွင်းသို့ တိုးဝင်လိုက်သည်နှင့် မှောင်ရီအုံ့ပျသွားသည်။ ကြီးမားသော ခြင်ကြီးများက လည်ကုပ်၊ ပခုံး၊ လက်မောင်းနှင့် မျက်နှာဘေးတို့မှ ဝိုင်းရံပါလာကြကာ အသေခံ၍ ဝင်ကိုက်ကြသည်။ သို့သော် သင်ပန်းနံ့ကလေးများက သင်းသင်းကလေး မွှေးကြလျက် ဝတ်ဆံဝါကလေးများနှင့် ဖြူဆွတ်သော သင်ပွင့်ကလေးများက ခရီးဦးကြိုပြုသလို ယိမ်းနွဲ့လှုပ်ရှားပြကြသည်။ သူတို့သည် လာခဲ့သည့် လမ်းဘက်သို့ ပြန်လာနေကြခြင်းဖြစ်သည်။

"ကိုစောရော်နီ၊ ဟုတ်ကဲ့လားရှင်"

"လာသာလာပါ၊ ဟိုရှေ့မှာ လမ်းတွေ့မှာပါ"

သူတို့သည် သင်ပင်များကို အတင်းတိုးဝှေ့ကာ ခပ်သုတ်သုတ် သွားကြသည်။ မကြာမီ သင်ခြုံတွင်း လမ်းကလေးမျိုး တစ်ခုသူတို့ရှေ့မှ ကန့်လန့်ပေါ်လာသည်။ လမ်းကလေး အတိုင်း လိုက်ရန် ဝဲဘက်သို့ ချိုးလိုက်သည်။ ဤတွင်မှ မိမိတို့ ထွက်လာခဲ့ကြသည့် ကျောင်းဘက်နှင့် ဆန့်ကျင်သွားရမည် ဖြစ်သောကြောင့် စိတ်အေး သွားကြသည်။ သို့သော် ထူးထူးခြားခြား အော်သံဟစ်သံများကို ကြားလိုက်ကြရသည်။ အသံတို့သည် ရွာတွင်းဖြစ်လေသည်။

"ဝေ့ တို့ပြေးပြီ သွားမှဖြစ်မယ်ဟေ့"

ပြောပြောဆိုဆို နောက်သို့ တစ်ချက်မျှ လှည့်ကြည့်ပြီး ပြေးလေရာ ဆရာမက တုံ့ခနဲ ရပ်လိုက်ရင်း စံနက်ကျော်ကို ကြည့်သည်။ ထို့နောက် စံနက်ကျော်၏ လက်ကို ဖမ်းဆုပ်လျက် စောရော်နီ ၏ နောက်သို့ အတူပြေးလိုက်ကြသည်။

သင်တောကြီး၏ အောက်ခြေတွင် ရေစပ်စပ် ရှိသည့်နေရာသို့ ရောက်လာ ကြသည်။ မြေကြီးကလည်း နုံးတင်သည့် မြေမာဖြစ်သောကြောင့် ချောနေသည်။ ပြေး၍ မတွင်လှ။ ရေထဲသို့ နင်းလိုက်တိုင်း ခြေသံတို့ကလည်း ဆူညံလှသည်။ တဖြည်းဖြည်း အနိမ့်ပိုင်းဘက်သို့ ရောက်သွားလေ ရေက နက်နက်လေလေ။ ကြားရသော အသံတို့ကလည်း ပို၍ နီးလာသည်။ ပို၍ လည်းများလာသည်။ သူတို့ ရေထဲသို့ လျှောက်နေရသည် ကလည်း ဝုန်းဝုန်း ဝုန်းဝုန်းနှင့် ဆူညံနေသည်။ ရှေ့၌ ကန့်လန့် ခံနေသော ရိုးကလေးတစ်ခုကို တွေ့ရသည်။ ရေတွေ တစ်ပြင်လုံး ဖုံးနေသော်လည်း ရိုးဘေး၌ မြက်ပင်ရှည်တွေ ရှိနေသောကြောင့် ရိုးကလေးမှန်း သိရသည်။ စောရော်နီသည် ရိုးဘေး အတိုင်းယှဉ်လျက်လျှောက်ပြီး တစ်နေရာသို့ ရောက်မှ လှည့်ကြည့်လိုက်သည်။

"ငါကူးတဲ့နေရာက ကူးဝေ့၊ တခြားနေရာကဆိုရင် နင်တို့ ရင်ဘတ်ရောက်အောင် မြုပ်သွားမယ်"

စောရော်နီ ဖြတ်ကူးသော နေရာသည် ပေါင်လည်ခန့်လောက် နက်၏။ စံနက်ကျော်က မိမိအား ဆုပ်ကိုင်ထားသည့် ဆရာမလက်ကို အခြားလက်တစ်ဖက်ဖြင့် ဆွဲဖြေလိုက်ရင်း ဆရာမဘက်သို့ မျက်လွှာပင့်လိုက်၏။

"ဆရာမ ရှေ့ကကူးပါ"

ဆရာမက ပတ်ထားသည့် တဘက်ကို မတင်ခြင်းမပြုဘဲ ရှေ့မှ ကူးလိုက်၏။ သို့သော် စံနက်ကျော်ကလည်း နောက်မှ ကူးလိုက်ခြင်း မပြုဘဲ ဆရာမနှင့် ခပ်လှမ်းလှမ်း တစ်နေရာမှနေ၍ ဆရာမနှင့် တစ်ပြိုင်တည်းပင် ရိုးကလေးကို ဖြတ်ကူး၏။ ရေထဲသို့ ခါးသာသာလောက် မြုပ်သွားသည့် စံနက်ကျော်ကို ဆရာမက လှမ်းကြည့်လိုက်သည်။

"အို ဒီက နောက်ကပဲ ကူးလိုက်ခဲ့ပါတော့လား ရှင်ရယ်"

"ကိစ္စမရှိပါဘူး"

စံနက်ကျော်က ပြုံးလိုက်ရင်း ရိုးတစ်ဖက်သို့ တက်မိသည်နှင့် ဆရာမရှိရာဆီသို့ သွား၏။ ဆရာမက စံနက်ကျော် ရေစိုသွားသည်ကို စိတ်မကောင်းစွာကြည့်ရင်း စံနက်ကျော်၏ လက်ကို စောစောက ကိုင်ခဲ့သည့် အတိုင်း ဆွဲယူ ဆုပ်ကိုင်လိုက်ကြ၏။ စောရော်နီကလည်း ရေစိုနေသည့် စံနက်ကျော်ကို လှည့်လိုက်သည်။

"ငါပြောသားပဲ၊ ငါသွားတဲ့နောက်က တည့်တည့်လိုက်ခဲ့ပါဆို "

စံနက်ကျော်က ကိစ္စမရှိပါဟု ပြောသကဲ့သို့ ပြုံးရင်း ခေါင်းယမ်းပြလျက် စောရော်နီ သွားရာဘက်သို့ ဆက်၍လိုက်၏။ ရိုးကလေး၏ သည်ဘက်မှ ရေသည် ဒူးဆစ်ခန့်အထိ နစ်မြုပ် နေသည်။ ဆရာမကလည်း အတူရော၍ ခြေလှမ်းလိုက်ရင်း ဆုပ်ကိုင်ထားသော စံနက်ကျော်၏ လက်ကို အားပြုကာ ရေစိုနေသည့် စံနက်ကျော်၏ အဝတ်များကို ကြည့်မိပြန်သည်။ စံနက်ကျော်၏ လုံချည်တို့သည် စံနက်ကျော်၏ အသားတွင် ကပ်နေကြသည်။ ယခုလို ထိတ်ထိတ်လန့်လန့် ကြောက်ကြောက်ရွံ့ရွံ့ အချိန်ထဲ၌ပင် ဆရာမသည် ဖိုခနဲ ရင်၌ လှုပ်ရှားလျက် စံနက်ကျော်၏ မျက်နှာကို ဖျတ်ခနဲ ကြည့်မိသည်။ မိမိမျက်နှာဆီသို့ ကြည့်နေသော စံနက်ကျော်၏ မျက်လုံးနှင့် တိုက်တိုက်ဆိုင်ဆိုင် တိုးကာ ရင်ထဲ၌ နွေးခနဲဖြစ်သွားရသည်။ တထုတ်ထုတ်မြည်၍ ကျသွားကြသော နှလုံးသွေး များသည် မိမိလက်ဖျားမှ စီးဆင်းကာ မိမိဆုပ်ကိုင်ထားသည့် စံနက်ကျော်၏ လက်တွင်းသို့ စီးဆင်း ဝင်ရောက်လျက် တစ်ဖန် မိမိနှလုံးသား ဆီသို့ ပြန်ရောက်လာ နေကြလေ သလားဟု တွေးထင်မိသည်။

ထိုစဉ် စံနက်ကျော်၏ မျက်လုံးက လွှဲဖယ်သွားသည်။ စံနက်ကျော်သည် မိမိရင်၌ လှုပ်ရှား တွေးတောမိသည်ကို သိနေလျက်မသိယောင် ပြု၍ လွှဲဖယ်သွားကြောင်းကို မိမိကိုယ်တိုင်က သိနေသည်။ လွှဲဖယ် သွားသော စံနက်ကျော်၏ မျက်လုံးတို့သည် တဘက်ဖြင့် ရစ်ပတ်ထားသော မိမိ၏ ရင်၊ ထို့နောက် မိမိ၏ ခါး၊ ထို့နောက် တဘက်ရေစိုဖြင့် ဖုံးနေသည့် မိမိ၏ ပေါင်ရှိရာ ဆီသို့အပြေးအလွှား တိတ်တခိုး ရွှေ့လျားလိုက်ပြီးမှ မျက်လွှာချလိုက်ကြောင်းကို မြင်နေရသည်။

ဆရာမ၏ ရင်၌ ဆင့်ကဲဆင့်ကဲ ပို၍လာသည်။ ဆရာမသည် ဤသို့ ရင်ဖိုနေရသည်ကိုပင် တိတ်တဆိတ် ခံစားရင်း ဘာမှ မဖြစ်သကဲ့သို့ မိမိ ရှေ့တည့်တည့် သို့သာ ကြည့်ချင်ယောင် ဆောင်နေလိုက်သည်။ ရှေ့တွင်ရှိသော အရာတို့ကို ဆရာမ၏ မျက်စိကမြင်နေရသော်လည်း ထိုအရာတို့ကို သတိမထားမိ။

ဆရာမ သတိထားမိနေသည်မှာ ရင်တဖိုဖို ရှိနေခြင်းနှင့် စံနက်ကျော် မျက်လုံးဖြင့် ပွတ်သပ် ကစားသွားသော နေရာတို့တွင်ဖျဉ်းဖျဉ်း သိမ့်သိမ့်ဖြစ်နေသလို မိမိကိုယ်၌ ခံစားနေရခြင်းတို့ပင် ဖြစ်သည်။

ထိုစဉ် စံနက်ကျော်က လမ်းသွားနေရာမှ ရပ်လိုက်ပြီး မိမိပေါင်ဆီသို့ တင်းတင်းရင်းရင်း ဖိကပ် ကိုင်ထားသည်။ ကျွဲမျှော့ကြီးက ပေါင်သားပေါ်သို့ ထိတို့ စမ်းသပ်ရင်း ထွာလောက်ထွာလောက်ပြုလျက် ပေါင်ရင်းဘက်သို့ တက်လာသည်။

ကျွဲမျှော့ကြီး၏ ယားကျိကျိ အထိအတွေ့။ ထို့နောက် စံနက်ကျော်၏ ပူနွေးနွေး လက်ဖျားနှင့် တောင့်တင်းသန်မာသည့် လက်ချောင်းတို့၏ ရင်ဖိုဖွယ်ရာ အထိအတွေ့။

ဆရာမက မျက်စိစုံမှိတ်ထားသည်။ ထို့ကြောင့် ထိုအထိအတွေ့ တို့ကို အာရုံစိုက်မိရသည်။

ကျွဲမျှော့ကြီးက တစ်စတစ်စဖြင့် အပေါ်သို့ တက်လာရင်း ပေါင်ရင်း အတွင်း ဘက်သို့ မရောက်ဘဲ ရေစိုနေသည့် ခြုံတဘက်ကြီးပေါ်သို့ ရောက်လာသည်။ ဤတွင်မှ စံနက်ကျော်က ကျွဲမျှော့ကြီးကို မိမိရရ ဆွဲဖြုတ်လျက် အဝေးသို့ပစ်လိုက်သည်။

"မျှော့တွယ်တာ ကြောက်ရသလားဝေ့၊ မြန်မြန်လာကြ"

နောက်သို့လှည့်ကြည့်နေသော စောရော်နီက ဆော်ဩလိုက်ခြင်း ဖြစ်သည်။ ထိုအချိန်၌ သတိလက်လွတ်ကြတော့ မလောက် လှုပ်ရှားနေကြသည်။ သို့သော် ဇာတ်တိုက် ထားသကဲ့သို့ ပြိုင်တူ ပင့်သက်ချလိုက်ကြပြီးနောက် စောရော်နီ၏ နောက်သို့ တိတ်တိတ်ဆိတ်ဆိတ် လှမ်းလိုက်ကြသည်။ ဆရာမက စံနက်ကျော်၏ လက်ကို ဆုပ်ကိုင်ရင် လှမ်းလိုက်သကဲ့သို့ စံနက်ကျော်ကလည်း မိမိ၏ လက်ကို ဆရာမ ဆုပ်ကိုင်ရန် မြှောက်မပေးလိုက်သည်။

နစ်ယောက်သား ကျေနပ်နစ်သိမ့်စွာ ခြေလှမ်းလှမ်းလိုက်ကြသည်။ ဒူးဆစ်ခန့် မြုပ်နေသည့် ရေထဲသို့ လျှောက်နေရသည်ကပင် အရသာ တစ်မျိုးကဲ့သို့ ဖြစ်နေသည်။ ကြောက်ကြ ရသည်ကလည်း အရသာ၊ တစ်ယောက်နှင့်တစ်ယောက် အားကိုးတကြီး အဖော်ပြုနေကြရသည်ကလည်း အရသာ။

ဆရာမသည် ခြေလှမ်းရင်း စံနက်ကျော်ကို ဘေးချင်းပွတ်တိုက်လျက် လုံးဝ မှီတွယ်တော့မည် ဖြစ်သလို စံနက်ကျော်ကလည်း ဆရာမ၏ တစ်ဆုပ်စာမျှသာရှိသော ခါးကလေးကို ပွေ့ပိုက် ဖျစ်ညှစ်မိတော့မည်ကဲ့သို့ ဖြစ်လာသဖြင့် မနည်း သတိထား နေရသည်။

နစ်ယောက်သား ကိုက်(၂၀) ခန့်သွားမိကြသောအခါ ရွာဝိုင်းကြီး၏ နစ်ဖက် ညှပ်နေကြသည်။ ဤအချိန်၌ ဆရာမအဖို့ ကြောက်ရွံ့တုန်လှုပ်နေရသည်ကပင် အရသာ တစ်ခုကဲ့သို့ ဖြစ်နေသော်လည်း စံနက်ကျော်ကမူ ထိုအရသာကို ကျေနပ်နစ်သိမ့် နေနိုင်သည်မဟုတ်။

"ဗျို့မိတ်ဆွေ၊ ခင်ပျားလမ်းက ဟုတ်ရဲ့လားဗျာ။ ဟိုကွင်းထဲ ကလူတွေ ကျုပ်ကို လှမ်းမြင်သွားရင် ဘယ့်နယ်လုပ်မလဲ"

"တခြား လမ်းမရှိဘူးဝေ့ ယောက်ဖ၊ ဒီနေရာက ရွာကိုက ပြတ်နေတာ။ ငါတို့ ဟိုဘက်ကိုဖြတ်ကူးရမယ်။ မမြင်အောင် ကူးကြပေါ့ဝေ့"

ဟုတ်သည်။ ခပ်လှမ်းလှမ်းတွင်မြင်နေရသည့် ကွမ်းသီးတော အုပ်ကြီးနှင့် မိမိတို့ အကြားတွင် လယ်သုံးကွက်ခန့်ခြားလျက် ရှိ၏။ မိမိတို့၏ လက်ယာဘက်တွင် တာရိုးကြီး တစ်ခု ရှိသည်။ တစ်ပိုင်းစီပြတ်နေသည့် ရွာချင်း ကူးသန်းကြရသည့် တာရိုးကြီးဖြစ်၏။ မိမိတို့၏ ဝဲဘက် ခပ်ဝေးဝေးတွင် မှုလှုအုပ်တစ်အုပ်။ မိမိတို့ကား ဖျိုက်တောကြီး ထဲတွင်ငုတ်တုတ် ထိုင်မိနေကြပြီဖြစ်လျက်။

"ဟိုဘက်ရောက်ရင် ရောက်ပြီဝေ့၊ ဒီဖျိုက်ထဲက အပြင်ထွက်လိုက်ရင် အောက်မှ ရေမရှိတော့ဘူး။ ဒါပေမယ့် ငါတို့ခွေးလို ဝပ်ပြီး ပြေးကြမှ ဖြစ်မယ်"

"ကဲ ခင်ဗျားအရင်ပြေး၊ နောက်ပြီးဆရာမပြေး၊ နောက်ဆုံးမှ ကျွန်တော် ပြေးလိုက်ခဲ့မယ်"

အားလုံး သဘောတူကြပြီးနောက် စောရော်နီက ကုန်းကုန်းကုန်းကုန်းဖြင့် လယ်သုံးကွက်ကို ဖြတ်ကျော်၍ ပြေးသွားသည်။ ထို့နောက် ဆရာမကို ပြေးကူးစေရန် စံနက်ကျော်က ကြည့်၏။ ဆရာမက စိတ်တိုင်း မကျသကဲ့သို့ ပြန်ကြည့်သည်။

"ကျွန်မတို့ အတူတူသွားရင် မဖြစ်ဘူးလား"

"လူတွေ လှမ်းမြင်နိုင်တဲ့ နေရာမျိုးမှာ နှစ်ယောက်သွားရင် မြင်စရာနှစ်ခုစာ ဖြစ်လာမယ်။ မြင်လိုက်ရင်လည်း နှစ်ယောက်လုံး အမြင်ခံရမယ်။ တစ်ယောက်ချင်း ကူးတော့ မြင်စရာ မြင်ကွင်းက တစ်ခုစာတည်းမို့ မြင်ကွင်းငယ်တယ်။ ပြီးတော့ မိရင်လည်း တစ်ယောက်သာ အမိခံရပြီး ကျန်လူက လွတ်နိုင်တယ်။ နောက် မိထားတဲ့လူကို လွတ်မြောက်အောင် ကြံနိုင်ကူနိုင်တယ်။အဲဒါကြောင့် "

ဆရာမသည် ဘာမှ ပြန်မပြောတော့ပါ။ သို့သော် စံနက်ကျော်ကို မျက်လုံး ညိုကြီးဖြင့် တစ်ချက်မျှကြည့်လိုက်ပြီး စံနက်ကျော်၏ လက်ကို ဖျစ်ညှစ်လိုက်သည်။ ထို့နောက် ဖျိုက်တောကြီးရှေ့ရှိ ကန်သင်းကို ကျော်ဖြတ်ကာ လယ်ကွင်းထဲသို့ ရောက်သွား၏။ စံနက်ကျော်သည် ဖျိုက်တောအတွင်းမှ ထိုင်လျက် ကန်သင်းကို မေးတင်ကာ လိမ့်လိမ့်လိမ့်လိမ့်နှင့် ပြေးသွားသော ဆရာမကိုနောက်မှ ငေးကြည့်နေ၏။ ရင်ထဲတွင် တစ်စုံတစ်ခု တောင့်တသလိုလို ခံစားနေရသလိုလို ဖြစ်လာ၏။ ကိုယ်လက်များ

တောင့်တင်းလာ၏။ မျက်တောင်ခတ်ရန်ပင် မေ့နေ၏။ တစ်ဖက်ရွာခြေသို့ ဝင်ရောက်၍ ဆရာမ ပျောက်ကွယ်သွားမှ အသက်ရှူရန် သတိရလာလျက် ပင့်သက်ရှိုက်လိုက်၏။ ထို့နောက် ရှေ့မှ ကန်သင်းကိုဖြတ်ကျော်လိုက်၏။ လယ်ကွက်အတွင်းသို့ ဆင်း၏။ စစ်သားတိုင်း ကျင့်သားရတတ်ကြသည့် မျောက်သွားသွားနည်းအတိုင်း ရှေ့လက်နှစ်ဖက်ကိုပါ မြေသို့ထောက်လျက် တစ်ဖက်ရွာ ခြေသို့ ရောက်အောင် ကူး၏။

စံနက်ကျော်၏ ဖြတ်ကူးပုံမှာ ပို၍ စနစ်ကျသောကြောင့် ရှေ့မှ နှစ်ယောက် ဖြတ်ကူးကြသည့် ကူးပုံမျိုးထက် ပို၍လုံခြုံ၏။ မြင်ကွင်းလည်း ပို၍ကျဉ်း၏။ အလေ့အကျင့် ရှိထားသူ ဖြစ်သောကြောင့် မြန်လည်း ပို၍ မြန်လှ၏။ သို့သော် စံနက်ကျော် ဖြတ်ကူးသည့် အလှည့်သို့ ရောက်ကာမှ တာရိုးပေါ်သို့ လူတစ်အုပ် ဖြတ်တတ်လာသည်။ ရွာသားတွေလည်း ပါ၏။ စစ်သားတွေလည်းပါ၏။ ဂျပန်စစ်သားများ ဖြစ်ကြသည်။

ဖက်ဆစ်စစ်သားတို့သည် ရမ်းလေပြီ။ သူတို့သည် ဓားများတုတ်များ ကိုင်ထားသည့် သူတို့ကို ကြောက်နေရသော ရွာသားတို့အား တွန်းလိုက်ကန်လိုက် ကြိမ်းလိုက်မောင်းလိုက်ဖြင့် ဒေါသတကြီးဖြင့် နေကြ၏။ သူတို့ အနီးတွင် ကပ်၍ ဘဝတူ ရွာသားအားလုံးတို့၏ စိတ်ဆင်းရဲမှုနှင့် လဲလှယ်ကာ မိမိတို့ တစ်အိမ်ထောင်ကလေးကို တည်ဆောက်နေကြသော အလိုတော်ရိ ကပ်ပါးတို့ကလည်း ထိုဖက်ဆစ်သရဲများ အလိုကျဖြစ်အောင် မိမိတို့ ရွာသားအချင်းချင်း တွန်းလိုက်ထိုးလိုက်၊ ကြိမ်းလိုက် မောင်းလိုက်ဖြင့် ရောနှောပြုလုပ်နေကြ၏။

ဂျပန် ဖက်ဆစ်သရဲကောင်သည် တာပေါ်မှရပ်လျက် ဖျိုက်တောကြီးရှိရာသို့ လည်ဆန့်ပြနေ၏။ အလိုတော်ရိကပ်ပါး ရွာသားက ကုပ်ကုပ် ကလေးနှင့် ကြောက်ယို့ယို့ ဖြစ်နေကြသည့် ဘဝတူ ရွာသားများကို တစ်ဆင့် အော်ဟစ်ဆဲရေး ကြိမ်းမောင်း စေခိုင်း၏။ တုတ်များ၊ ဓားများ၊ နှစ်ဖက်ချွန်များ၊ လုံ့ရှည်ကြီးများ ကိုင်ထားသော ရွာသားတို့သည် မောင်းအချခံလိုက်ရသည့် နွားများကဲ့သို့ တာရိုးကြီးပေါ်မှ ပြေးဆင်းလာကြ၏။ သူတို့သည် မြေကြီး၌ ပြားနေအောင် ကပ်လျက်ရှိနေသည့် စံနက်ကျော်၏ ဘေးမှ ဖြတ်လျက် ဖျိုက်တောကြီးဆီသို့ ရှေ့ရှုပြေး သွားကြသည်။

ထို့နောက် ပျိုးနုတ်ကြ၊ ကောက်စိုက်ကြ၊ စပါးရိတ်ကြသူများ ကောက်င်န်းသို့ ဝင်သကဲ့သို့ ဖျိုက်တောကြီး၏ အစပ်မှ တန်းစီ၍ ဝင်လိုက်ကြ၏။ အော်ဟစ်ဆဲရေး ပြောသံပေးလျက် ဖျိုက်တောကြီးကို တဝုန်းဝုန်း ရိုက်နှက် ထိုးခုတ်ကြ၏။ သူတို့သည် အမဲလိုက်သော မုဆိုး၏ တောခြောက်သမားများ တောခြောက်သကဲ့သို့ ခြောက်လှန့် နေခြင်း ဖြစ်၏။ သူတို့ ခြောက်သော အမဲကား တိရစ္ဆာန်သားကောင်အမဲ မဟုတ်ပါ။ လူသား သားကောင်အမဲ ဖြစ်ပါသည်။

"ဟေ့ မပြေးနဲ့၊ ထွက်လာခဲ့နော် တို့တွေ့ထားပြီ။ မသေချင်ရင် အခုထွက်ခဲ့"

ဖျိုက်တောကြီးကို တဝုန်းဝုန်းမြည်အောင် ရိုက်နှက် ထိုးခုတ် သွားကြရင်း ရွာသားတို့သည် တကယ် စိတ်တို ဒေါသဖြစ်နေကြသည်။ သူတို့သည် ထိုအချိန်၌ သူတို့ခြိမ်းခြောက်မောင်း ထုတ်နေသည့် သားကောင်ကို တွေ့လျှင်လည်း စိစိညက်ညက် ကြေအောင် ဝိုင်းဝန်း ရိုက်နှက် ထိုးခုတ်ပစ်ကြမည်သာ ဖြစ်သည်။အကြောင်းမူ သူတို့သည် အေးအေးချမ်းချမ်း နေလိုသူများ ဖြစ်သော်လည်း အေးအေးချမ်းချမ်း မနေရ။

ဖက်ဆစ် စစ်သားတွေက သူတို့ကို အိမ်ထဲမှ အတင်းဆွဲထုတ်ကြသည်။ လုပ်ငန်းခွင်၌ လုပ်နိုင်မှ ထမင်းနပ်မှန်အောင် စားနိုင်ကြသည့် သူတို့ကို လုပ်ငန်းခွင် ပျက်စေလျက် သူတို့မလုပ်ချင်ကြသည့် အလုပ်များကို အတင်းလုပ်ခိုင်းကြသည်။ သူတို့က စိတ်မပါကြသဖြင့် လေးလေး ကန်ကန်ထုံထုံထိုင်းထိုင်း ဖြစ်နေကြသောအခါ သူတို့ကို နွားတွေ၊ ကျွဲတွေသကဲ့သို့ သဘောထားလျက် တွန်းထိုးကြ ဆဲရေးကြ ရိုက်ပုတ်ကြသည်။

ဖက်ဆစ်သရဲတွေကသာ ဤသို့ပြုသည်မဟုတ်။ ဖက်ဆစ်သရဲတွေနှင့် ပေါင်း၍ ကပ်ပါးရပ်ပါး ပြုနေကြသည့် သူတို့ရွာမှ လူပါးဝလှသော အကောင်တွေကလည်း အတူရောနှော၍ တွန်းကြ၊ ထိုးကြ၊ ရိုက်နှက်ဆဲရေးကြသေးသည်။

ဒီကောင်တွေသည် ဒီရွာ၌ လာ၍ သေနတ်တပြင်ပြင် လုပ်နေကြသည်ဖြစ်ရာ စစ်သားတွေနှင့် ပေါင်းလျက် အခွင့်အရေးရနေကြသည်ဖြစ်ရာရွာထဲက လူအချို့တို့ ကလည်း ဒီကောင်တွေကို ဆရာတင်လျက် ဒီကောင်တွေ၏ တပည့်တပန်းအဖြစ်နှင့် မိမိနှင့်

မိမိတို့ အိမ်သူအိမ်သားများ သက်သာခွင့်ရအောင် သင့်တော်သလို လိုက်လိုက်ရောရော နေနေကြသည်။

ဤအတိုင်းသူတို့၏ စစ်ရေးစစ်ရာများကို အကြောင်းပြလျက် သေနတ်ကြီးတွေ တကားကားဖြင့် ရွာတွေကို လာရောက် နှိပ်စက်နေကြသည့် ဖက်ဆစ်စစ်သားတွေ၌ ဘယ်ခေတ်ဖြစ်၌ ဖြစ်ဖြစ် ရွာလူထုအပေါ်မှာ အမြဲအပါး၀နေကြသော ဒီကပ်ပါးကောင်တွေ နောက်၌လည်း စကားနည်းလို၊ ရန်စဲလိုကြသော ကိုယ့်အိမ်ကိုယ့်ယာနှင့် ကိုယ့်သားမယား သက်သာဖို့သာ ကြည့်လိုကြသည့် ထားရာနေ၊ စေရာသွားကြမည့် ငါသက်သမား လိုမျိုးကလည်း ရှိနေကြသေးသည် ဖြစ်ရာ ထားရာမနေလို စေရာမသွားလိုကြသော ရွာသားတို့မှာ အမြဲစိတ်ဆင်းရဲနေရ၏။ အမြဲ အဆဲအကြိမ်းခံနေရ၏။ စိတ်ပါလက်ပါ မရှိသော လှုပ်ရှားမှုတို့ကြောင့် အမြဲကြိမ်းစရာ၊ ဆဲစရာ၊အတွင်း အထိုး ခံစရာ ဖြစ်နေကြရ၏။

သူတို့သည် လူများစု ဖြစ်ကြသည့်အတိုင်း ဤရွာထဲမှ ရွာသား လောက်ကောင်နှင့် မပြောပလောက်သည့် ဖက်ဆစ်စစ်သားတစ်ယောက် နှစ်ယောက်၊ အလွန် လေးငါး ရှစ်ယောက်လောက်မျှ လောက်ကို မြေကြီးပေါ်မှ ပျောက်ပျက်သွားလေအောင် အချိန်မရွေး ပြုလုပ်နိုင်ကြ၏။ တစ်ယောက်တစ်ချက်မျှပင် မထိုးမခုတ် မရိုက်မနှစ်လောက်။

သို့သော် ဒီဖက်ဆစ်သရဲကောင်တွေ မသာပေါ်သွားပြီးသည့် နောက် နောက်ထပ် ရောက်လာ နှိပ်စက်ကြမည့် ဖက်ဆစ်သရဲအုပ်ကြီးကို သူတို့က မမြင်ဘူး၊ မသိဘူးဟု ဘူးခံရကြသော်လည်း ငါ့အိမ်ငါ့ယာ၊ ငါ့သားမယားကို တွယ်တာလျက် သက်သာရာ သက်သာကြောင်း ဖြစ်လေအောင် ပြုလုပ်လိုက်ကြသော ရွာလူထု တစ်ဝက်ကျော်ကျော် တို့က ဘူးမခံဝံ့ကြ။

ရွာသားလောက်ကောင်ကို မျိုးမဖြုတ်မပစ်ဝံ့။ မောင်းမပစ်ဝံ့ကြရ သည်မှာလည်း သင်းတို့လို ငါသက်သမား ငါ့သား၊ ငါ့မယားကို တွယ်တာလွန်းကြသူများကြောင့်သာ ဖြစ်ရသည်။ ငါ့သား၊ ငါ့မယားနှင့် ငါ့အသက်ကလေးကို ထိပါးမည် စိုးသောကြောင့် နေရာတိုင်း၌ အညှံ့ခံနေရသူများကို ပြစ်တင်ကဲ့ရဲ့ ၍လည်းမရ။ အတင်းစွန့်စားဝံ့ရမည်ဟု ပြုလုပ်ပေး၍ လည်းမရ။

သူတို့သည် ငှါသား၊ ငှါမယားနှင့် ငှါအသက်ကလေးကို မထိပါးနိုင်ဟုဆိုက ဘာမဆို ပြုလုပ်ဝံ့ကြသည်။ ငှါသား၊ ငှါမယားနှင့် ငှါအသက်လေးကို ဤသို့မပြုလုပ်က ထိပါး လာမည်ဆိုကလည်း နိုင်းသမျှ ဘာမဆိုပြုလုပ်ဝံ့ကြသည်။

ဤလိုလူမျိုးတွေ တစ်ဝက်ကျော်ကျော်မျှ ရှိနေရသောအခါ ထိုရွာသားတို့သည် ဖက်ဆစ် စစ်သားများနှင့် ရွာထဲ၌ လောက်ကောင်ကြီးများက နိုပ်စက်လာတိုင်း မတော်လှန် မခုခံဝံ့ကြဘဲ မကျေမချမ်း နှင့်ရင်တွင်း၌ကြိတ်၍ဒေါသဖြစ်နေကြသည်။

သူတို့သည် အသိပညာရှိသူများလည်း မဟုတ်လေရကား ထိုမိမိတို့၏ ဒေါသ ပြေရာပြေကြောင်းအတွက် မိမိတို့ ပြုလုပ်ချင်တိုင်း ပြုလုပ်ခွင့် ရသည့် အသက်ကင်းမဲ့သော မျိုက်တောကြီးကိုလည်း ရိုက်နှက်ထိုးခုတ်မည်။ ထိုအတွင်း မိမိတို့ ခြောက်ထုတ် လိုက်သောကြောင့် (မိမိ ထိုးခုတ်ရိုက်ပုတ်ခွင့် ရှိသည့်) စံနက်ကျော်ဖြစ်စေ၊ အခြား တစ်စုံတစ်ယောက် ဖြစ်စေပုန်းလျှိုးနေရာမှ ထွက်လာမည်ဆိုလျှင်လည်း ဝိုင်းဝန်း ထိုးခုတ် ပစ်လိုက်ကြမည်သာ ဖြစ်သည်။

"မင်းတို့ကြောင့် ငါတို့ အကြိမ်းခံရတယ်ကွ၊ အနှိပ်စက်ခံရတယ်ကွ။ အလုပ်ပျက်အကိုင် ပျက်နဲ့ ဒီဖက်ဆစ်သရဲတွေ လာလာခေါ်တိုင်း ထမ်းရပိုးရ၊ ကူလီ လုပ်ရတယ်ကွ။ မင်းတို့ ရှိလို့ ငါတို့ အနှိပ်စက်ခံ နေရတာကွ" ဟုဒေါသကို လှမ်းလွှဲ ပစ်လိုက်ကြကာ ထိုဒေါသကျေပျောက် သည်အထိ ဝိုင်းဝန်း ထိုးခုတ်ပစ်လိုက်ကြမည်သာ ဖြစ်သည်။

ထိုသူတို့သည် ဖက်ဆစ်သရဲတွေ ရှိနေ၍သာ ၄င်းတို့ အနှိပ်စက်ခံ နေရသည်ကို မတွေးလို မတွေးဝံ့။ မိမိတို့ ဝိုင်းဝန်း ထိုးခုတ်ခြင်းကို ခံနေရသည့် သူတို့သည် မိမိတို့အား နှိပ်စက်နေကြသော ဖက်ဆစ်သရဲတွေကို တိုက်ခိုက်နေကြသူများ ဖြစ်သည်။ မိမိတို့သည် သူတို့နှင့် ရောနှော ပူးပေါင်းလိုက်ရန်သာ ဖြစ်သည်ဟုလည်း မတွေးချင် မတွေးဝံ့။

အကြောင်းမူ ထိုသို့ပြုလုပ်သည်ဟု အထင်ခံရရုံမျှနှင့် ၄င်းတို့အား ဖက်ဆစ် သရဲတွေက တိုးတိုးတိတ်တိတ် ပြောစမှတ်ပြု ကျစ်ရစ်လောက်အောင် သတ်ပြလိုက်မည်ကို ကြောက်ရွံ့ နေရသည် မဟုတ်ပါလား။

စံနက်ကျော်သည် အတော်ဝေးဝေးသို့ ရောက်သွားကုန်ကြပြီဖြစ်သော ထိုသူတို့၏ ရိုက်သံပုတ်သံတို့ကို နားထောင်ရင်း ထိုသူတို့အတွက် ရင်မောနေရသည်။ မြေပြင်၌ ပြားပြားကပ်ကာ မှောက်လျက်ရှိသော စံနက်ကျော်သည် ထိုသူတို့ကို မမြင်ရတော့ပေ။

ဂျပန်စစ်သား အချို့နှင်အတူ တာရိုးပေါ်၌ ရပ်လျက်ရှိနေကြသော မျက်နှာအားအားရပြုနေကြသည့် ရွာသားလောက်ကောင်ကြီးများက လှမ်းအော်လိုက်ကြသည်။

"မင်းတို့ အဲဒီက ငန်းတိုက်ပြီး ဟိုဘက်က လာတဲ့အကောင်တွေနဲ့ ဆုံမိအောင် သွားကြဟေ့၊ ကြားလား။ စံခတို့ ကြားကြရဲ့လား။ မင်းတို့ ရှေ့ဘက်က အကောင်တွေနဲ့ အနောက်ဘက်က အကောင်တွေ ဆုံမိပြီးရင် ဒီတာရိုးကြီးကို ပြန်လာခဲ့။ ငါတို့ မြောက်ဘက်ကို လိုက်သွားလိုက်ဦးမယ်။ မြောက်ဘက်နဲ့ တောင်ဘက်က ပိုအရေးကြီးတယ်။ အိမ်တွေပေါ်လည်း တစ်အိမ်တက်ဆင်း ရှာရဦးမယ်။ တော်တော်နဲ့ ဒီကိုပြန်ရောက်ကြမှာ မဟုတ်ဘူး။ တို့မလာမချင်း မင်းတို့ ဒီမှာ လာစောင့်နေကြ။ ဟေ့ စံခ၊ ကြားရဲ့လား"

"ကြားတယ်ဗျို့၊ စိတ်ချပြီးသာသွားကြပါ"

အတော်ခပ်လှမ်းလှမ်းဆီမှ တုံ့ပြန်လိုက်သောအသံ ဖြစ်သည်။ တာရိုးပေါ်မှာ ဖက်ဆစ်စစ်သားများ ပါဝင်သော လူစုသည်အချင်းချင်း စကားအနည်းငယ်သာပြောလျက် လာလမ်းအတိုင်း နောက်ဘက်သို့ပြန်သွားသည်။ ဆရာမတို့သည် ကျောင်းရှိသည့်ဘက် ဖြစ်၏။

စံနက်ကျော်သည် မြေပြင်၌ ပြားပြားကပ်ကပ်နေရာမှ မတ်ခနဲ ထိုင်လိုက်သည်။ အလျင်အမြန် မိမိပတ်ဝန်းကျင် ပတ်ပတ်လည်သို့ ကြည့်သည်။ တာရိုးပေါ်မှ အစုသည် ရွာစပ်သစ်ပင်များ အကြားသို့ ဝင်သွားကြပြီ ဖြစ်သည်။ ဤအချိန်မျိုးသည် ပို၍ သတိထားရမည်။ ရွာစပ်သစ်ရိပ်တို့ အောက်၌ ရှိနေကြသေးသည် ဆိုပါက ထိုရှိနေကြသူတို့ကသာ မိမိကိုမြင်နိုင်ပြီး မိမိကထိုသူတို့ကို မြင်နိုင်လိမ့်မည် မဟုတ်။

သို့သော် ဤနေရာ၌ ကြာကြာနေ၍ လည်းမဖြစ်နိုင်။ ထို့ကြောင့် မြက်ပင်နှင့် အကောက်ပင်များအထက်သို့ ဦးခေါင်းကို မပေါ်စေဘဲမိမိသွားရမည့် ရွာစပ်ဆီသို့ အမြန်ဆုံး ရောက်အောင် သွားပါမှ...

စံနက်ကျော်သည် ထိုင်လျက်နှင့်ပင် ဝဲ၊ ယာ ပတ်လည်တို့ကို ကြည့်ရင်း မိမိရည်မှန်းထားသည့် နေရာကို အရောက်သွား၏။ ရွာစပ်သို့ ရောက်သည်နှင့် သပြေပင်ကြီး၏ အခြေဆီသို့ ဖြတ်ပြေးကပ်လျက် ရပ်၏။

ခြံဝင်းကြီးတွေက ပိတ်နေ၏။ ခြံတွေ၏ အပြင်ဘက်၌ သစ်ပင်ဝါးပင်ကြီးများ ရှိသော်လည်း အောက်ခြေ၌ ရှင်းနေ၏။ မြေပြင်တွင် သဲဆန်သောကြောင့် ဘာမြက်ပင်မှ မရှိ။ အချို့နေရာတွင် ရေစပ်စပ်ဖုံးနေသော သဲစီးကြောင်းများ ရှိ၏။ ဆရာမကိုလည်း မတွေ့ရ။ စောရော်နီကိုလည်း မတွေ့ရ။ ဤလိုနေရာမျိုး၌ ကြာရှည်နေ၍ မဖြစ်။ မိမိကို အဝေးကပင် မြင်နိုင်ကြသည်ဖြစ်ရာ မျက်ကွယ်ဖြစ်နိုင်သည့် နေရာမျိုးသို့ အမြန်ဆုံးရောက်မှ ဖြစ်ပေသည်။ ထို့ကြောင့် အနီးဆုံးခြံတစ်ခြံ၏ ဝင်းထဲသို့ ရောက်အောင် ရှေးဦးစွာ ဝင်ထားရပေမည်။ ထိုစဉ် အဝေးမှ လူစုလူအုပ်စု မိမိဘက်သို့ လာနေကြ၏။ ရွာလမ်းအတိုင်း လာနေကြခြင်းဖြစ်၏။ အခြေအနေမှာ အတော်ဆိုးလာလေပြီ။ ဝင်းခြံကြီး ရှိရာဆီသို့ ဖြတ်၍ မကူးနိုင်။ ဤသစ်ပင်လုံးကြီးတွင် လှည့်ပတ်၍ ကွယ်နေမည်ဆိုကလည်း ရှေ့သို့လွန်သွားသူကို မမြင်စေရန် မျက်ကွယ်ပြု၍ နေမည်ဆိုက နောက်တွင် ရှိနေသည့်လူများက မျက်ကွယ်ပြုနေကရှေ့သို့ရောက်ပြီး သူများက မြင်ကြပေမည်။ ထို့ကြောင့် ထိုသူများ ဤသစ်ပင်ကြီးရှိရာဆီသို့ ရောက်မလာသေးမီ တစ်ခုခုကို အမြန်ဆုံးဆုံးဖြတ်ပါမှ..။

ပတ်ဝန်းကျင်သို့ လှည့်ပတ်ကြည့်၏။ လူအုပ်ကို သစ်ပင်ကြီးနှင့် ကွယ်၍ နောက်ဆုတ်နောက်ဆုတ် သွားနိုင်လျှင် ဥနဲပင်တစ်ပင်ရှိရာသို့ ရောက်နိုင်မည်။ ဥနဲပင်၏ ပင်စည်သည် လူလုံး တစ်လုံးစာလောက် တုတ်၏။ အထက်၌ ရွက်အုပကောင်း၏။ သို့သော် တောရပ်တောရွာ သားတို့မမြင်စေဘဲ သစ်ပင်ပေါ်၌ နေရာယူတတ်ရန် မလွယ်ကူလှ။ သူတို့သည် ရှဉ့်ကလေးများ၊ ပျားအုံများ၊ ငှက်များကို အမြဲရှာဖွေကြည့်မြင်လေ့ ပြုတတ်သူများ ဖြစ်သောကြောင့် အမှတ်မထင် သစ်ပင်ပေါ်သို့ လှမ်းကြည့်တတ်သည့်

အလေ့အထများ ရှိနေတတ်၏။ သို့သော် ကြာရှည် တွေးနေ၍ မဖြစ်။ အမြန်ဆုံးဖြတ်၍ အမြန်ပြုရမည် ဖြစ်သောကြောင့် မိမိရှိရာဆီသို့ လာနေသောလူအုပ်ဘက်သို့ မျက်နှာမူလိုက်၏။ ထို့နောက် သစ်ပင်လုံးဖြင့် ကွယ်လိုက်၏။ ဥနဲပင် ရှိရာသို့ နောက်ဆုတ်နောက်ဆုတ်သွား၏။ မိမိ ကွယ်ထားသော သပြေပင်ကြီးနှင့် ကွာလှမ်းလာသည်နှင့် လူအုပ်က မိမိကိုမြင်ရပေတော့သည်။ ရုတ်ခြည်း ထိုင်ချလိုက်၏။ သို့မှသာ မိမိကို မြင်ကွင်းကျဉ်း၍ သွားပေမည်။

ထိုင်သော်လည်း လူအုပ်၏ အစွန်းနှစ်ဖက်ကို မြင်နေရလျက်ရှိ၏။ မြင်ကွင်း သေးငယ်စေရန်နှင့် ထိုသို့မြင်နိုင်သည့်အချိန် နည်းပါးတိုတောင်းစေရန် အရေးကြီးကြောင်းကို သတိရှိခြင်းနှင့်အတူ စံနက်ကျော်သည် ရုတ်တရက် မှောက်ချလိုက်ကာ ဥနဲပင်ကြီးရှိရာသို့ ပုတ်သင်သွားသွားခဲ့သည်။ ဥနဲပင်အခြေ၌ ကပ်၍ ကွယ်လိုက်၏။ တာရှည်နေ၍ မဖြစ်။ ပတ်ပတ်လည်သို့ တစ်ချက်ဝေ့ကြည့်လိုက်ပြီး လူအုပ်ကြီး၏ မျက်ကွယ်ဘက်မှ ဥနဲပင်ကြီးအပေါ်သို့ တက်လိုက်သည်။ သစ်ပင်နှင့် ကွာလှမ်းနေစဉ် အချိန်တွင် သစ်ပင်အုပ်နှင့် အကိုင်းအခက်များသည် အဝေးတွင်ရှိနေသော လူတို့၏ မျက်စိနှင့် တည့်တည့် ရှိနေတတ်သည်ဖြစ်ရာ သစ်ကိုင်းသစ်ရွက်တို့နှင့် တစ်ကိုယ်လုံး ကွယ်နေစေလျက် သစ်ကိုင်းခွတစ်ခုတွင် ပုနေအောင် ထိုင်လိုက်သည်။ အနည်းငယ် စိတ်သက်သာလျက် အောက်သို့ငုံ့ကြည့်မိသည်။

တော်ပါသေးသည်။ ရေစိုနေသည့် သဲများတွင် ထင်ကျန်ရစ်စေသည့် ခြေရာနှင့် လက်ရာတို့ကို တဖြည်းဖြည်း ရေစိမ့်ဝင်ကာသဲများ ပြန်ပြည့်သွားသောကြောင့် ပျောက်လုလုပင် ရှိနေလေပြီ။

အရေးထဲတွင် လူအုပ်သည် ရပ်နေကြပြန်၏။ ဤသို့ရပ်နေခြင်းကို စံနက်ကျော်က မကြိုက်။ ရပ်နေကြသောသူတို့သည် တစ်ဦးနှင့်တစ်ဦး စကားပြောစရာမရှိပါက ဟိုဟို သည်သည် ကြည့်တတ်ကြသည်။ ထို့ပြင် မိမိသည်လည်း သူတို့၏ မြင်ကွင်း၌ အချိန်ကြာစွာ ရှိနေရမည် မဟုတ်ပါလား။

စံနက်ကျော်သည် လူအုပ်ကြီးကို မိမိက မမြင်ရအောင် တစ်ကိုယ်လုံး ကွယ်စေလျက် သစ်ကိုင်းတို့ပေါ်တွင် သတိကြီးစွာထိုင်သည်။ ထို့နောက် ဦးခေါင်းကိုသာ

ဖြည်းညင်းစွာ ရွေ့လျား စေလျက် ပတ်ဝန်းကျင်သို့ ကြည့်သည်။ ခြံကြီးတွေက ကျယ်လှသည်။ ခြေတံရှည်အိမ်ကြီးတွေ၏ အောက်၌ စပါးပုတ်ကြီးများ၊ ထွန်တုံး၊ထွန်တံ၊ လှည်းအိမ်၊ လှည်းဘီး စသောလယ်သုံး ပစ္စည်းများရှိလေသည်။ အိမ်ကြီး၏ ဘေးပတ်လည်တွင် ရာဝင်အိုးကြီးများ စီလျက်ရှိနေကြသည်။ ခပ်လှမ်းလှမ်း စပါးကျီကြီး တစ်လုံးနှင့် နွားတင်းကုပ်တစ်ခု ရှိသေးသည်။ သက်ဝင် လှုပ်ရှားသောသတ္တဝါ ဟူ၍ အိမ်ကြီး၏ အောက်တွင် ကလေးများနှင့် အစာကောက်နေကြသော ကြက်သားအုပ်မ နှစ်အုပ်သာ တွေ့မြင်ရသည်။ တစ်ချက် တစ်ချက် နွားတင်းကုပ်ဆီမှ နွားသားပေါက် ကလေးကို ခေါ်နေဟန်တူသော နွားမကြီး၏ ဘောဘောဟူသော အသံမှတစ်ပါး အခြား အသံတို့ကို မကြားရ။ လူရိပ်လူခြေတို့ကိုလည်း လုံးဝ မမြင်ရ။

ကွမ်းသီးပင်များ၊ အုန်းပင်များနှင့် အခြားသစ်ပင်ကြီးတို့က ခြံကြီးတစ်ခုလုံးကို ဖုံးလွှမ်းထားသည်။ တစ်ဖက်တွင်ရှိသော ခြံ၌လည်း ထိုနည်းအတူပင် ရှိနေကြသောကြောင့် အဆောက်အအုံတွေကိုမျှသိသာ သဲကွဲအောင်မမြင်ရ။ သစ်ပင်အုပ်တို့ဖြင့် ပိတ်ကွယ် နေခဲ့သည်။

စံနက်ကျော်သည် မိမိဘာလုပ်ရမည်လဲ။ ဘယ်သို့သွားရမည်လဲ။ ဆရာမနှင့် စောရော်နီကို မည်ကဲ့သို့ ရှာရမည်လဲ။ သူတို့လည်းသူတို့ လုံခြုံမည့်နေရာသို့ သွားလိမ့်မည်ဖြစ်ရာ မိမိလည်း မိမိလွတ်ရာလွတ်ကြောင်းသို့ သွားရမည်လား။ ဤသို့သွားရလျှင် ကိုယ်လွတ်ရုန်းသကဲ့သို့ ဖြစ်သည်။ တစ်ကိုယ်ကောင်းဆန်ရာ ရောက်မည်။ ထိုသို့ဆိုလျှင် မည်သို့ပြုမည်လဲ။

စကားပြောသံတို့ကြောင့် စံနက်ကျော်၏ အတွေး ပြတ်သွား၏။ လူအုပ်၏ မျက်စိမြင်ကွင်း လမ်းကြောင်းသည် မိမိ၏ အောက်ဘက်သို့ ရောက်နေလေပြီ။ တမင် အပေါ်ဘက်သို့ မော်မကြည့်ဘဲ မိမိအားမမြင်နိုင်တော့ပြီ။

သို့သော် စံနက်ကျော်သည် လူအုပ်ကိုလည်းကောင်း၊ လူအုပ်ထဲမှ တစ်စုံ တစ်ယောက်ကို လည်းကောင်း၊ တစ်စုံတစ်ခုသော ထင်မြင်တွေးတောချက်ဖြင့် မကြည့်မိရန် မိမိစိတ်ကို ချုပ်ထိန်းလိုက်သည်။ ထို့နောက် လူအားလုံးကို တစ်ပြိုင်တည်း မြင်သိရုံမျှတစ်ပြားတည်း သိမှတ်နား ထောင်လိုက်သည်။

စံနက်ကျော်က စိတ်သမားမဟုတ်။ ရုပ်ဝါဒသမားဖြစ်သည်။ သို့သော် စံနက်ကျော်၏ ရုပ်အယူအဆက မတ်က်စ်၏ ရုပ်ဝါဒနှင့် ကွဲပြားသည်။

စံနက်ကျော်၏ အလိုအရ အတွေးတို့သည် ရုပ်၏ အလိုဆန္ဒများ သာဖြစ်သည်ဟု ဆို၏။ ထိုအလို ဆန္ဒတို့သည် ထိုအလိုဆန္ဒဖြစ်ပေါ်နေသည့် ရုပ်ကြီးကိုပင် ဖျက်ဆီး ပစ်တတ်သည်ဖြစ်ရာ ထိုရုပ်ကြီး၌ မိမိကိုယ်ကို စောင့်ထိန်းနိုင်သည့် အသိတရားကို ဖြစ်ပေါ်စေသော ရုပ်ကိရိယာတစ်ခုပါ ပါလာကြရသည်ဟု ယုံကြည်ပြန်သည်။

ထိုကိရိယာသည် အတွေးအကြံနှင့် ဆန္ဒတို့ကို ထိန်းသိမ်းပေးနိုင်သော အသိတရားကို ဖြစ်ပေါ်စေသည့် ဦးနှောက် ဖြစ်ကောင်းဖြစ်နိုင်လိမ့်မည်ဟု ယူဆ ထားပြန်သည်။

ဤတွင် စံနက်ကျော်က လူဟူသော အရုပ်နှင့် ထိုရုပ်နှင့် ရှိသည့်ဆန္ဒနှင့် အသိတို့သည် တူညီသော အင်အားနှင်အတူ ထိုရုပ်ကြီး၏ ပတ်ဝန်းကျင်၌ ထွက်ပေါ် ရိုက်ခတ်လျက် ရှိနေတတ်သည်ဟု ယုံကြည်ပြန်သည်။

ထိုဆန္ဒသည် အတင်းလုပ်ယူသော ဆန္ဒအရမဟုတ်ဘဲ ရင်ထဲ၊ ခေါင်းထဲက တကယ်ဖြစ်ပေါ်လာသည့် ရုပ်၏ လိုလားချက်ဆန္ဒမှန်ကန်ပါက အခြားရုပ်တစ်ခုကို ထိခိုက်တတ်ကြစမြဲ ဖြစ်သည်။ သံလိုက်နှင့် သံကဲ့သို့ ဖြစ်ကြစမြဲ ဖြစ်သည်။ နီးကပ်မှုနှင့် ဝေးကွာမှုကို အကြောင်းပြု၍သာ ဆွဲငင်ပေါင်းစပ်မှုရှိခြင်း၊ မရှိခြင်းဖြစ်ရသည်ဟု စံနက်ကျော်က ယုံထားသည်။

စံနက်ကျော်၏ ယုံကြည်ချက်သည် စံနက်ကျော်အဖို့ မှန်နေသည်။ မိမိကို ကျောခိုင်းလျက် ထိုင်နေသူ တစ်စုံတစ်ယောက်ကို မည်သူပါလိမ့်မလဲ၊ မည်သူနှင့် တူလိုက်တာဟု တကယ် ဖြစ်ပေါ်လာသည့် အတွေးစိတ် သိလိုသော ဆန္ဒစိတ်ဖြင့် စူးစိုက်ကြည့်မိသည် ဆိုပါက အကြည့်ခံနေရသောသူသည် အလိုအလျောက် နောက်သို့ လှည့်ကြည့်တတ် စမြဲဖြစ်သည်ဟု ယုံကြည်ထားသည်။

သို့သော် တကယ်အစစ်ပေါ်လာသည့် သိလို၊ တွေးလိုစိတ် မဟုတ်ဘဲ တမင်လုပ်ကြံသော တွေးလို၊ သိလိုစိတ်မျိုး ဖြစ်သည်ဆိုက ဤအတိုင်းဖြစ်နိုင်လိမ့်မည်

မပာတ်။ ဟုတ်လျှင်လည်း မတော်တဆ တိုက်ဆိုင်ခြင်းသာ ဖြစ်တတ်သည်ဟုလည်း ယုံကြည်သေး၏။

ထို့ကြောင့် စံနက်ကျော်သည် မည်သည့်အကြောင်း ကိစ္စကိုမဆို တကယ်စေတနာ အစစ်အမှန်ဖြင့်သာ ပြုလုပ်မိ၊ တွေးတောမိသည့် အလိုဆန္ဒ ပေါ်ပေါက်မိစေရန် အမြဲ အလေ့အကျင့် ပြုထားခဲ့သည်။

ထိုအခါ စံနက်ကျော်၏ ယုံကြည်မှုသည် စံနက်ကျော်အဖို့ နက်မနေသလို ဖြစ်တတ်၊ ကြုံတတ်၊ မှန်ကန်တတ်စမြဲ ဖြစ်သည်။

ယခုလည်း မိမိသည် မိမိ၏ အောက်မှ ဖြတ်လျှောက်သွားကြသော လူအုပ်ကို စိတ်ဝင်စားစွာကြည့်လျက် ဟိုလူကိုဖြင့် တွေ့ဖူးသလိုလိုပါ ဟူသောစိတ်မျိုး တကယ်ဖြစ်ပေါ်လာလျှင် ထိုသူသည် မိမိရှိရာသို့ စူးစူးစိုက်စိုက် ကြည့်မိလိုက်ရသေးသည်။ စိတ်ထဲ၌လည်း သိလိုဆန္ဒနှင့် အတွေးပါပေါ်လာသည်။

"ကိုလူရှည်ဆိုတဲ့ သူပဲ ဖြစ်မှာပဲ၊ ဟုတ်ပါတယ် "

တကယ်ပင် ကိုလူရှည်သည် သစ်ပင်ပေါ်သို့ ဖျတ်ခနဲမော့ကြည့်လိုက်သည်။ သစ်ကိုင်းကွယ်မှ ခေါင်းငဲ့၍ ကြည့်နေသော စံနက်ကျော်နှင့် မျက်လုံးချင်းဆိုင်မိကြလျက် ပြုံးနေအောင် ကြည့်မိကြသည်။

ထိုအချိန် စံနက်ကျော်ရှိနေသည့် ဥနဲပင်အပေါ်မှ တောက်တဲ့တစ်ကောင်က ကျယ်လောင်စွာ အသံပေးလိုက်သည်။ စံနက်ကျော်သည် အထိတ်တလန့်ဖြင့် မိမိမျက်နှာကို ကွယ်လိုက်သည်။

"ဘာကြည့်တာလဲဗျ၊ တောက်တဲ့လား "

မောင်လူရှည်ကို ဘေးမှမေးလိုက်ကြသည်။

"မဟုတ်ပါဘူး၊ ကျုပ်က ဟိုဘက်က စစ်ပင်ကြီးနဲ့ မိုးမခပင်ကို ကြည့်နေတာပါ။ အဲဒီ အပင်တွေကဗျာ ထူးထူးဆန်းဆန်း မိုးတွင်းရောက်မှ အရွက်တွေ ကြွေရသေးတယ် ရယ်လို့"

အဖော်တို့က မောင်လူရှည်၏ စကားကို လှောင်ရယ်ရယ်လိုက်ကြသည်။

"တကတဲဗျာ၊ ဒါများ ထူးထူးဆန်းဆန်း လုပ်နေလိုက်တာ တောသား မဟုတ် သလိုဘဲ။ စစ်ပင်က မိုးလယ်လောက်ကျ အရွက်ပေါက်မှာပေါ့ဗျ။ မိုးမခကတော့ မိုးမခပါ ဆိုနေမှာပဲ သူ့အရွက်ကို ဘယ်တော့မှ မိုးမခရလို့ မိုးမခခေါ်တာပေါ့ဗျ။ မိုးကုန်ပြီး ဆောင်းဦးပေါက်ရောက်မှ အရွက်ထွက်မှာ"

မောင်လူရှည်၏ ကျေးဇူးကြောင့် ရွာသားတွေ၏ မျက်လုံးသည် စစ်ပင်နှင့် မိုးမခပင် ရှိရာဆီသို့ ရောက်နေခဲ့သော်လည်း မှန်းစရာကောင်းလှသော တောက်တဲ့က တောက်တောက် တောက်တောက်ဟု အသံပျံ့ပြီး ယခုတောက်တဲ့တောက်တဲ့ ဟု ကျယ်ကျယ်လောင်လောင် အော်နေပြန်လေပြီ။

တစ်စုံတစ်ယောက်က ခဲဖြင့် ပစ်ရန်လည်းကောင်း၊ မိုးဗေဒင် ဟောရန် လည်းကောင်း သစ်ပင်ပေါ်သို့ မော့ကြည့်နေမည် ဆိုကမတော်တဆ မိမိကို တွေ့မြင်ကောင်း တွေ့မြင်ပေတော့မည်။

သစ်ကိုင်းကို လှုပ်လိုက်လျှင် တောက်တဲ့သံရပ်သွားလိမ့်မည်ကို သိနေသော်လည်း သစ်ကိုင်းကို မလှုပ်လိုက်ဝံ့။ တစ်ယောက်က တကယ်ပင် သစ်ပင်ဆီသို့ကြည့်ကာ မိုးဗေဒင် လိုက်နေ၏။ တောက်တဲ့တောက်တဲ့ဟု အော်လိုက်တိုင်း မိုးလားလေလား၊ မိုးလား လေလားနှင့် လိုက်နေ၏။

"ဟေ့လူ၊ အမယ် - ဒီအချိန်ကြီးမှာ မိုးရွာနိုင်မလားဗျ လာပါ"

"မိုးမရွာမှန်းတော့ သိသားပေါ့ဗျာ။ လေကလေး ဘာလေးများ လာမလားလို့"

"ကိုယ့်လူ စိတ်ချ၊ လေကတော့ လာမှာပဲ။ ဒီကောင်တွေဟာ အနည်းဆုံး ခင်ဗျားတို့ရွာကို မီးတိုက်ပစ်မှာ။ မီးလောင်ရင် လေပင့်လာတတ်တာပဲ မဟုတ်လား။

ဒီဖက်ဆစ်သရဲတွေက အခု မျက်နှာပေး ကလေးချိုလိုက်တာ၊ အခု သရဲတစ္ဆေရုပ် ပေါက်လိုက်နဲ့ မျက်နှာအပြောင်း စိတ်အပြောင်း လွယ်သေးတယ်။ အရေးကြီးတာက အဲဒီလိုဖြစ်တော့မယ်ဆိုတာ သိရက်သားနဲ့ ကျုပ်တို့ခံနေရရင်ကျုပ်တို့နွားပဲ။ လုပ်စရာ ရှိတာကို မြန်မြန်လုပ်ကြမှ ဟိုဘက်ဝိုင်းကလူတွေနဲ့ မြန်မြန်တွေ့ပြီး မြန်မြန်တိုင်ပင်ကြမှ ”

အသံတို့သည် ဝေးသွားသည်။ မောင်လူရှည် ပြောသံကိုထောက်လျှင် မောင်လူရှည်နှင့် အတူပါလာကြသည့် လူအုပ်သည် ဖက်ဆစ်စစ်သရဲကြီးများ၏ အလိုတော်ရိတွေ ဟုတ်ပုံမရ။

ဤသို့ဆို အနည်းငယ် စိတ်သက်သာဖွယ်ရာ ဖြစ်နိုင်သည်။ စံနက်ကျော်သည် စိတ်ထဲတွင် ပေါ့ပါးလာခြင်းနှင့်အတူ ဤနေရာ၌ ဆက်၍ စောင့်နေက ဆရာမနှင့် စောရော်နီတို့အား မိမိပြန်လာရာကောင်းရှာလိမ့်မည် ဟူသောအတွေးကို ရလိုက်သည်။ သို့သော် ဤကဲ့သို့ လူအများ မြင်တွေ့နိုင်သည့်နေရာမျိုးထက် လူအနည်းကသာ မြင်တွေ့နိုင်သည့် နေရာမျိုးတွင် ဝင်ခိုနေရခြင်းကပို၍ သင့်တော်မည်ဟု တွေးသည်။ ထို့ကြောင့် ပတ်ဝန်းကျင်ကို သစ်ပင်ပေါ်မှ ကြည့်၍ အကဲခတ်ပြန်သည်။ ထွက်လမ်း၊ ဝင်လမ်းကိုစိတ်ထဲ၌ တွက်ဆမှတ်သားသည်။ ချက်ချင်းပင် သစ်ပင်ပေါ်မှဆင်းလျက် ပိတ်ထားသော ခြံကြီးကိုတံခါးပေါက်မှ မဝင်ဘဲ လူတစ်ယောက် အတင်းတိုးဝင်လျှင် ရနိုင်မည့်ခြံကြီး၏ ဘေးတစ်နေရာသို့ ပြေးကပ်သည်။

တိုးဝင်လိုက်တော့မည်ပြုပြီးမှ သတိရလျက် ထိုနေရာနှင့် ခပ်ခွာခွာဖြစ်အောင် နောက်သို့ဆုတ်သည်။

ခြံကြီးတစ်ခုလုံး လုံနေပါလျက် ဤကဲ့သို့သော ဝင်ပေါက်မျိုး ရှိနေတတ်ခြင်းသည် တောင်ချောက်ဖြစ်တတ်လှသည်။ စံနက်ကျော်သည် မနီးမဝေးတွင်ရှိနေသော သစ်ချုံပုတ်တစ်ခုမှ သစ်ကိုင်းတစ်ကိုင်းကို ဓားဖြင့် ခုတ်ယူလိုက်သည်။ ထို့နောက် ထိပ်ဖျားတွင် ဖြာနေသည့် သစ်ကိုင်းကလေးများမှ အရွက်တို့ကို သပ်ပစ်လိုက်သည်။ ထိပ်ပိုင်းကလေးများကို ဖြတ်သည်။

ထို့နောက် ထိုအပေါက်၏ ရှေ့တည့်တည့်တွင်လည်း မိမိကိုယ်ကို မရှိစေဘဲ ခြံဘေးသို့ တွယ်ကပ်လိုက်သည်။ ပြီးလျှင်သစ်ကိုင်းကို အပေါက်တွင်းသို့ သတိကြီးစွာဖြင့် ထိုးသွင်းကာ နားကျပ်သလို သစ်ကိုင်ကို လှည့်လိုက်သည်။

ထုန်းဟူသော မြည်သံကြီးနှင့်အတူ လုံ့ရှည်နှစ်ချောင်းသည် အပေါက်အတွင်းမှ ထွက်လာသည်။ သတိနှင့်ဖြစ်သဖြင့် အသံနှင့်အတူ လက်ကို ရုပ်သိမ်းလိုက်သည်။ သို့သော် လက်ကို ရုတ်လိုက်သည့် အချိန်၌ လုံ့က အပြင်သို့ရောက်လာပြီး ဖြစ်သည်။ အဆင်သင့်လှသောကြောင့်သာ မထိလိုက်ခြင်း ဖြစ်သည်။ အပေါက်ဝနှင့် တည့်တည့်တွင်သာ ထိုင်နေမိမည်ဆိုပါက ရင်ဝမှ ကျောသို့လုံ့နှစ်ချောင်း ပြူလျက် ရှိနေပေတော့မည်။

ထိတ်ခနဲလန့်နေပြီးကာမှ သေချာအောင် ထပ်၍ အပေါက်ဝကို သစ်ကိုင်းဖြင့် မွှေကြည့်သည်။ ရှေ့၊ နောက်၊ ဝဲ၊ ယာတို့ကို ဇှေ့ယမ်းကြည့်သည်။ သေချာလောက်ပြီ ဖြစ်သဖြင့် ဒါမျိုးတော့ သိတာပေါ့ကွာ ဟူသော အပြုံးမျိုး ပြုံးလိုက်သေးသည်။ပြီးမှ ဓားကို လက်ယာဘက် လက်ဖြင့်ကိုင်လျက် လေးဖက်ထောက်ကာ ခြံတွင်းဆီသို့ တိုးဝင်ခဲ့သည်။ စင်စစ် စံနက်ကျော်သည် ဒါမျိုးကို မသိလှသေးပါ။

ဂျမ်းကပ်ခြင်း၊ ဂျမ်းထောင်ခြင်းဟူသည် ပေးထားသည့် ထောင်ပေါက်၏ ထက်၊ အောက်၊ ဝဲ၊ ယာ တို့ပတ်လည်တွင် ထောင်ထားတတ်စမြဲ ဖြစ်ပါသည်။ စံနက်ကျော် စမ်းသပ် ခဲ့သည်မှာ ဝဲ၊ ယာ နှင့်အထက်ပိုင်းသာ ဖြစ်ပါသည်။ အောက်ခြေမြေကြီးကို စံနက်ကျော်မစမ်းခဲ့ပါ။ ထို့ကြောင့် စံနက်ကျော်သည် ရှေ့သို့ထောက်၍ သွားနေသည့် လက်နှစ်ချောင်းက လွတ်သွား သော်လည်းစံနက်ကျော်၏ ဒူးတစ်ဖက်သည် ထောင်ထားသည့် ဂျမ်းခလုတ်ပေါ်သို့ တည့်တည့်ထောက်လိုက်သည်။

ထုန်းဟူသော အသံနှင့် အတူ မြောက်ကြွနေသည့် စံနက်ကျော်၏ ခြေသလုံး တစ်ဖက်တွင် ဝါးချွန်တစ်ခု စူးဝင်ထုတ်ချင်း ပေါက်သွားသည်။ တော်ပါသေး၏။ တွား၍ သွားကျင့်ရထားခဲ့သော စံနက်ကျော်သည် အလွန်နိမ့်စွာ လေးဖက်ထောက်၍ ဝင်လာခဲ့သောကြောင့်သာ ကျန်ဝါးချွန် တစ်ချောင်းသည် စံနက်ကျော်၏ ကျောပေါ်မှ ဖြတ်လျက် တန်း၍နေခဲ့သည်။ အကယ်၍သာ စံနက်ကျော်သည် ယခုအနေထက် ခြောက်လက်မမျှမြင့်၍ ဝင်လာမည်ဆိုက ထိုဝါးချွန်သည် စံနက်ကျော်၏ ဝဲဘက်နံကြားမှ

ယာဘက်နံကြားသို့ ပေါက်ထွက်ကာ မီးဖိုဘေးတွင် စိုက်ထောင် ထားသော သီတံမှ ငရုတ်သီးတောင့်ကဲ့သို့ ဖြစ်နေပေလိမ့်မည်။

ယခုလည်း စံနက်ကျော်အဖို့ မသက်သာလှပါ။ စံနက်ကျော်၏ ခြေသလုံးသည် ဝင်းထရံတန်းတွင် ဖောက်သီထားသကဲ့သို့ လှုပ်၍ဆွဲ၍မရဘဲ အထက်တွင် တန်းလန်း ရှိနေသည်။ စံနက်ကျော်၏ ဒူးသည် အောက်ဘက်တွင် ရှိနေရာ သွေးတို့က ဒူးဆစ်ဘက်သို့ စီးကျနေသည်။ အထိခံလိုက်ရစဉ်က ထိတ်ခနဲဖြစ်လိုက်ပြီး ဖျဉ်းခနဲခံလိုက်ရသော်လည်း သိပ်နာကျင်မှုမရှိလှ။

ယခုမှ အသားတွေ တုန်အောင်နာလာသည်။ ခြေထောက်ကြီး တစ်ခုလုံး လေးလံလာ၏။ အားတင်းမရနိုင် လောက်အောင် ဖြစ်လာ၏။ နောက်ဘက်သို့ ပြန်လှည့် ၍ ဖြုတ်ယူရန် ကြိုးစားလေ ပို၍နာလေ။ စူးနေသည့် ဝါးချွန်က ကန့်လန့်ရှိနေရသောကြောင့် ဒဏ်ချက်ကြောင့် အသံထွက်အောင်အော်မိမတတ် ဖြစ်လိုက်ရ၏။ မည်သို့ပြုလုပ်ရမည် မသိဘဲ အကြံရ ကျပ်နေ၏။ ထိုစဉ် ပြေးလာကြသည့် ခြေသံတွေကို ကြားလိုက်ရသည်။ မိမိအား မိလေပြီ။ ကဲ-ဖြစ်ချင်ရာဖြစ်ပေတော့။

"လာကြ လာကြ၊ ဒီမှာ ကျုပ်ခြေထောက်က ဝါးချွန်ကို အရင်ဆုံးဖြုတ်ပေးဦး။ ပြီးတော့မှ..."

စံနက်ကျော်သည် စကားကို တစ်ပိုင်းတန်းလန်းနှင့် ရပ်လိုက်သည်။ ရှေ့ဆုံးမှ ပြေးလာသူ၏ နောက်၌ စောရော်နီနှင့် ဆရာမတို့ကိုပါ တွေ့နေရသောကြောင့် ဖြစ်၏။

ရှေ့ဆုံးမှလူကြီးက ကရင်ဘာသာဖြင့် စိုးရိတ်တကြီးပြော၏။ စောရော်နီကလည်း ပြော၏။ စောရော်နီကလည်း ပြော၏။ ရောနှော၍ ပြောလိုက်သော ဆရာမ၏ အသံကိုပါ ကြားရ၏။ တစ်ဆက်တည်းပင် -

"အို ဖြစ်မှ ဖြစ်ရလေတယ်ရှင်၊ ကျွန်မကြောင့် ကျွန်မတို့ အလာနောက်ကျ သွားလို့များ ဘယ်ထိသွားသလဲ ရှင်ရယ်"

ဆရာမသည် ဗမာစကားဖြင့် ပြောပြောဆိုဆို ဝင်းထရံပင်များ ဖြစ်ကြသည့် ခေါင်ရမ်း ဆည်းလည်းပင်များကို ဖယ်ရှားကာ စံနက်ကျော်ရှိရာသို့ အတင်းတိုးဝင်သည်။

ဖထီးနော်ဖိုး ဆိုသူလူကြီးက ကရင်ဘာသာဖြင့် ပြောလိုက်၏။ အစုဟူသော ဆရာမ၏ အမည်နှင့်တကွ ခဏဘေးဖယ်နေရန် မြစ်ဝကျွန်းပေါ်သား ဖြစ်သော စံနက်ကျော်က ရိပ်မိလိုက်သည်။ ထိုစဉ် စောရော်နီသည် ဆရာမ၏ ဘေးမှ ဆည်းလည်းပင်များကို ဖယ်ရှားလျက် ရှေ့သို့တိုးဝင်လာရင်း မိုးဝေးဟု အော်လိုက်၏။ တစ်ဆက်တည်းပင် ကရင်ဘာသာဖြင့် ဖထီးနော်ဖိုး ကိုပြောလိုက်၏။ ထိုအခိုက်၌ ဆရာမသည် စံနက်ကျော်၏ မျက်နှာကိုအကြင်နာပြင်းသော မျက်လုံးတို့ဖြင့် ကြည့်ရင်း နှုတ်ခမ်းကလေးများ တုန်လျက် မျက်ရည်များ ရစ်ဝိုင်းလာ၏။ စောရော်နီက စံနက်ကျော်၏ ခါးကိုကိုင်လျက် ဖြည်းဖြည်းချင်း အောက်သို့ချပေးရင်း

"ယောက်ဖ၊ ရင်ဘတ်ကို မြေကြီးမှာချပြီး အိပ်လိုက်ဝေ့။ ငါက မင်းဖင်ပေါ်မှာ တက်ထိုင်ပြီး ခြေထောက်ကို ကိုင်ထားမယ်နော်။ အစုက ရှေ့တိုးထိုင်၊ ယောက်ဖက အစုခါးကိုဖက်ပြီး အံကြိတ်ထားနော် "

စောရော်နီ၏ စကားသံနှင့် အတူ ဆရာမက ရှေ့နားသို့ တိုးကပ်သွား၏။ ဝမ်းလျားမှောက်လျက် ရင်ဘတ်ကို မြေသို့ချလျက်လက်နှစ်ဖက်ကို မြေပြင်ပေါ်၌ ပိုက်ယှက်လျက် ထိုလက်နှစ်ဖက် ပေါ်၌ မျက်နှာကို တင်လျက် ဘာတစ်ခုမှ ပြောဆို ညည်းညူမှုမပြုဘဲ ဝေဒနာ ခံစားနေရသည့်မျက်နှာဖြင့် မိမိ၏ မျက်နှာသို့ ကြည့်နေသော စံနက်ကျော်၏ လက်ကောက် ဝတ်ကို ဆုပ်ကိုင်လိုက်၏။

"အားမနာနဲ့နော်၊ ရှင်သိပ်နာလိမ့်မယ်တဲ့။ ရှင်နာရင် ကျွန်မကို ဖက်သာထား။ ရှင်ဖက်လို့ လွယ်အောင် ကျွန်မ ရှင့်ကို နောက်ခိုင်းပြီး ရှင့်ဆီကိုတိုးပေးမယ်။ နောက်က နေပြီးသာဖက်လိုက် "

စံနက်ကျော်က ပြုံးမိသည်။ ထို့နောက် မိမိလက်ကို ဆုပ်ကိုင် ဆွဲလှုပ်ရင်း ပြောနေသည့် ဆရာမလက်ကို ပြန်ဆုပ်လိုက်ပြီး ဆရာမ၏ ခါးရှိရာမှ ဆရာမ၏ မျက်နှာဆီသို့ တဖြည်းဖြည်း မျက်လုံး ရောက်သွားသည်။ ထိုအတွင်း တကယ်သာ

ဆရာမ၏ ခါးကလေးကို ဖက်ထားလိုက်ရမည် ဆိုလျှင် မိမိ၏ တံတောင်ဆစ်နစ်ဖက်ကို မိမိ၏ လက်ဖဝါးနှစ်ဖက်ဖြင့် ပိုက်အုပ်မိပေလိမ့်မည်ဟု အတွေးရောက်လိုက်သေး၏။ သို့သော် စံနက်ကျော်က မျက်လုံးဖြင့် ဆန့်ကျင်ကြောင်းပြလိုက်ပြီ။ ခေါင်းကို ဖြည်းလေးစွာ တစ်ချက်ယမ်းလိုက်သည်။ ဆရာမက အလွန်စိုးရိမ်သွား၏။

"အို ဘာပြုလို့လဲ၊ ရှင်သိပ်နာနေလိမ့်မယ်တဲ့၊ ပြီးတော့......"

ဖထီးနော်ဖိုး၏ အသံက ဆရာမ၏ စကားကို ရပ်တန့်သွားစေ၏။ ထို့နောက် ဗမာစကားသံ တစ်ဆက်တည်း ထွက်လာပြန်၏။

"ဟေး ဗမာ၊ ကျွန်တော်သိပါတယ်။ ဝါးချွန်မှာ အဆိပ်ပါတာလည်း ကျွန်တော် သိပါတယ်။ ကျွန်တော် ပြန်မပြောတတ်ပေမယ့် ဖထီးတို့ ပြောတာနည်းနည်းပါးပါး နားလည်ပါတယ်။ ကျွန်တော့်ကို မြန်မြန်သာ ဖြုတ်ပေးပါ"

စောရော်နီက စံနက်ကျော်၏ ခြေသလုံးကို မလှုပ်မရှေ့အောင် ဖျစ်ညှစ် ကိုင်လိုက်၏။ ဖထီးနော်ဖိုးသည် မိမိ၏ဂျမ်းထောင်ခြောက်မောင်းကို ဆွဲဖြုတ်လိုက်၏။ ဝါးစူးနှစ်ချောင်းသည်လာလမ်း အတိုင်း နောက်သို့ပြန်ဆုတ်သွားသည်။ စံနက်ကျော်သည် ဆရာမ၏လက်ကောက် ဝတ်ကို ဖျစ်ညှစ်လိုက်ပြီးနောက် တစ်ကိုယ်လုံးတွန့်ခနဲဖြစ်လျက် ခေါင်းကို တစ်ချက် မော့လိုက်ပြီး မျက်နှာသည်ဖြည်းဖြည်းချင်း လက်မောင်းပေါ်သို့ မှောက်ကျသွားသည်။ ထိုအချိန်၌ စံနက်ကျော်၏ ခြေသလုံးတွင် စူးဝင်နေသော ဝါးစူးသည်အသားများကို ဒစ်ဒစ်မြည်စေလျက် ကျွတ်ထွက်သွားသည်။ ကျွတ်သွားသည့် ဒဏ်ရာဘက်၌ အသားစကြီးတစ်ခုသည် အမဲညှင်းကဲ့သို့ မြှောင်းမြှောင်းကြီး တန်းလန်း ထွက်ကျလာသည်။

နောက်ထပ် ထွက်လာသော အသံမှာ စံနက်ကျော်ဆီမှ မဟုတ်တော့ပါ။

"သူ. .. သူ ဖထီး၊ သူ မေ့သွားပြီ" ဟူသောဆရာမ၏ တုန်ယင်ရှိုက်ငင်သည့် အသံသာဖြစ်သည်။

"အေး- အဲဒါသူ့အတွက် အနာသက်သာတာပေါ့ဝဲ့၊ နင်ဖယ်လိုက်၊ ဂျော်နီ သူ့ကိုမ ထုတ်လိုက်"

ခြံစည်းရိုးအတွင်းမှ အပြင်သို့ ရောက်သည်နှင့် ဆရာမကပါ စောဂျော်နီနှင့် အတူရောကူပွေသည်။

"သူ့အဆိပ်ကြောင့် သတိလစ်နေတာပါ၊ အာခေါင်ဖြဲပြီး အဆိပ်ဖြေဆေး တိုက်လိုက်ရင် သတိရလာမှာပါ"

ဟုတ်ပုံရသည်။ ဒဏ်ရာ၏ ပတ်ပတ်လည်တွင်လည်း မည်းညိုနေသည်။ သွေးများက အတုံးအတုံးခဲလျက် မည်းနက်နေသည်။ မျက်နှာက ဖြူရော် သွေးဆုတ် နေသည်။

"ဖထီး၊ သူ့အဆိပ် တကယ်ပြေပါ့မလားဟင်"

"အေး ဒါက သေတတ်တဲ့ အဆိပ်ဟ၊ တို့က မဖြေဘူးလေ။ တို့ဘိုးများ၊ ဘွားများက မတော်တဆ မလိုတဲ့ လူထိရင် အဆိပ်ဖြေဖို့ ဆေးဖော်ထားရမယ်ဆိုလို့ ဆေးဖော်ထားတာတော့ ရှိတာပ။ နေ့ဝက် မကျော်သေးရင် ဖြေလို့ရတယ်လို့ဆိုတာပဲ။ ရပါလိမ့်မယ်လေ၊ ဘုရား သခင် အလိုတော်အတိုင်းဖြစ်လိမ့်မပေါ့"

စံနက်ကျော် မျက်လုံးပွင့်လာသည့် အချိန်၌ ပူလှောင်အိုက်စပ်လျက် ချွေးသီး ချွေးပေါက်ကြီးများ တစ်ကိုယ်လုံးသီးနေသည်။ မီးခိုးငွေ့များဖြင့်လည်း မွန်နေ၏။ ပါးစပ်ထဲသို့ မီးခိုးငွေ့များ ဝင်လာသောကြောင့် ချောင်းတဟွတ်ဟွတ်ဆိုးမိရင်း ဘေးပတ်လည် တစ်ဝိုက် ကြည့်မိသည်။ ခပ်မှောင်မှောင်ရှိနေသောကြောင့် တော်တော် နှင့် ဘေးပတ်ဝန်း ကျင်ကို မမြင်ရ။ နောက်မှ တဖြည်းဖြည်း မြင်လာသည်။ မိမိ မည်သည့် နေရာသို့ ရောက်နေရပြီလဲ ဟုတွေးသည်။ တမလွန်ဘဝတွေကို ယုံကြည်သူမဟုတ်ပါဘဲနှင့် အရိုးစွဲလာခဲ့သည့် အစဉ်အလာကြောင့် မိမိသေဆုံး ပြီးခဲ့ပြီး အခြားလောကတစ်ခုသို့ ရောက်နေရပြီလားဟု တွေးလိုက်မိသေးသည်။

အလင်းရောင် အားနည်းလှသော အမှောင်ထုအတွင်း၌ တဖြည်းဖြည်း မျက်လုံး အကျင့်ရလာပြီးသော စံနက်ကျော်သည် ရှေးဦးစွာမိမိ တစ်ခါမျှမမြင်မသိဘူးသော မျက်နှာဖြူ နိုင်ငံခြား သားတစ်ယောက်ကို သတိထားမိလာသည်။

"ဂုူးအာယု" ဟုနိုင်ငံခြားစကားဖြင့် ခပ်ရိုင်းရိုင်းမေးရင်း လူးလဲ ထလိုက်သည်။ ဝန်လေးကြီးဖြင့် ဖိထားသလို လေးလံလှသောခြေထောက် တစ်ဖက်က ပြင်းစွာနာကျင် သွားသဖြင့် နှုတ်မှနှုတ်မှ အသံမြည်သွားရသေးသည်။

"ငြိမ်ငြိမ်နေပါ၊ ခင်ဗျား သက်သာသလိုနေပါ။ ခင်ဗျားသတိမေ့နေတာ နှစ်ရက်ရှိပြီ။ အခုဒီမှာ ခင်ဗျား အဖော်တွေလည်း ရှိပါတယ်။ ခင်ဗျားတို့နဲ့ ကျုပ်နဲ့ဘဝတူပါပဲ"

စံနက်ကျော်သည် နှုတ်ခမ်းကို လျှာဖြင့် သိမ်းလိုက်ရင် ဘေးသို့ လှည့်ပတ်ကြည့်လိုက်သည်။ မိမိနှင့် အနီးကပ်ဆုံးထိုင်လျက် စိုးရိမ်ကြီးသောမျက်နှာဖြင့် မိမိအား မှန်ကြည့်သလို ကြည့်နေသည့် ဆရာမ။ ထို့နောက် ဆရာမ၏ နောက်မှ ငြိမ်သက်သည့် မျက်နှာဖြင့် မိမိကိုကြည့်နေသည့် ကရင်အဘကြီး ဖထီးနော်ဖိုး။

စံနက်ကျော်သည် မိမိမည်သို့ သတိလစ်သွားရသည်ကို ပြန်၍သတိရလာသည်။ ထို့ကြောင့် ပတ်ဝန်းကျင်သို့ နောက်တစ်ကြိမ်ကြည့်လျက် စောရော်နီကို ရှာသည်။ မတွေ့ရသဖြင့် ဆရာမ၏ မျက်နှာ၌ မျက်လုံးကို ရပ်လိုက်သည်။

"ပူလိုက်တာဗျာ၊ အခု ကျွန်တော်တို့ ဘယ်ကိုရောက်နေကြရတာလဲ။ နည်းနည်း လေရအောင်လုပ်လို့ မရဘူးလား။ ဟောဟို အပေါ်က ပိုပူတယ်။ ရေလည်းငတ်တယ်။ ရေရှိရင် နည်းနည်းပေးပါ"

ဆရာမက နိုင်ငံခြားသား၏ မျက်နှာကို လှမ်းကြည့်သည်။ နိုင်ငံခြားသားက

"ရေနည်းနည်းတော့ တိုက်နိုင်ပါတယ်" ဟုပြောလိုက်သည်။

နောက်မှ သိရသည်မှာ သတိလစ်နေလျက်နှင့်ပင် ကယောင်ကတမ်းနှင့် ရေတောင်းနေသည်ဟု သိရသည်။ သွေးအထွက်လွန်သောကြောင့် ရေငတ်ခြင်းဖြစ်ရာ ရေတိုက်သည့် အတွက် အန္တရာယ်ဖြစ်နိုင်သဖြင့် ရေမတိုက်ဘဲ ထားခဲ့သည်ဟု ဆိုသည်။

ဖထီးနော်ဖိုးက အဆိပ်ဖြေဆေးကို ပါးစပ်ဖြင့် အတင်းလောင်း ထည့်ခဲ့သည်ဟု ဆိုသည်။ ခြေထောက်ကြီးက အဆိပ်ထိထားသဖြင့်ညိုမည်းရောင်ကိုင်းနေရာ ထိခိုက်ဒဏ်ရာရမှုကို ပြုစုကုသတတ်သော မေဂျာရောဘတ်က အပြင်သို့ ထွက်နေသည့် အသားကို လှီးထုတ်ပေးကာ အထူး ဆေးပတ်တီးဖြင့် စည်းပေးထားသည်ဆို၏။ ထို့ပြင် ယခုစစ်ကြီးအတွင်းမှ ပေါ်လာသော အလွန်အစွမ်းထက်သည့် ထိုဆေးများကိုလည်း လေးနာရီခြား တစ်ကြိမ်ကျ ထိုးပေးနေခဲ့သည် ဆို၏။

မေဂျာရောဘတ်သည် ဘိုကလေးနယ် ထိယာလီရွာသို့ လေထီးဖြင့် တိတ်တဆိတ် ဆင်းသက်ရမည့် သူဖြစ်ရာ ညဘက်လည်းဖြစ် မိုးသက်မုန်တိုင်းလည်း ရှိနေသောကြောင့် နေရာမှားလျက် ဤနေရာသို့ ရောက်လာရ၏။ သို့သော် ယခင်က သိဖူးသော ဖထီးနော်ဖိုးနှင့် တွေ့သဖြင့် ဖထီးနော်ဖိုး၏ စပါးကျီထဲ၌ပင် ပုန်းလျှိုး နေခဲ့၏။

ထိုသို့နေဆဲ လုပ်ဆောင်ရမည့် ကိစ္စအဝဝတို့ကို စောရော်နီအား စေလွှတ် ခိုင်းစေခဲ့၏။ ထိုအတွင်း ရွာအတွင်း၌ အခြေအနေ မငြိမ်မသက် ဖြစ်လာခဲ့ရာ ဖထီးနော်ဖိုးသည် စပါးပုတ်ကြီး နှစ်လုံးကို ယိုင်ဖြင့် ပတ်၍ အတွင်းဘက်က တစ်ဆက်တည်း ဖြစ်အောင်ဖြတ်ထုတ်လျက် စပါးကျီ အတွင်း၌ မှောက်ထားကာ အပေါ်မှ စပါးပုံကြီးဖြင့် ဖုံးလွှမ်းလိုက်၏။ ထို့နောက် ထွက်ပေါက်၊ ဝင်ပေါက်ကို စပါးကျီကြမ်းပြင်မှ ဖောက်ပေးထား၏။ မေဂျာရောဘတ်သည် ထိုစပါးကျီထဲမှ စပါးပုံကြီးအတွင်းရှိ နှစ်ခု ဆက်ထားသော ပုတ်ကြီးအတွင်း၌ စား၊ အိပ် နေခဲ့ရ၏။ အထွက်၊ အဝင်ပေါက်ကို အမြဲဖွင့်ထားခြင်းဖြင့် လေများ အမြဲသန့်နေစေခဲ့၏။

လာဘ်မြင်သော ဖထီးနော်ဖိုးသည် အရေးအကြောင်းရှိက ပုန်းခိုရန်အတွက် ထိုစပါးကျီကြီး၏ အောက်၌ပင် ပုန်းခိုကျင်း တစ်ခုကိုတူးထားသေး၏။ ဖထီးနော်ဖိုး၏ ပုန်းခိုကျင်းသည် ယွန်းဆရာ၏ ယွန်းလှောင်တိုက်ကဲ့သို့ ထက်၊ အောက်ပတ်လည် အလုံဖြစ်၏။ ဝါးပိုးလုံး ကြီးများကို စီလျက် လေးဖက်ပတ်လည် ကာရံထားသောကြောင့် သေတ္တာထဲ ရောက်နေရသလို၊ မီးရထားတွဲထဲရောက်နေရ သလိုလို ထင်မှတ်ရ၏။ ဝင်ပေါက်၊ ထွက်ပေါက်၏ အဝအဖြစ် ပီပါပုံး တစ်ခုကို အထက်၊ အောက်

ဖောက်လိုက်ပြီးနောက် မြေကြီးထဲသို့ မြုပ်ထားလိုက်ခြင်း ဖြစ်၏။ ထိုအဝက တောရွာတို့၌ အသုံးပြုတတ်ကြသော နီးသားဗန်းကြီးတစ်ချပ်၏။ အပေါ်၌ မြေကြီးများ၊ အမှိုက်သရိုက်များကို ဖုံးအုပ်ထားလျက် မြေကြီး၏ အတွင်းသို့ နစ်မြုပ်စေ၍ တံခါးပြုလုပ်ထား၏။ အဝင်၊ အထွက် ပြုလုပ်လိုက်သောအခါ ကုတ်စနစ်ဖြင့် ဗန်းကြီးက ကွေမြောက်သွားစေ၍ ဗန်းကြီး၏ အောက်ရှိ ပီပါပုံးအဝမှ အဝင်၊အထွက် ပြုလုပ်ကြ၏။ ပိတ်လိုက်သောအခါ ဗန်းကြီးကို အောက်သို့ ပြန်ကျစေခြင်းဖြင့် မြေကြီးအတွင်းသို့ နေရာတကျ နစ်မြုပ်သွားကာ စပါးကျီ၏ အောက်တွင်ရှိသော မြေကြီးများနှင့် တစ်သားတည်း ဖြစ်နေစေ၏။ အတွင်း၌ လေဝင်၊ လေထွက် ရနိုင်စေရန်အတွက် အဆစ်ဖောက်ထားသော ဝါးလုံးများကို စိုက်ထူးထားခြင်း ဖြင့်လေ ဝင်ပေါက် ဖြစ်စေ၏။

ထို့ပြင် မြစ်ဝကျွန်းပေါ် အရပ်ဖြစ်သောကြောင့် အပြင်မှ အပေါ်မှ ဝင်လာမည့် ရေများကို စိတ်မချရသဖြင့် နံရံ၏ တစ်ဖက်ဘေးမှကပ်လျက် ရေတွင်းကဲ့သို့ ပို၍ နက်သော တွင်းတစ်တွင်းကို တူးလိုက်၏။ အောက်မှ ရေထွက်နိုင်အောင် အတော်နက်စွာ တူးချလိုက်ခြင်း ဖြစ်သည်။ ရေလည်း နစ်တောင်ကျော်ခန့်ရှိနေ၏။ ရေသည် မြေကြီးမှ ပြည့်လာလျှင်မည်သို့မျှ မတတ်နိုင်သော်လည်း အပေါ်မှ၊ အပြင်မှ စီးကျလာလျှင် ထိုတွင်းထဲသို့ စီးဝင်စေရန် ပြုလုပ်ထား၏။ ဖထီးသည် ကြွက်တွင်းများဘေးသို့ တူးခဲ့သေးရာ ရေတွင်း၏ ဘေးတစ်ဖက်မှ လူတစ်ယောက် ထိုင်၍ သွားနိုင်သည့် လမ်းကြောင်း တစ်ခုကို တစ်လံမျှ တူးပြီးခဲ့သေး၏။ သို့သော် အချိန်မရှိသဖြင့် ရပ်ခဲ့ရသည်။ ယခု ထိုလမ်းကြောင်း၏ ထိပ်တွင် လူတစ်ယောက်ထွက်လာသည့် အပေါက်ဖြစ်နေပါပြီ။

ဖထီး၏ လာဘ်မြင်မှုသည် တကယ် အသုံးဝင်လာလေသည်။ ဖက်ဆစ်သရဲတို့သည် အနောက်ရွာကို ရှေးဦးစွာ ပိတ်ဆို့ ဝိုင်းရံလျက် တစ်အိမ်တက်ဆင်း ရှာသည်။ ထို့နောက် ခရစ်ယာန်အယူယူသူများ၊ ဆရာမ၏ စာသင်ကျောင်း၌ နေကြသော ကျောင်းသားတို့နှင့် မိဘများကို ခေါ်ယူလိုက်၏။ ထို့နောက် ယောက်ျားတို့ကို သီးသန့်တစ်တန်း၊ ကျောင်းသားများ နှင့် မိမိတို့ကို ဖခင်ယောကျ်ားကြီးများ၏ ရှေ့၌ သီးသန့်တစ်တန်း တန်းစီစေခဲ့၏။ ထို့နောက် ကျောင်းသားကို ရှေးဦးစွာ ဆရာမ အခုဘယ်မှာလဲဟု မေး၏။ ထို့နောက် ကျောင်းသားက မသိဟု ဖြေသောအခါ ဖက်ဆစ် စစ်သားတစ်ယောက်က ခူးရကားဟု အော်ဟစ်လျက် ဖြောင်းခနဲမြည်အောင်

ပါးပိတ်တီးလိုက်၏။ ကျောင်းသားသည် ပုံလျက် လဲသွားသောအခါ စိုးရိမ်လှုပ်ရှားလိုက်သည့် သူများကို အခြားဖက်ဆစ်သရဲတို့က စစ်ဖိနပ်ဖြင့် ဆောင့်ကန်ခြင်း၊ ပါးပိတ်ရိုက်ခြင်းများကို ပြုလုပ်လျက် မိမိတို့နေရာတွင် မလှုပ်မရှားနေရမည်ဟု အမိန့်ပေး၏။

ထို့နောက် ဖက်ဆစ် စစ်သားတစ်ယောက်သည် တောရွာ၌ သုံးလေ့သုံးထရှိကြသော မီးအုပ်ဆွဲအတွင်း၌ ထည့်ထွန်းရသည့် ရေနံဆီ မီးခွက်ကြီးကို မီးထွန်းညှိပြီး ယူလာ၏။ ထိုရေနံ ဆီမီးခွက်တို့သည် ညအချိန်လယ်ထဲကွင်းထဲတို့တွင် ဖား၊ ငါးရှာရန် အတွက် ထွန်းကြရသော မီးအုပ်ဆွဲသုံး မီးခွက်ကြီးများဖြစ်၏။ တော်ရုံ တန်ရုံ လေတိုက်၍ လည်းမငြိမ်းတတ်၊ မီးတောက်ကြီးသည် ရှိုးရှိုးတောက်နေသည့် အခါ တစ်ထွာခန့်၊ တောင်ဆုပ်ခန့်အထိ ရှည်၏။ ဖက်ဆစ်သားကောင်သည် ထိုမီးခွက်ကြီးကို အမေးခံရသည့် ကျောင်းသားမိခင်၏ လက်ထဲသို့ ကိုင်ထားရန်ပေးလိုက်၏။

စစ်မေးနေသည့် ဖက်ဆစ်သားကောင်က အချက်ပေးလိုက်သော အခါ အခြား စစ်သားကောင် တစ်ကောင်သည် ပါးစပ်၊နှာခေါင်းတို့မှ သွေးများကိုယိုစီးနေသော ကျောင်းသားငယ်၏ လက်နှစ်ဖက်ကို နောက်မှ လိမ်ချုပ်ကိုင်လိုက်ပြီးနောက် ကျောင်းသားငယ်၏ ခြေထောက်နှစ်ချောင်းကိုလည်း နောက်မှ ခွ၍ ခြေထောက်ချင်း ညှပ်လိုက်ကာ ကျောင်းသား ငယ်၏ ဆံပင်ကို ဆွဲလျက် မျက်နှာကို မော့နေအောင် ပြုလိုက်သည်။

"ကောင်းကောင်း မေးတယ်နော်၊ ကောင်းကောင်းပြောပါ။ မာစတာ စိတ်ဆိုးတယ်နော် ။ အိုး..."

ဖက်ဆစ်စစ်သားကောင်သည် သနားကြင်နာသည့် ဟန်ပန်မျိုးနှင့် ကျွတ်ကျွတ်မြည်အောင် စုတ်သပ်ပြလိုက်သေးသည်။ ထို့နောက်မျက်နှာ ကိုလည်း အမူအရာလုပ်ရင်း

"အားကြီး အများကြီး သနားစရာဖြစ်သွားမယ်ကား၊ သနားစရာ ဖြစ်တယ်နော် မကောင်းပါဘူးကား" ဖက်ဆစ် စစ်သားကောင်သည် အလွန်နူးညံ့ပျော့ပျောင်းသော အသံမျိုးဖြင့် မဲ့ကာရွဲ့ကာပြောနေရာမှ

"ကဲ- မေးမယ်နော်၊ ဆရာမ ဘယ်မှာပုန်းနေလဲ။ သူနဲ့ဘယ်သူရှိသလဲ "

ကလေးငယ်က ငိုမဲ့မဲ့ဖြင့်

"ကျ .. ကျ ကျွန်တော်မသိပါဘူး "

ဟု တုန်တုန်လှုပ်လှုပ် ပြော၍ စကားမဆုံးသေးမီပင် ဝမ်းခေါင်းသံကြီးဖြင့် ခူးရကားဟု ကလေးငယ်၏ ဗိုက်ကို ခြေထောက်ဖြင့် ဆောင့်ကန်လိုက်သည်။

ယခုအကြိမ်၌ ကလေးငယ်သည် လဲမသွားတော့ပါ။ နောက်မှ စစ်သားတစ်ဦးက ချုပ်ကိုင်ထားသောကြောင့် အင့်ဟု အသံထွက်လာပြီးလျှင် မည်သို့ ခံစားနေရသည်ကို မျက်နှာ၌သာ ပေါ်လွင်လာပါသည်။ ကလေးသည် အသံထွက်အောင်မျှ မအော်နိုင် ရှာတော့ပါ။

ဤတွင် ကလေးငယ်၏ မိခင်က မိမိခံလိုက်ရသကဲ့သို့ လန့်အော်လိုက်သည်။ ဖက်ဆစ်သရဲကောင်စစ်သားက ကလေး၏ မိခင်ဘက်သို့ လှည့်၍ ပြုံးလိုက်ပါသည်။

"ဘိရှမာ မိန်းမနော်၊ ကလေးကို အားကြီးချစ်တယ်။ ချစ်ထာကောင်းတယ်က။ ကလေးမပြောဘူးနော်၊ ဘိရှမာ မိန်းမ မေးပါကလေးကိုမေးပါ"

"မာစတာကြီးရယ် သားက သူမသိလို့ မသိဘူးပြောတာပါ ရှင်"

ဖက်ဆစ်သရဲကောင်၏ တုံ့ပြန်မှုသည် ဖြန်းခနဲရိုက်လိုက်သော ပါးရိုက်သံသာ ဖြစ်သည်။ အမျိုးသမီးကြီးသည် ယိမ်းယိုင်သွားရာ မီးခွက်ကိုကောင်းကောင်းကိုင်ပါ ဟု ပြောလျက် နောက်တစ်ကြိမ် ရိုက်မည်ပြု၏။ အမျိုးသမီးက နောက်သို့ရှိ.၍ တိမ်းလိုက် သော်လည်း မီးခွက်ကြီးကိုမူ မလှုပ်မရွေ့အောင် ကိုင်ထားလိုက်သည်။

"မေးဘာ အခုမေးဘာ၊ သူ့ဆရာ ဘယ်သွားလဲ။ ဘယ်မှာ ပုန်းနေလဲ မေးဘာ"

အမျိုးသမီးကြီးသည် မငြင်းဆန်ဝံ့တော့ပါ။ ဖက်ဆစ်စစ်သား ကောင်က ဆံပင်ကိုဆွဲ၍ နောက်သို့လှန်ထားသဖြင့် မျက်နှာကလေးမော့လျက်ရှိသော သားငယ်ကို ရင်နင့်စွာ နင့်ကြည့်လိုက်သည်။

"သားရယ်၊ သားတို့ဆရာ ဘယ်ကိုသွားလဲဆိုတာ သိရင် ပြောပြလိုက်ပါလားကွယ်"

ကလေးဆီက မည်သည့် အဖြေမျှမရ။ မိခင်သည် ဖက်ဆစ်သရဲကောင်ကို ကြည့်လိုက်သည်။

"သူတို့ တကယ်မသိပါဘူး မာစတာကြီးရယ်"

ဖက်ဆစ်သရဲကောင် စစ်သားက မိန်းမကြီး၏ ပါးကို ဘယ်ပြန်ညာပြန် ရိုက်လိုက်သည်။ မိန်းမကြီး၏ လက်ထဲမှ မီးခွက်ကြီးသည် လွင့်ကျသွား၏။ မိန်းမကြီးသည် မြေပေါ်သို့ ပုံလျက်လဲကျသွား၏။ ချက်ချင်းဆွဲထူ၏။ မီးခွက်ကို ကောင်ယူခိုင်း၏။ ငြိမ်းသွားသော မီးကို ညှိပေး၏။

"အာဂုမေးဘာ၊ သူ့နခေါင်းကို မီးနဲ့မြှိုက်ပြီး အာဂုမေးဘာ"

"မာစတာ ကျွန်မ မလုပ်ဘူး၊ ဒါ ကျွန်မသား ကျွန်မ မလုပ်နိုင်ဘူး"

"လုပ်ရကား၊ နင့်သားကို အာဂု နင်မေးရမယ်ကား"

ဖက်ဆစ်သရဲ စစ်သားကောင်သည် မိန်းမကြီး၏ ပါးကို ရိုက်၏။ မိန်းမကြီး၏ အဝတ်များကို လည်ပင်း၏ အောက်တည့်တည့်မှ လက်ဖြင့် နိုက်၍ ဆုတ်ဖြဲချ၏။ ထို့နောက် ခါးတွင် ချိတ်ထားသည့် ဓားလွယ်မှ ဓားကိုချွတ်လျက် မိန်းမကြီး၏ သားမြတ်များကို ဆွဲလှီးဖြတ်၏။ ထို့နောက် ကလေး၏ ပါးစပ်ထဲသို့ အတင်းထိုးသွင်း၏။ ကလေးက သွားကို စေ့ထားသည်။ ဖက်ဆစ်စစ်သားသရဲက ကလေး၏ ပါးစပ်ကို ဓားဦးဖြင့် ကန့်လန့်၍ ဖွင့်သည်။ ထို့နောက် မိန်းမကြီး၏ နို့သီးပြတ်ကို ကလေး၏ ပါးစပ်ထဲသို့ အတင်းထည့်သွင်းလျက် ကလေး၏ နှာခေါင်းကို ဆွဲကိုင်ပိတ်ထားသည်။ ကလေးက ပါးစပ်ဖြင့် အသက်ရှူရင်း မျိုချလိုက်ရသည်။

ဤအဖြစ်မျိုးကို မျက်စိရှေ့တွင် မြင်နေကြရသော တကောင်း အဘိရာဇာ တို့ဗမာ၊ တို့ကရင်၊ သာကီမျိုး မည့်ိုးဂုဏ် တေဇာရှိနေကြသူ အားလုံးတို့သည် ဖြစ်ချင်ရာ ဖြစ်ကြစေတော့ ဒီဖက်ဆစ်သရဲတွေကို ငါတို့ခံချကြမည် ဟူသည့်အတွေးမျိုး

ပေါ်လာကြရမည့်အစား ဒီလိုမခံရအောင် ဘယ်သို့အကြိုက် လိုက်လျော ပြုလုပ်ကြရပါ့မလဲဟု အလွန်ကြောက်ရွံ့ တုန်လှုပ်စွာ တွေးတောနေကြသည်။ ကိုယ်သက်သာရေး အတွက် မည်သူသိပါတယ်ဟု လက်ညှိုးထိုးပြရပါ့မလဲဟု တွေးနေကြသည်။

"တော်ပါတော့.... ကျွန်တော့ကို ဒါတွေ အသေးစိတ် ပြောမနေပါနဲ့၊ ဘယ်လို ဖြစ်တယ်ဆိုတာကိုပဲ အတိုးချုံးပြီးပြောပါ......"

စံနက်ကျော်သည် နားထောင်ရင်း ဒေါသဖြစ်လာသဖြင့် ခေါင်းထူ၍ ထိုင်လိုက်သည်။ ထို့နောက် ဖထီးနော်ဖိုးဘက်သို့ ကြည့်သည်။

"ဒါတွေဟာ ဖက်ဆစ်သရဲ စစ်သားကောင်းတိုင်းရဲ့ အမူအကျင့်ပဲ။ ဘယ်လို အသံကောင်းဟစ်ဟစ် ဒီလိုကျင့်လာရင် ဖက်ဆစ်တွေ၊ နာဇီတွေနဲ့ အတူတူပဲလို့ ကျွန်တော်တို့ သိရမယ်။ ဒီကောင်တွေဟာ သူတို့က အဲဒီလုပ်ပြီး တခြားသူတွေ လုပ်တာကိုပဲ လက်ညှိုးထို ထိုးပြတတ်ကြသေးတယ်။ နောက်ပြီး တစ်ပြည်ထောင်လုံး ကြောက်နေရလို့ သူတို့ ခိုင်းသလိုသာ ပြောကြ၊ လုပ်ကြရတဲ့လူတွေကို သူတို့က သိပ်ကောင်းပြီး တခြားလူတွေက ရက်စက်ယုတ်မာကြပါတယ်လို့ အပြောခိုင်း၊ အရေးခိုင်းကြ သေးတယ်။ ဒါကြောင့်ပေါ့ ကလေးဆိုတဲ့ ပန်းချီ ပညာရှင်တစ်ယောက်က သူတို့ရဲ့ မျက်မှောက်ဘဝကို ကြည့်ပြီး၁၉၂၂ ခုနှစ်မှ တွန်တရင်းမစ်ရှင်သီချင်းဆိုတဲ့ ငှက်စက်ရုပ် ဆိုတဲ့ပုံကို ရေးသွားခဲ့သေးတယ် မဟုတ်လား။ သံပတ်ပေးလိုက်ရင် ငှက်ကလေးတွေက ထပြီး သီချင်းဆိုတယ်ဆိုတဲ့ အဓိပ္ပါယ်မျိုးပေါ့။ အဲဒါတွေ ဖြစ်လာပြီးတဲ့နောက် နာဇီတွေ ပေါ်လာကြရတော့တာပါပဲ။ အခု ဒီနာဇီတွေ ဖက်ဆစ် တွေက တစ်ကမ္ဘာလုံးလည်း ရန်ရှာနေပြီး ကျွန်တော်တို့ တိုင်းပြည်ထဲရောက်နေကြပြီ။ ဒီတော့ သူတို့လုပ်သမျှ နွားတွေ၊ သိုးတွေ လို အသေခံကြ။ သေရမှာချင်း အတူတူမထူးဘူး၊ တိုက်ရင်း သေမယ်ဆိုတဲ့ စိတ်မျိုးပေါ်ရင်လည်း စုစည်းပြီးတိုက်ကြ။ ကျွန်တော်တို့ ဒါပဲလုပ်ကြရမယ် "

စံနက်ကျော်က ပြောရင်း ရေငတ်လာ၏။

"ကျွန်တော့်ကို နည်းနည်းရေတိုက်ပါဦး"

ဟုဆို၏။ မေဂျာရောဘတ်က ရေနည်းနည်း တိုက်ရန် ခွင့်ပြု၏။ ထို့နောက် ဖထီးနော်ဖိုး၏ ဆက်လက်ပြောပြချက်အရ အမေ၏ လက်ဖြင့် မီးခွက်ကို ကိုင်၍ ရင်သွေးသားငယ်၏ နှာခေါင်း၊ မျက်လုံးတို့ကို မီးတောက်ဖြင့် မြိုက်စေခြင်း။

ဤသည်တို့ကို ဖခင်ဖြစ်သူများအား ကြည့်နေစေခြင်း၊ မျက်စိရှေ့တွင် ရိုက်နက်ထိုးခုတ်၍ ဖရိုဖရဲ သေဆုံးကြကုန်သည့် အလောင်းကောင်များကို ဖခင်ဖြစ်သူ၊ လင်ဖြစ်သူတို့က ခြေထောက်နစ်ချောင်းမှ တရွတ်တိုက်၍ ဆွဲယူသွားကြရကာ ကျင်းကြီးများ တူးလျှက် ထိုကျင်းကြီးထဲသို့ အလောင်းကောင်တို့ကို ထည့်ချပေးရပြီးလျှင် ထိုကျင်းကြီးထဲသို့ အလောင်းကောင်တို့ကို ထည့်ချပေးရပြီးလျှင် ကိုယ်တိုင်လည်း ကျင်း၀တွင် ထိုင်လျက် လည်ကုပ်ကို စင်းကာ ဓားဖြင့် အခုတ်ခံသွားကြရခြင်း တို့ကိုကြား သိကြရသည်။

လူတွေ ဤသို့ အသတ်ခံရနေရသည့် အချိန်၌ ရွာကြီး၏ အနောက်ပိုင်း တစ်ပိုင်းလုံးတွင် မီးဟုန်းဟုန်း တောက်နေခဲ့ပြီ ဆို၏။

ဖက်ဆစ်စစ်သားတွေ၏ နောက်မှ ဓားများ၊ လှံများ၊ နစ်ဖက်ချွန်များကို ကိုင်လျက် လိုက်နေကြသူတို့သည် ထိုအတိုင်း မိမိအိမ်များ အပါအ၀င်ဖြစ်သည့် မိမိတို့ရွာကို မီးတိုက်ခဲ့ကြလျက် အရှေ့ပိုင်းဖြစ်သော ဤအပိုင်းကို လာရောက် ၀ိုင်းထားကြရပြန်သည် ဆို၏။ ဤအရှေ့ပိုင်းမှ ရွာသားတို့သည် အမိခံလိုက်ရသူနည်းလျက် ခပ်စောစော ကတည်းက ရှောင်ထွက်ခဲ့ကြသည်။

၀ိုင်း၀န်းလာကြသူတို့နှင့် အမှတ်မထင် ရောနှောလျက် ထွက်သွားနိုင်ခွင့် ရနိုင်ကြသည်။ ၄င်းသာလျှင် သတိလစ်လျက်ရှိသော စံနက်ကျော်နှင့် အခြားသူများနှင့် အတူ ရောနှောထွက်ပြေးရန် မလွယ်ကူသော မေဂျာရောဘတ်တို့ကြောင့် ဤသို့ မိမိကြိုတင် ပြုလုပ်ထားသည့် ပုန်းခိုကျင်းထဲ၌ ကြိုတင်ပြောင်းရွှေ့နေခဲ့ကြရသည်။ စောရော်နီသည် အကြောင်းရှိသော မိမိတို့အား ကယ်ထုတ်နိုင်ရန် အခြားရွာသားများနှင့် အတူ ထွက်ခွာသွားသည်။

ဆရာမအစုကို စောရော်နီနှင့် လိုက်ပါသွားရန် အတန်တန်တိုက်တွန်းသော်လည်း အစုက မလိုက်။

ငှင်းပါလျှင် စောရော်နီအတွက် ခရီးနှောင့်နှေးလိမ့်မည်။ ထို့ပြင် လူနာအတွက် ဝိုင်းဝန်း ကူညီရန် နေခဲ့လိုသည် ဆိုသောကြောင့် လက်လျှော့ကာ ဤပုန်းခိုကျင်းအတွင်း၌ အစုအပါအဝင် လူလေးယောက် ဆင်းနေခဲ့သည်။

သိပ်မကြာလှပါ။ ညဘက်တွင် မိမိတို့အရှေ့ပိုင်းရွာမှ ဖမ်းဆီးမိထားသော မိန်းမ၊ ယောက်ျား၊ ကလေးအချို့တို့ကို သတ်သည်ထင်ရသည်။

စိတ်နာဖွယ်ကောင်းသည်မှာ အနောက်ပိုင်းရွာတွင် အိမ်မီးလောင် ခံရပြီးသော ရွာသား အချို့တို့ကပါ မိမိတို့ သားမယားများနှင့် လောင်ကျွမ်းသွားသည့် အိုးအိမ်တို့ကို ပြန်မကြည့်နိုင်ဘဲ ဖက်ဆစ်သရဲ စစ်သားကောင်တွေနဲ့အတူ ဓား၊ လှံ၊ နစ်ဖက်ချွန် တို့ကို ကိုင်လျက် မိမိတို့အရှေ့ပိုင်းရွာသို့ လာရောက် ဝိုင်းဝန်းပေးထားရနေကြခြင်း ဖြစ်သည်။

သူတို့သည် ဖက်ဆစ်သရဲ စစ်သားကောင်တွေ၏ စိတ်ကျေနပ်မှု၊ ကြင်နာမှုကို ရလိမ့်နိုးနိုး၊ မိမိတို့အား အမြန်ပြန်လွှတ်လိုက်လိမ့်နိုးနိုး ဖြင့် အလွန်ဝတ္တရား ကျေပွန်အောင် ဆောင်ရွက်ပေးကြရင်း မိမိတို့နှင့် တစ်ရွာတည်းသားများ ဖြစ်ကြသော အနောက်ပိုင်း ရွာထဲမှ ဘဝတူရွာသားတို့ကို ဝိုင်းရံ ဖမ်းဆီးပေးမိလျက်သား ဖြစ်နေကြသည်။

စင်စစ် အဖမ်းဆီးခံရ သူတို့သည် ဝိုင်းဝန်း ဖမ်းဆီးပေးကြသည့် ဖက်ဆစ် သရဲကောင် စစ်သားတို့၏ ခိုင်းဖတ်များ၊ အနိုင်ကျင့်ခံများထက် မိမိတို့၏ သိက္ခာ ကိုစောင့်စည်းသူများ ဖြစ်ကြသဖြင့် ပို၍အဖိုးတန်သော လူပီသသည့် လူများဖြစ်သည်ဟု ဆိုနိုင်သည်။

ထိုလူပီသသည့်လူများကို လူမပီသော နွားသိုးလို အခိုင်းအစေခံ စိတ်ဓာတ်နိမ့်ကျသူ လူ့အောက်တန်းစားများကြောင့် သေကျေပျက်စီးကုန်ကြရသည်ဟု ဖထီးက စိတ်နာလုံး ထိခိုက်နာကြည်းစွာ ပြော၏။

အော်သံ၊ ငိုသံ၊ ပစ်ခတ်ပြေးလွှားသံတို့ကို နားတစွင့်စွင့်ဖြင့် သတိထားနေဆဲ မိမိတို့ရွာပိုင်းကို အရှေ့ဖျားဘက်မှ စတင်မီးလောင်လာသည် ကိုတွေ့ရသည် ဆို၏။

ဖထီးသည် မိမိတို့ပုန်းကျင်းကလေး အတွင်း၌ မိမိတို့အဖို့ မီးဖုတ်ပြီးသားများ ဖြစ်နေလေမည်လားဟု စိုးရိမ်ပူပန်၏။

ဖြစ်ချင်တာဖြစ် သင်းတို့လက်ထဲတွင် အသေမခံဟု သုံးယောက်သား ဆုံးဖြတ်ကြကာ ပေကပ်နေခဲ့သည်ဟု ဆို၏။ သို့သော် ကံအားလျော်စွာ မီးဟုန်းဟုန်း တောက်နေစဉ်က မိမိတို့သည် အသက်ရှူရန် အနည်းငယ်ကျပ်လာသည်မှ တစ်ပါး နေသာထိုင်သာရှိနေကြသည်။

တော်တော်နှင့် မီးစွဲခြင်း၊ မီးတောက်လောင်ခြင်းမရှိသော စပါးကျီးကြီးအတွင်းမှ စပါးပုံကြီးအတွင်းမှ စပါးပုံကြီးသည် မိမိတို့အား အပူဒဏ်ကို ကာကွယ်ပေးထားသကဲ့သို့ ရှိနေသည်ဆို၏။

ဖထီးသည် မိမိတို့ဝင်ပေါက်၊ ထွက်ပေါက်ကို ဖုံးပိတ်ထားသည့် ဗန်းကျယ်ကြီးအား လုံးဝဖယ်ပစ်လိုက်၏။ ထို့နောက် အပေါက်ဝပေါ်သို့ အခြားအရာဝတ္ထုများ ကျလာပိတ်ဆို့ မသွားစေရန် မြေစိုင်ခဲကြီးများ ၊ အုတ် ခဲပိုင်းများ စသည်တို့ကို ဝင်ပေါက်၏ တစ်ဖက်ခြင်း မှ ခုထားပေးသည်။

တဖြည်းဖြည်း မီးလောင်ကျွမ်းလာ၍ ဆင့်တန်းကြီးများအောက်မှ ခံထားရသည့် ရက်မကြီးတစ်ခုလုံး ပြုတ်ကျလာစေကာမူ ခုထားသည့် မြေကြီးနှင့် အုတ်ခဲကျိုးများ အပုံပေါ်သို့ တင်နေလိမ့်မည်ဖြစ်ရာ မိမိတို့ အတွက် ထွက်ဝင်ရန် ဖြစ်နိုင်သည်ဟု ချိန်ဆပြုလုပ်၏။

ပုန်းကျင်းထဲ တကယ် မီးအဖုတ်ခံရသကဲ့သို့ ဖြစ်လာသည်။ အသက်ရှူလည်း ထိုအချိန်မှ တကယ် ပို၍ ကျပ်လာသည်။

"ကျွန်တော် လေပေါက်ဖောက်မှ ဖြစ်မယ် "

ဟုရောဘတ်က ပြော၏။ အခုသည် ချွေးပေါက်ကြီးများစီးကျရင်း ရေထဲမှ ကုန်းပေါ် ပစ်တင်ထားသည့် ငါးကဲ့သို့ နှုတ်ခမ်းဟစေ့ဟစေ့ ဖြစ်နေ၏။ စင်စစ် အခုမှသာမဟုတ် လေးယောက်သားလုံး နှုတ်ခမ်း တွေခြောက်လျက် ဤအတိုင်း ဖြစ်နေကြ၏။

"ငါတို့ ဟိုဘက်ကတွင်းထဲ ဝင်နေကြရင် အပူသက်သာမယ် ထင်တယ် "

ဖထီး၏ အကြံပေးချက်အတိုင်း တစ်ဖက်ရှိကျင်းနက်ထဲသို့ တစ်ယောက်စီ ဝင်နေကြ၏။ အပေါ်မှ မြေသားထူသည့်အပြင် အောက်တွင် လည်းရေရှိသောကြောင့် အပူသက်သာသည် မှန်၏။

သို့သော် လေမရှိသလောက် ပါးလွန်းလှ၏။ ဆရာမသည် ရေထဲ၌ ရပ်လျက် လူနာကို တွဲမှီထားရင်း တွင်း၏ နံရံကိုမှီလျက် လူနာ နှင့်အတူ သတိမရတစ်ချက် ရတစ်ချက်ဖြစ်နေ၏။ ဖထီးနှင့် ရောဘတ်တို့သည် တွင်းပေါ်သို့ ပြန်တက်ကြကာ ဖထီးတစ်ပိုင်း တန်းလန်းဖြင့် ထားခဲ့သော် လူတစ်ကိုယ်ထိုင်၍ သွားနိုင်သည့် ကယ်ပေါက်ကို အထက်သို့ပေါက်သွားအောင် ဖောက်ကြရ၏။

တော်သေး၏ ထိုအပေါက်သည် စပါးကျီကြီး၏ အပြင်စပ် စံပယ်ချုံကြီး၏ အောက်တွင် ပေါက်ထွက်သွားသောကြော င့်ဖြစ်၏။

စံပယ်ချုံမှ အရွက်များသည် မီးကျွမ်းလောင်လျက်ရှိသော်လည်း အကိုင်းများက ဖြာနေသောကြောင့် လူတစ်ကိုယ်ထွက် ဝင်သာသည့် အပေါက်ကြီးကို ဖုံးအုပ်ပေးထား သကဲ့သို့ ရှိ၏။

ထို့ပြင် အဝမှ တိုက်ခတ်လာသည့် လေအေးတို့သည် တွင်းကြီးထဲ၌ ပူလောင်၍ အပြင်သို့ထွက်သွားကြသည့် လေများ၏ နေရာသို့ အစားဝင်ရောက်လာကြသည်။

ထို့ကြောင့်လေတို့သည် စပါးကျီကြီး၏ အပြင်စပ် ထိုကယ်ပေါက်မှ ဝင်လျက် စပါးကျီကြီး၏ အောက် ပုန်းကျင်း၏ ဝင်ပေါက်ထွက်ပေါက်တို့မှ တဟူးဟူးထွက်ကာ လည်ပတ်နေခဲ့သည်။ ဤသို့ဖြင့် မှောင်မိုက်၍ အောက်ခြေ၌ ရေများရှိနေသော

တွင်းနက်ထဲသို့ ဆင်းကြကာ (၁၈) နာရီ မျှ ရပ်နေခဲ့ကြသည် ဆို၏။ စပါးကျီကြီးအတွင်းရှိ စပါးများ မီးတငွေ့ငွေ့ လောင်ကျွမ်းနေခြင်းသည် ဖထီးတို့အတွက် ပူလောင် အသက်ရှူ ကျပ်စေသော်လည်း တစ်နည်းတစ်ဖုံအားဖြင့် ဖထီးတို့အတွက် အခွင့်ကောင်း တစ်ခု ရရှိထားသည်ဟုလည်း ဆိုနိုင်၏။

အကြောင်းမူ မီးလောင်နေဆဲ ရှိနေသေးသော စပါးကျီကြီးရှိရာ သို့ ဂျပန်စစ်သားများ မလာရောက်ကြသောကြောင့် ဖြစ်သည်။စပါးများကို လောင်ကျွမ်း နေသည့် မီးရှိန်သည် အတော်ကြီး အပူရှိန်ကျသွားပြီးမှ ရေရှိသောတွင်းထဲမှ ပုန်းခိုရန် ပြုလုပ်ထားသည့် ကျင်းပေါ်သို့ ပြောင်းရွှေ့လာကြခြင်းဖြစ်သည်ဟု ဆို၏။

ထို့နောက် တစ်ဆက်တည်း သိရသည်မှာ စောရော်နီနှင့်ဆရာမ တို့သည် ယခင်ရက်က စံနက်ကျော် လယ်ကွင်းကြီးအလယ်၌အိပ်လှဲနေစဉ် ဓားကိုင်လှံကိုင် ရွာသားများ လယ်ကွင်းကြီးထဲသို့ ဆင်းဖြတ်လာကြတာ ဖျိုက်တောကြီးရှိရာသို့ သွားနေကြသည် အထိ စောင့်ကြည့်နေကြသေးသည် ဆို၏။

ထွက်နေ၊ ဝင်နေကြဖြစ်သော စောရော်နီသည် ခြံတံခါးပေါက်မှ ဝင်လာ၍ ဖထီးကိုရှာ၏။ ပြုလုပ်နေကျအတိုင်း မိမိရောက်လာကြောင်း အချက်ပေး၏။ သို့သော် ဘယ်မှာမှ မတွေ့ရ၍သို့ လှည့်ပတ်ရှာလိုက်၊ ခြံဝင်းထဲမှ နေ၍ စံနက်ကျော် ရှိနေသည့်နေရာသို့ ပုန်းအောင်းကြည့်လိုက်ဖြင့် ပြုလုပ်နေကြရာဖထီးက ထွက်လာကာ စောရော်နီတို့ကို တွေ့သွား၏။ လှမ်းခေါ်လိုက်ပြီး ဆရာမကိုမြင်သည်နှင့် အိမ်ပေါ်သို့ တက်ရောက်ရာဖွေ၍ အဝတ်ဝတ်ရန် စေခိုင်း၏။

ဖထီး၏ မိသားစုတို့ကို ဖထီးက ခပ်စောစောကတည်းက အခြားသို့ ရွှေ့ပြောင်းထားပြီး တစ်ယောက်တည်း နေနေရာ မိန်းမဝတ်အထည်တို့ကို သိမ်းဆည်း ထားခဲ့သောကြောင့် တော်တော်နှင့် ရှာမတွေ့။

ထိုစဉ် စောရော်နီ၏ ပြောပြချက်အရ စံနက်ကျော်ကို စောင့်ကြည့်နေရန် လိုလာကြောင်း ဖထီးက ချက်ချင်းသိ၏။ အကယ်၍ မိမိခြံထဲသို့ တစ်နေရာရာမှ တိုးဝင်ခဲ့သော် ဒုက္ခရောက်လိမ့်မည်ဟု စိတ်ပူပင်စွာ နှစ်ယောက်သား လှည့်ထွက်လာဆဲ

ဆရာမသည်လည်း လုံချည် အနက်နှင့် သင်တိုင်းမည်းကြီးကို ဝတ်ဆင်ကာ အိမ်ပေါ်မှ ပြေးဆင်း လာသည်။

"နသားလဲဆူးလဲ"

ဟုအော်ဟစ် မေးမြန်းရင်း အပြေးလိုက်လာ သောကြောင့် ရပ်စောင့်လိုက်ဆဲ အသံတစ်ခုကို ကြားလိုက်ရသည်။

"ဘယ်မှ မသွားဘူး၊ တစ်ယောက်ယောက် ထိနေပြီ"

ဟုပြောရင်း ဖထီးသည် စံနက်ကျော် ဒဏ်ရာရနေသည့် ဘက်သို့ ပြေးခဲ့သည်။ ထို့နောက် စံနက်ကျော်ကို ပွေ့မယူလာကြကာ ပုန်းခိုကျင်းထဲသို့ သွင်း၍ ပြုစုကူ မကြသည်။

ရွာတွင်း အခြေအနေ အထူးဆိုးလာသောကြောင့်သွားလာ ထွက်ပြေးရန် လွယ်ကူသည့် စောရဂျော်နီနှင့်အတူ ဆရာမ အစုကိုပါ ကိုယ်လွတ်ရုန်းသွားကြရန်၊ နောက်မှ အစီအစဉ်တစ်ခုခုပြု၍ အကူအညီ လာပေးကြပါရန် ပြောသည်။ ဆရာမက မလိုက်သဖြင့် စောရဂျော်နီတစ်ဦးတည်း ထွက်သွားခဲ့သည်။ ထိုနေ့ည မီးတွေလောင်ဆဲ ၌ စောရဂျော်နီက စားသောက်ဖွယ်ရာတွေ ယူလာပို့ပေးသေးသည်။ ဖထီးတို့အပိုင်းမှ ကလေးတွေ၊ မိန်းမတွေနှင့် ယောကျ်ားတစ်ချို့ အသတ်ခံရကြောင်း သတင်းပေးသွားသည်။ ထို့နောက် ပေါ်မလာသေး။ ဖထီးက မီးရှို့သူများ ဝင်ရောက် သွားသည့် ခြံတံခါး စသည်တို့ကို ပြန်ပိတ်လိုက်ကာ တစ်ခြံလုံးကို ဂျမ်းထောင်လိုက်သည်။

စံနက်ကျော်သည် ဤဖြစ်ရပ်စုံတို့ကို သိပြီးနောက် မိမိ၏ခြေထောက်ကို လှုပ်ရှားကြည့်သည်။

ဒဏ်ရာထက် အဆိပ်ကြောင့် ခြေထောက်ကြီးတစ်ခုလုံး ရောင်ရမ်း လေးလံနေခဲ့သည်။ ထိုစဉ်မေဂျာရောဘတ်က ဆေးထိုးရန် အချိန်ကျသဖြင့် ၎င်း၏ စစ်လွယ် အိတ်ထဲမှ ဆေးထိုးကိရိယာနှင့် ဆေးများကို ထုတ်ကာ ဆေးတစ်လုံး ထိုးပေးသည်။

"တကယ်တော့ ရိုးရိုးဒဏ်ရာကြောင့်ဆိုရင် ခင်ဗျားအနာ သက်သာလောက်ပြီဗျ။ အဆိပ်ပါ နေလို့အခုလိုဖြစ်နေတာ "

ဆရာမက ရောနှော ဝင်ရောက် စကားပြောခြင်းပင် မပြုတော့ပေ။ ဆရာမ၏ စိတ်၌ အတော်ထိခိုက်နေသည်။ ဤရွာများရှိ ကလေး၊ မိန်းမနှင့် ယောကျာ်းကြီးများ အသတ်ခံ ကြရသည်မှာ မိမိကြောင့်သာ ဖြစ်သည်။

ဂျပန်စစ်သားတွေသည် မိမိကိုသာ မေးမြန်းနေကြသည်။ သူတို့သည် အကယ်၍ မိမိကိုသာ တွေ့ရ၊ မိရပြီးဆိုပါက ထိုသူတို့ကိုသတ်ရန် ပြုနေဖို့ မလိုတော့ဟု အမြဲ အတွေးရောက်နေခဲ့သည်။

လူအားလုံးတို့သည် တိတ်ဆိတ်ငြိမ်သက်နေကြသောအခါ အပေါ်မှအပူဒဏ်ကို သိလာကြပြန်သည်။ မျက်နှာတို့တွင် အဆီပြန်လျက် လူတိုင်းလူတိုင်းတို့သည် ချွေးသီး ချွေးပေါက်ကြီး များဖြင့် သီးနေကြသည်။ စံနက်ကျော်က အပေါ်သို့ မော့ကြည့်သည်။ အပေါ်မှ ကန့်လန့်ဖြတ် ပိတ်နေအောင် စီထားသော ဝါးပိုးလုံးစိမ်းကြီးများ သည် အငွေ့ထွက်နေကြသည်။

"ကျွန်တော်တို့ ဒီအပေါ် အပေါက်ထဲကဆိုရင် အပြင်ထွက်လို့ ရပ့ါမလား "

"ရတာပေါ့၊ ဒါပေမယ့် မြန်မြန်ပြေးထွက်ရလိမ့်မယ်။ အဝတ်ကို ရေဆွတ် ထားရင်တော့ ဘာမှ မဖြစ်ဘူးပေါ့။ တို့ထွက်မယ်ဆိုရင်ဘာလို့ ဒီအပေါက်ကထွက်မလဲ။ ဟိုဘက်ကျင်းမှာရှိတဲ့ ကယ်ပေါက်ကထွက်ရင် တစ်ခါတည်း စပါးကျီရဲ့အပြင်စပ်ကို ရောက်သွားနိုင်တယ်။ အေး တစ်ခုတော့ရှိတယ်၊ ငါ့ခြံထဲကို ငါမပါဘဲ ဘယ်သူမှ အပြင်ထွက်ဖို့ လည်းမဖြစ်ဘူး။ အထဲဝင်လို့လည်း မဖြစ်ဘူး။ အပေါ်က ခုန်ဝင်ပြီး ခုန်ထွက်မှရမှာပဲ "

ဖထီးသည် နေရာတိုင်းတွင် အားလုံး ဂျမ်းထောင်ထားခဲ့ဟန်တူ၏။ စံနက်ကျော်က စောရော်နီကို သတိရလိုက်မိသည်။

"ဒါဖြင့် စောရော့်နီလည်း ခြံစည်းရိုးအပေါ်က ဝင်တာထွက်တာပဲ။ ငါ့ခြံနောက်ဘက်မှာ ပိန္နဲပင် တစ်ပင်ရှိတယ်။ ကိုင်းမကြီးတစ်ခုက ခြံစည်းရိုး အပြင်ပေါ်ကျော်ထွက်နေတယ်။ ကိုင်းပေါ်မှာ ကြိုးတစ်ချောင်း ချည်ထားတယ်။ အဲဒီကြိုးကို တုတ်နဲ့ထိုးချလိုက်ပြီး ကြိုးကိုဆွဲ၊ သစ်ကိုင်းပေါ် ရောက်အောင်တက်။ အပေါ်ရောက်တော့ကြိုးကိုပြန်ဆွဲတင်။ ပြီးတော့ သစ်ပင်ပေါ်ကနေပြီး ခြံထဲဆင်းလာခဲ့။ ပြန်တော့လည်း ကြိုးကနေဆင်းပြန်။ ပြီးတော့ ကြိုးကို တုတ်နဲ့ထိုးပြီး သစ်ပင်ပေါ်ပြန်တင်ထား။ အဲဒါပဲပေါ့ "

ထိုစဉ် ဆရာမက စားစရာများ ပြင်ဆင်ပေးသည်။ စားစရာသည် ခေါပုတ်နှင့် ကြက်ကင် ဖြစ်သည်။

"ကျွန်တော်ဗျာ အစာအဖတ်မစားချင်ဘူး၊ အရည်ပဲသောက်ချင်နေတာ "

"ဒါပေမယ့် ခင်ဗျား စားလိုက်ရင်ကောင်းမယ်၊ ကျုပ်ဆီမှာ ဘရန်ဒီပါတယ်။ ဘရန်ဒီကလေး နည်းနည်းသောက်လိုက်ပါလား။

ဖထီးမှာလည်း ဆန်အရက်တွေ ရှိတယ်။ ကျွန်တော်တော့ ဖထီးဆန်အရက်ပဲ ယူသောက်နေတာပဲ။ ခင်ဗျား ဘရန်ဒီကလေး နည်းနည်း သောက်လိုက်ပါ။ ပြီးတော့မှ အစာစားပါ "

စံနက်ကျော်က

"ကျွန်တော် မသောက်ပါဘူး" ဟုငြင်းလိုက်သည်။

"အကယ်၍ ဖြစ်နိုင်ရင်တော့ဗျာ လက်ဖက်ရည် ကြမ်းကလေးများသောက်လို့ရရင် သိပ်ကောင်းမှာပဲ" ဟုပြောရင်း ပြုံးလိုက်သည်။

"ကိစ္စမရှိပါဘူးလေ၊ ကျွန်တော် ဒီအတိုင်းပဲ ကြိုးစားပြီးစားပါ့မယ်" ဟုပြောလိုက်သေးသည်။

စံနက်ကျော်သည် စားစရာများကို ယူ၍ စားလိုက်သောအခါ ဘာမှ မဖြစ်။ ခံတွင်းပျက်ခြင်းလည်း မရှိ။ စားကောင်းဝါးကောင်း ဖြစ်နေသည်။ အတော်ချည်း စားလိုက်ပြီးမှ အခြားသူများအတွက် သတိရလာသည်။

"မစားခင်တုန်းကတော့ စားချင်စိတ်မရှိသလိုဘဲ စားတော့မှ ဆာလာပြီး စားကောင်းလိုက်တာဗျာ။ တခြားလူတွေ အတွက်တောင် မနည်းချန်ရတော့မယ်"

"မချန်နဲ့ မချန်နဲ့၊ မောင်ရင် စားမှာသာစား။ ကျုပ်တို့မှာ မီးဖုတ်ပြီးသား ကြက်တွေချည်း ဆယ့်တစ်ကောင် ရှိသေးတယ်။ အခု ဟုတ်တယ်မလား"

ဆရာမက ခေါင်းညိတ်သည်။

စံနက်ကျော် သိရသည်မှာ ဖထီးသည် ကယ်ပေါက်ကြီးပေါက် သွားပြီး သည့်နောက် အပေါ်တွင် စံပယ်ရုံကြီးအုပ်လျက်သားရှိနေသဖြင့် ခေါင်းကို အပြင်သို့ ထွက်၍ အသက်ရှူသည်။ ထိုစဉ် ဘေးပတ်ဝန်းကျင် သို့ကြည့်ရာ တစ်ရွာလုံး မီးဟုန်းဟုန်း တောက်နေလျက် လူရိပ်လူခြည်ကိုလည်းမတွေ့ရ။ ငြာသံပေး၍ အော်ဟစ်နေကြသော အသံတို့ကိုလည်း ရွာအပြင်ဘက် အတော်လှမ်းလှမ်း နေရာတို့မှသာ ကြားရသဖြင့် အရဲစွန့်၍ အပြင်သို့ထွက်လိုက်သည်။

ထို့နောက် မီးဟုန်းဟုန်းတောက်လောင် ပြိုကျပျက်စီးနေသည့် မိမိ၏ အိမ်ကို လှည့်ပတ်ကြည့်ရင်း မီးဖုတ်ပြီးသားဖြစ်နေသော ကြက်ခြံထဲမှ ကြက်ကောင်တို့ကို လည်းကောင်း၊ သောက်ရေနှင့်တကွ သောအိုးနှင့် အပေါ့အလေးစွန့်ရန်အတွက် အသုံးပြုဖို့ အိုးများကိုလည်းကောင်း အပြေးအလွှား အခေါက်ခေါက်အခါခါ ယူသွင်းပေးခဲ့သည်ဟု သိရ၏။

"ဖထီး၊ အဲဒီအချိန်က အပြင်ထွက်ပြေးကြဖို့ စိတ်ကူးမရဘူး လား"

"ထွက်ပြေးလို့ဘာရမလဲဝေ့၊ သင်းတို့က ရွာကို မီးနဲ့တိုက်ပြီး ငါတို့ရွာထဲက အကောင်တွေရော တခြားရွာထဲက အကောင်တွေပါအားလုံးစုပြီးရွာပြင်က ဝိုင်းထား ကြတာပဲ။ ရွာထဲက ထွက်လာတဲ့ လူကိုဖမ်းပြီး စစ်သားကောင်ဆီ ပို့လိုက်မှာပေါ့ဟ"

"အဲဒါပေါ့ ဖထီး၊ ကိုယ့်ရွာသားအချင်းချင်း မသိချင်ယောင်ပြုနေလိုက်ရင် လူတွေအသက်ကို ကယ်ပေးသလို မဖြစ်နိုင်ဘူးလား "

"ဘယ်မှာလာ ဒီလိုလုပ်ဝံ့ပါ့မလဲဟယ်၊ တို့ရွာထဲက စစ်သားတွေ နားကပ်ပြီး ရွာထဲမှာ အနိုင်ကျင့်နေတဲ့လူက မျက်နှာလုပ်ပြီး စစ်သားကိုပြောလိုက်ရင် ကယ်ပေး လိုက်တဲ့လူ အသတ်ခံသွားရမှာပေါ့ "

"အဲဒီလို လူမျိုးတွေကိုလည်း ရွာထဲက မောင်းထုတ်ပစ်ဖို့ကောင်း တယ်နော် "

"ဘယ်ကုန်နိုင်ပါ့မလဲ ဝဲ့၊ ငါတို့ လက်တွေလိုပေါ့ ရှည်တဲ့ လက်ချောင်းက တစ်ချောင်းသာ ရှိပြီး တိုတဲ့လက်ချောင်းက လေးချောင်းရှိကြရတယ် မဟုတ်လား "

စံနက်ကျော်သည် စကားတပြောပြောနှင့် ကြက်တစ်ကောင်လုံးကုန်သွားခဲ့သည်။ ဝမ်းတောင့်လာသော အခါ အင်အားပြည့်လာသကဲ့သို့ ဖြစ်သည်။

ထို့နောက် မကြာမီ ပူပူလောင်လောင် အိုက်စပ်ချွေးပြန်နေသည့် နေရာ၌ပင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ခဲ့သည်။ ဤလိုနှင့် နှစ်ရက်ခန့်အတွင်း စံနက်ကျော် အင်အားပြည့် လာခဲ့သည်။ ခြေထောက်တစ်ချောင်းလုံး ရောင်နေလျက် ရှိသော်လည်း ဒဏ်ရာ၏ အခြေအနေမှာ အလွန်ကောင်းမွန်နေသည်။ ဒဏ်ရာကို တိုက်ရိုက်ထိမိမှ သာ နာလျက် ခြေထောက်ကို လှုပ်နိုင်ထောက်နိုင် ရွေ့ပြောင်းနိုင်လာသည်။

အခြားပြုလုပ်ဖွယ် မရှိဘဲ အမြဲလှောင်အိုက်နေသည့် နေရာဖြစ်ရာ ဖထီးနှင့် မေရျာရောဘတ်တို့ကမူ ဆန်အရက်ကို သောက်လိုက်၊ ဖက်ဆစ်သရဲကောင်တွေ၏ လူမဆန်မှု၊ အပြောတခြား အလုပ်တစ်မျိုး ပြုလုပ်မှုတို့ကို ပြောလိုက်ဖြင့် ပျင်းရိဖွယ်သော အချိန်တို့ကို ကုန်လွန်အောင် ဖန်တီးနေကြ၏။ ဖထီးက မေရျာရောဘတ်ကို မိမိ၏ အတွေ့အကြုံတို့ကို ပြောပြရာ၌ ပြုံးဖွယ်ရယ်ဖွယ် စိတ်ဝင်စားဖွယ် ရွံရှာမုန်းတီးဖွယ်တို့ဖြင့် အမြဲရောပွမ်းနေတတ်၏။

ဖက်ဆစ်သရဲတွေက သူတို့ခေတ် သူတို့အချိန်သို့ ရောက်လာလျှင် တစ်တိုင်း တစ်ပြည်လုံး ရတနာပေါ၍ ပြန့်ပြောကြွယ်ဝလာရမည်။ လူမွဲတွေက မနေးခေတ်မီ

သူဌေးဖြစ်လာရမည်။ ကျောင်းတွေ ဆောက်လိုက်၊ ဘုရားတွေ တည်လိုက်ဖြင့် အမြဲပျော်ရွှင်နေကြရမည်။

ဘာမဆို ဗမာ့တန်ခိုးခေါ်ရအောင် နှစ်ဆတိုးလာရမည်လို့ ပြောသည်။ နောက်တိုးမယ့် တိုးတော့ ဘယ်နှစ်ဆကမလဲ၊ အဆတွေအများ ကြီးတိုးလာတာပေါ့။ ဘာကလေး ဝယ်လိုက်ဝယ်လိုက် လေးဆ၊ ငါးဆပဲ။

အရင်က တစ်ထုပ်နှစ်ပြားပေးရတဲ့ ကောက်ညှင်းထုပ် တစ်ထုပ်ကို အခု ငါးမူးစင့်ငါးဆယ်ဗျာ။ အဆတွေ အများကြီးတိုးလာလို့ ဘယ်ဆင်းရဲသားရဲ့ ကလေးကမှ ဝယ်မစားနိုင်တော့ဘူး။

"ပြောတုန်းကတော့ ဆင်းရဲသားတွေအတွက် အဝတ်အထည်တွေ ဆိုတာ ဘယ်လို ပေါလာမှာကိုး။ တကယ်ကျုပ်တို့ လက်တွေ့တွေ့ကြရတော့ သပေ့ါဖျာတို့၊ ဂုန်နီအိတ် တို့ကို အဝတ်အဖြစ်နဲ့ ပတ်ပြီး မရှက်နိုင်မကြောက်နိုင် နေကြရတာဗျ။ ဒီကောင် လက်ထက်မှာ ရေထဲက အလကားရတဲ့ ငါးတွေ၊ ပုဇွန်တွေတောင် ရှားပါးပြီး ငါးဆ၊ ဆယ်ဆလောက် ဈေးကြီးလာရတာပဲ။ဒါနဲ့များ သူတို့က သူတို့လက်ထဲမှာ သိပ်ကောင်း အားကြီးကောင်းနဲ့ မရှက်မကြောက်မျက်နှာပြောင်တိုက်ပြီး ပြောလည်း ပြောရဲပဲ့ဗျာ "

"ကျုပ်တို့ လူမျိုးကလည်း သူတို့မျက်စိရှေ့မှာ သူတို့ရဲ့အုပ်စိုးမှု အောက်ကို ရောက်လာတဲ့ အချိန်ကစပြီး တဖြည်းဖြည်း ကြည့်ရင်းကြည့်ရင်း စုတ်၊ ပြတ်၊ ငတ်၊ မွဲတဲ့ အဖြစ်မျိုးကို ဖြစ်ဖြစ်လာနေရတာ ကိုယ်တိုင် သိနေကြပါရက်နဲ့လည်း အခုမှပဲ တကယ့်ချမ်းသာမှု ရတော့တယ်၊ အခုမှပဲ တကယ့်အနောင်အဖွဲ့တွေက လွတ်မြောက် လာရတော့တယ်နဲ့ သူတို့အကြိုက် လိုက်ပြောနိုင်ကြသဗျ။ ဒါနဲ့များ ရာဇဝင်ပြောင်ခဲ့တဲ့ လူမျိုးတဲ့။ အရင်တော့ မပြောတတ်ဘူး။အခုအဖြစ်ခံရတဲ့ ရာဇဝင်များ အမှန်အတိုင်း ရေးမှတ်ထားရရင်ကျုပ်တို့ ဗမာပြည်သားက ကရင်တွေရော၊ ရှမ်းတွေရော၊ ဗမာတွေပါ အားပေ့ါဗျာ။ ဘယ်လောက် ကြောက်ချီးပါတတ်ကြတဲ့ အကောင်တွေမှန်း တခြား လူမျိုးတွေက သိကုန်ကြမယ်လို့ "

ဖထီး၏ ကောက်ညှင်းအရက်ကလေး ထွေထွေဖြင့် မကျေနပ်တိုင်း ပြောနေသည့် စကားကို ရောဘတ်က ရယ်၏။ စံနက်ကျော်က ပြုံး၏။ သို့သော် ဆရာမက မပြုံးနိုင်။ ဆရာမ၏ မျက်နှာမှာ အမြဲလေးနက် တည်ငြိမ်နေသည်။ ယောကျ်ားတွေ၏ အကြားတွင် မိန်းကလေး ဖြစ်နေရသောကြောင့် ကျွန္တြေစောင့်စည်း နေခြင်းမျိုးလည်း မဟုတ်။

စံနက်ကျော်သည် မိမိဝေဒနာ သက်သာကြောင်း၊ မိမိခြေထောက် လှုပ်နိုင် ထောက်နိုင်ပြီး ဖြစ်ကြောင်းပြော၏။

ဆရာမ စိတ်ပြေလက်ပျောက် ဖြစ်အောင် ဆရာမနှင့် စကားလက်ဆုံကျအောင် ကြိုးစား၏။ ဆရာမသည် စံနက်ကျော်၏ မျက်နှာကို မျက်လုံးညိုကြီးဖြင့်သာ စူးစူးစိုက်စိုက် ကြည့်နေတတ်သည်။

ထို့နောက် စံနက်ကျော်၏ လက်ကိုဆွဲယူ ကာ တအားဖျစ်ညှစ် ဆုပ်ထား တတ်သည်။

ထို့နောက် တစ်ချက်မျှပြုံးသလိုပြုပြီး လက်ကိုလွှတ်လျက် အခြားပြုဖွယ်ရာ တစ်စုံတစ်ခုကို အကြောင်းရှာ၍ လုပ်ကိုင်နေတတ်သည်။

စင်စစ် ဆရာမသည် ပြင်းထန်သော စိတ်ဝေဒနာ ကို ခံစားနေရခြင်း ဖြစ်သည်။ ထိုစိတ်ဝေဒနာတို့သည် ဆရာမ၏ နှလုံးသားထဲ၌ ရောထွေးနေသည်။

မိမိရှိရာသို့ ရောက်လာသော ဒုက္ခ သည်ယောကျ်ားတစ်ဦး။ ထိုဒုက္ခသည် ယောကျ်ားကလည်း တပ်မက်မောဖွယ် ကောင်းသော စိတ်ထား။ တပ်မက် မောဖွယ်ကောင်းသော အသွင်အပြင်ဟန်ပန် ရှိသည့်ယောကျ်ား။ ထိုယောကျ်ားက မိမိ၏ အရက်ကို လည်းကောင်း၊ မိမိ၏ အသက်ကို လည်းကောင်း လုယူရန်အတွက် ရန်ရှာလာသူ၏ အသက်ဖြင့် လဲယူလိုက်သည်။

ဤတွင် မိမိအသက်ရှင် ကျန်နေရေးအတွက် အသတ်ခံလိုက်ရသည့် သေဆုံးကျန်ရစ်သူကို အကြောင်းပြု၍ များစွာသော ကလေးများ၊ မိန်းမများ၊

ယောက်ျားများတို့ အသတ်ခံလိုက်ကြရသည်။ အိုးအိမ်စည်းစိတ်တွေ ရွာလုံးကျွတ် မီးအတိုက်ခံထားရသည်။

ဤအဖြစ်သည် မိမိကြောင့်လား သို့မဟုတ်မိမိဆီသို့ မိုးပေါ်က ကျသလို ရောက်လာခဲ့သည့် မိမိ တပ်မက်မိသလို ဖြစ်နေသော ဤဒုက္ခသည် ယောက်ျားကြောင့် ပေလား။

အပြစ်ကင်းမဲ့သော ကလေး၊ လူကြီးရပ်သူရွာသား လူအများတို့သေကျေ ကြရလျက် အိုးအိမ်စည်းစိမ်တို့ကိုပါ ဆုံးရှုံးစေသည်။ ဤအမှုမျိုး ဖြစ်လာစေခဲ့သူကို ဘုရားသခင်သည် ခွင့်လွှတ်ပါမည်လား။ ဤဖြစ်ရပ်အတွက် ဘုရားသခင်သည် မိမိကို အပြစ်ဒဏ်ပေးမည်လား သို့မဟုတ် ဒုက္ခသည် ယောက်ျားကို ပြစ်ဒဏ်ပေးမည်လား။

ဆရာမသည် မိမိအား ပြစ်ဒဏ်ပေးမည်ကိုလည်း ကြောက်ရွံ့၏။ ဒုက္ခသည် ယောက်ျားကို ပြစ်ဒဏ် ပေးလိုက်လိမ့်မည်ကိုလည်း ပို၍ ကြောက်၏။

ဒုက္ခသည် ယောက်ျားသည် ဆရာမ၏ စိတ်ကို လည်းကောင်း၊ ဆရာမ၏ ကိုယ်ကို လည်းကောင်း၊ မိမိကိုယ်မိမိ တွေ့သိနေရသကဲ့သို့ ဆရာမကလည်း ဒုက္ခသည်ယောက်ျား၏ စိတ်ကိုလည်းကောင်း၊ ကိုယ်ကိုလည်းကောင်း မိမိကိုယ်ကဲ့သို့ တွေ့သိနေရသည်ဟု ထင်၏။

သတိကင်း နေသည့် ဝေဒနာရှင် ဒုက္ခသည်ကို ပွေ့ပိုက်ပြုစုရင်း ကြင်နာသော စိတ်ဖြင့် လည်းကောင်း၊ တပ်မက်သော စိတ်ဖြင့်လည်းကောင်း ကြည့်မြင်ထိတွေ့ နေမိရာမှ နှစ်ခုသော ကိုယ်သည် တစ်ခုတည်းသော ကိုယ်အဖြစ်ကဲ့သို့ ထင်မှတ်လာကာ ထိုယောက်ျား၌ ရရှိထားသော ဒဏ်ရာသည် မိမိကိုယ်တွင် ရရှိခံစားနေရသကဲ့သို့ နာကျင်ခံခက်လာ၏။

ဤသို့ အကြိမ်ကြိမ် ဖြစ်ခဲ့ရခြင်းတို့သည် ဆရာမ၏ နှလုံးသား၌ အမှတ်ထင်နေ၏။ ဆရာမ၏ အသည်းထဲတွင် စွဲဝင်နေ၏။ ဆရာမသည် ဤယောက်ျားကို ဘုရားသခင်က ပြစ်ဒဏ်ပေးမည် ဆိုက မိမိကို ပြစ်ဒဏ်ပေးမည် ထက်ပင် ပို ၍ စိုးရိမ်နေရှာသည်။

ဤအတွင်း ဆရာမသည် ယှဉ်ပြိုင်ကြည့်စရာ၊ သိစရာကိုလည်း တွေ့လာရ၏။ မြန်မာပြည်ပေါက် ဖြစ်၍ မြန်မာရည်လည်လှသောမေရှာရောဘတ်သည် ခရစ်ယာန် ဆရာမကလေးနှင့် တွေ့သိကြရာ၌ ထုံးတမ်းစဉ်လာ အနေဖြင့် အမျိုးသမီးကို ဦးစားပေး ရသည့် ချော့မြူသော သာယာမှုအားလုံးတို့ကို ပေးနေ၏။

အမြဲချော့မြှောက် ပျော်ပြုံးသော အလိုဆန္ဒကိုသာ ဆွယ်သည့် မျက်လုံးတို့ဖြင့် ရွှင်ပျပျ ကြည့်တတ်၏။ ရောဘတ်၏ အပြုအမူအားလုံးတို့သည် ညကပွဲတွင် မိမိနှင့် တွဲကရန်အတွက် ဖိတ်ခေါ်ရမည့် မိန်းကလေး ကို ဆက်ဆံသည့် ဆက်ဆံယုယမှုမျိုး။

ရောဘတ်က ဤသို့ ပြုမူချော့မြူတိုင်း ဆရာမ၏ ရင်ထဲ၌ စံနက်ကျော်ကို တွေးမိရသည်။ သတိလစ်နေသည့် စံနက်ကျော်၏ မျက်နှာကို အမှတ်မထင် ကြည့်မိသွားရသည်။ စံနက်ကျော်က ရောဘတ်ကဲ့သို့ ချော့မြူခြင်းမျိုးမပြု။

လူချင်း တွေ့သိကြသည်နှင့် လွှမ်းမိုးနိုင်သော အရှိန်အင်အားတို့ကို စံနက်ကျော်ဆီမှ အရိုက်အခတ်ခံရသည်။ ထို့နောက်ရင်ထဲသို့ဝင်ကြည့်လိုက်သလားဟု လှုပ်ရှားဖိုရှိုက် မိအောင် နက်ရှိုင်းစွာဝင်ရောက် လာသော စူးစိုက်သည့် မျက်လုံးဖြင့် ထိတွေ့ရသည်။

တစ်ချိန်တည်းပင် မျိုးသိပ်စောင့်စည်းကာ ဣန္ဒြေကြီးစွာဖြင့် အတည်ငြိမ်ဆုံး ပြောဆို ဆက်ဆံပြုမူမှုတို့ကို တွေ့လာရသည်။ ထို့နောက် မိန်းကလေးတစ်ယောက် အနေဖြင့် ခံပြင်းအသည်းယားစရာ သို့မဟုတ် စိတ်လှုပ်ရှားမခံချိစရာ ဖြစ်နေစေရ တတ်သေးသည်။

သူသည် သူ၏ ကြင်နာတတ်မှုနှင့် စေတနာကောင်းမွန်မှု၊ အနစ်နာခံတတ်မှုတို့ကို ပင် ဣန္ဒြေကြီးများ၊ ယောကျ်ားသားတို့၏ မာနကြီးများဖြင့် ဖုံးလွှမ်း၍ အရုပ်ဆိုးစေပြီးမှ ပြုတတ်သည်။ သူက ထိုသို့ပြုလုပ်ခြင်းကြောင့် တစ်ဖက်မှ မိန်းကလေးတို့သည် မိမိအပေါ် စေတနာဖြင့် ကူညီမှုကိုပင် ခင်မင်ရီးနီးစွာ ကျေးဇူးတင်ရမည့် အစား သူ့အပေါ်၌ မကျေမချမ်း ဒေါသဖြစ်နေရသည်။

ထိုထက်ပို၍ ဆိုးသည်ကား သူကတမင် ဤသို့ ဒေါသဖြစ်နေအောင်သူ၏ ဆောင်ရွက်ချက်ကို ကျေးဇူးမတင်၊ ခင်မင်ရင်းနှီးမှုမဖြစ် လာအောင် တမင်ပြောဆို ပြုမူနေမှန်း ရိပ်မိသိတွေ့လာသောအခါ ဤတွင်သူ့အတွက် ပို၍ အသည်းယားရသည်။ ပို၍ဒေါသဖြစ်ရသည်။ သို့သော် ထိုဒေါသက သူ့အကြောင်းကို မသိမီက ဖြစ်နေရသည့် ဒေါသနှင့်မတူသောချစ်ဒေါသ၊ သူ့ကို ကုတ်ချင်ဖဲ့ချင်စိတ်ရှိတိုင်း ထုရိုက်ပစ်ချင်လိုက်သော အားမလိုအားမရဒေါသ။

"ဘာလို့ ရှင်က ဒီလိုလုပ်နေရတာလဲ"

ဟု မပေါ်ပေါ်အောင် မေးလိုက်ချင်သော ဒေါသ။ သူ့ကိုတွေ့ရ သိရပြီးစဉ်က အမှတ်မထင်မျှ ရှိနေခဲ့ရသော်လည်း နှိုင်းယှဉ်စရာ ရောဘတ်ပေါ်လာသောအခါ ...

ဖိုးရွှေလမင်း ဖြူဝင်းဝင်းကြီးက ပေးသည်ဆိုသော ထမင်းဆီဆမ်း ရွှေလင်ပန်းကြီး လို "ဝါဝါ ဝါဝါ" မြည်၍ စားလိုက်ရခြင်းနှင့် အမေ နို့ကြီး အုန်းသီးခြမ်း လောက်ကို ဆွဲလှန်စို့လိုက်ရသည့် ကလေးငယ် တစ်ယောက်တွေ့သိနေရသည့် ခြားနားမှုကဲ့သို့ ခြားနားနေကြောင်း သိလာရသည်။ယခုလည်း သူကပြောနေပါသည်။ ဒီဖြစ်ရပ်တွေ အားလုံးဟာ သူ့ကြောင့် ဖြစ်ရတာပါတဲ့။

ဘုရားသခင်က ပြစ်ဒဏ်ပေးရင်လည်း သူ့ကိုပဲပေးမှာပါတဲ့။ အခုသူခံနေရ တာလည်း ဆရာမတို့ ဘုရားသခင်က ပြစ်ဒဏ်ပေးလိုက်တာ ဖြစ်ချင်ဖြစ်မှာပါတဲ့။ ဒါကြောင့်သူဟာ ဒီကနဲ့ အတူမနေလိုပါတဲ့။ ဒါမှ မဟုတ်ရင် သူက သွားမယ်တဲ့။လူတွေ အများကြီးနဲ့ နေရတာထက် သူတစ်ယောက်တည်း ဆိုရင် သူ့အတွက် ပိုပြီး ပုန်းရှောင်ရ လွယ်တယ်တဲ့ရှင်။

ဒါဟာ သူ့ကြောင့် တခြားလူတွေ ဒုက္ခ ရောက်မှာစိုးတာကို ရိုးရိုးမပြောဘဲနဲ့ သူများကို သူက ရန်ရှာလာဟန်နဲ့ပြောတာ။ ဖထီးနဲ့ရောဘတ်တို့ကတော့ သူဒီလိုပြောတာ စိတ်မကောင်းဘူးပေါ့။ ဒီကတော့ သူ့အကြောင်း သိထားနေပြီးဆိုတော့ ဘာရမလဲ သာဝရာလို့ ထထပြီး အော်ချင်လိုက်တာ။

ဆရာမ၏ ဝမ်းထဲ၌ ဤအတိုင်း တွေးထားသည်။ ဤအတိုင်းသိနေ၏။ ရောဘတ်က လူကောင်ကြီးထွားထွားကျားကျား မြင်နေရသလောက် ယခုကဲ့သို့ ဒုက္ခကြီးတွေအကြား၌ပင် မိမိစိတ်ပျော်ပျော် သက်သက်သာသာ အချိန်ကုန်နိုင်ရေးကိုသာ အမြဲကြည့်နေတတ်သည်။

ဤနေရာမှ လွတ်မြောက်ကြလျှင်လည်း အလွယ်တကူ ပြန်သွားနိုင်ရေးနှင့် ဤနယ်သို့ တာဝန်ဖြင့် ရောက်လာလိမ့်မည့် မေဂျာဘွိုက်တို ဆိုသူကို တည်းခိုပုန်းဝှက်ပေးထားမည့် နေရာတစ်ခု စီစဉ်သွားနိုင်ရေး အတွက်သာလျှင် အမြဲတွေးတောပြောဆိုနေသည်။ သူ၏ အလုပ်ကို သာစိတ်ဝင်စားသည်။

စံနက်ကျော်က ထိုသို့မဟုတ်။ မိမိကြောင့်ဘေးလူများ တာဝန်ကြီးနေမည်ကို အမြဲစိုးရိမ်လျက် ဘေးလူတွေ စိတ်ချမ်းသာ ပျော်ရွှင်ရေးကိုသာ အမြဲတွေးသည်။ အမြဲပြုသည်။ ဘေးလူတွေကိစ္စကို မည်သို့ကူညီရပါ့မလဲ ဟုသာ အမြဲကြံစည်ပြောဆိုသည်။

ထို့ပြင် လတ်တလော တွေ့ကြုံနေသည့် အခြေအနေဆိုးက အားလုံးလွတ်မြောက်အောင်မည်သို့ နည်းလမ်း ရှာရပါ့လဲ ဟုလည်းအမြဲကြံစည် ပြုလုပ်နေသည်။

သူသည် ယခုအနည်းငယ် လှုပ်နိုင် ရွေ့နိုင်လာသည့် အချိန်၏ နောက်ပိုင်း၌ ကယ်ပေါက် ရှိရာသို့ အမှတ်မထင် ထွက်ထွက်သွားတတ်သည်မှာ ဆရာမ သတိထားလိုက်မိသမျှပင် လေးကြိမ်ရှိခဲ့လေပြီ။

ရောဘတ်သည် တစ္ဆေကြီးလို လူကောင်ကြီးထွားသော်လည်း တကယ်အားကိုးစရာ ယောကျ်ားပီသသော ကျားကျားလျားလျား စိတ်ထားမျိုး မရှိ။စံနက်ကျော်က ဗမာ့မျက်လုံးနှင့် အတော်ကြည့်ပျော်ရုံမျှ ထွားထွားလှလှ ဖြစ်သော်လည်း အမျိုးအကျိုးကိုသယ်ပိုးရင်းမိမိ အနစ်နာ ခံနိုင်သည့် ယောကျ်ားပီပီစိတ်မျိုးရှိ၏ဟု တွေ့သိလာသည်။

ယခုလည်း ဆရာမသည် ဖျတ်ခနဲ အိပ်ရာမှ လန့်နိုးလာသည်။ လေးယောက်သားတို့သည် လေးဖက်အလုံရှိသော ပုန်းခိုကျဉ်းထဲ၌ ဖြစ်သလို အိပ်ပျော်ခဲ့ရာမှ လန့်နိုးလာခြင်း ဖြစ်၏။

ဖြစ်သလို ဟူသောစကား၌ စံနက်ကျော်သည် အခြားသူများ ခြေဆန့်လက်ဆန့် အိပ်နိုင်စေရေး အတွက် မြေကြီးပေါ်မှာ ခေါင်းချမအိပ်တတ်ဟု အကြောင်းပြပြီးလျှင် ပုန်းကျင်း၏ ထောင့်တစ်ထောင့် ကိုမှီ၍ အမြဲခွေခွေကလေး ငုတ်တုတ်အိပ်လာသည်။

ဆရာမသည် စံနက်ကျော် ရှိနေလိမ့်မည့်ထောင့် မမြင်ရသည့် အမှောင်ထဲသို့ စိတ်ကူးဖြင့် ထင်မြင်လာအောင် ကြည့်ရှု့တွေးတောရင်း အိပ်ပျော်ခဲ့ရသည်ချည်း ဖြစ်သည်။

ထိုအချိန်မျိုး၌ ဖထီးနှင့် ရောဘတ်တို့သည် ကောက်ညှင်းအရက်ကို တစစ်စစ်စုတ်ရင်း ခြေပစ်လက်ပစ် ဖြစ်နေကြကာ သောင်းပြောင်းထွေလာ ပြောဆို နေကြလေပြီ။ ထို့နောက် စကားသံများ တဖြည်းဖြည်း မပီမသလေးလံလာကြမှ ဟောက်သံ ပေါ်ထွက်လာတတ်ကြစမြဲ။

အိပ်မပျော်သေးသော ဆရာမသည် နေရာမှ လူးလဲထကာ မီးခြစ်၍ မီးထွန်းလိုက်တိုင်း ပုန်းကျင်း၏ ထောင့်စွန်းတွင် ကွေးကွေးကလေး မှီထိုင်နေသော စံနက်ကျော်ကို မျက်လုံးအပွင့်သားနှင့် တွေ့နေရတတ်သည်။ သူက မပွင့်တပွင့် ပြုံးပြသည်။

"ဆရာမ အိပ်မပျော်ဘူးလား" ဟု မေးသည်။

"အိပ်မရရင် စားစရာကလေးတစ်ခုခု စားလိုက်ပါလား၊ ဗိုက်ပြည့်သွားရင် အိပ်ချင်လာတတ်လေ့ ရှိတယ်။ ကျွန်တော်လည်း တစ်ခုခု စားချင်သလိုပဲ" ဟုပြောတတ် သည်။ ပြီးတော့ သူက တကယ်မစားစားချင်ယောင်ပြု ရုံမျှ။

ယခုလည်း ဆရာမ အိပ်ရာက နိုးလာပြန်သည်။ ရောဘတ်နှင့် ဖထီးတို့ ဟောက်နေသံကို ကြားနေရသည်။သို့သော် သူ ငုတ်တုတ်အိပ်လေ့ရှိသော ထောင့်မှ အိပ်မောကျနေသည့် တရှူးရှူး အသက်ရှူသံကိုမကြားရ။

ဆရာမက ဖယောင်းတိုင် ထွန်းလိုက်သည်။ သူ့ကိုမတွေ့။ ရေစိုသောတွင်းဘက်သို့ ဆရာမက ဖယောင်းတိုင်ဖြင့် ဝင်ခဲ့သည်။

ကယ်ပေါက်ဘက်မှ လေတဟူးဟူး ဝင်လာသည်။ ဆရာမက ဖယောင်းတိုင်ဖြင့် ရှေ့သို့ လှမ်းကြည့်ဆဲဝင်နေသည့် လေများပိတ်သွား၏။ ထို့နောက်သူရှေ့သို့ရောက်လာ၏။ သူက ဘာမပြောဘာမဆို လက်ကိုလာဆုပ်သည်။ ပြီးတော့ မျက်နှာကိုကြည့်သည်။ မျက်လုံး ဆိုင်နေရသောကြောင့် သူ့မျက်လုံးညိုကြီးထဲက ချစ်ရည်လဲ့လဲ့ ကိုမြင်နေရသည်။ သူက တဖြည်းဖြည်း ပြုံးလာသည်။

"ကဲ အထဲကို ပြန်သွားကြစို့"

သူက ဆုပ်ကိုင်ထားသည့် လက်ကို လွှတ်ပေးလိုက်သောကြောင့် နွေးထွေး လှုပ်ရှားလာသောရင်ဖြင့် ပုန်းကျင်းဘက်သို့ ပြန်ဝင်လာခဲ့သသည်။ အတွင်း သို့ရောက်မှ သူ့ကိုသတိထားမိသည်။ ပြုံးချင်ရယ်ချင်သလိုဖြစ်လာရသည်။

သူ့ကိုယ်မှာ ဝတ်ထားသည်က ဆရာမ ချုတ်ထားသော သင်တိုင်းမည်းကြီး။ ဆရာမပြုံးသည်ကို မြင်သော်လည်း သူကခပ်တည်တည်ပင်။ "ညဘက်ဆိုတော့ ဒီလို အဝတ်မည်းတွေက မလှုပ်ရှားဘဲ ငြိမ်နေလိုက်ရင် ရုတ်တရက် ရန်သူက ကိုယ့်ကို မမြင်နိုင်ဘူး။ အဲဒါကို အခုဆရာမ ဝတ်ရမယ်"

"ဘာပြုလို့လဲ၊ ကျွန်မမှာ အဝတ်မည်းတွေ ရှိပါတယ်။ ဖထီးယူလာတဲ့ အဝတ်တွေထဲက ဖထီးသမီးတွေ ဝတ်တဲ့ လယ်ဝတ်အင်္ကျီအမည်း တစ်ထည်ပါလာတယ်။ အဲဒါအပေါ် က ဝတ်လိုက်ရင် အခု ခါးက လုံချည် အမည်းနဲ့ပြီးတာပဲ"

"ကဲ- ဒါဖြင့် မြန်မြန်ဝတ်"

စံနက်ကျော်က ပြောပြောဆိုဆို ဖထီးနှင့် ရောဘတ်တို့ကို နှိုးသည်။ မူးကလည်းမူး၊ အိပ်မောကလည်း ကျနေကြသောကြောင့် ရုတ်တရက် နှိုး၍မရ။ အတော်ကြီးကြာမှ နိုးလာ၏။ အပြင်တွင် ခါတိုင်းညတွေနှင့် မတူဘဲ ထူးဆန်းသည့်အသံတွေကိုကြားရသည်။ သို့သော် ရွာကိုပတ်၍ စောင့်နေကြသည့်သူများကို ယခင်ညတွေကကဲ့သို့ မတွေ့ရ။ ပြန်ရုတ်သွားကြဟန်တူသည်ဟု ပြောသည်။

ဖထီးက

"နောက်တစ်ရက်လောက် အောင့်နေလိုက်ပြီး နောက်ညတွေ ကျမှ အေးအေး ဆေးဆေး ထွက်သွားကြတာပေါ့။ ဒီမှာအစောင့်တွေ ကင်းရှင်းသွားရင် စောရော့်နီ လာခေါ်မှာပါ " ဟုပြောပြောဆိုဆို အရက်ပုလင်းရှိရာ ဆီသို့ လက်လှမ်းသည်။

"မဟုတ်ဘူး ဖထီး၊ ခဏလေးထွက်ကြည့်ပါဦး။ အခြေအနေတွေလည်း အဝေးဘက်မှာ လှမ်းမြင်နေရတယ်။ ရွာအပြင်က ဝိုင်းစောင့်နေတဲ့ အစောင့်တွေကိုသာ မတွေ့ရတာ "

စံနက်ကျော်က အားလုံး စုစုစည်းစည်း အသင့်ရှိနေစေချင်သည် ဆိုသောကြောင့် လေးယောက်လုံး ကယ်ပေါက်ဝသို့ ထွက်လာကြရသည်။ ရောဘတ်၏ လက်နက်များ ကိုလည်း ယူလာကြရ၏။ ကယ်ပေါက်ဝသို့ ရောက်သည်နှင့် အော်သံဟစ်သံ ဆူဆူညံညံ အသံတို့ကို ကြားကြရသည်။ ဖထီးက ဝမ်းမြောက်ဝမ်းသာ ကယ်ပေါက် အဝမှ စံနက်ကျော် ရှိရာ သို့ခုန်ထွက်လိုက်သည်။

"ဒါ စောရော့်နီ အသံပဲ၊ တို့ကို လာခေါ်တာ" လူအားလုံးတို့ ဝမ်းသာသွား ကြသည်။

"ဒီလိုဆိုရင် ကျွန်တော်တို့ အခုညတွင်းချင်း စာဖြူဝွကြီးကိုဖြတ်ပြီး ထိယာလီဘက် မနက်ရောက် အောင်သွားကြမယ်။ ဟိုရောက်ပြီး သန်ဘက်ခါလောက် ဆိုရင် ကျွန်တော်ရဲ့ အပြန်ခရီးကို စနိုင်မှာပဲ "

ရောဘတ်က အားတတ်သရော ပြောနေခြင်းဖြစ်သည်။ ရောဘတ်၏ စကားမဆုံးမီပင် ဖထီးက လက်ပြ၍ နားထောင်ခိုင်းသည်။ သစ်ပင်ရိပ်အမှောင်တွင် ရပ်နေကြသော လူလေးယောက်တို့၏ တက်ကြွမှုသည် တစ်ခဏချင်း ပျက်ပြယ် တိတ်ဆိတ်သွားသည်။

လဆုတ်ရက်၏ မှိန်မှေးမှေး လခြမ်းစိတ်ကလေးသည် ကောင်းကင်ကျယ်ကြီးတွင် ကြယ်ပြောင်ကလေးများနှင့် အတူ အားငယ်စရာ မျောပါနေရသည်ကို ယခုလို ငြိမ်သက်သွားမှ ဆရာမက သတိပြုမိလာသည်။

"ဒီအော်သံက တစ်ခုခုဖြစ်လို့ အော်တဲ့ အသံ" စံနက်ကျော်၏ စကားကို ဖထီးက ခေါင်းညိတ် ထောက်ခံလိုက်သည်။

"ဟုတ်တယ် ကျုပ်ပြပါ့မယ်၊ ကျုပ်မပြဘဲ မနေဝံ့တော့ပါဘူး။ ဒါပေမယ့် သူတို့ အခုပုန်းကျင်းထဲက ထွက်သွားကြပါ။ သူတို့ မရှိတော့ပါဘူးတဲ့။ ဒီကောင်အော်တာ ထွက်သွားကြပြီလို့ အော်တာ မဟုတ်ဘူး။ ထွက်သွားကြပါလို့ အော်နေတာ ဟုတ်တယ် မဟုတ်လား အခု"

ဆရာက ဖထီး၏ အမေးကို ခေါင်းညိတ်ပြလိုက်ကြောင်း လရောင်ရေးတွင် မြင်လိုက်ကြရသည်။ ထိုစဉ် စံနက်ကျော်က

"ဒါ ဒီလိုရပ်နေလို့ မဖြစ်ဘူး၊ သိပ်နီးလာပြီ။ အခုလူက နည်းပေမယ့် ဒီအိမ်လောက်တော့ သူတို့က ဝိုင်းထားလိုက်နိုင်မှာ "

ဟုပြောပြောဆိုဆို သစ်ပင်အောက်မှ ခြံစည်းရိုးဆီသို့ ထွက်လိုက်သည်။

စံနက်ကျော်သည် လူက ထော့နင်းထော့နင်း ဖြစ်နေသော်လည်း ဆရာမ၏ လက်ကို သူကဆွဲလျက် သူက ရှေ့က အပြေးကလေးသွားသည်။ ရောဘတ်နှင့် ဖထီးတို့လည်း ဆရာမ၏ နောက်မှ ကပ်လျက်ပါလာသည်။ ခြံဘေးတစ်နေရာတွင် ထော့နင်းထော့နင်းဖြင့် ရှေ့ကပြေးနေသော စံနက်ကျော်သည် အင့်ခနဲ အသံလွတ်ထွက်သွားရင်း ရှေ့သို့တစ်ပတ်၊ နှစ်ပတ်လိမ့်သွားသည်။ သူသည် ဆရာမ၏ လက်ကို လွှတ်ထားပစ်ခဲ့ သောကြောင့် ဆရာမက ဘာမှ မဖြစ်။

သူကချက်ချင်း လူးလဲထရင်း-

"ဘာမှ မဖြစ်ပါဘူး၊ ခလုတ်တိုက်ပြီးလဲတာပါ" ဟုပြောသည်။ သို့သော် ဒဏ်ရာရှိသော သူ့ခြေထောက်ကို အလိုလို မရုတ်သိမ်းနိုင်သောကြောင့် လူ့လက်နှစ်ဖက်ဖြင့် ဆွဲကိုင်မယူနေသည်ကို လရောင်ရေး၌ မြင်နေရသည်။ သူက ဆရာမဘက်သို့ လှည့်မော့လိုက်၏။

"ဆရာမ နောက်ဆုတ်၊ ဖထီးဒီမှာ ခဏထိုင်နေစမ်းပါ။ ပေဟာဒါကြီးကို ဆွဲထုတ်လိုက်ရင် ကျွန်တော်တို့ ဒီအပေါက်က ထွက်လို့ရလား"

ခြံထဲသို့ တိုးဝင်သဖြင့် ဖထီးဂျမ်းထောင်ထားသည့် ဂျမ်းကပ်ထိသောကြောင့် လုံမျာ၊ ဝါးစူးများ ဖြင့်သီထားသကဲ့သို့ ဖြစ်နေသော လူသေအလောင်း တစ်လောင်းဖြစ်၏။

အနံ့ပင် ထွက်နေလေပြီ။ ရွာသားတို့သည် ထိုလူတစ်ယောက် သေနေသည်ကို သိပုံမရ။ မည်သည့် အုပ်စုထဲသို့ ပါသွားလေသနည်းဟု အမှတ်မထင်နေနေကြပေလိမ့်မည်။

"အေး - ရတယ်၊ အဲဒါကြီး ဆွဲထုတ်ပြီး ဒီအပေါက်ခြံပြင်ကို ထွက်လိုက်ရင်ပြီးတာပဲ"

ဖထီးက ဂျမ်းထောင်ထားသည့် ဝါးစူးနှင့် လုံများကို ကျွတ်အောင်ပြုလိုက်၏။ လူသေအလောင်းမှ လူပုပ်နံ့က ထောင်းခနဲ ထွက်လာသည်။ ထိုအချိန်၌ခြံပြင်မှ လူအုပ်သည် ခြံတွင်းသို့ ဝင်သည့်တံခါးကို ချိတ်ဖြင့် ဆွဲဖွင့်နေကြပြီ။

အကြောင်းမူ စောဂျော်နီကို တံခါးဖွင့်၍ ရှေ့မှ ဝင်စေရန်ခိုင်းရာ မဝင်ဝံ့သော စောဂျော်နီက ပြောပြသဖြင့် အဝေးမှ ချိတ်တို့ဖြင့် ဆွဲဖွင့်နေကြခြင်းဖြစ်သည်။ ခြံတံခါးကြီး ပွင့်သွားသည့် အချိန်နှင့် ဖထီးတို့ အလောင်းကောင်ကြီး ဆွဲထုတ်ယူလိုက်နိုင်သည့် အချိန်သည် တစ်ချိန်တည်း ဖြစ်သည်။

ဂျပန်ဖက်ဆစ်သရဲ စစ်သားကောင်တစ်ချို့သည် ရွာသားအများစု တို့နှင့်အတူ ဆူဆူညံညံ ခြံတွင်းသို့ ပြေးဝင်လာကြကာ အိမ်၊ စပါးကျီနှင့် နွားတင်းကုပ်ကြီးကို ဝိုင်းဝန်းလိုက်ကြသော အချိန်သည် ဖထီးက တိတ်တဆိတ်ဖြင့် ခြံတွင်းမှ ခြံပြင်သို့ ထွက်လိုက်ကြသည့် အချိန်ဖြစ်သည်။

ခြံပြင်သို့ ထွက်ကြရာ၌ ရောဘတ်က ရှေးဦးစွာ ထွက်သည်။ ထို့နောက် ဆရာမကို အတင်းထွက်စေရသည်။

ထို့နောက် ဖထီးနှင့် စံနက်ကျော်တို့ ထွက်ကြသည်။ စံနက်ကျော်က အလောင်းကောင်ကြီးကို အပေါက်ဝတွင် ပြန်၍ ဆို့ပိတ်နေအောင်ပြုလုပ်နေရာ ဖထီးက

ပြန်ဝင်၍ ကူရသည်။ စိတ်ချရ၍ ခြံအပြင်သို့ရောက်သည် နှင့် စံနက်ကျော်က ရုတ်တရက် ထရပ်ကာ အခြေအနေကို ကြည့်သည်။

ချက်ချင်း ပြန်ထိုင်လိုက်သည်။ ထို့သို့ထိုင်ရင်း ဆရာမ၏ လက်တစ်ဖက်ကို တင်းကျပ်စွာ ဆုပ်ကိုင်လိုက်သည်။

"ကဲ အပြင်ကလည်း လူတွေဝိုင်နေကြပြီ၊ ကျွန်တော်တို့ထွက် လာတဲ့ဘက်မှာပဲ ကျန်တယ်။ သူတို့လည်း ဝိုင်းကြတော့မယ်။ ဟောဟို ဝါးရုံပင်အောက်မှာ လူစုတွေ့တယ်။ ဒီတော့သူတို့ကို တခြားဘက် အာရုံရောက်သွားအောင် လုပ်လိုက်မယ်။ အဲဒီအချိန်မှာ ဖထီးတို့ကဟောဟို ကွက်လပ်ကလေးကို ဖြတ်မိအောင် ဖြတ်ပြီး ဟိုဘက်ကွမ်းသီးတောထဲ ရောက်အောင်ကူးကြ "

စံနက်ကျော်က ပြောပြောဆိုဆို ဆရာမ၏ လက်ကို ပို၍ ဖျစ်ညှစ်လိုက်ကာ နေရာမှ ရုတ်ခြည်းထလျက် ခြံစပ်အတိုင်းထော့နင်း ထော့နင်း ပတ်ပြေးသည်။

သို့ပြေးရင်း အသံမြည်အောင်လည်း ချောင်းဆိုးသွားလိုက်သေး၏။ ဝါးရုံပင်အောက်မှ လူအုပ်သည် စံနက်ကျော်ရှိရာဆီသို့ လိုက်ကြလေပြီ။ဖထီးက အခုနေ ဖြတ်ကူးဟု ပြော၏။ ရောဘတ်က ကွက်လပ်ကို ဘေးရန်ကင်းစွာဖြင့် ဖြတ်လိုက်၏။ ဖထီးက ဆရာမ၏ လက်ကိုဆွဲရင်း ရောဘတ်နောက်သို့ လိုက်ရန်ထ၏။ ဆရာမက မိမိ၏ လက်ကို ဖထီးလက်ထဲမှ ဆွဲရုန်းလျက် ကျန်ရစ်၏။

ထို့နောက် မြင်သာသည့် အလင်းရောင်အောက်သို့ ထွက်လိုက်ကာ စံနက်ကျော်၏ နောက်သို့ လိုက်နေကြသည့်ရွာသားများကို လှမ်းအော်လိုက်၏။

"ဒီမှာရှင့် ကျွန်မက ဒီမှာ၊ အဲဒါက ရှင်တို့ရွာသား အချင်းချင်းရယ်"

စံနက်ကျော်၏ နောက်သို့ လိုက်ပါသွားကြသည့် ရွာသားများသည် စံနက်ကျော်နှင့် ရောထွေးသွားကြသည်။ သူတို့သည် ဆရာမ၏ အော်သံကို ကြားရသည်၊ မကြားရသည်ဟု မသိရ။ သို့သော် တစ်ဖက်ခြမ်းမှ ပတ်ဖြန့်လာကြသည့် လူစုလူဝေးဆီမှ ဝင်းခန်

မီးပွင့်သွားမှုနှင့်အတူ ဆရာမသည် မြေပြင်ပေါ်သို့ ပျော့ညွတ်ကျသွားသည်။ ထို လူအုပ်သည် ဆရာမ၏ ဆန္ဒအတိုင်း ဆရာမ ရှိရာသို့ သာပြေးလာခဲ့ကြပါသည် ။

အနီးသို့ရောက်လာသည့် လူအုပ်ကြီး၏အသံကို ဆရာမ ကြားနေရသည်။ ဆရာမ၏ စိတ်ထဲ၌ စံနက်ကျော်နောက်သို့ လိုက်သွားကြသည့် လူအုပ်ကြီး စံနက်ကျော်ကို ထားပစ်ခဲ့ကာ မိမိရှိရာသို့ ရောက်လာကြခြင်းဖြစ်သည်ဟု ထင်မှတ်လိုက်သည်။

ဆရာမ၏ မျက်လုံးထဲ၌ မြင်နေရသော နက်ရှိုင်းရှိုင်း မိုးပြာကြီးထဲမှ ကြယ်ပြောင် ကလေးများသည် ဆရာမ၏ မျက်လုံးထဲသို့ စုပြုံဝင်ရောက်လာကြသည်ဟု ထင်မှတ် လိုက်သည်။

ထို့နောက် ဆရာမသည် ကြားနေရသည့် အသံဗလံများ တိတ်ဆိတ်ကာ နက်ရှိုင်းသော မိုးကောင်းကင်ထဲသို့ လွင့်ပါသွားသည်ဟုထင်လိုက်သည်။ ဆရာမ၏ နှုတ်ခမ်း၌ စိတ်ချမ်းမြေ့သော အပြုံးရိပ်ကလေးသန်းလျက်။

# အခန်း (၄)

# စံနက်ကျော်၏ မကြောက်တရားနှင့် ဝိုင်းတော်သားများ

ဆရာမကလေး အစ၊ သူယုံကြည်သော ဘုရားသခင်က သူ့ကို စောင့်ရှောက်ပါစေ။ အကယ်၍ သူယုံကြည်သည့် အတိုင်းသာ ဘုရားသခင် ဝိညာဉ်တော်၏ ရှေ့မှောက်၌ အစစ်ဆေးခံရမည် ဆိုပါက ဆရာမကလေးသည် ဝင့်ကြွားဂုဏ်ယူစွာ ဝိညာဉ်တော်ကို ပြောပြနိုင်ပေမည်။ ထို့ပြင်သူသည် သူ့ထက်ပို၍ သူတစ်ပါးအကျိုးကို စွန့်စားဆောင်ရွက်ပေးလိုသော မြန်မာလူမျိုး စံနက်ကျော်၏ အကြောင်းကိုလည်း ပြောရပေလိမ့်မည်။

စံနက်ကျော်သည် မည်သည့် ဘာသာကိုမျှ ယုံကြည်ကိုးကွယ်မှုပြုသည် မဟုတ်ကြောင်းကို ဆရာမကလေးက မသိရှာ။ စံနက်ကျော် အနေဖြင့် လူမှုရေးတရားကို စာနာစောင့်ထိန်းရမည့် အလုပ်သည် လူ့အလုပ်ဖြစ်သည်ဟုသာ ယူဆထားသူ။

လူသည် လူအချင်းချင်း ကြင်နာရမည်၊ ကူညီရမည်၊ စောင့်ရှောက်ရမည်။ အခြားသောလူအများစု မနစ်နာအောင် မိမိကိုယ်ကိုအနာခံ၍ ကူညီရဲသူသည် လူပီသော တကယ့်လူသား။

မိမိသက်သာရေး၊ မိမိချမ်းသာရေးအတွက် အခြားလူသားတို့ကို နစ်နာစေသောသူ၊ ထိခိုက်စေသောသူသည် လူဖြစ်၍ လူ့အသိရှိသော်လည်းအရိုင်းစိတ် မကုန်သေးသောလူ၊ တိရစ္ဆာန်စိတ် ကျန်နေသေးသောလူ၊ လူမပီသသောလူ။ လူဖြစ်ပါလျက် လူမပီသလျှင် ရှက်ဖွယ်ကောင်းသည်။

လူပီသရေးသည် အဝတ်အဆင် တောက်ပြောင်လှပမှုနှင့် လည်း မဆိုင်၊ ပညာတတ်ရေး ပညာမဲ့ရေးနှင့်လည်း မဆိုင်၊ ချမ်းသာမှု ဆင်းရဲမှုနှင့်လည်း မဆိုင် ပင်ကိုလူစိတ်ရှိရေး၊ မရှိရေးနှင့်သာဆိုင်သည်။

လူစိတ်ရှိရန် အလုပ်ဆိုသည်ကလည်း လွယ်လှသောအလုပ်မဟုတ်။ မိမိကိုယ်ကို အနာခံရဲသော အတိုင်းအတာ၊ မိမိဆန္ဒအားလုံးကို စွန့်လွှတ်ရဲသော အတိုင်းအတာ တို့ကိုသာ လိုက်၍ လူစိတ်၊ လူစိတ်ရှိသူ၊ လူပီသသူဟု သတ်မှတ်ကြရသည်။ နည်းနည်းအနာခံရဲ၊ နည်းနည်း စွန့်လွှတ်ရဲသူသည် နည်းနည်းလူစိတ်ရှိသူ၊ များများ

အနာခံရဲ၊ များများစွန့်လွှတ်ရဲသူသည် များများလှူစိတ်ရှိသူ၊ များများလှူပီသသူ။ ခရစ်တော်သည် သက်ဦးဆံပိုင်ဘုရင်ကြီးတို့၏ အနိုပ်စက်ခံ လူအများစု တို့ဘက်မှ ဦးဆောင် ရပ်တည်လျက် မိမိအသက်ကို စွန့်လွှတ်သွားခဲ့သည်။

ထိုခရစ်တော်သည် အနိုပ်စက်ခံ လူအများစုတို့ဘက်မှ ဦးဆောင်၍ နိုပ်စက်သူ လူကြမ်းလူရမ်း သက်ဦးဆံပိုင်ကြီးတို့နှင့် ရင်ဆိုင်ခဲ့ရသော်လည်း စင်စစ် ခရစ်တော်သည် သေရဲသတ်ရဲသော မိုက်မိုက်ကန်းကန်း လူကြမ်းလူရမ်းကြီး မဟုတ်ပါ။ ဖမ်းဆီး သတ်ဖြတ်မှု မခံရမ ရက်ကူးလုလု အချိန်ပိုင်းကလေး၌ပင် ခရီးလည်းပန်း စိတ်လည်းပန်းဖြင့် အလွန် နွမ်းလျနေဆဲ။

သာဝကကြီး အချို့ကိုခေါ်၍ မိမိစိတ်လှုပ်ရှားလှကြောင်း၊ မိမိအသတ်ခံရ လိမ့်မည်ဟု ထင်နေကြောင်းတို့ကို အလွန်ကြေကွဲဖွယ် ပြောဆို မှာကြားနေခြင်းကို ထောက်လျက် မည်မျှ စိတ်ထားနူးညံ့သိမ်မွေ့သူ ဖြစ်ကြောင်း သိနိုင်သည်။

သို့သော် ထိုစိတ်ထားနူးညံ့သိမ်မွေ့လှသော ကရုဏာရှင်ကြီးသည် အနိုပ်စက်ခံ လူသားအများစုတို့အတွက် နိုပ်စက်သူ လူကြမ်းလူရမ်း တန်ခိုး အာဏာရှင်ကြီးတို့ကို ရင်ဆိုင်၍ ဦးဆောင်မှုပြုကာ အသေခံသွားသည်။မြင့်မားသော ဘာသာတရားတိုင်းသည် လှူပီသရေးကိုသာ ရွေးရှုထားကြသည်။ တိရစ္ဆာန်စိတ်ကင်းစင်လျက် လှူပီသသော လူတိုင်းတို့တွင် စေတနာရှိသည်။ သဒ္ဓါရှိသည်။ ကရုဏာရှိသည်။ ထို့ကြောင့် လူလူချင်း စာနာမှု၊ ကြင်နာမှုတို့ကိုထားလျက် အခြားသူများ၏ကိုယ်စိတ်သက်သာရေး ဘေးဒုက္ခ ကင်းရေးအတွက် မိမိကိုယ်ကို အနစ်နာခံ၍ ကူညီရေး၊ မိမိဆန္ဒ မိမိအခွင့်အရေး တို့ကိုစွန့်လွှတ်လိုက်ရေးများကို ပြုတတ်ကြသည်။

ဗုဒ္ဓဘာသာတရား သည်လည်းကောင်း၊ ခရစ်ယာန်ဘာသာတရားသည် လည်းကောင်း၊ မွတ်စလင်ဘာသာတရား သည် လည်းကောင်း လူသားတို့အတွက် လူသားအချင်းချင်း ကြင်နာစိတ်ထားတတ်ရမည်။အများစုအတွက် မိမိဆန္ဒ မိမိကိုယ်ကျိုးကို စွန့်လွှတ်နိုင်ရမည်။ တိရစ္ဆာန် စိတ်မျိုးမရှိစေဘဲ လှူပီသစွာ လှူစိတ်ရှိရမည် ဟူသော အချက်တို့ကို တညီတညွတ်လည်း ရွေးရှုဆုံးမထားကြသည်။

မြန်မာတို့တွင် "ကိုယ်မချိ အမိသော်လည်း သားတော်ခဲ" ဟူသောစကား၊ "ကမ္ဘာမီးလောင် သားကောင်ချနင်း" ဟူသော စကားတို့ရှိခဲ့ကြသည်။ ထိုစကားတို့သည် မြန်မာတို့အဖို့ သက်ဦးဆံပိုင်ဘုရင်များ စိုးမိုးလျက်ရှိစဉ်က မင်းလက်သုံးကြီးတွေဟေ့ဟု ဆိုလိုက်လျှင် ပြားပြားဝပ် ကြောက်ရွံ့ခဲ့ကြရသော အချိန်အခါတို့က ပေါ်ပေါက်လာသည့် စကား ဖြစ်ဟန်တူသည်။

မင်းလက်သုံးကြီးတို့သည် သူတို့အလိုရှိက သမီးပျိုတို့ကိုလည်း ဆွဲသွားသည်။ မယားပျိုတို့ကိုလည်း ဆွဲသွားသည်။ သူ့ဥစ္စာကိုလိုလျှင် ဥစ္စာရှင်ကို အပြစ်ရှာ၍ ရာဇဝတ်ကောင် အဖြစ် ဖမ်းဆီး သတ်ဖြတ်လိုက်ပြီး ပစ္စည်းကို သိမ်းယူလိုက်သည်။ ကိုယ်ချင်လုပ်ချင်သမျှ ကိစ္စအဝဝတို့ကို အာဏာစက်အတွင်းမှ တရားဝင် လုယက် စားပြတိုက်ယူနိုင်သောအခွင့်အရေးတို့ ရရှိထားကြသည်။ လွယ်လိုက်ကြသည့် ဖြစ်ခြင်း။

ထိုအခါ ပြည်သူတို့သည် အမြဲအလုအယက်ခံနေကြရသည်။ လုပ်ရသမျှ သူတို့ဖို့ချည်း ဖြစ်နေကြရသည်။ မိမိအတွက်မူ အဝတ်အစုတ်အပြတ် အစာငတ်ငတ် နေထိုင်ခိုလှုံရန် အတွက် ဟိုကပ်သည်ကပ်။

သို့ပါလျက် နှင့်ပင် နေ့တထိတ်ထိတ်၊ ညတထိတ်ထိတ် မအိပ်ဝံ့၊ မစားဝံ့၊ မလုပ်ဝံ့။ ထိုအခါ ကိုယ်သက်သာရေးအတွက်၊ ကိုယ့်ခန္ဓာကိုယ်ကလေး တည်မြဲရေး အတွက် မည်သူ့ကိုမျှ မငဲ့ညှာနိုင်ကြတော့ဘဲ သမီးနှင့်လည်း လဲရသည်။ မယားနှင့်လည်း လဲရသည်။ ထိုသူမျိုးတို့၌ ကိုယ်ပိုင်သိက္ခာ ဟူ ၍ မရှိ။

မြန်မာပြည်တွင် ထိုသူမျိုးတွေ များပြားလာသောအခါ ထိုသူမျိုးတို့က မိမိတို့၏ ရှက်ဖွယ်ကောင်းသော လူ့သိက္ခာ ပျက်နေမှုကို ဖုံးဖိရန်အတွက် ကမ္ဘာမီးလောင် သားကောင် ချနင်းရသည် ဟူသော စကားမျိုး ပြောလာကြသည်။ ကိုယ်မချိက အမိသော်လည်း သားတော်ခဲ ဟူသော စကားမျိုးကို ပြောလာကြသည်။

ထိုအတိုင်း အစဉ်အလာ ရှိခဲ့ဖူးသော မြန်မာတို့သည် ရှေးမြန်မာဘုရင်တို့ထက် ခေတ်မီကျွမ်းကျင်စွာ နှိပ်စက်တတ်သော ယခုဖက်ဆစ်သရဲကြီးတွေ ခေတ်၌လည်း

ထိုထိုအစဉ်အဆက်တို့က ပြုခဲ့ဖြစ်ခဲ့ကြသည့် အတိုင်းပင် တစ်တိုင်းတစ်ပြည်လုံး ကိုယ်သက်သာရေး၊ ကိုယ်အညှဉ်းပန်း မခံရရေးကိုသာ ရှေးရှုနေကြသည်။

တိုင်းသူပြည်သားအများစုတို့သည် အစားဝတ်မှု၊ အဝတ်စုတ်ပြတ်မှု၊ အနေဆင်းရဲမှုကို လည်းကောင်း ကိုယ်၏ ပင်ပန်းမှု၊စိတ်၏ ပင်ပန်းမှုတို့ကို မခံရဲ မခံနိုင်ကြ၍ လည်းကောင်း မိမိတို့သိက္ခာ ကိုစွန့်၍ သူခိုး ဈေးလုပ်ငန်းမျိုးကဲ့သို့ မမှန်ကန်သော ရောင်းဝယ်မှု မမှန်ကန်သော ပေါင်းသင်းဆက်ဆံမှု၊ မမှန်ကန်သောပြုလုပ်မှုတို့ကို လုပ်လာကြသည်။ ထို့နောက်လူချင်း တူတူဝတ်နိုင်သည့် အဝတ်တို့ဖြင့် ဖုံးအုပ်လျက် မိမိတို့ကိုယ်ကို လူကောင်းလုပ်နေကြသည်။

အချို့ယောက်ျား၊ မိန်းမတို့သည် ဖက်ဆစ်သရဲကြီးတို့၏ အုပ်ချုပ်ရေး စက်ကြီးလည်ပတ်ရာတွင် စက်ကိရိယာ အစိတ်အပိုင်း များအဖြစ် အသုံးပြုစေရန် မိမိတို့၏ ဘဝမှ လုပ်အားနှင့် အချိန်တို့ကို လပိုင်းဖြင့် ရောင်းချထားကြသည်။

သူတို့သည် မိမိတို့၏ဘဝမှ ထိုလုပ်အားနှင့် အချိန်ကို ထိုအတိုင်း ရောင်းချလုပ်ကိုင်ပေးခြင်းဖြင့် ဖက်ဆစ်သရဲကြီးတို့၏ အုပ်ချုပ်ရေး သက်ဆိုးရှည်လေလေ မိမိနှင့်တကွသော တစ်တိုင်းတစ်ပြည်လုံး နစ်နာမွဲတေလေလေ ဖြစ်လိမ့်မည်ကို သိသော်လည်း ယခုလတ်တလော မိမိနှင့် တကွ အိမ်သူအိမ်သားတို့ စားဝတ်နေရေး သက်သက်ကို ရှေးရှုလိုက်ကြရသည်။

သူတို့သည် မိမိတို့ သက်သာရေးကို တစ်ပြည်ထောင်လုံးအား ကြမ္မာဆိုးထဲတွင် တာရှည်နစ်မြုပ်စေရေးဖြင့် လဲလှယ်ယူလိုက်ကြသည်။ သို့သော် သူတို့သည် ထိုမိမိတို့၏ ရုက်ဖွယ် ကောင်းသော ကိုယ်ရေး ကြည့်မှုကို ရုံးအုပ်ကြီးများ၊ရုံးအုပ်မကြီးများ၊ စာရေးကြီးများ၊ ရုံးလုပ်သားကြီးများ စသော ရွှေမှုန့်များဖြင့် အပေါ်ယံမှ ကြဲ၍ ဖုံးဖိထားလိုက်ကြပါသည်။

ထို့ထက် ဆိုးသူများလည်း ရှိပါသေးသည်။ သူတို့သည် မိမိသိက္ခာရော မိမိကိုယ်ပါ စွန့်၍ အချိန်ပိုင်းဖြင့် မိမိကိုယ်ကို ရောင်းချကြသည်။ မိန်းမတွေက တစ်ခါအသုံးပြုလျှင် မည်ရွေ့မည်မျှဟု မိမိကိုယ်ကို သုံးစွဲလိုသူထံသို့ ရောင်းရသည့် အလုပ်ကို လုပ်ကြသည်။

ယောက်ျားတွေက တစ်လအသုံးပြုလျှင် အဖိုးအခ မည်၍မည်မျှဟု မိမိ၏ ဘဝနှင့် အသက်ကိုပါ ဖက်ဆစ်သရဲကြီးတို့ထံသို့ ရောင်းချအသုံးပြုစေလျက် စစ်သားလုပ်ကြသည်။ ဖက်ဆစ်သရဲကြီးများ အတွက် စစ်သားလုပ်ပေးခြင်းနှင့် တိုင်းပြည်နှင့် တိုင်းသူပြည်သားတို့ အတွက် စစ်သားလုပ်ပေးရခြင်း တို့သည် မိန်းမများ မိမိကိုယ်ကိုရောင်းရသည့် အလုပ်နှင့် အမျိုးသမီးကောင်းများ မိမိကိုယ်ကို ချစ်သူသို့ အပ်နှင်းကြရခြင်းမျိုးလောက် ခြားနားသည်။

သို့သော် သူတို့သည် မိမိတို့ဘဝကို နိမ့်ကျယုတ်ညံ့လှသည်ဟု မစဉ်းစားတော့ပါ။ အစားဝခြင်း၊ အဝတ်ပြည့်စုံခြင်း၊ မပူမပင် နေထိုင်ကြရခြင်းတို့ဖြင့် မိမိစိတ်ကို ပျော်သလို နေလိုက်ကြကာ မိမိတို့၏ ဘဝကလေးကို စွန့်လွှတ်လိုက်ကြပါသည်။

ထိုသူတို့ အားလုံးတို့ အထဲ၌ စိတ်ဓါတ်အနိမ့်ကျဆုံး၊ အယုတ်မာ အဆိုးရွားဆုံးသော သူတို့လည်း ရှိကြသေးသည်။ ထိုသူတို့သည်မိမိဘဝ စားဝတ်နေရေး ဖူလုံရုံမျှမဟုတ်ဘဲ ပို၍ လိုချင်သူများဖြစ်ကြ၏။ ထို့ကြောင့် ပို၍ရက်စက်ယုတ်မာ ပြကြရ၏။ သူတို့သည် ဖက်ဆစ်သရဲကြီးတွေက မိမိတို့ပြည်သူများကို နှိပ်စက်တိုင်း ထောက်ခံ လက်ခုပ်တီး ကြရ၏။ မြှောက်ပင့်ပေးကြရ၏။ ပို၍နှိပ်စက်ရန်သင့်သည်ဟုပင် ပြောကြရ၏။ ဖက်ဆစ် သရဲကြီးတို့က တစ်စုံတစ်ယောက်ကို နှိပ်စက်လိုလျှင် အင်မတန်နှိပ်စက်ဖို့ ကောင်းကြောင်း ရေလာ မြောင်းပေးလုပ်ပေးရ၏။ ဤနည်းဖြင့်သူတို့သည် ဖက်ဆစ် သရဲကြီး တို့က ပြည်သူတို့ကို အနိုင်ကျင့်လျှင် လည်း ကူညီချုပ်ကိုင် ပေးကြခြင်း၊ ဗိုင်းဝန်း ဖနှောင့်နှင့်ပေါက်ခြင်း များ ပြုလုပ်ပေးကြ၍ ဖက်ဆစ်သရဲကြီးတို့က ပြည်သူတို့ကို ရယူသုံးစွဲနိုင်ခွင့် မရှိသော စားဝတ်နေ အသုံးအဆောင်တို့ကို ဖက်ဆစ်သရဲကြီးတွေထံမှ တမော့မော့ မျက်နှာချိုသွေး၍ တောင်းခံယူငင်ကြပြီး မွဲငတ်နေသော ပြည်သူတို့ရှေ့တွင် ဝင့်ဝါမောက်မာစွာ နေထိုင်ပြနေကြသူတို့ဖြစ်ပါသည်။

မြန်မာတစ်ပြည်ထောင်လုံးသည် ဤဖော်ပြခဲ့ပြီးသော လူမျိုးစားတွေနှင့် ပြည့်နှက် ဖုံးလွှမ်းနေပါသည်ဟု ဆိုသော်လည်း ကျွန်တော်တို့သည် ထိုသူတို့နှင့် ဆန့်ကျင်သော လူသားစစ်စစ် လူပီသသူတို့ကိုလည်း တစ်ခါတစ်ရံ တွေ့နိုင်တွေ့တတ်ကြပါသေးသည်။

ထိုသူတို့သည် ပညာတတ်သူတို့လည်း ဖြစ်တတ်ကြသည်။ ပညာမတတ်သူလည်း ဖြစ်ကြသည်။ ထို့ကြောင့် ပညာတတ်ခြင်း၊မတတ်ခြင်းတို့သည် ထိုကိစ္စ ရပ်တို့နှင့်မဆို။ မျိုးရိုးအစဉ်အလာ မွေးပါစရိုက်တို့နှင့်သာ ဆိုင်သည်။

ထိုသူတို့သည် မိမိတို့ ဘဝချင်းအပေါ်၌ ကြင်နာတတ်ကြသည်။ စေတနာ ထားတတ်ကြသည်။ ကူညီစိတ်ရှိတတ်ကြသည်။ သည်းခံတတ်ကြသည်။ သို့သော် မိမိတို့စားဝတ်နေ ဆင်းရဲပင်ပန်းရမည်ကို ကြောက်သဖြင့် မိမိတို့ စားဝတ်နေမှု သာယာမှုကို လိုချင်သဖြင့် မိမိတို့ကို နှိပ်စက်ရက်အားသူ၏ အောက်၌ မျက်နှချမှောက် လေးဖက်ထောက်ရသော အမှုကို မပြုကြ။ ထို့သို့ မျက်နှာချမှောက် လေးဖက်ထောက် ခြင်းဖြင့် ရယူထားကြရသော အရှိအရင်းတို့ကို စားသုံး၍ မိမိတို့ ဘဝတူအချင်းချင်း အပေါ်၌လည်း ဝင့်ဝါမှု မပြုလိုကြ။

ထိုသူတို့သည် ရွံ့ရှာဖွယ်ကောင်းသော စိတ်ဓာတ်သေးသိမ် အောက်ကျမှုတို့မှ ကင်းစင်လျက် ကိုယ်၏ ဆင်းရဲမှုကိုလည်း ကြိတ်မှိတ်ခံ၏။ စိတ်၏ ပူလောင်သောက ကိုလည်း ကြိတ်မှိတ်ခံ၏။ ထို့ကြောင့် သူတို့ကို ကြည့်လိုက်က ကြံ့လှီစုတ်ထောင်းသော ရုပ်ဖြင့် အစာမဝခြင်းကို လည်းကောင်း အကွက်အဖာအထေးတို့ဖြင့် အဝတ်စုတ်ပြတ် ခြင်းကို လည်းကောင်း၊ အနေအထိုင် မတည်ငြိမ်ခြင်းဖြင့် အိုးအိမ်ကင်းမဲ့ရခြင်းတို့ကို လည်းကောင်း သိမြင်နေကြရသည်။ ထို့ကြောင့် ထိုသူတို့သည် လူအားလုံးတို့၏ မျက်စိရှေ့တွင် ရက်ရွံ့ဖွယ်ကောင်းသည့် အသွင်မျိုးဖြင့် လည်းကောင်း၊ အောက်ကျ စုတ်ချာလှသည့် အသွင်းမျိုးဖြင့် လည်းကောင်း မြင်နေကြရသည်။

သို့သော် လူတို့၏ ကိုယ်သည် ဖက်ဆစ်သရဲတို့၏ ရှေ့မှောက်တွင် လေးဖက်ထောက် မျက်နှာချိုသွေးကြရခြင်းကြောင့် ရရှိစားသောက်ရသော ဗိုက်ရွဲကြီးများ ဆူဖြိုးသည့် အသွေးအသားများဖြင့် ကင်း၏။ ထို့အတူ ဖက်ဆစ်သရဲတို့၏ အောက်တွင် ပြားပြား မှောက်ပေးခြင်းဖြင့် ရလာကြသော တောက်ပသစ်လွင်သည့် အဝတ်အဆင်နှင့် အိုးအိမ်အသုံးအဆောင် တို့လည်း ကင်း၏။ သူတို့တွင် ကြည်ညိုလေးစားအပ်သည့် အမှတ်အသားများ ဆင်မြန်းထားကြသလို အမြဲရှိနေကြ၏။ ထိုအမှတ် အသားသည် ပြည်သူတို့ကို နှိပ်စက်နေကြသည့် ဖက်ဆစ်သရဲများ၏ အသုံးတော်ခံများ မဟုတ်

ကြောင်းကို အထင်အရှား ဖော်ပြသည့် လက္ခဏာများဖြစ်ကြသော ကိုယ်၏ ပင်ပန်းဆင်းရဲမှုတို့ကို အမြဲကြံ့ကြံ့ခံနေရပါသည်ဟူသော အသွင်အပြင်တို့ပင် ဖြစ်သည်။

ထိုအသွင်အပြင်တို့သည် ကိုယ်ကျိုးရှာ ရေသာခိုသူတို့၏ မျက်လုံးဖြင့် မြင်ရလျှင် ရှက်ဖွယ်ရွံဖွယ် လူနုံလူအ မွဲတေ်စုတ်ချာသည့်အောက်တန်းလွှာ အောက်တန်းစားဖြစ်နေ၍ ကိုယ်ကျိုးစွန့်၍ လူ့သိက္ခာ စောင့်သူ၊ လူ့မာန ထားသူ၊ လူပီသသူတို့ကို မြတ်နိုးတတ်ကြသည့် နက်ရှိုင်းသော အသိတရားရှိသူတို့၏ မျက်လုံးထဲ၌မူ ရန်သူ၏ ကြီးမားသော အင်အားဖြင့် ပြားဝပ်ခြင်းမဖြစ် နိုင်သောကြံ့ခိုင်မြင့်မားသည့် လေးစားအပ်သော စိတ်ထားမြင့်မြတ်သူ၊ စိတ်ထားအထက်တန်းကျသူ ဖြစ်နေနိုင်ပြန်သည်။

ဆရာမကလေးအဓုသည် စံနက်ကျော်ကို ထိုအတိုင်းမြင်ထား၏။ စံနက်ကျော်ကို သနား၏။ ကြင်နာ၏။ ထို့နောက် မိမိကိုယ်တိုင် မသိလိုက်ပါဘဲ မိမိရင်ထဲမှ နှစ်လိုတောင့်တမှုများကို မသိမသာ ပေါ်ပေါက်လာတတ်၏။ မိမိစိတ်က သတိတရားဖြင့် မိမိကိုယ်ကို လည်းကောင်း၊ မိမိနှုတ်ကို လည်းကောင်း ထိန်းသိမ်း စောင့်စည်းထားပါလျက်မှ မိမိ၏ နှလုံးသားသည် မကြာခဏလူးလွန့်ဆန္ဒပြ၏။ မျက်လုံးမှ တစ်ဆင့်မိမိချစ်နေပြီဖြစ်ကြောင်း ဖော်ပြ၏။ မျက်နှာ၊ ကိုယ်၊ လက်တို့က ယုယပွေ့ဖက်ပါရန် ဖိတ်ခေါ်၏။

စံနက်ကျော် ဟူသော ယောက်ျားကလည်း နွားလည်းမဟုတ်၊ ဘုရားလည်းမဟုတ်သော်လည်း အတော် စိတ်တိုစရာကောင်းသည့် ယောက်ျားဖြစ်၏။ သူ၏ စူးစိုက်သော မျက်လုံးကြီးသည် ချစ်တတ်သော မျက်လုံးကြီး ဖြစ်၏။ သူ၏ ကျစ်လျစ်တောင့်သန်သော ကိုယ်လုံးကိုယ်ထည်နှင့် အကြောကြီးများ တင်းထောင်နေသော လက်ရုံးလက်မောင်းကြီးတို့သည် ချစ်နိုင်သော ကိုယ်လက်ကြီးများ ဖြစ်ကြ၏။ သို့ပါလျက်သူသည် တစ်ခါတစ်ခါ သတိလစ်၍ မျက်လုံးအကြည့်ချင်း ဖက်ပွေ့မိသည်ကိုပင် သူ့မျက်နှာတွင် သတိဝင်လာခြင်းနှင့်အတူ သူ၏ ခေါင်းက နှစ်မြောနေသည့် မျက်လုံးကို ချက်ချင်း ဆွဲယူသွားတတ်သည်။

သို့သော် ဆရာမလေးက သိလိုက်ပါသည်။ သူတို့သည် ဘယ်မျှပင် တစ်ယောက်နှင့် တစ်ယောက် မျိုသိပ်အောင့်အည်း နေကြသော်လည်း တစ်ခါတစ်ခါ

သတိလစ်၍ မျက်လုံးချင်း ဆိုင်မိကြသည်နှင့် ထိုမျက်လုံးထဲမှနေ ၍အသည်း နှလုံးသို့တိုင်အောင် တစ်ဦးနှင့်တစ်ဦး ကူးလူး ဝင်ရောက်သွားကြသည်။ မပြီးစီးနိုင်သော စကားပြောကြသည်။ ထိုအချိန်တွင် နှစ်ယောက်လုံး၏ ရင်တွင်းမှ နှလုံးသွေးတို့သည် အတူအညီ လက်တွဲကာ ခုန်ပေါက်လှုပ်ရှား ဆန္ဒပြကြသည်။ သူတို့သည်နှလုံးသား နှစ်ခု၏ တောင်းဆိုမှုကို လိုက်လျော မိမလို ဖြစ်လိုက်ကြစဉ် သတိတရား သည်သူတို့ ခေါင်းထဲသို့ ဝင်ရောက်လာသည်။ ဤသည်ကိုလည်း သူတို့သည် တစ်ဦး၏ မျက်နှာပေါ်တွင် တစ်ဦးက မြင်လိုက်ကြရင်းပင် မျက်နှာနှစ်ခုတို့ လွှဲသွားလိုက်ကြသည်။ ထိုအခါ၌ နှလုံးသား နှစ်ခုသည် သူတို့၏ ရင်ထဲမှ ခုန်ထွက်ကြကာ တစ်ဦးနှင့် တစ်ဦး အတင်းဖက်ပွေ့ထားကြရင်း အတွေးနယ်ထဲတွင် ခေါ်၍မရ၊ ခွဲ၍မရဘဲ ရှိနေခဲ့ကြသည်။ ထိုအချိန်၌ သူတို့နှစ်ယောက် လုံး၏ ရင်သည် ဟင်းလင်းဟာနေကြသည်။ သူတို့၏ မျက်နှာသည် ပြောမပြတတ်သော ဝေဒနာတစ်ခုကိုခံစားနေကြရသည်။ တကယ်တော့ ထိုဝေဒနာသည် ချစ်သူနှစ်ယောက်တို့ စိတ်တိုင်းကျ ပွေ့ဖက်ချစ်မောလိုက်ကြရပြီးနောက် ရရှိခံစား နေကြရသည့် တစ်ခဏတာ ငြိမ်သက်မှုမျိုး။

သူတို့သည် ဤအတိုင်း မိမိတို့၏ ဆန္ဒကိုစောင့်ထိန်းမျိုသိပ်ထား ကြရင်း တစ်ဦးနှင့်တစ်ဦး သတိလက်လွတ် ငေးစိုက်နစ်မြောလျက် တစ်ဦးဆန္ဒကို တစ်ဦး သိထားကြသည်ကိုလည်း မသိသလို ဖုံးဖိနေကြရင်း နှစ်ဦးလုံး၏ စိတ်ထဲတွင် တစ်ဦးကိုတစ်ဦး ရင်းနှီးနေကြသည်။ သူတို့သည် တစ်ဦးနှင့်တစ်ဦး ချစ်ပါသည် ဟူ၍လည်း မပြောကြ။ သို့သော် တစ်ယောက်နှင့်တစ်ယောက် မျိုထားချင်ကြသလို ချစ်မိနေကြပြီ ဖြစ်ကြောင်းကို နှစ်ယောက်လုံးက သိ၏။ သူတို့သည် တစ်ဦးနှင့်တစ်ဦး ချစ်သူများ အနေဖြင့် ထိကိုင်မှု ဖက်ပွေ့မှုကိုမျှ မပြုကြ။ သို့ပါလျက် သူတို့သည် နှစ်ပေါင်းများစွာ အတူတကွ နေထိုင်လာကြသည့် ဇနီးမောင်နှံကဲ့သို့ တစ်ယောက်နှင့် တစ်ယောက် ရင်းနှီးနေကြသည်။ သူတို့သည် တစ်ဦးနှင့်တစ်ဦး ရှက်ခြင်းလည်းမရှိကြ။ စင်စစ်ရှက်စရာ လည်းမလိုပါ။ အကြောင်းမူ သူတို့၏ နှလုံးသားတို့သည် တစ်ဦး၏ ရင်းတွင်းသို့ တစ်ဦးဝင်ကာ နှလုံးသားနှစ်ခုတို့သည် ပေါင်းစည်းနေကြပြီဖြစ်သောကြောင့် ထိုနှလုံးသားတို့ ခိုအောင်းနေကြသော ကိုယ်သည် ၄င်းတို့၏ ကိုယ်ကောင်တွေချည်း ဖြစ်နေကြပြီဟု နှလုံးသားချင်း သိထားကြသောကြောင့် ဖြစ်ပါသည်။

ဤတွင် မိန်းမသားဖြစ်၍ အသည်းနုသော ဆရာမသည် စံနက်ကျော်ကို တောင့်တသော မျက်လုံးတို့ဖြင့် ကြည့်မိ၏။ ချစ်မေတ္တာဖြင့်ပြည့်တင်း ဖိတ်လျှံနေသော ကိုယ်လက် ဟန်ပန်တို့ဖြင့် ခပ်ယူသောက်သုံးမည့်သူကို စောင့်ငံ့ဖိတ်ခေါ်နေသကဲ့ သို့ ပြုမိ၏။ စိတ်တိုစရာ ကောင်းလှသော စံနက်ကျော်သည် ဆရာမက ဤသို့ပြုသည်ကိုလည်း သိပါလျက်....

ကြမ်းတမ်းခြောက်သွေ့လှသော ၎င်း၏ ဘဝတွင် ဖြိုးဖြိုးရွာချမည့် မေတ္တာမိုးရေကို အငမ်းမရလိုနေသည့် အလျောက် ကမူးရှူးထိုးသောက်လိုက်တော့မည် နွားငတ်ကြီး ကဲ့သို့လည်း ဖြစ်တော့မလိုလို လှုပ်ရှားလာပါလျက် သက်သက်မဲ့ မရေမရာဖြင့် ရှောင်လွှဲကာဘာမှ မဖြစ်သလို ဘယ်လိုမှ စိတ်မလှုပ်ရှားသလို ဟန်ဆောင် ဖုံးဖိ ထားလိုက်တတ်သည်ကိုလည်း ဆရာမက သိလိုက်သည်ချည်းဖြစ်သည်။

ထို့ကြောင့်လည်း ဤယောက်ျားနှင့်တူသော ယောက်ျား၊ မိမိအလိုကို ချုပ်တည်းလျက် သူတစ်ပါး၏ အကျိုးကိုသာ ကြည့်တတ်သော ယောက်ျားကို ပို၍ လေးစားရ၏။ ပို၍ ကြည်ညိုရ၏။ ပို၍ချစ်ရ၏။

ဆရာမသည် ပူးပူးကပ်ကပ် နီးစပ်သဖြင့် ချစ်ခင်ဖွယ်ရာ ယောက်ျားပီသသည့် စံနက်ကျော်ကို ချစ်လိုလားသောအခါ မိမိတွင်ပူပင်သောကတို့ဖြင့် အကျိုးယုတ်စွာ ကျန်ရစ်နိုင်ခဲ့ရလိမ့်မည်ကိုမျှ မစဉ်းစားလိုပါဘဲ-

မိမိကဲ့သို့ပင် မိမိအပေါ်တွင် ထပ်တူထပ်မျှ စိတ်ဝင်စားနေသော ယောက်ျားသားကြီး စံနက်ကျော်က အမျိုးသမီးတစ်ယောက်အကျိုးမဲ့စွာ စိတ်ဆင်းရဲရ ပေလိမ့်မည်ဟု ၎င်း၏ ကိုယ်စိတ်တို့ကို ပင်ပန်းကြီးစွာ ထိန်းသိမ်းစောင့်စည်းနေသည်ကို တွေ့ရသောအခါ ဆရာမသည် စံနက်ကျော်၏ကျောကြီးကိုသာ ပြေးပြေးထုလိုက်ချင်သည်။ သို့သော် ဆရာမက မထုပါ။ ရွှန်းရွှန်းလဲ့လဲ့ မျက်လုံးကြီးဖြင့် စိန်းစိန်းကြည့်မိရင်း ပင့်သက် ရှိုက်လိုက်ခြင်းဖြင့် မျိုသိပ်ပစ်လိုက်ပါသည်။

ဆရာမသည် မိမိ တိတ်တခိုး စိတ်ဝင်စားနေသော စံနက်ကျော်၏အထံမှ အောင်နိုင်စိတ်၊ မျိုသိပ်နိုင်စိတ်၊ စွန့်လွှတ်နိုင်စိတ်တို့ကို ရယူထား၏။ ချစ်ပါသည်ဟု တစ်ဦးနှင့် တစ်ဦး ဖွင့်မပြောကြဘဲ ချစ်မိနေကြရသော-

ချစ်ပါသည်ဟုတစ်ဦးနှင့်တစ်ဦး ဖွင့်မပြောကြဘဲ ယခုကဲ့သို့ အနေမှ မတော်တဆ ကွဲကွာကြရမည်ကို သေရမည်ထက် ပို၍ စိုးရိမ်ကြောက်ရွံ့နေကြရသော မိမိတို့၏ အဖြစ်ကိုလည်း ရိပ်စားမိလာ၏။

သေခြင်းသည်သုခ၊ ဒုက္ခ တို့၏ အဆုံးသတ်ရာဖြစ်၏။ လူသည် သေ၏ နောက်တွင် ချမ်းသာကို လည်းကောင်း၊ ဆင်းရဲကိုလည်းကောင်း မသိကြရပြီ။ မိမိ တကယ်ချစ်သူနှင့် ကွဲကွာရခြင်းသည် မိမိဘဝအတွက် ပျော်ရွှင်နှစ်သက်မှုတို့ကို အသုံးသတ်ရခြင်း ဖြစ်၏။

ထိုအဖြစ်သည် အသက်ရှင်လျက် သေနေရခြင်းဖြစ်သောကြောင့် လူမသေမချင်း ခြောက်သွေ့သော ဘဝတစ်လျှောက်လုံး လောကမီးတောက်ကို ရင်ထဲ၌ ရှို့မြိုက်ကာ မသေမချင်း လောင်ကျွမ်း နေရခြင်းဖြစ်သည်။ ထို့ကြောင့် ချစ်မိသူနှင့် ကွဲသဖြင့် အသက်ရှင်လျက် သေနေရမည်ကို တကယ်အပြီး သေဆုံးပစ်လိုက်ရမည်ထက် ပို၍ ကြောက်သည်။ စံနက်ကျော်သည် ဤသို့ ဖြစ်နိုင်တတ်သည်ကို တွေးလေသည်လား၊ မတွေးလေသည်လားဟု မသိရသော်လည်း အသည်းနုသော မိန်းမသားဖြစ်သည့် ဆရာမက အမှတ်မထင် မကြာမကြာတွေးမိသည်။ စိုးရိမ်ပူပန်စိတ်ဖြင့် မကြာမကြာ တိတ်တခိုးကြည့်မိသည်။ မိန်းမဖြစ်သောကြောင့်သာ မျိုသိပ်နေရသော်လည်း-

ချစ်နေရက်နဲ့ ချစ်တဲ့အကြောင်းကလေး လောက်တော့ ပြောလာပါတော့ ချစ်သူရယ်။ ဒီလိုများ ပြောလာပြီးရင် ချစ်သူနဲ့ ခွဲရမှာကို သေရမှာထက် အခု ကြောက်လှချည်ရဲ့လို့ ချစ်သူကို ပြောနိုင်မှာပဲဟု တွေးသည်။

ယခုတော့ ဆရာမ၏ အဖြစ်သည် ချစ်ရသူအတွက် ပူလောင်မှုသောကကို ရင်ထဲ၌ ဖွဲမီးဖိုကြီး ထည့်ထားသကဲ့သို့ တငွေ့ငွေ့ ပူလောင် နေရသည်။

ထို့ကြောင့်လည်း ဖျိုက်တောကြီးထဲမှ အထွက် အလယ်ကွင်း ပြန့်ကြီးကို လူခွဲ၍ တစ်ယောက်ချင်း ဖြတ်သွားကြရမည့် အချိန်တုန်းက "ကျွန်မတို့ အတူတူသွားရင် မဖြစ်ဘူးလား " ဟု ဆရာမက မေးသည်။

စစ်သားဆန်လှသော စံနက်ကျော်က "လူတွေ လှမ်းမြင်တဲ့ နေရာမျိုးမှာ နှစ်ယောက်သွားရင် မြင်စရာမြင်ကွင်းနှစ်ခုစာ ဖြစ်လာကျယ်လာမယ် " တဲ့။

ထိုစဉ်က သေရေးရှင်ရေး လုနေကြရသည့် အချိန်အတွင်း ဖြစ်နေသောကြောင့် ဆရာမသည် ဘာမှ မပြော။ ဆရာမရင်ထဲ၌ ဟာခနဲဖြစ်သွားရသည်။ မိမိ၏ အသည်းကို စံနက်ကျော်နှင့်အတူ ထားပစ်ခဲ့ကာ ခွဲထွက်သွားရတော့မည်ကဲ့သို့ ရင်ထဲ၌ ခံလိုက်ရသည်။ စိတ်ထဲကလည်း ထင့်ခနဲ နောက်ဆံတင်းနေမိသည်။ သို့သော် စစ်ဗိုလ်ကြီးလို အမိန့်ပေးသော -

နလုံးသားအတွင်း ၌ တိတ်တဆိတ် ဖြစ်ပွားနေရသော ချစ်တလင်းစစ်မြေပြင်တွင် အောင်နိုင်သည့် သခင်အဖြစ် မိမိကိုယ်တိုင်က ချစ်သုံ့ပန်းနေရာမှ ဝင်ရောက်ကာ မိမိ၏ အချစ်စစ်ဘုရင်ကြီးအဖြစ် တင်မြှောက်ပြီးနေသော သူက အမိန့်ပေးနေသောအခါ -

ဆရာမသည် ရင်ထဲမှာ ဆို့နစ်စွာ မျက်လုံးညို့ကြီးဖြင့် စံနက်ကျော်ကို ကြည့်မိသေးသည်။ ထို့နောက် မိမိစိတ်တွင်း၌ တိတ်တခိုးကလေး အသိအမှတ် ပြုထားသော ကိုယ့်လင် ကိုယ့်သခင်ကို ပြုံးပြခဲ့သေးသည်။ ထို့နောက် စံနက်ကျော်၏ လက်ကို ဆုပ်ကိုင်ဖျစ်ညှစ် လိုက်မိသည်။ ဆရာမစိတ်ထဲ၌ တကယ်ပြုလုပ်ချင်သည်က အသည်းထဲမှ ရင်နာသဖြင့် ထွက်ကျလာသည့် မျက်ရည်ကို မမြင်ရအောင် ချာခနဲ လှည့်ပြေးလိုက်ချင်သည်။

သို့သော် သည်လိုမလုပ်နိုင်ဘူး မဟုတ်လား။ ထို့ကြောင့် မိမိချစ်သော ယောကျ်ားဆီမှ ရရှိထားသော မျိုးသိပ်အောင့်အည်း စိတ်ဖြင့် ရှိသေမြတ်နိုးရသည့် သူ့လက်ဖဝါးကိုပင် ဖျစ်ညှစ်ဆုပ်နယ်လိုက်ပြီး ချာခနဲ လှည့်ထွက်လာခဲ့ရသည်။

ဆရာမ စိတ်ထင့်ခဲ့ရသလိုပင် ထို့နောက် ပြန်တွေ့ရတော့ ဒဏ်ရာနှင့် သတိကင်းလွတ်လျက်နှင့်။ သည့်နောက် သတိရပြန်တော့လည်း မေရျာရောဘတ်တို့နှင့် ယောက်ျား ချင်းက ကွာလှသည်။ မိမိချစ်သူဖြစ်၍ ဘက်လိုက်တွေးထင်ခြင်း မဟုတ်။

ဒဏ်ရာကြီးနှင့်ပင် ထကြွလှုံ့လ ဝီရိယရှိသည်။ သတိရှိသည်။ စူးစမ်းမှုရှိသည်။ ထို့ထက် ရှေ့ရေးကိုတွေးတောကာ မိမိကိုလည်း ခပ်ခွာခွာနေလာသည်။ ဒါပေမယ့် ဘာရမလဲ ချစ်သူရယ်၊ ဆရာမကလေးငယ်ငယ်လောကရေးရာ မလည်ဝယ်ပေမယ့် ချစ်သူဆီက ရထားတဲ့ သင်ခန်းစာတွေက သိရမှတ်ရ တွေးတောရ လေ့လာရလွန်းလို့ ညက်ညက်ကြေခဲ့ပြီ မဟုတ်လားဟု ပြောလိုက်ချင်သည်။

သို့သော် ဆရာမက ဘယ်လိုမှ မပြောဘဲ ချစ်သူမျက်နှာကို ရင်နာနာနှင့် တစိမ့်စိမ့်ကြည့်ရင်း "အိုရှင်- ဘာကြောင့်များ လူတစ်ဖက်သားကို ဒါလောက်ကြီးတောင် ရှည်ရှည်ဝေးဝေး ထောက်ထားညှာတာတဲ့ စိတ်မျိုးတွေ ရှိတတ်ရတာလဲ" ဟုမေးလိုက်ချင်သည်။ ထို့နောက် ဆရာမသည် စိတ်တွင်းမှ ဆုံးဖြတ်လိုက်သည်။

"အို ချစ်သူရယ်၊ ရှင်ဟန်ဆောင်နေတာတွေကို သိပါတယ်ကွယ်။ အခုလို ဒဏ်ရာအနာတရနဲ့ အချိန်မျိုး ဒီက ပွေ့ပိုက်ပေးတဲ့ ရင်ခွင်ထဲမှာ တစ်မှေးစက်လိုက်ရရင် နာတာကျင်တာတွေ တစ်ဝက်လောက် သက်သာမှာပဲလို့ တွေးမိတယ် မဟုတ်လား။ ဒါပေမယ့် ရှေ့ရေးကိုတွေးပြီး ဒီက ဆရာမကို သံယောဇဉ် မပေးချင်တာနဲ့ တဖြည်းဖြည်း ခွာမှန်းမသိ ခွာနေတာ မဟုတ်လား။ ဒါပေမယ့် ဒီကလည်း ရှင့်အပြုအမူတွေကို မသိချင်ယောင် ဆောင်ပြီး ရှင်ရဲ့ ဟန်လုပ်ငြင်းဆန် ဖုံးဖိထားတဲ့ တိတ်တခိုး ဆန္ဒတွေကို အတင်း အလိုပြည့်အောင် ပွေ့ပိုက်ပြုစုနေမှာပဲရှင်ရဲ့" ဟု ရင်ထဲမှ ပြောဆိုခဲ့သည်။ စံနက်ကျော်သည် ဆရာမကို ငြင်း၍မရ၊ ရှောင်၍မရ။

ဤသို့ဖြင့် ဖက်ဆစ်သရဲတွေ လာရောက် ဝိုင်းဝန်းကြသည့် ညကို ရောက်ခဲ့သည်။ စံနက်ကျော်သည် ခေါင်းမှ စွပ်ချလိုက်လျှင် ဒူးဆစ်ခန့် အထိဖုံးအုပ် သွားနိုင်သော ဆရာမ၏ သင်တိုင်မည်းကြီးကို ဝတ်ထားသည်။ ဆရာမကိုလည်း လယ်ဝတ်အင်္ကျီ အနက်နှင့် လုံချည်မည်းကို ဝတ်စေသည်။ အိပ်ပျော်နေကြသော ဖထီးနှင့် မေရျာရောဘတ် တို့ကို နှိုးကြသည်။

အရေးအကြောင်း ကြုံလာရသည်နှင့် မေဂျာရောဘတ်သည် မေဂျာ ဖြစ်သော်လည်း စီမံခန့်ခွဲမှု ခေါင်းဆောင်မှုကို မပြု၊ မပေး။ စစ်သားကောင်း ဟူသော အမည်ကို ယူလျက် မိုက်မိုက်ကန်းကန်း တိုက်ရင်း သေမည့်သွေးမျိုးတော့ ရှိသည်။ ထို့ပြင် ရေမြေ မကျွမ်းကျင်သည့် နေရာဒေသဖြစ်သောကြောင့်ဟု ဆင်ခြေပေးနိုင်သည်။

ဤလိုအချိန်မျိုး၌ စံနက်ကျော်သည် ဒဏ်ရာရသော၊ မသန်စွမ်းသော ဟူ၍ ရှောင်ခွာ စိုနေရန် မဖြစ်။ မိမိချစ်သော ဆရာမနှင့်တကွ အားလုံးအတွက် ဆောင်ရွက်ရမည်ဟူသော အသိတရားကြောင့် ဒဏ်ရာကိုလည်း နာသည်ဟုမသိ။

သေခြင်းသည် ကြောက်စရာမရှိ။ မသေဘဲနှင့် မချိမဆံ့ခံစား ရခြင်းသည် သေခြင်းထက် ကြောက်ဖို့ကောင်းသည့်အတိုင်း သေလိုပါလျက် မသေရရှာသော စောရော်နီသည် သူ့လက်တွင်း၌ သူတို့သိချင်သည့် အကြောင်းအရာကို ပြောပြရသည်။ သို့သော် စောရော်နီသည် ရန်သူတို့၏ ဆက်လက်ညှဉ်းပန်းမှုမှ လွတ်မြောက်နိုင်သည့် လမ်းကြောင်း တစ်ခုကိုမြင်လိုက်ရသည်။

ဖထီး၏ ဂျမ်းထောင်ချောက်ကို ကြောက်သဖြင့် ရှေ့မှ မဝင်ဝံ့သည် အတွက် တံခါးကို ချိတ်များဖြင့် ဆွဲ၍ ဖွင့်စေခဲ့သော စောရော်နီသည် "သူတို့ အခုပုန်းကျင်း ထဲက ထွက်သွားကြပါ " ဟု အော်လိုက်သည်။ "ပုန်းကျင်းထဲက ထွက်သွားကြပြီ" ဟူ၍မအော်။

လည်ပတ်သော ဖက်ဆစ်သရဲတို့က နားလည်လိုက်ကြပါသည်။ ဤတွင် စောရော်နီ သည်လည်း သူမျှော်လင့်ထားခဲ့သော ဆုတောင်း ပြည့်သွားခဲ့ပါပြီ။ နောက်လူများက ချိတ်နှင့် ဆွဲဖွင့်သဖြင့် ပွင့်သွားခဲ့သော ခြံတံခါးသည် သွေးအိုင်ထဲ၌ လဲနေသည့် စောရော်နီ၏ ကိုယ်ကြီးခံနေသောကြောင့် ရုတ်တရက် ပွင့်မလာ။

ထိုအချိန်တွင် စံနက်ကျော်၊ မေဂျာရောဘတ်၊ ဖထီးနှင့် ဆရာမတို့လည်း ခြံ၏ အပြင်ဘက် အမှောင်ရိပ်တစ်ခုသို့ ရောက်နေကြပါပြီ။ အပြင်သို့ ရောက်သည်နှင့် စံနက်ကျော်သည် အခြေအနေ အရပ်ရပ်တို့ကို လေ့လာမိလိုက်သည်။ ဖက်ဆစ်သရဲတို့၏ နောက်မှ စိတ်အလိုကျ တာဝန်ထမ်းဆောင် ပေးနေကြသော ကျေးရွာအသီးသီးတို့မှ

ရွာသားများ သည် ဖက်ဆစ် သရဲတို့အလိုကျ အစစ ဆောင်ရွက်ပေးနေရသည်။ ယခုလည်း ဤအိမ်ကြီးကို ဝိုင်းထားရန် ဖြန့်၍ နေရာယူကြဖို့ တိုင်ပင်နေကြပါပြီ။

အချိန်သည် တန်ဖိုးရှိလှ၏။ လူအားလုံးတို့ အသေခံရမည့်အစား လူတစ်ယောက်တည်း အသေခံလျက် ကျန်သူများ လွတ်မြောက်မည်ဆိုက ဝမ်းသာဖွယ်ပင် မဟုတ်ပါလား။

ဤတွင် အရေးဆိုလျှင် တကယ်ပြေးလွှားနိုင် လိမ့်မည် မဟုတ်သော စံနက်ကျော်က ဝိုင်းရံကြမည့် လူအားလုံးကို မိမိဆီသို့ အာရုံ ရောက်လာ ကြစေရန် ပြုလုပ်လိုက်သည်။ ကျန်လူတို့ကို ထိုအခွင့်ကောင်းကလေး အတွင်းတွင် လွတ်မြောက်ကြစေရန် အမြန်ပြေးကြဖို့ စီစဉ်ခဲ့သည်။

ဝိုင်းရံမည့်ဆဲဆဲ လူအုပ်သည် စံနက်ကျော် မျှော်လင့်ထားသည့် အတိုင်း စံနက်ကျော် နောက်သို့ ဝန်းရံလိုက်လာကြသည်။

ကျားကျားလျားလျား ရှိလှသော မေဂျာရောဘတ်သည် ဤအခွင့်ကောင်းကလေးကို အရယူလျက် လွတ်မြောက်သွားခဲ့သည်။ ဖထီးလည်း လွတ်မြောက်ပေတော့မည်။ ဆရာမအဖို့ စံနက်ကျော်၏ အသက်နှင့် လဲလျက် မိမိအသက်ရှင်နေရစ်ခဲ့ရမည်ကို မရယူနိုင်ပါ။

ခေါင်းကို မီးတောက်သွားသည်။ ပူလောင်သောရင်ထဲ၌ ဟာသွားသည်။ စံနက်ကျော် နောက်သို့ လိုက်သွားကြသော လူအုပ်သည် စံနက်ကျော်ကို ထားပစ်ခဲ့ကာ မိမိရှိရာသို့ ဝိုင်းလာကြ၍ မိမိကို ဖမ်းလိုကဖမ်းစေတော့ သို့တည်းမဟုတ် နှစ်ဦးစလုံး အမိခံရလျှင်လည်း စံနက်ကျော်ကို ထားပစ်ခဲ့ကာ မိမိလွတ်မြောက်နေရခြင်းထက် မိမိအဖို့ ပို၍ စိတ်ချမ်းမြေ့လိမ့်မည်ဟု တွေး၏။ တွေးမိခြင်းနှင့် အတူလည်း တကယ်ပြု၏။ ဆရာမ၏ ကိုယ်နှင့်စိတ်တို့တွင် စံနက်ကျော်၏ ကိုယ်ကျိုးစွန့်၍ သူတစ်ပါးအတွက် ဆောင်ရွက်ရန် ရဲရင့်သည့် သူရသတ္တိမျိုး ကူးစက် ဝင်ရောက်နေပါပြီ။

ဆရာမသည် မြင်သာသည့် အလင်းရောင် ရှိရာနေရာသို့ ထွက်၏။ စံနက်ကျော်သို့ လိုက်နေသည့် လူအုပ်ကြီးကို မိမိရှိရာသို့ ဟစ်အော်ခေါ်၏။ လူအားလုံးတို့သည် တကယ်ပင် ဆရာမရှိရာသို့ အာရုံ စိုက်လိုက်ကြပါသည်။

ခြံတစ်ဖက်မှ ပတ်ဖြန့်လာသော ဖက်ဆစ်သရဲတစ်စုသည် ဆရာမကို သေနတ်ဖြင့် ပစ်ချလိုက်ကြသည်။

ဆရာမ ထင်သည်။ လူအုပ်ကြီးသည် မိမိချစ်သူကို လွှတ်ကာ မိမိရှိရာသို့ လာနေပြီဟူ၍။ ဆရာမသည် မိုးကောင်းကင်ရှိ တောက်ပသော ကြယ်ကလေးများကိုကြည့်ရင်း ကောင်းကင်ဘုံသို့ မျှော်မှန်းကာ အလွန်စိတ်ကြည်နူး ချမ်းမြေ့စွာ ပြုံးလိုက်သည်။

ရှုံးရှုံးမြည်သော မောဟိုက်ခြင်း၊ နာကျင်ခြင်းတို့ဖြင့် စိုးရိမ်လျက် တစ်စုံတစ်ခုကို တွေ့ကြုံခံစားရန် မောလော၊ လောသောစိတ်ဖြင့် ပြေးသွားနေသော စံနက်ကျော်သည် လူအုပ်ကြီးနှင့် ရောထွေးသွားခဲ့၏။ လူနှစ်ယောက်က စံနက်ကျော်၏ လက်ကို ကိုင်၏။

"ဘယ်သူလဲ၊ ခင်ဗျား ဆရာလေး မဟုတ်လား " ဟုအသံထွက်လာ၏။

စံနက်ကျော်က ပြေးရင်း လှည့်ကြည့်၏။ မောင်လူရှည်ပဲဟု သိလိုက်၏။ မောဟိုက်နေသဖြင့် ရုတ်တရက် မဖြေနိုင်။ မိမိရပ်လိုက်လျှင် လူအုပ် ကျန်ရစ်သူများဆီသို့ အာရုံစိုက် သွားမည်ကိုလည်း စိုး၏။ ဒဏ်ရာရထားသော ခြေထောက်ကသွေးတွေ သွင်သွင်ယို ထွက်ကုန်ပါလျက် ကျောက်ခဲကြီး ဆွဲထားသလို ပို၍လေးလာ၏။ စံနက်ကျော်သည် ပြေးမြဲပြေးရင်း ကိုလူရှည်၏ ကိုယ်မှမိရာအဝတ်စတစ်ခုကို ဆွဲကိုင်အားပြု လိုက်၏။

"ဟုတ်တယ်ကွ မောင်ထွေး၊ ဒါ တို့ဆရာလေးပဲ "

"ဆရာလေး၊ ကျွန်တော် ကျုံခက မောင်ထွေးပါ။ ဒီလူအုပ် တစ်အုပ်လုံး ကျုံခသားတွေ "

အသံနှစ်ခုသည် စံနက်ကျော်၏ နားထဲသို့ မညီမညွတ် လှယက်ဝင်လာသလို ထင်ရ၏။ သို့သော် စံနက်ကျော်၏ အသက်ရှူသံကြောင့် ပြန့်လွင့်သွား၏။ နားထဲမှ လေတွေ တဟူးဟူးထွက်လာ၏။ အားတင်းနေရင်းနှင့်ပင် ရင်ထဲ၌ ဆို့နင့်နင့်ကြီးဖြစ်ကာ မိုက်ခနဲ

ခွေခေါက် လဲကျသွား၏။ အလွန်နက်ရှိုင်းသော နေရာသို့ ကျသွားသည်ဟု ထင်ရင်း နာကျင်ခြင်း၊ မောပန်းခြင်းတို့မှ သက်သာသွားသည်။

ကိုလူရှည်နှင့် မောထွေးတို့သည် မိမိတို့ကြိုတင်စီစဉ် ထားကြသည့်အတိုင်း စံနက်ကျော်ကို လူလေးယောက်တို့အား တာဝန်ယူစေလျက် ကျုံးခသို့ သယ်ဆောင်သွားစေ၏။ ကိုလူရှည်တို့ ကိုယ်တိုင်ကမူ ဗြာသံများပေးလျက် အိမ်ကြီးကို ခြံပြင်မှ ဝိုင်းဝန်းရန် နောက်ဘက်သို့ ပြန်သွားကြသည်။

စံနက်ကျော်သည် ကျုံးခသို့ ရောက်သည်နှင့် သတိရခဲ့သည်။ တစ်ကိုယ်လုံး နာကျင်ကိုက်ခဲလျက် ပင်ပန်းနွမ်းနယ်လျနေ၏။ ရွာရှိဆရာသည် သွေးတစိမ့်စိမ့် ထွက်နေသည့် စံနက်ကျော်၏ ဒဏ်ရာကို လာရောက်ကြည့်ရှုနေသည်။ နံနက်စောစောကြီး ဖြစ်ပါလျက် စံနက်ကျော်၏ တစ်ကိုယ်လုံး ချွေးများစို့နေ၏။ ဒဏ်ရာမှ သွေးအထွက် လွန်နေစဉ် တမော တပန်းကြီး ပြေးလွှားနေသောကြောင့် နလုံးခုန် မြန်လွန်းရာမှ သတိလွတ်သွားခဲ့ရခြင်းဖြစ်သည်။

လူလတ်ပိုင်း အရွယ်မျှဖြစ်၍ အသက်မကြီးလှသေးသော ရွာဆရာ ကိုထွန်းစိန်သည် စံနက်ကျော်၏ ပြည်သူ့စစ်အဖွဲ့ဝင် ဖြစ်၏။ သူသည် ဗိန္ဒောဆရာတစ်ဦး ဖြစ်သော်လည်း ခေတ်အယူအဆတို့ကိုပါ ယုံကြည်ယူဆ၏။ ကျုံးခရွာ ပြည်သူ့စစ်၏ ဆေးမှူးလည်း ဖြစ်၏။ သူသည် ညကတည်းက သွေးအလွန်ထွက်၍ စံနက်ကျော် သတိလစ်ခဲ့ရခြင်း ဖြစ်ကြောင်း သိ၏။ ထို့ကြောင့် သွေးထွက်နေသော ဒဏ်ရာကို သွေးရပ် သွေးတိတ်အောင် ပြုစုကြိုးစားခဲ့၏။ ယခုလည်း ဒဏ်ရာကို ဆေးကြောစည်းနှောင်ပြီးလျှင် စံနက်ကျော်ကို အနားယူရန် ပြောဆိုနှုတ်ဆက်၍ ထွက်လာခဲ့၏။ အိမ်ရှိလူတို့ကိုလည်း

"ဆရာလေး သိပ်အားနည်းနေတယ်၊ စကားမပြောစေနဲ့" ဟုမှာကြားထားခဲ့သည်။ အမြန်သွေးအားတိုးရန် အားပြည့်ဖြိုးစေမည့် အစာများနှင့်တကွ ကျွဲနို့ပူပူနွေးနွေးကလေး ကိုလည်း များများ တိုက်ပေးကြရန် မှာကြားသွားခဲ့၏။

စံနက်ကျော်သည် အားနည်းနွမ်းလျနေသည် မှန်၏။ သို့သော် မိမိကိုယ်မိမိ အားနည်းနေသည် ဟူ၍မသိ။ ဆေးမှူး ကိုထွန်းစိန် ပြန်သွားသည်နှင့် အိမ်သားတို့ကို

ခေါ်၏။ ကိုထွေးတို့ ပြန်မရောက်ကြသေးဘူး လားဟု မေး၏။ ဆရာမ၊ ရောဘတ်နှင့် ဖထီးတို့ သတင်းကို သိလိုနေ၏။ သူသည် ဆာလောင် နေသော်လည်း ယခုကလေးတွင် ညှစ်ယူ ကျိုချက် လာသော ပျစ်ပျစ်နှစ်နှစ်ရှိလှသည့် ကျွဲနို့ပူပူနွေးနွေးကလေးကိုမျှ မသောက်နိုင်။ သူ့စိတ်ထဲတွင် စိတ်ပူနေ၏။ သူ့ရင်ထဲတွင် ဟာနေ၏။ သူ မကြာမကြာ တိတ်တခိုး တွေးတော ပူပန်မိခဲ့ရသောအဖြစ်သည် ယခုတကယ် စကြရပြီဟု ထင်မှတ်လာ၏။ ရင်ထဲ၌ ဟာသွား၏။သို့လော သို့လော စိတ်ဖြင့်ပူလောင်လျက် ထိုင်ရမလို ထရမလို ဖြစ်နေ၏။

လူတို့မည်သည် တစ်ရထားတည်းစီး၍ တစ်ခရီးတည်း အတူသွားကြရသော ခရီးသည် တို့ပင်လျှင် တစ်ဦးနှင့်တစ်ဦး ခင်မင်ရင်းနှီးပြီးကြပြီဆိုက ခရီးဆုံး၍ ခွဲခွာကြရသော အခါ ရင်ထဲတွင် ဟာတာတာနှင့် ဘာလိုလိုကြီး ဖြစ်ကြရသည်။ ယခုလည်း မိမိတို့သည်ခရီးဆုံး၍ ခွဲကြရလေပြီလားဟု စံနက်ကျော်၏ စိတ်၌ အတွေးဝင်၏။

ထိုသို့ တွေးမိလိုက်တိုင်း စံနက်ကျော်၏ နှလုံးသားသည် ရင်၌နာကျင်အောင် ရုန်းကန်၍ဘယ်မှ ဘယ်ဆီဟု မသိနိုင်သော ဆရာမကလေးရှိရာသို့ ထွက်ပြေးသွားသဖြင့် ရင်ထဲတွင် ဟင်းလင်းဖြစ်သွားတတ်၏။

"အို ကိုလူရှည်တို့၊ ကိုထွေးတို့နဲ့ တွေ့နိုင်ကြပေလိမ့်မယ်။ဘယ်နည်းနဲ့မဆို သူတို့ ကူညီနိုင်ကြမှာပါပဲ " ဟုတွေးလိုက်ပြန်သောအခါ သက်သာရာရ၏။

သက်သာအောင် တွေးတောနေရင်းပင် အတင်းမတွေးမိအောင် ဖုံးကွယ်ထားသည့် အသိစိတ်က ကိုလူရှည်၊ ကိုထွေးတို့လာကြရင် တကယ့်သတင်း အစစ်အမှန်တွေကို နားထောင်ရဲရဲ့လားဟု ပြဿနာ ပြုလာ၏။ ဤတွင် တွေးဝံ့ လက်ခံဝံ့သော အားတင်းထားသည့် ဟန်ဆောင်စိတ်က ကိုတွေးတို့ မြန်မြန်လာပါတော့။ သတင်းစုံ ကြားချင် လှပြီ ဟုတွေး၏။ မဝံ့ရဲသော စိုးရွံ့သော လူသားတိုင်းတို့တွင် တကယ်ရှိတတ်သော ပူပန်စိတ်က မကြားဝံ့သော သတင်းများကိုယူလာကြမည်ဆိုလျှင် ကိုထွေးတို့မလာကြပါနှင့်ဟု တိတ်တခိုး ဆုတောင်း၏။

စံနက်ကျော်သည် စွဲခိုင်တတ်သော မိမိစိတ်ကို သိသဖြင့် ဤလို ပူလောင်သောက ရောက်မှုမျိုး မဖြစ်ပေါ်ရစေရန် မိမိကိုယ်စိတ်ကို ကြိုတင်ထိန်းသိမ်းခဲ့၏။ အခိုက်အတန့်

အားဖြင့် ခေတ္တတွေကြုံကြရသော အသိအကျွမ်းမျှ ဖြစ်သည်။ မိမိနှင့် ဆရာမတို့ ဘာမှ မသက်ဆိုင်ဟု တွေး၏။ သို့သော် ယခုတကယ်ကွဲကြရပြီလား ဟူသည့် အခြေအနေသို့ ဆိုက်ရောက် လာသောအခါ မိမိသိသလိုလို မသိသလိုလိုရှိခဲ့ရသော မေတ္တာနှောင်ကြိုး တို့သည် မိမိ၏အသည်းနှလုံးကို မြဲမြဲခိုင်ခိုင် ရစ်ဖွဲ့တုပ်နှောင်ကာတင်းတင်း ဆွဲနေကြပြီဟု သိလာရသည်။ ထို့ပြင် ထိုဆွဲငင်မှုကြောင့် မိမိ၏အသည်းန လုံးတို့သာ ပြုတ်ထွက်ပါသွား၍ မိမိအဖို့ ဟင်းလင်းကျန်ရစ်ခဲ့ရသောရင်နှင့် ရှိကောင်းရှိနေလိမ့်မည်။ ထိုမေတ္တာနှောင်ကြိုး တို့ကမူ ပြတ်ထွက် သွားလိမ့်မည်မဟုတ်ဟု တွေးမိလာ၏။

သူသည်ဆရာမ၏ လှုပ်ရှားမှုများ၊ ဆရာမ၏ ကြင်နာမှုများ၊ ဆရာမ၏ လေးစားမြတ်နိုးမှုများကို မြင်ယောင်လာ၏။ မိမိအပေါ်တွင် နှစ်လိုစိတ်ဝင်စားသော မျက်လုံးညိုကြီးဖြင့် စိန်းစိန်းကြီးကြည့်နေရာမှ မျိုသိပ် အောင့်အည်းလိုက်ခြင်းနှင့် အတူ မျက်လွှာချလိုက်ကာ တကယ်ပင် နှင့်ခနဲတံတွေးကို မျိုချလိုက်ရာသော ဆရာမ၏ ရုပ်သွင်ကို မျက်စိထဲ၌ မြင်လာ၏။

တစ်ခန်းတည်း အတူတူနေခဲ့ကြရသော တပ်မက်စရာ ဆရာမကလေး၊ ဖက်ဆစ်သရဲကြီး၏ ဓားချက်များအတွင်းမှ အတူတကွ အသက်လု၍ လွတ်မြောက် လာခဲ့ကြရသော ချစ်ကြင်နာစရာ ဆရာမကလေး၊ သောကဒုက္ခ ငရဲတွင်းကြီးထဲ၌ တွယ်တာစရာ ကြင်နာစိတ် အပြည့်ဖြင့်မိမိအား ပြုစုဂရုစိုက်ရှာခဲ့သော ဆရာမကလေး၊ ထို့ထက် နှုတ်မှ လုံးဝ ဖွင့်ဟ မပြောသော်လည်း သူ့အသည်းနှလုံးများကို မိမိ အသည်းနှလုံးနှင့် အတူ ပေါင်းစပ်ကာမိမိ၏ ရင်တွင်းသို့ အပ်နှံထားလျက် တစ်သွေးတည်း လှည့်ပတ်ခြင်းဖြင့် သက်ရှင်လှုပ်ရှား နေပါပြီဟု မိမိကိုသိစေအောင်အခွင့်ရတိုင်း ပြုပြရှာတတ်သည့် ဆရာမကလေး။

ယခု ထိုဆရာမကလေးနှင့် တကယ်ကွဲကြရတော့မလားဟု တွေးမိလာသော အခါ စံနက်ကျော်သည် ထိုင်ရမလိုထရမလို ဘေးလူတို့အား ဟစ်အော်မေးရမလို လိုက်သွား ရှာဖွေရတော့မလို ရင်ထဲမှာ ဖြစ်လာသည်။ တစ်ချိန်တည်းပင် လူကငြိမ်သက်လျက် ရင်ထဲက လှုပ်ရှားရသည်မှာ မည်မျှ ပင်ပန်းကြောင်းလည်း သိလာသည်။

ထိုအတွင်း အပြင်မှ ပြုန်းပြုန်းဒိုင်းဒိုင်း ဝင်လာကြသော လူသံများကို ကြားရသည်။ စံနက်ကျော်သည် အိပ်ခန်းတွင်းမှ လူးလဲထကာ အိမ်ရှေ့ခန်းသို့ ထွက်သည်။

"အို ဆရာလေး၊ လမ်းမလျှောက်ပါနဲ့ဦးတဲ့ ကိုထွန်းစိန်က မှာသွားတယ်။ ဒဏ်ရာက သွေးပြန်ထွက်မှာစိုးလို့" အိမ်သားတွေ ဝိုင်းပြောလိုက်ကြသည့် စကားကို နားထဲတွင် ကြားလိုက်သော်လည်း သတိမမူမိ။ အသံသက်သက်မျှသာ ဖြစ်သည်။ ခြေထောက်က နာကျင်လိုက်သော်လည်း နာကျင်သည်ဟုမသိ။ ခံစားချက် သက်သက်မျှသာ ဖြစ်သည်။ စံနက်ကျော် စိတ်စောနေသည်ကား ကိုထွေးနှင့် ကိုလူရှည်။

ကိုလူရှည်ကို မတွေ့သော်လည်း ကိုထွေးနှင့် အဖော်အချို့ကိုတွေ့၏။ သူတို့သည် သူတို့လေးစားသော စံနက်ကျော်ကို အပြုံးဖြင့် ဆီးကြိုလိုက်ကြသည်။

"ဟာ-ဆရာလေး၊ ဘာမှ မဖြစ်ဘူးနော်။ သက်သာသွားပြီပေါ့"

ကိုထွေး ဘာပြောလိုက်သည်ကို စံနက်ကျော်မသိ။ ကိုထွေး၏ မျက်နှာကိုသာ အရေးတကြီး ကြည့်လိုက်၏။

"သူတို့ ဘယ်လိုလဲ။ ကျန်ခဲ့တဲ့ လူတွေလေ၊ ကျွန်တော်နဲ့အတူ ထွက်လာပြီး ကျန်ခဲ့ရတဲ့လူတွေလေ။ တွေ့လား၊ ပါလာလား၊ သတင်းရလား ဘယ်ရောက်ကုန်ကြလဲ"

သူတို့ဆရာလေး ဤသို့ရှေ့လောကြီးမှုကို ဤတစ်ကြိမ်သာ တွေ့ဖူးကြသဖြင့် ငေးကြည့်နေမိကြသည်။ နောက်မှ ကိုထွေးက သတိရလျက်မျက်နှာ ပြင်လိုက်သည်။

"တခြားလူတွေတော့ တွေ့လည်းမတွေ့ဘူး၊ သတင်းလည်း မကြားခဲ့ရဘူး ဆရာလေး။ ဆရာလေးဝင်ခိုတဲ့ စာဖြူကရင်တွေ ရွာက ချောချောလို့လည်း ခေါ်တဲ့၊ အစုလို့လည်း ခေါ်တဲ့ ရန်ကုန်က ဆရာမလေး တစ်ယောက်တော့ အလောင်းတွေ့ခဲ့ရတယ်။ သူတို့လိုချင်တဲ့သူပဲ"

စံနက်ကျော်သည် နောက်ထပ်စကားသံများကို ကြားနေရသော်လည်းမသိတော့။ တကယ်တော့ ကိုထွေးသည် ပြည်သူ့စစ်မှ ပြောက်ကျားရဲဘော် ဖြစ်လာသူပီပီ သတင်းတို့ကို ပြောပြရာ၌ သတင်းပေးပို့သကဲ့သို့ တိတိကျကျ ပြောတတ်သည်။ထို့ကြောင့်

ကိုထွေးက တိကျအောင် အပြည့်အစုံပြောပြနေသည်။ စံနက်ကျော်သည် နားထောင်သကဲ့သို့ ငြိမ်သက်နေသည်။ သို့သော် စံနက်ကျော်၏ စိတ်ထဲမှ

"သူသေပြီ၊ သူသေပြီ၊ သူသေသွားရှာပြီ။ မိမိကိုချစ်သော၊ မိမိကလည်း ချစ်မိသော ကျောက်ဆစ်ရုပ်ကလေးလို လှပသော ဓမ္မတရား တွေလို စိတ်သဘောထား ဖြူစင်သော........

မနေ့ညက ဝင်းခြံကြီး၏ အပြင်စပ်သို့ လေးယောက်သား ရောက်နေကြရစဉ်က အသားကလေးတွေ ဆတ်ဆတ်တုန်လျက် မျက်လုံးကလေး ပြူးတိပြူးကြောင် ဖြင့် မိမိအနီးတွင် အားကိုးတကြီး ကပ်နေဆဲ သူ့လက်နကလေးကို နောက်ဆုံး နှုတ်ဆက်သလို ဆုပ်ကိုင် ဖျစ်ညှစ်လိုက်ပြီးမှ သူတို့ အသက်ရှင်ရေးအတွက် ထားပစ်ခဲ့ရသော ဆရာမ။

ယခု သူက အသက်ရှင်ပြီး ကျန်မနေဘဲ သေနှင့်ခဲ့ပြီတဲ့။ သူသေပြီ။ သူတကယ်ပဲ သေခဲ့ပြီ။ ကိုထွေးက မိမိစကားဆုံးသွားပြီ ဖြစ်သောကြောင့် စံနက်ကျော်၏မျက်နှာကို လှမ်းကြည့်၏။ စံနက်ကျော်က ကိုထွေးကြည့်နေသည်ကို မသိဘဲ မိမိအတွေးနှင့် မိမိ ငေးငိုင်နေ၏။

စံနက်ကျော်၏ နားထဲသို့ အသံတစ်ခု ဆင့်ကာဆင့်ကာ ဝင်လာ၏။ မိမိကို ခေါ်နေသလား။ ဟုတ်ပါသည် ကိုထွေးက မိမိကိုခေါ်နေခြင်းပါ။

"ဗျာ... ဗျာ၊ ဘယ်လို"

"ဟိုသင်းပါ ဆရာလေး၊ ကျွန်တော်တို့ ဘာဆောင်ရွက်ရမလဲ ဘယ်လို လုပ်ကြရမလဲ ဆိုတာ"

"ကျွန်တော်တို့ သူ့အလောင်းကို ရတဲ့နည်းနဲ့ သွားယူရမယ်။ ကျွန်တော် ကိုယ်တိုင် ခေါင်းဆောင်ပြီး စီစဉ်မယ်"

"ဟာ- ဖြစ်ပါ့မလား ဆရာလေး"

ကိုထွေးက မေးလိုက်ဆဲ စံနက်ကျော်သည် မိမိအခန်း ရှိရာသို့ ပြန်လှည့်ထွက်လာသည်။ ကိုထွေးနှင့် အဖော်များကို ကျောခိုင်းမိသည်နှင့် စံနက်ကျော်၏ မျက်လုံးထဲမှာ မျက်ရည်တွေက ပေါက်ပေါက်ပေါက်ပေါက် လိမ့်ကျသွားသည်။ ပူလောင်သော မျက်ရည်၊ အသည်းနှလုံးမှ လျှံထွက်လာသော မျက်ရည်။

ထိုမျက်ရည်တို့ ဖိတ်ကျသွားပြီးနောက် စံနက်ကျော်၏ မျက်လုံးသည်ခြောက်သွေ့သွားသည်။ ရင်ထဲ၌လည်း သက်သာသွားသည်။ သို့သော် နာကျင်နေသည်။ ဟင်းလင်းဟာနေသည်။ စံနက်ကျော်သည် အခန်းထဲသို့ ရောက်သည်နှင့် မိမိခြေထောက်မှ ဒဏ်ရာကို မိမိဘာသာမြှောက်ကိုင်ကြည့်သည်။

စံနက်ကျော်၏ စိတ်ထဲတွင် သူတစ်ပါး၏ ဒဏ်ရာကိုကြည့်ရှုပြုစု သကဲ့သို့ ကိုင်တွယ်ကြည့်ရှုသည်။ လမ်းထလျှောက်သဖြင့် ရွေ့လျားသွားသည့် စည်းနှောင်ထားသည့် ဆေးဝတ်များကို ပြင်ချည်သည်။ သို့ချည်နှောင်ရင်း ဆရာမက ပြုစုပေးမှုကို မြင်ယောင်လာသည်။ ဆရာမသည် အလွန်ယုယကြင်နာစွာ စံနက်ကျော်၏ ဒဏ်ရာကို ကိုင်တွယ်ခဲ့သည်။ စံနက်ကျော် နာကျင်လှုပ်ရှားလိုက်လျှင် မိမိနာကျင်လှုပ်ရှားလိုက် သကဲ့သို့ ခံစားတတ်ကြောင်း စံနက်ကျော်က အမြဲသတိထားမိခဲ့သည်။

သို့သော် စံနက်ကျော်သည် ထိုစဉ်က မသိသလိုနေခဲ့၏။ ကျေးဇူး မတင်သလိုပြုမူတုံ့ပြန်ခဲ့၏။ ဘယ်သို့ပင် စံနက်ကျော်က ဟန်ဆောင် ဖုံးဖိထားသည်ဖြစ်စေ ဆရာမက အမြဲ သိနေသည်။ စံနက်ကျော်၏ မျက်နှာထားကြီးကို ရွှင်ကြည် ပြုံးတုံ့မပြုံးတုံ့လုပ်နေတတ်သည်။ မလုံသော စံနက်ကျော်က

"ဘာပြုံးတာလဲ၊ ခင်ဗျားက သူများနာတာကို သဘောကျပြီး ပြုံးလိုက်တာလား "

ဟု ကြုံဖန်ကြိမ်းမောင်း လိုက်သော အခါပို၍ ချစ်မောဖွယ်ရာ ပြုံးလာလျက်

"ရှင်ဘယ်လို ဟန်လုပ် ကြိမ်းမောင်းနေနေ ရှင့်ရင်ထဲက ဘယ်လိုဆိုတာ ကျွန်မအလိုလို သိနေတယ်ရှင့်။ အဲဒီတော့ ရှင်အဲဒီလို ပြောဆိုနေရင် ကျွန်မ ရယ်ရင်ရယ်ချင်လာတယ် "

ဣန္ဒြေမပျက် မျက်နှာမထားမပြင်ဘဲ ငြိမ်နေလိုက်ရသော်လည်း ဆရာမ ပြောစကားမှာ မှန်လှသည်။ စံနက်ကျော်သည် တကယ်ပင်ယခုချက်ချင်း မိမိအနားတွင် ဆရာမက ပြောကြားနေသကဲ့သို့ ကြားယောင်မြင်ယောင်လာသည်။ ဆရာမနှင့် မိမိသည် တစ်ဦးနှင့်တစ်ဦး ဖုံးဖိဟန် လုပ်၍မှုမရအောင် နှလုံးသားချင်း ပေါင်းစပ်ပြီးခဲ့ရပြီ မဟုတ်ပါလား။ ယခု ဆရာမ မရှိတော့ရှာပြီ။

စံနက်ကျော်၏ ရင်ထဲ၌ ဆို့နင့်လာ၏။ စံနက်ကျော်သည် ဒဏ်ရာကို စည်းနှောင်ရာမှ ဖြေထားသော ဆေးအဝတ်ကြီးကို ကိုင်လျက်ငေးငိုင်နေသည်။ ပြန်မရနိုင်သော ဆုံးရှုံးမှုတွင် နစ်မြောလျက် ရင်ထဲမှာ တိတ်တဆိတ် ရှိုက်ငင်ရင်း မှုတ်ထုတ်လိုက်သော ပင့်သက်နှင့်အတူ သတိဝင်လာသည်။ မိမိဘာကြောင့် ဤမျှ ထိခိုက်ရပါသလဲဟု တွေးသည်။ ဆရာမကို ဆုံးရှုံးရခြင်းသည် မိမိ၏ဘဝ၊ မိမိ၏ ပျော်ရွှင်မှုများပါ ဆုံးရှုံးရသောကြောင့်ဟု တဖြည်းဖြည်း တွေးမိလာသည်။

မိမိသည် ယခုမှ ဤအဖြစ်ကို တကယ်သိလာသည်။ ဆရာမကို ဆုံးရှုံးရခြင်းသည် မိမိပျော်ရွှင်ကျေနပ်ရမည့် ဘဝတစ်ခုလုံးကို ဆုံးရှုံးရခြင်း။

မိမိသည် အသက်ရှင်လျက် ကျန်ရစ်ခဲ့ရသော်လည်း ခြောက်သွေ့သော ဘဝတွင်ငြီးငွေ့ဖွယ်ရာ ရှည်ကြာနေရခြင်းသာ ဖြစ်ပေမည်။ အရှင်လတ်လတ် ပြာပူထဲတွင် လူးလွန့်နေရသည့် ငါး၏ အသက်ရှင်ခြင်းမျိုးသာ ဖြစ်ပေမည်။ ဆရာမနှင့်တကွ မိမိ၏ ပျော်ရွှင်ချမ်းမြေ့ ရမည့် ဘဝတွေကိုပါ ဖျက်ဆီးလိုက်ကြသည့် ဖက်ဆစ်သရဲတွေ။

တစ်တိုင်းပြည်လုံးရှိ လူတိုင်းလူတိုင်းတို့၏ ကြည်မောဖွယ်သော ဘဝတွေကိုပါ ဖျက်ဆီးပစ်နေကြသည့် ဖက်ဆစ်သရဲတွေ။ သည်ဖက်ဆစ်သရဲတွေကို ငါဘယ်တော့မှ မကြေ။ စံနက်ကျော်သည် ခေါင်းကို ဆတ်ခနဲ ခါယမ်းလိုက်ကာအတွေးကို ဖြတ်လိုက်သည်။ လက်ထဲတွင် ဖြေကိုင်ထားသည့် ဆေးဝတ်ဖြင့် ဒဏ်ရာကို ဆက်၍ စည်းပတ်သည်။ စံနက်ကျော်၏ နှုတ်ခမ်းသည်တင်းတင်းစေ့ နေသည်။

လခြမ်းပွဲကလေး ထွက်စပြုသောအချိန်။

မိုးမိုးမဲမဲ လူအုပ်စုတစ်စုသည် လယ်ကွင်းထဲ၌ တိတ်တိတ်ဆိတ်ဆိတ် ဖြတ်သန်းနေကြသည်။ လူကမများလှ။ ကိုးယောက်သာ ရှိသည်။ သူတို့တွင် ဒူးလေး ငါးလက်၊ အင်္ဂလိပ် လက်ပစ်ဗုံး သုံးလုံး၊ ဂျပန်လက်ပစ်ဗုံး တစ်လုံးနှင့် ခြောက်လုံးပြူး တစ်လက်တို့ ပါကြသည်။ ထို့ပြင် လူတိုင်းတွင် ဓားမြှောင်တို့နှင့် ဓားလွယ်တို့လည်း ပါကြသေးသည်။

သူတို့ဆရာလေးက ပြောထားသည်။ လူအားနည်းလျှင် လက်နက် အားများရမည်။ သယ်ယူရန် လွယ်ကူသည့် ပေါ့ပါးသောလက်နက်များ ဖြစ်ရန်သာ လိုပါ သည်တဲ့။ သူတို့တစ်တွေသည် တိုက်ပွဲဝင်ကြရမည် ဖြစ်သောကြောင့် စိတ်လှုပ်ရှား သွေးပူနေကြသည်။ သူတို့အဖို့ တိုက်နည်းခိုက်နည်း များကို လေ့ကျင့်သင်ကြားပြီးခဲ့ကြရသည်မှာ ကြာခဲ့ပြီဖြစ်သော်လည်း သူတို့ဆရာလေး ပျောက်သွားခဲ့သောကြောင့် မျှော်တလင့်လင့်ဖြင့် ဘာမှ မပြုလုပ်ရ။ မဖြစ်ရဘဲ အေးတိအေးစက်နှင့် စိတ်ပျက်နေခဲ့ကြရသည်။

သို့သော် သူတို့စိတ်၌ စွဲဝင်မှုတစ်ခု ကျန်နေရစ်ရသည်။

"ကျွန်တော်တို့ တစ်တွေ လွတ်လပ်ရေးရနေကြတယ် ဆိုတာ ခင်ဗျားတို့ ယုံသလား။ လွတ်လပ်တဲ့ လူမျိုး၊ လွတ်လပ်ရေးနဲ့ထိုက်တန်တဲ့ လူမျိုးဆိုတာ စည်းနဲ့ကမ်းနဲ့ နေတတ်ရတာတော့ မှန်တယ်။ ဒါပေမယ့် အဲဒီစည်းကမ်းဟာ ကျွန်တော်တို့ ပြည်သူလူထုက ကျွန်တော်တို့အတွက် လုပ်ယူကြတဲ့ စည်းကမ်း ဖြစ်ရမှာဗျ။ ကျွန်တော်တို့ကို အုပ်ချုပ်နေတဲ့ သင်းတို့တစ်တွေ ဇိမ်ခံ သွေးစုတ်၊ အမြတ်ထုတ် နေနိုင်ရေးအတွက် ကျွန်တော်တို့ တစ်တိုင်းတစ်ပြည်လုံးက အစုတ်အပြတ် အငတ်ခံပြီး လိုက်နာနေကြရတဲ့ စည်းကမ်းမျိုး မဟုတ်ဘူး။ အဲဒီလို ကျွန်တော်တို့ လိုက်နာနေရသမျှ ဘယ်အကောင်ကြီး တွေ တက်အုပ်ချုပ်အုပ်ချုပ် လွတ်လပ်ရေးရတာ မဟုတ်ဘူး။ ပြည်သူတွေ လွတ်လပ်တာ မဟုတ်ဘူး။ ပြည်သူတွေကို အဲဒီစည်းကမ်းကြီးတွေ၊ ဥပဒေကြီးတွေနဲ့ ရစ်ပတ်တုပ်နှောင်ထားကြတာ၊ သင်းတို့ပြုလုပ်သမျှ မလှုပ်နိုင်ဘဲ ငုတ်တုတ်ခံ နေကြရအောင် ဖွဲ့နှောင်ထားကြတာ။

ဒီနေရာမှာ ခင်ဗျားတို့ ကျွန်တော်တို့ကို နှောင်ကြိုးတည်းထားကြတဲ့ အစိုးရ ဆိုတဲ့ အကောင်တွေ လက်ထဲမှာ အခွင့်အရေးမှန်သမျှ အားလုံးရှိနေတော့ သူတို့က အသံ

ကျယ်ကျယ်နဲ့ အမြဲအော်နိုင်ကြတယ်။ ကြားလိုက်ကြရတဲ့ ခင်ဗျားတို့ ကျွန်တော်တို့ တစ်တွေ နားယောင်ပါးယောင်ဖြစ်အောင် လုပ်နိုင်တယ်။

ဥပမာဗျာ ကျွန်တော်တို့ တိုင်းပြည်ကြီးကို ကာကွယ်ပေးဖို့ အတွက် ပြည်သူတို့က ဝိုင်းဝန်းကူညီကြရမယ် ဆိုတော့ ဒါဟာ ဟုတ်တာပဲလို့ ကျွန်တော်တို့ ထင်လိုက်ကြရတယ်။ ဒီလိုမထင်အောင် သူတို့ပြောတာတွေ မဟုတ်ဘူးဆိုတဲ့ အသံတွေ ထွက်ခွင့်မရှိဘူး မဟုတ်လား။ ဒီတော့ သူတို့အသံပဲ ထွက်နေတော့ သူတို့ပြောတာတွေ ဟုတ်နိုးနိုး ထင်လာကြရတာပေါ့။

လူထုအားကို အများကြီးလိုသည်။ လူထုအစိုးရ အချိုးကျကူညီ။ တယ် သာယာတဲ့ သီချင်းသံလေး၊ တယ် အဓိပ္ပါယ်နဲ့ပြည့်စုံတဲ့ သီချင်းကလေး၊ ဒီအသံ တစ်သံတည်း ကြားနေရတော့ တယ်လည်း ဟုတ်ပါမှန်ပါကလားလို့ ကျွန်တော်တို့က ထင်နေကြတာပေါ့။

ဆိုကြပါစို့ဗျာ၊ ကျွန်တော်တို့ တိုင်းပြည်ကြီးကို ကာကွယ်ပေးဖို့ အတွက်ပြည်သူ တို့က သွေးနဲ့ချွေးနဲ့ ဝိုင်းဝန်းကူညီကြရမယ်လို့ ဆိုလိုက်တာနဲ့ ဒါဟာ အလကား ကျုပ်တို့ တိုင်းပြည်ကြီးကို သူတို့လက်ထဲမှာ ကြာရှည် တည်တံ့နေရေးအတွက် ကျုပ်တို့ကို ချွေးတပ်ဆွဲဖို့ ဆွယ်တဲ့စကား။ ကျုပ်တို့တိုင်းပြည်ကိုသူတို့လက်ထဲမှာ ကြာရှည် တည်တံ့ နေရေးအတွက် သူတို့စစ်သားတွေနောက်က ကူလီလုပ်ဖို့၊ လမ်းဖောက်ပေးဖို့၊ ချွေးတပ်သား အဖြစ်ခံဖို့၊ ကျွဲလိုနွားလို ရုန်းကြဖို့၊ အပင်ပန်းခံ အငတ်ခံအသေခံကြဖို့ ဖက်ဆစ် သရဲတွေနဲ့ ဖက်ဆစ်သရဲတွေရဲ့ ရုပ်သေးရုပ်တွေက ပြောကြတဲ့စကားလို့ တစ်ယောက်ယောက်က အသံထွက်ခွင့်ရခဲ့ရင် ကျွန်တော်တို့၊ ခင်ဗျားတို့ဟာ သူတို့ ပြောတိုင်း ဟုတ်နိုးနိုးနဲ့ ယုံကြည်မှာ မဟုတ်ဘူး။ ခုတော့ တခြားလူတွေအားလုံးကို ပိတ်ပင်ပြီး တစ်ဖက်သတ်တည်း ပြောနေကြတဲ့ သူတို့ရဲ့ တစ်သံတည်း သာထွက်နေတဲ့ စကားကိုချည်း ကြားနေရတော့ ဟုတ်နိုးနိုးနဲ့ ယုံရတော့မလို၊ ယုံရတော့မလို ဖြစ်နေကြရတယ်။ ဒီတော့ ကျွန်တော် တစ်ခုပြောထားမယ်။ ဘယ်သူတွေက ဘာပြောပြော ကိုယ်တွေ့မျက်မြင်ကို သာယုံကြ။

လွတ်လပ်ရေး အစစ်ဆိုတာ ဘယ်သူအုပ်ချုပ်တာ ဘာညာဆိုတဲ့ ပုဂ္ဂိုလ်စွဲတွေနဲ့ မဆိုင်ဘူး။ ခင်ဗျားတို့၊ ကျွန်တော်တို့ ပြည်သူတွေ လွတ်လပ်ရမယ်။ ခင်ဗျားတို့၊

ကျွန်တော်တို့ ပြည်သူတွေ စားမှုဝတ်မှုနေမှု အတွက် ချောင်ချိသက်သာ ရမယ်။ ခင်ဗျားတို့၊ ကျွန်တော်တို့ ပြည်သူတွေ စိတ်လက်ပျော်ရွှင်ရမယ်။ အဲဒီလို ကိုယ်တွေ့ မျက်မြင်ဖြစ်လာရင် အဲဒါ လွတ်လပ်ရေးအစစ်ပဲ။ အဲဒီလိုမှ မဟုတ်ဘဲနဲ့ ခင်ဗျားတို့၊ ကျွန်တော်တို့ တစ်တွေကျတော့ အသက်မရှူနိုင်လောက်အောင် ဘေးကျပ်နံကျပ် အနေကျဉ်းကျပ် အဝတ်စုတ်ပြတ် အစားထမင်းငတ်နေကြရပြီး ခင်ဗျားတို့၊ ကျွန်တော်တို့လို မဟုတ်တဲ့ ပြောင်ပြောင် ရောင်ရောင် ထောင်ထောင်ထောင်ထောင် လက်တစ်ဆုပ်စာလောက် အကောင်တွေက ဒါမှ တကယ့်လွတ်လပ်ရေး၊ အဟုတ် လွတ်လပ်ရေး၊ အစစ် လွတ်လပ်ရေး၊ ထိုက်ထိုက်တန်တန် အမှန်အကန် အကျိုးရှိတဲ့ လွတ်လပ်ရေးလို့ ဘေးတီးသံတွေနဲ့ ပါးဖြဲနားဖြဲပြောလာရင် -

ဟုတ်တယ်၊ သူတို့စကားဟာ သူတို့ လက်တစ်ဆုပ်စာလူစုနဲ့ အဲဒီ လက်တစ်ဆုပ်စာ လူစုရဲ့ ရပ်သေးရပ် အရိုးအရင်း စုပ်နေကြတဲ့ နောက်လိုက်တွေအတွက် ဟုတ်တယ်။ ခင်ဗျားတို့၊ ကျွန်တော်တို့အတွက် မဟုတ်ဘူးလို့ ယုံလိုက်

သူတို့ ဆရာလေးသည် စကားပြောရာ၌ အလွန်သဘောပေါက်အောင် ပြောတတ်သည်။ သဘောတရားတွေ၊ အနုပဋ္ဋိလောမတွေ၊ မတ်က်စ်ဝါဒတွေ တစ်လုံးမှ မပါဘဲနှင့် နားထောင်သူတို့ကို နိုင်ငံရေးသမားတွေ၊ လက်နက်ကိုင် တော်လှန်ပုန်ကန်ရေး သမားတွေဖြစ်လာအောင် ပြောတတ်သည်။ ပြီးတော့ သူတို့ဆရာလေး ရောက်လာလျှင် လက်နက် တွေပါ ပါလာတတ်သည်။ အသစ်အဆန်းတွေလည်း ပြုရန်လုပ်ရန် ပါပါလာတတ်သည်။ ယခု ဒူးလေးငါးလက်တွင် အသုံးပြုရမည့် မြားတံတို့သည် သူတို့ဆရာလေး ဖန်တီးတီထွင်သည့် မြားများဖြစ်သည်။ ဒူးလေးကြီးတို့ဖြင့် ပစ်ရမည့် အဝေးပြေးမြားထိပ်တွင် ခြောက်လုံးပြူးကျည်ဆန် တပ်ဆင်ထားသည်။ မြားဦးက လေးသော်လည်း အလေးချိန်မကွာလှ စေရန် မြားမြီးတွင် ခဲသွင်းထားသည်။ မြားတံနှင့် ကျည်ဆန်အဆက် နေရာတွင် ကျည်ဆန်၏ နောက်ပိတ် ဗဟိုတည့်တည့်၌ မြားတံတွင် သံငုတ်တုံးတုံး စိုက်ထားသည်။ ထိုအဆက်သည် ဤမြားတံအတွက် အရေးအကြီးဆုံး အစိတ်အပိုင်းဖြစ်သည်။ အဆက်တွင် အချိန်အဆ မမှန်ပါက ဒူးလေးပစ်လိုက်သည့် နေရာ၌ပင် ကျည်ဆန်ပေါက်ကွဲသည်ချည်း ဖြစ်သည်။ လူကို အန္တရာယ်ဖြစ်နိုင်သည်။ သို့သော် ဆရာလေးက လုပ်တတ်၏။ ထို့ကြောင့် ဆရာလေး၏ မြားတို့ဖြင့်

ကျွဲတစ်ကောင်ကို ပစ်ခတ်ပေါ်ကြည့်ပြီးမှ ဒူးလေးတို့ကို အသုံးပြုရန် စိတ်ချလက်ချ ကိုင်စွဲလာကြခြင်းဖြစ်၏။

မြားတံတို့ကိုလည်း ဒူးလေးတစ်ခုနှင့် တစ်ခု ပြောင်းလဲ အသုံးပြု၍ရ၏။ ထိုမြားတို့ဖြင့် ပစ်လိုက်လျှင် မြားထိမှန်ခံရသည်နှင့် ကျည်ဆန်ကတဆင့် ပေါက်ကွဲသော ကြောင့် သေနတ်ဖြင့် ကပ်၍ ဆိုးသည်ကား ကျည်ဆန်ထိပ်ဖူးသည် သေနတ်ပြောင်းထဲမှ ထွက်လာရခြင်း မဟုတ်သောကြောင့် တည့်တည့်မသွားဘဲ ထင်သလို ထွက်သွားသည့် အတွက် ဒဏ်ရာပိုကြီးခြင်းဖြစ်သည်။

ဆရာလေးသည် ဤလက်နက်စသည်တို့ကို စနစ်တကျ ကိုင်တွယ်သုံးစွဲရန်နှင့် ထိန်းသိမ်းရန်အတွက် ဖွဲ့စည်းမှု၊ သင်ကြားမှုပြုပေးခဲ့ပြီးနောက်ပျောက်ကွယ်သွား ပြန်သောအခါ ကျေးရွာသားများအဖို့ ဆန့်တင့်င့် ကျန်နေရစ်ခဲ့ကြရ၏။ ဆရာလေး ကွယ်ပျောက် သွားသည့် အချိန်၌ ရွာသားတို့သည် ဆရာလေး၏ အကြောင်းကို အမျိုးမျိုးထင်မြင်ချက် ပေးကြ၏။ အမျိုးမျိုးပြောဆိုကြ၏။ မိမိတို့ရွာ၌ သိမ်းဆည်းကိုင်စွဲရန် ပေးကမ်းထားခဲ့သည့် လက်နက်များကြောင့် ဆရာလေးကို မည်သူမျှ အထင်မသေးကြ။

ဆရာလေး၏ အဖွဲ့အစည်းရှိသော ရွာတိုင်းတွင် ထိုထက်နက်တို့ အနည်းအများ ရှိလိမ့်မည်ဟု အချင်းချင်း သိကြ၏။ မည်ရွေ့မည်မျှရှိခြင်းကိုသာ မသိကြရ ခြင်းဖြစ်၏။ ထို့ပြင် ဆရာလေးသည် ရွာများသို့ အမှတ်မထင် ရောက်ရောက်လာတတ်၏။ ဆရာလေး လာခြင်းသည် ဧည့်သည်ကဲ့သို့ လာခြင်းမဟုတ်။ တစ်ဖက်ရွာသို့ အပျိုလှည့်သွားသော သားလူပျိုသည် မိမိအိမ်ကို မိမိပြန်လာသကဲ့သို့ အေးအေးလူလူ ဝင်ရောက်လာခြင်းဖြစ်၏။ အကယ်၍ လူစိမ်းတစ်ယောက်သည် ထိုအိမ်ထဲ၌ ရှိနေသော်လည်း နောက်မှဝင်လာသည့်

ဆရာလေးကို ဧည့်သည်တစ်ယောက်ဟု ထင်မြင်တွေးမှတ်ဖူးသည်ဟု တစ်ခါမှ မကြုံဘူးခဲ့။ ဤအိမ်မှ အိမ်သားတစ်ယောက် ဝင်လာသည်ဟုသာ တွေးထင် သွားကြသည်ချည်း ဖြစ်၏။

သို့သော် မည်မည်ရရ မရှိသော သတင်းအနံ့ တစ်ခုသည် တငွေ့ငွေ့ ပေါ်ထွက်လာ၏။ ဖက်ဆစ်စစ်သားများသည် ဆရာလေး သွားတတ်လာတတ်သည့်

ကျေးရွာများသို့ ဝင်ရောက်မွှေ၏။ ဖက်ဆစ်သရဲ တို့၏ လက်ကိုင်တုတ်အဖြစ်ခံနေရသော ရဲအုပ်ရဲမှူး တို့သည်ကျေးရွာသားများကို စစ်ဆေးမေးမြန်းရ၏။ နှိပ်စက်ရ၏။ မနှိပ်စက်လို၍ မဖြစ်။

ဆရာလေးက ကျေးရွာသားတို့ကို ပြောဆိုသင်ကြားထားသော စကားစုတို့သည် မိုစလင်တရားဓမ္မခပ်ဆန်ဆန်ဖြစ်၏။

ရဲသည် လည်းကောင်း၊ ကျေးရွာသူကြီးတို့သည် လည်းကောင်း မိမိတို့တွင် ကျရောက်မည့် ဘေးအန္တရာယ်နှင့် ဝမ်းရေးအတွက်ကြောင့်သာ ဝမ်းရေးအလုပ် လုပ်သည်ဟု ဆိုလျှင် သည်းခံစိတ်ရှည်ကြရမည်။ အောင့်နိုင်ကြရမည်တဲ့။ ထို့ထက်ပို၍ ဖက်ဆစ်သရဲတွေ၏ အပြုအမူကို ယုံယုံကြည်ကြည်ထောက်ခံ၍ပြုလုပ်နေခြင်းဖြစ်လျှင် ထိုလက်ကိုင်တုတ်ပုဆိန်ရိုးကို အပြီးအပြတ် သုတ်သင်ပစ်ရမတဲ့။ ဆရာလေးသည် အနောက်တိုင်း ကလေးပုံပြင်ထဲမှ သစ်တောကြီးနှင့် သစ်ခုတ်သမားတို့၏ သစ်သား ဖြစ်သော ပုဆိန်ရိုးပုံပြင်ကို အမြဲပြောပြလေ့ရှိခဲ့သည်။

လူအချို့ အတော်အတန် အနှိပ်စက်ခံလိုက်ကြပြီးနောက် ထိုသတင်းသည် ပျယ်ပြယ်သွား၏။ ဆရာလေးလည်း ပေါ်မလာတော့။သို့သော် ပြည်သူ့စစ်များ မည်သို့ လေ့ကျင့်ရမည် မည်သည့်အမှုများကို ပြုလုပ် ဆောင်ရွက်ကြရမည် ဟူသော စာရွက်စာတမ်းတို့ မကြာမကြာ ရောက်လာလေ့ရှိ၏။

စာလုံးကလေးများသည် လက်ရေးစာလုံးများဖြစ်ကြသော်လည်း ကျေးရွာသားတို့ မြင်ဖူးကြခြင်း မရှိသော ပုံနှိပ်ထားသည့် လက်ရေးစာလုံးများဖြစ်၏။ မင်အနက်ချည်း သက်သက် မဟုတ်ဘဲ တစ်ခါတစ်ရံ မင်အစိမ်းရောင်များဖြင့် လုပ၏။

သတင်းစာစောင်များကဲ့သို့ ဖြစ်လျက် ပတ်ထားသည့်စာရွက်၌ ပင်အတွင်းတွင် ပါရှိသော အကြောင်းအရာများကို အလှအပ ရိုက်နှိပ်ဖော်ပြထား၏။ ထို့နောက် ဖဲကြိုးအနီကလေးများဖြင့် အလှအပ ချုပ်လုပ် ချည်နှောင်ထား၏။

ကျေးရွာသားတို့သည် ထိုစာစောင်ကလေးများ ရောက်ရောက်နေစဉ်ကလည်း တက်တက်ကြွကြွနှင့် သူတို့၏ ဆရာကလေး စံနက်ကျော်ကို မျှော်မြဲ မျှော်နေ ကြသေး၏။

သူတို့သည် အနိုပ်စက်ခံနေကြရလေလေ သူတို့၏ ဆရာကလေးပြောပြထားသည်ကို သွေးထွက်အောင်မုန်းကြောင်းသိလေလေ၊ ဖက်ဆစ်သရဲတို့ကို မုန်းလေလေ ဖက်ဆစ်သရဲတို့လက်အောက် မှ ရုန်းထွက်လိုစိတ်တို့ပေါ်လေလေ။

သူတို့သည် မွဲမွဲငတ်ငတ် အနေကျပ်လေလေ သူတို့၏ ဆရာကလေး ပြောပြထားသည့် လက်တစ်ဆုပ်စာလူတစ်စုတို့ ပြောင်ပြောင်ရောင်ရောင် ထောင်ထောင် ဆောင်ဆောင် ပေါ်ကြွယ်ဝ နေကြသည်တို့ကို သတိထားမိလေလေ၊ သင်းတို့ကို မုန်းလေလေ၊ သင်းတို့၏ လက်အောက် မှ ရုန်းထွက်နိုင်ရန် စိတ်စောမိကြလေလေ၊ ဆရာကလေးကို မျှော်ကြလေလေ။

သို့သော် ဆရာကလေးသည် လူကိုယ်တိုင်ပေါ်လာ ရန် မဆိုထားဘိ နှစ်လတစ်ကြိမ်၊ သုံးလတစ်ကြိမ် ရောက်ရောက်လာတတ်သည့် ညွန်ကြားချက်စာစောင် ကလေးများလျှင်ပင် ရောက်လာပေါ်လာခြင်း မရှိဘဲ ကြယ်ပျောက် ငှက်ပျောက် ပျောက်နေခဲ့သည်။

ယခင်စာစောင်ကလေးများ ရောက်ရောက်လာစဉ်က စာစောင် ကလေးများသည် ဆရာကလေး ဖွဲ့စည်းထားသည့် အဖွဲ့အစည်း အသီးသီးတို့ တစ်ပြိုင်တည်း တစ်ပြိုင်တည်း ရောက်လာကြခြင်းဖြစ်၏။ ထိုစာစောင်ကလေးများတွင် -

ပြည်သူ့စစ်အဖွဲ့ ဗဟိုညွှန်ကြားရေးဌာန၊ ဌာနချုပ် ပြည်သူ့ အရေးတော်ပုံပါတီ ဟူ၍ လည်းကောင်း၊ ပြည်သူ့ပြောက်ကျား တပ်ဖွဲ့ဗဟိုညွှန်ကြားရေးဌာန၊ ဌာနချုပ်ပြည်သူ့ အရေးတော်ပုံ ပါတီဟူ၍ လည်းကောင်း၊ ပြည်သူ့တောင်သူလယ်သမား အစည်းအရုံး၊ ဗဟိုညွှန်ကြားရေးဌာန၊ ဌာနချုပ်ပြည်သူ့အရေးတော်ပုံ ပါတီဟူ၍ လည်းကောင်း၊ ပြည်သူ့လွတ်မြောက်ရေး အလုပ်သမားအဖွဲ့ ဗဟိုစည်းရုံးရေးဌာန၊ ဌာနချုပ် ပြည်သူ့ အရေးတော်ပုံ ပါတီ ဟူ၍လည်းကောင်းစာစောင်၏ အောက်ခြေတွင် ဌာနဆိုင်ရာ အမည် ကလေး များပါလာလေ့ရှိသည်။

စာစောင်ကလေးများ ရောက်ပုံကလည်း ဆန်းသည်။ မြို့သို့ တက်ရောက် သွားသည့်ရွာမှ အဖွဲ့ဝင်ရွာသား ဦးလေးတစ်စုံတစ်ယောက်အား မြို့ပေါ်မှ လူငယ်

တစ်ယောက်က ဈေးလိုနေရာမျိုးတွင် လာရောက်တွေ့ကာ အဖွဲ့ဝင်တို့၏ လျှို့ဝှက် အထိမ်းအမှတ် တစ်ခုခုဖြင့် အပြန်အလှန် လာရောက်နှုတ်ဆက်ပြီး ဤအထုပ်ကို ယူသွားပါရန် အကြောင်း၊ ဆရာကလေးက ပေးလိုက်ကြောင်းပြော၍ ပျောက်သွားတတ်၏။ ဤမျှဆိုလျှင် ပြည်သူ့စစ်လေ့ကျင့်စဉ် အမှတ် (၁-၂-၃-၄) တို့နှင့်တကွ ပြည်သူ့စစ် လေ့ကျင့်စဉ်အကျယ်ကို လေ့ကျင့်ပြီး သင်ကြားပြီး ဖြစ်နေကြသော ရွာသားဦးလေးတို့ အတွက် အရေးပဲ့ဆိုက ဤစာအုပ်ကြီးကို မည်သို့ ဖျောက်ရမည်၊ မည်သို့ဖုံးဝှက်ရမည်ကို အားလုံးသိပြီးဖြစ်၏။ မဖျောက်သာ၊ မဖုံးဝှက် သာလျှင်မိမိနှင့် လွတ်အောင်၊ မိမိနှင့် မသက်ဆိုင်သလိုဖြစ်အောင် မည်သို့ ရှောင်ရှားရမည်ကို သိပြီးဖြစ်၏။

စာစောင်တို့သည် ဤအတိုင်းသာ ရောက်ရောက်လာခဲ့သော်လည်း စာစောင် ပေးလိုက်သည်ဆိုသော ဆရာကလေးကိုလည်း မတွေ့ရ။ ဆရာလေး၏ နေရပ်ကိုလည်း မသိရ။ နောက်တော့ စာစောင်တွေလည်း မလာ၊ ဆရာကလေးလည်း လုံးဝ ပျောက်သွားခဲ့သည်။ သတင်းကိုမျှ မကြားရတော့။

ကျေးလက်တောရွာသားတို့သည် မေ့လွယ်ပျောက်လွယ်တတ်သူများ မဟုတ်ကြ။ လျှာဖျားကလေးမှ လွယ်လွယ်ချိုချိုပြော၍ လွယ်လွယ်ပြီးပျောက် သွားတတ် သူများမဟုတ်ကြ။ ရင်တွင်းမှ လှိုက်၍ ထွက်လာသည့် စကားလုံးတို့ကိုသာ ပြောရင်း ရင်တွင်း၌ စွဲထင်လျက် တမြေ့မြေ့ ကျန်ရစ်ခဲ့ကြသူများ ဖြစ်သည်။ ထို့နောက် စံနက်ကျော်ကို အမြဲသတိရ နေကြသည်။ ပို၍ သတိရစရာကောင်းသောအချက်ကလည်း ရှိသေးသည်။ စံနက်ကျော်ယူယူလာဖြင့် သိမ်းဆည်းသိုဝှက်ထားရသော လက်နက်များ။

ထိုလက်နက်များကို ဝှက်ထားရာမှ သင်ကြားပေးထားသည့် အတိုင်း ထုတ်ယူ တိုက်ချွတ်ရ ဆီထိုးရတိုင်း စံနက်ကျော်ကိုလည်းသတိရသည်။ သင်ကြား ထားခဲ့သည့် စစ်ရေးစစ်ရာ တိုက်နည်းခိုက်နည်း များသင်တန်းများကိုလည်း သတိရသည်။

"ပြောက်ကျားစစ်သည် အင်အားကြီးသူကို အင်အားနည်းသူက ခုခံ တိုက်ခိုက် သောစစ်။ ဖိနှိပ်သူကို အဖိနှိပ်ခံရသူတို့က တိုက်ခိုက်သောစစ်။

အင်အားကြီးသော ဖိနှိပ်သူသည် အင်ကြီးအားကြီး အလုံးအရင်း တို့နှင့် ဖိနှိပ်ရန် လာရသောကြောင့် ထင်ရှား၏။ တာဝန်ကြီး၏။ နေးကွေးလင်းဖင့်၏။ မိမိတို့နှင့် မသက်ဆိုင်သည့် နယ်တို့ကို နှိပ်စက်အနိုင်ကျင့်ရန် အတင်းတိုးဝင်လာကြသူများ ဖြစ်သည့်အတွက်နယ်မြေကို လက်တွေ့မကျွမ်းကျင်။

အင်အားနည်းသော အဖိအနှိပ်ခံသူသည် အလုံးအရင်း မရှိသောကြောင့် မထင်မရှားပြုနိုင်၏။ လျို့ဝှက်နိုင်၏။ တာဝန်ပေါ့၏။သွားလာရွေ့ပြောင်းရန် သွက်လက် မြန်ဆန်၏။ မိမိနယ်မြေမှ ခုခံကာ ကွယ်သူဖြစ်သောကြောင့် လက်တွေ့နယ်ကျွမ်းသည် ”

မိမိတို့ လေ့ကျင့်သင်ကြားထားရသည့် တိုက်နည်းခိုက်နည်းများ၊ ပြောက်ကျားစစ် သဘောတရားများကို စိတ်ထဲမှ ရွတ်ဆိုကြရင်းတက်ခေါက်မိကြသည်။ ဆရာကလေးတို့ ကလည်း လာခဲလိုက်ကြတာ။ ဒီဖက်ဆစ်သရဲကောင်တွေကို ဘယ်တော့ ထဆော်ကြရပေ့ါ မလဲဟု တောက်တခေါက်ခေါက်ဖြင့် တမ်းတညည်းညူနေကြဆဲ။

စာရွက်စာတမ်းတွေ၊ ညွှန်ကြားချက်တွေ ရောက်လာခဲ့ပြန်သည်။ ယခင်ကကဲ့သို့ ဗဟိုဌာနချုပ်မှ မဟုတ်ဘဲ ခရိုင်နှင့်မြို့နယ်တို့မှဖြစ်၏။ ကျေးရွာသားတို့သည် ခရိုင်ကိုလည်း ဘယ်နေရာမှန်းမသိ။ မြို့နယ်ကိုလည်း ဘယ်နေရာမှန်းမသိ။ သို့သော် အကျင့်ရလာပြီး သူများဖြစ်ကြသဖြင့် ညွှန်ကြားချက်အတိုင်း ယုံယုံကြည်ကြည် လိုက်နာလုပ်ဆောင် ကြ၏။

ထိုအတွင်း ဖက်ဆစ်တို့၏ လက်အောက်တွင် ဖက်ဆစ်သရဲတွေကလည်း ပို၍ သောင်းကျန်း ရဲတင်းလာကြ၏။ သူတို့နောက်တွင် သူတို့ လက်ကိုင်တုတ်ကြီးများ ဝေဌပေးကမ်းသလောက် မဝရေစာ ဝယ်ယူစားသောက်ကြရလျက် သပေ့ါဖျာစုတ်ကို အဝတ်အဖြစ် ပတ်၍ ဆန်ကွဲကိုမှ အနပ်မှန်အောင် မစားကြရသူများ ရှိနေရသည့် အဖြစ်ဆိုးကြီးထဲတွင် ကျေးရွာသားတို့ကို ရွာလုံးကျွတ် ရွာလုံးကျွတ်ခေါ်ကာ လမ်းဖောက် ခိုင်း၏။ ကျင်းတူးခိုင်း၏။ ရွာသားတွေ ထမင်းစားဖို့ အလုပ်မလုပ်ကြရ။ ငါးကိုမျှ ထွက်မရှာရဟု အမိန့်ထုတ်ထားကြပြီး သူတို့ကတော့ ရွာထဲသို့ဝင်လာကြလျက် ရွာသားတို့ မွေးထားကြသည့် ကြက်များ၊ ဘဲများကိုဖမ်းသွားကြ၏။ ပြီးနောက် ရွာသားတွေရှေ့တွင် ချက်ပြုတ်လျက် သူတို့တွင်ပါလာသော စားကောင်းသောက်ဖွယ်တို့နှင့်အတူ ပါးဖြဲနားဖြဲ

စားပြကြ၏။ ဒါကိုပင် ဝတ်နေသော ရွာသားတွေက သူတို့ကိုကြည့်၍ အထင်ကြီးနေကြရ၏။ အားကျနေကြရ၏။ သို့သော်-

ဆရာလေးတို့က ရှင်းလင်းပြထား သောကြောင့် ဒါတွေဟာ တို့တစ်တွေ ဝဝစားရမည့် အစာတွေကို သင်းတို့ဖက်ဆစ်သရဲကောင်တွေချည်း တို့ရှေ့လာပြီး စားပြနေတာ။ တို့ကို နှိပ်စက်ရင်းလာပြီးစားပြနေတာ။ဒါတွေဟာ သူတို့ဖက်ဆစ်သရဲတွေ တို့ဆီက အမြဲယူယူသွားကြတဲ့ စားရေ ရိက္ခာတွေပဲ။ တို့ရဲ့သားငယ်၊ သမီးငယ်ကလေး တွေကို အငတ်ထားပြီး တို့ပေးလိုက်ကြရတဲ့ ဆန်စပါး၊ ငွေကြေး အခွန်အကောက်တွေနဲ့ ယင်းတို့စားပြနေကြတာပဲ တွေးသိလာကြ၏။ ထို့ကြောင့်-

"သင်းတို့ကို တိုက်ချင်လှပါပြီ၊ လက်စားချေချင်လှပါပြီ" ဟု လက်ယား နေကြရင်းနှင့်ပင် ပြည်သူ့စစ် အဖွဲ့ဝင်တို့ လိုက်နာရမည့် နည်းပရိယာယ်များအတိုင်း သူတို့ခေါ်လျှင် သွားကြ၏။ သူတို့ခိုင်းလျှင် လုပ်ကြ၏။ ထိုသို့ သွားရင်းလုပ်ရင်း သင်းတို့ ဘာတွေ လုပ်နေကြသလဲ။ နောက်ထပ် ဘာတွေလုပ်ကြဦးမလဲဟု မျက်စိကို ဖွင့်နားကိုစွင့်လျက် အသင့်ရှိနေကြ၏။

ထိုအတွင်း ယခု မမျှော်လင့်ဘဲနှင့် ဆရာလေး ရောက်လာပြန်၏။ ရောက်လာ ပုံကလည်း အသက်နှင့်လုံ၍ လဲ၍ရောက်လာခဲ့သည့်ရောက်လာရပုံမျိုး။

ပြီးတော့ လနှင့်နှစ်နှင့် ချီ၍ လက်ယားလာခဲ့ရသည့် လက်ဖြင့် ဖက်ဆစ် သရဲတွေကို လက်စားချေကြရတော့မတဲ့။ တိတ်တိတ်ဆိတ်ဆိတ်ဖြင့် ကိုယ့်အတွေးနှင့် ကိုယ် စိတ်ထက်သန်လျက်ရှိသော ရွာသားတို့သည် ရုတ်တရက်ရပ်လိုက်သည်။ လခြမ်းပဲ့ ကလေးသည် အတော်မြင့်လာခဲ့လေပြီ။ တစီစီ အော်နေကြသော လယ်ပိုးမွှားတို့၏ အနီးသံ ရပ်တန့်သွားသောကြောင့် ညည့်သည် ပို၍ တိတ်ဆိတ်သွားသည်။ သို့သော် အဝေးမှ အော်မြည်သံများကို ပို၍ ထင်ရှားသိသာစွာ ကြားရသည်။ မကြာမီပင်ထိုအဝေးသံတို့သည် တိတ်ဆိတ်သွားသည်။ ရှေ့ဆုံးမှ ကိုထွေးသည် လယ်ကန်သင်းပေါ်၌ပင် ထိုင်လိုက် သောကြောင့် စံနက်ကျော်နှင့်တကွ နောက်လူတို့လည်း ထိုင်လိုက်ကြသည်။

ကိုထွေးက အဓိပ္ပာယ်ရှိဟန်ဖြင့် နောက်မှကပ်လျက် ထိုင်နေသည့် စံနက်ကျော် ရှိရာသို့ ဦးခေါင်းလှည့် လိုက်သည်။ ကိုထွေးမျက်နှာ လှည့်လာခြင်းကိုသိသော စံနက်ကျော်က ခေါင်းညိတ်ပြလိုက်သည်။

အဝေးမှ လယ်ပိုးကောင်တို့ အော်မြည်သံများ ရပ်သွားမှု ထို့နောက် ဆက်လက် အော်မြည်ကြမှုတို့သည် ရွေ့လျားနေသောကြောင့်ဖြစ်သည်။ ညပိုးကောင်တို့၏ သဘောသည် လူလျှောက်လာသောအခါ တစ်ညီတည်း ရပ်လိုက်ကြ၍ ထိုလူလွန် သွားသောအခါ တစ်ညီတည်း ပြန်အော်ကြသည်။ သို့သော် ထိုလူရောက်နေသည့် အနီးဝန်းကျင်မှ ပိုးကောင်များက အအော်ရပ်ပစ်လိုက်ကြပြန်သည်။ ဤနည်းဖြင့် လူလျှောက်လာလျှင် ညပိုးကောင်တို့၏ အော်မြည်မှုသည် လူရောက်နေသည့်နေရာ ဝန်းကျင်တို့မှ အသံရပ်ရပ်သွားသော ကြောင့် သတိပြု၍ နားထောင်တတ်ပါက အသံရပ်မှု ရွေ့လျက်ရှိသည်။

လယ်ကွင်းထဲ၌ ညတိုက်ပွဲကို အကြိမ်ကြိမ်လေ့ကျင့်ခဲ့ဖူးသော ကိုထွေးတို့သည် ဤအကြောင်းကို သိသည်။ အဝေးမှ တစ်စုံတစ်ယောက် သော်လည်းကောင်း၊ တစ်စုံတစ်ယောက်ထက် ပိုသောသူတို့သည် လည်းကောင်းဖြတ်လာနေကြသည်။

ကိုထွေးတို့အနီးမှ ရှည်ကြာစွာ တိတ်ဆိတ်သွားကြသော လယ်ပိုးတို့သည် လူတို့လှုပ်ရှားသံ မကြားရသဖြင့် တစ်ပြိုင်တည်း စီခနဲအော်ကြပြန်ရာ ကိုထွေးက မြက်ပင်တို့ကို လက်ဖြင့် ယမ်းလိုက်သဖြင့် မီးခလုတ်တို့ကို ပိတ်လိုက်သောကြောင့် အလင်းရောင် ပျောက်သလို အော်မြည်သံများ တိခနဲ ပျောက်သွားသည်။

အဝေးမှရွေ့လျားနေကြသည့် ညပိုးတို့၏ အော်မြည်သံတိတ်မှုသည် တစ်နေရာ တည်းတွင် ရပ်နေသည်။ စံနက်ကျော်နှင့် ကိုထွေးတို့သည် မျက်နှာနှစ်ခု ပြိုင်တူ လှည့်လိုက်ကြခြင်းဖြင့် တစ်ဦးကို တစ်ဦး ကြည့်မိကြကြောင်း သိကြသည်။

ညဥ့်သံသည် တစီစီမြည်မြဲမြည်နေကြသော်လည်း ထိုရပ်သွားသည့် နေရာမှ ညဥ့်ပိုးများ အော်သံထွက်မလာ။

ညဉ့်ဘက်တွင် ကျက်စားသွားလာကြသော လင်းဝက်ငှက်၏ ကွကွအော်မြည်သံသည် ညဉ့်၏ တိတ်ဆိတ်ကြောင်းကို ပို၍ပေါ်လွင်အောင် တန်ဆာတင်လိုက် သကဲ့သို့ ရှိသည်။ မြင့်တက်လာသော လခြမ်းကလေး၏ မှုန်မှေးမှေးလင်းရောင်တွင် ကြယ်ပြောင်ကလေးတွေ တွဲလွဲခိုနေကြသည့် နက်ရှိုင်းရှိုင်းကောင်းကင်ပြင်ကြီး၌ ထိုအဖော်ကွဲနေဟန်တူသော လင်းဝက်ငှက်ကို ကျွန်တော် ရှာဖွေ၍ တွေ့ကြလိမ့်မည် မဟုတ်လေ။

ကိုထွေးသည် လက်ဝါးနှစ်ဖက်ကို ပါးစပ်ရှေ့တွင် ဖွင့်ချည်ပိတ်ချည်လုပ်ကာတုံ့ပြန် အသံပြုလိုက်သည်။ တစ်ဖက်မှ အသံကလည်းပေါ်လာ၏။

"ကျွန်တော်တို့ လူတွေပဲ" ဟုပြောလျက် နေရာမှထလိုက်ကြသည်။ သူတို့သည် တစ်ရွာနှင့်တစ်ရွာ ပူးပေါင်း၍၊ အချို့ရွာများက ရန်သူနေရာမှ နေလျက် စောင့်နေသည့် ရွာသို့ တိတ်တဆိတ် ချဉ်းကပ်စီးနင်း၍ လည်းကောင်း လေ့ကျင့်ခဲ့ကြ၏။ ထိုသို့ လေ့ကျင့်ရာ၌ သွားရောက်တိုက်ခိုက်ကြရမည့် ပြောက်ကျားတပ်ဖွဲ့တို့သည် တစ်ရွာမှ အဖွဲ့နှင့် ကျန်တစ်ရွာမှ အဖွဲ့တို့ တွေ့ဆုံပေါင်းစပ်ရန် နေရာသတ်မှတ်ကြရသည်။တစ်ခါ တစ်ရံ ထိုမိမိတို့သတ်မှတ် တွေ့ဆုံကြမည့် နေရာသို့ ရန်သူအဖြစ် ရယူပြုလုပ်ရသူတို့က ဦးအောင်စောင့်နှင့် နေသောအခါ ပြောက်ကျားမင်းသားတို့၏ လေ့ကျင့်ပွဲသည် အလွန်ပညာသား ပါလာကြတော့သည်။ ဤကဲ့သို့ အကြိမ်ကြိမ်လေ့ကျင့်သား ရခဲ့ပြီးသော အခြေအနေမျိုးသို့ ရောက်ပါ့မလဲဟု စိတ်က ထင့်ထင့်တွေးကြရင်း ယခုအထိ အဆင်ပြေနေကြ ပေပြီ။

ကိုထွေးတို့က မိမိတို့ကို ကြည့်မည်ဆိုက မြင်ရစေရန် နေရာမှ ထလိုက်သည်။ မကြာမီကလေးအတွင်း၌ပင် မည်းမည်းမည်းမည်းနှင့် လူအုပ်စုတစ်ခုကို မြင်လာရသည်။ ကိုထွေးတို့ကလည်း ထိုလူအုပ်စုရှိရာသို့ သွားသည်။ အချင်းချင်းဆုံမိကြသောအခါ ပျော်လိုက်ကြဖြစ်ခြင်း။

ဤရွာသား ဤသူတို့သည် အခါတိုင်းကလည်း မကြာမကြာတွေ့နေကျမြင်နေကျဖြစ်သည်။ သို့သော်အခါတိုင်း အချင်းချင်း တွေ့ကြရစဉ်က မည်သို့မျှမထူးခြား။ ယခုလို လခြမ်းပဲ့ရောင်ကလေး မလင်းတလင်း လယ်ကွင်းကျယ်ကြီး အတွင်း၌ အချင်းချင်း တွေ့ဆုံ

လေ့ကျင့်ခဲ့ကြသည်မှာ အကြိမ်ကြိမ်။ သို့သော်မြင်ရိုးမြင်စဉ် မြင်နေကျအတိုင်း လုပ်ငန်းခွင် တစ်ခုထဲမှ စုပေါင်း ပျိုးနုတ်ကြရသလောက်။

ယခုမူ ထိုသို့မဟုတ်။ လူတိုင်းလူတိုင်း၏ ရင်ထဲ၌ လှုပ်ရှားနေကြ၏။ မိမိတို့ အတူသွား အတူဆောင်ရွက်ရမည့် သူ အချင်းချင်းတွေ့ဆုံမိကြသည်နှင့် တစ်ပြိုင်နက် တစ်ဦးလက်မောင်းကို တစ်ဦး ဆုပ်ကိုင်လိုက်ကြကာ အချိန်ရှည်လျားစွာ ကွဲကွာနေခဲ့ကြ ရသည့် တစ်မိဝမ်းတွင်း ခေါင်းနင်းဆင်း ညီနောင်အရင်းတို့ တွေ့ဆုံကြရသကဲ့သို့ ရင်ထဲ၌ ပြိမ်သက် အတူလက်တွဲ၍ တိုက်ပွဲဝင်ကြရမည့် သူများပါကလား ဟူသော အသိဝင်လာသည်။ ထိုတိုက်ပွဲကား မိမိတို့ကို ဝတ်အောင်၊ မွဲအောင်၊ နာလန်မထူနိုင်အောင် နှိပ်စက်သွေးစုပ် နေကြတဲ့ လူထုရန် သူတွေကို တိုက်ကြခိုက်ကြရမည့် တိုက်ပွဲ။

ဆရာလေးတော့ ပြောပါသည်။

"ဘယ်လိုမှ မဟုတ်ပါဘူးဗျာ။ ကျွန်တော့်အပေါ်မှာ စေတနာ ထားရှာတဲ့ ဆရာမကလေးကို ပစ်သတ်ကြတဲ့အတွက် လက်စားချေ ပစ်မယ့်တိုက်ပွဲပါ။ ခင်ဗျားတို့ လိုက်ချင်တဲ့လူမှ အပျော်လို သဘောထားပြီး တစ်ပွဲတစ်လမ်းစမ်းကြည့်ရအောင် လိုက်ခဲ့ကြပေါ့ " တဲ့။

သို့သော် ကိုထွေးတို့လူစုက သိကြပါသည်။ စံနက်ကျော်သည် ဘယ်အခါမှ နိုင်ငံရေးတွေ၊ သဘောတရားရေးတွေကိုမပြော။ လက်တွေ့ အခြေအနေကိုသာ ပြောပြ တတ်သည်။ လက်ငင်းအကြောင်း အရာတွေကိုသာ ထောက်ပြတတ်သည်။ အမှန်က စံနက်ကျော်သည် ရန်ကုန်မှ ထွက်မလာမီ သတင်းသန့်သန့်မျှ မကြားရသေးမီကတည်းက သွေးအေးနေသည့် ရွာသားတို့ကို ပြန်၍ သွေးပူအောင် နှိုးဆွပေးသကဲ့သို့ စာတမ်း စာစောင်ညွှန်ကြားချက်တွေ ပို့ခဲ့သည်။

ထိုညွှန်ကြားချက် တို့သည် ခရိုင်များ၊ မြို့နယ်များမှ ရောက်လာကြခြင်း ဖြစ်သည်။

ညွှန်ကြားချက် တွေထဲ၌

"ပြောက်ကျားစစ်နှင့် ပြည်သူ့စစ်တို့ကို အပေးအယူ အတိုင်အဖောက်ညီအောင် လေ့ကျင့်ပါ။ ပြည်သူ့ပျောက်ကျား တပ်ဖွဲ့များ အစမ်းလေ့ကျင့် ရွေ့လျားမှုများ ပြုလုပ်ကြည့်ပါ။ ယခင်က ညွှန်ကြား လေ့ကျင့်ခဲ့ဖူးသည့်အတိုင်း ပြည်သူ့ ပြောက်ကျား တို့သည် လယ်ယာလုပ်ငန်းတို့ကို မပျက်စေဘဲ ရက်ရှည် လှည့်လည် ရွေ့လျားမှုတို့ကို လက်တွေ့စမ်းသပ်နှင့်ပါ။ မကြာမီ လုပ်ငန်းစတင် ကြည့်ရန်အတွက် လက်တွေ့ညွှန်ကြား ပေးမည့်သူများ ရောက်လာလိမ့်မည်" စသော ညွှန်ကြားချက်တို့ ရောက်နှင့်ခဲ့ပြီး ဖြစ်၏။ သို့သော် ထူးခြားချက်သည် ညွှန်ကြားချက်နှင့် မရေးမနှောင်းကလေးပင် ဆရာကလေး ရောက်နေပြီ ဟူသည့်သတင်း ရလိုက်ကြရခြင်း ဖြစ်လေသည်။ ယခုတော့ ဆရာကလေးနှင့် အတူ ပထမဆုံးတိုက်ပွဲကို ဆင်နွှဲကြရတော့မည်။

ကျုံခန်းမှ မောင်ကြီးသည် စံနက်ကျော်၏ လက်ကို ဝမ်းသာအားရ ပြေးဆုပ် လိုက်၏။ မောင်ကြီး၏ ဘေး၌ မောင်လူရှည် ပါလာ၏။ မောင်ကြီးက မောင်လူရှည်ကို ကြည့်လိုက်ပြီး ဆရာလေးဘက်သို့ လှည့်လိုက်၏။

"သူတင်းပို့လို့ ကျွန်တော်တို့ အားလုံးသိပြီးနေပြီ။ တစ်နယ်စီဖြစ်နေတာနဲ့ အသင့်ပြင်ပြီး အချိန်စောင့်နေရတာပဲ ဆရာလေးရဲ့။ သူကတော့ သူတို့ တိုက်သူကြီး ကိုဌေးမြိုင်ကြောင့် တစ်ကိုယ်တော် ပြောက်ကျားအဖြစ် ကျွန်တော်တို့နဲ့ လာလုံး နေရတာပေါ့။ သူတို့နယ်က စည်းရုံးလို့ သိပ်မလွယ်ဘူး။ ကိုဌေးမြိုင်ကို ကြောက်နေရတဲ့ ငယ်ကြောက်တွေ များလို့ အစအနတွေ ထွက်နိုင်တယ်"

"ကဲကဲ အဲဒါတွေ နောက်မှ အေးအေးဆေးဆေး ပြောကြရအောင်။ ကိုထွေးလာဗျာ၊ အခုဆောင်ရွက်ပြီးခဲ့တာတွေက ဘယ်နှယ့်လဲ" အလုပ်စကားကို စံနက်ကျော်က ပြောလိုက်သည်နှင့် ရင်းနှီးခင်မင်စိတ်များ၊ ရောင့်ရဲသည့် သတိစိတ်များ ပေါ်သို့ လေးနက်တိကျသည့် တာဝန်သိစိတ်များက ဖုံးလွှမ်းသွားသည်။

မှေးမှိန်သော လခြမ်းရေးတွင် တစ်ဦးက ထင်ရှားစွာ မမြင်သာသော်လည်း အနည်းငယ် တင်းမာသလို တည်တံ့သွားကြကြောင်း သိနေကြရသည်။ နေရာသည် ဖက်ဆစ်သရဲတွေ၏ လက်ကိုင်တုတ်ဖြစ်သော တိုက်သူကြီး ကိုဌေးမြိုင်၏ နယ်ပယ်

ဖြစ်သဖြင့် ထိုနယ်မှ တစ်ယောက်တည်းသော အဖွဲ့ဝင်ဖြစ်သည့် မောင်လူရှည်က အားလုံး ကိစ္စအဝဝကို တာဝန်ယူ ထောက်လှမ်းပေးခဲ့ရသည်။

မောင်လူရှည်၏ ပြောပြချက်အရ ထိုတိုက်နယ်ရှိ ရွာအားလုံးအမြဲအမှောင် ဖုံးနေ၏။ ဆရာမကလေးတို့နေသော စာဖြူရွာကြီးတွင် မီးမလောင်ဘဲ ကျန်နေသည့် နေရာတို့မှ လူများပါ ပြောင်းရွှေ့ကုန်ကြသဖြင့် ရွာ၏ နောက်ပိုင်းရော အရှေ့ပိုင်းပါ ရပ်သူရွာသား တစ်ယောက်မျှ မရှိတော့ဟု သိရ၏။

ထိုရွာကြီး၏ ဝန်းကျင်ရှိ ရွာအားလုံးတို့သည် တိုက်သူကြီး ကိုငွေမြိုင် အုပ်ချုပ်ရာနှင့် ဖက်ဆစ်သရဲတို့ စခန်းချရာ ရွာများဖြစ်သောကြောင့် သူကြီးအမိန့်အတိုင်း နေဝင်လျှင် မီးခွက်မှုတ်ကြလျက် မိမိတို့ရွာကို မိမိတို့ ကင်းစောင့်ကြကာ တိတ်တိတ် ဆိတ်ဆိတ် အိပ်ကုန်ကြသည်ချည်းဖြစ်သည် ဆို၏။

ဖက်ဆစ်သရဲတို့ကမူ မီးလောင်သွားသည့် ကရင်မကလေးတို့၏ ရွာဥပင်လျှင် နေမြဲနေကြလျက် ထိုဖက်ဆစ်သရဲတို့ စားသောက်ရန် အတွက် ဘေးပတ်ဝန်းကျင် ရှိ ရွာတို့က အသီးအရွက်၊ ကြက်၊ ဝက်၊ ဘဲ၊ ငါး စသည့် ဟင်းလျာများကို ရွာလုံးကျွတ် စုဆောင်းကြပြီး အခမဲ့ အလှည့်ကျ သွားရောက်ပို့ကြရသည်ဆို၏။ ဖက်ဆစ်သရဲတွေ စားသောက် ရန်အတွက် ဟင်းလျာစိမ်းများကို အလှည့်ကျ သွားရောက် ပို့ကြရသော ရွာသားတို့သည် ထိုရွာကြီး ပတ်ပတ်လည်တွင် တုံးလုံးပက်လက် သေဆုံးနေကြသည့် အလောင်းကောင်တို့ကြောင့် ကြောက်ရွံ့ထိတ်လန့်ကြသဖြင့် ချက်ချင်းပို့ ချက်ချင်း ပြန်လိုကြ သော်လည်း တစ်ခါတစ်ခါ ဖက်ဆစ်သရဲတို့က အတင်းခေါ်ယ ခိုင်းစေတတ်သော ကြောင့်မည်သူမျှ မသွားလိုကြဟု သိရ၏။

သို့သော် ကိုလူရှည်သည် မိမိတို့ရွာမှ အလှည့်ကျတိုင်း သူတစ်ပါး ကိုယ်စား အမြဲပါသွားလေ့ရှိ၏။ သို့ပါသွားတိုင်း ဖက်ဆစ်သရဲတွေ၏ အနေအထိုင်နှင့် ဝင်ရန်၊ ထွက်ရန် အကွက်အကွင်းတို့ကို အမြဲ ကြည့်မှတ် လေ့လာထားခဲ့၏။ တုံးလုံးပက်လက် သေဆုံးနေသူတို့၏ ဆွေးမျိုးမိဘတို့သည် ထိုသေဆုံးသွားသူ၏ အလောင်းကို လာရောက် ယူငင်သင်္ဂြိုဟ်ဝံ့ခြင်း မရှိကြ။

ထိုသူကြီးက သိထားကြသည့် သေသူတို့၏ ဆွေးမျိုးများသည် လည်း လယ်ယာချောင်းမြောင်းတို့နှင့် တကွ ကျွဲ၊ နွားများကိုပါ ပစ်ထားခဲ့ပြီးလျှင် တစ်ရပ်တစ်ကျေး အဝေးသို့ ပြောင်းရွှေ့ပြေးကုန်ကြသည်ဆို၏။

ထိုအခါ တိုက်သူကြီးသည် ထိုသူတို့၏ ကျွဲ၊ နွား များကို ဆွဲယူသိမ်းထားခဲ့ရာ ယခုအခါ ကျွဲ၊ နွား အကောင်ရေစုစုပေါင်း (၆၀) ကျော်မျှပင် ရရှိပြီးခဲ့ပြီ ဆို၏။ ဤသည်ကို ရိပ်စားမိသော ဖက်ဆစ်သရဲ အမှတ်စားတစ်ကောင်သည် သူကြီးကို ဝေစုခွဲနေသဖြင့် သူကြီးက အမဲပေါ်၍ နေ့စဉ်ပို့ပေးနေရ၏။ ထို့ပြင် ညနေတိုင်း အရက်ပုံးနှင့် စားစရာတို့ကို သယ်ယူ၍ ထိုဖက်ဆစ်သရဲကောင်တွေနှင့် အတူ သွားရောက် သောက်စားကာ နံနက်လင်းမှ ပြန်ပြန်လာလေ့ ရှိသည်တဲ့။

ထိုသို့ သွားရောက်ရာတွင်လည်း သူကြီးသည် ရွာထဲမှ ဝတ်မွတ်မွဲတေလှသော မိန်းမတစ်ဦး၊ နှစ်ဦးကို စားစရာနှင့် အရက်များကို သယ်ယူရန်ဟုဆိုလျက်ခေါ်ခေါ် သွားသဖြင့် အချို့ ဆင်းရဲမွဲတီးလှသော မိဘများသည် မိမိတို့၏ သမီးပျိုများကို အခြားရွာများသို့ သွားပို့ထားကြသော်လည်း အချို့ကမူ ဆင်းရဲဝတ်ပြတ်မှု မရှိလှပါဘဲနှင့်ပင် သူကြီးနောက်မှ အရက်ပုံးကိုရွက်၍ ကိုယ်တိုင်လိုက်ရန် သော်လည်းကောင်း၊ သားသမီး များကို ခြိမ်းခြောက်မောင်းမဲ၍ လိုက်စေခြင်းကိုသော် လည်းကောင်း ပြုလုပ်ကြသည်တဲ့။

သူကြီးက ထိုသို့ ဖက်ဆစ်သရဲတွေနှင့် အပေါင်းအသင်းလုပ်ရန် ညညသွားနေစဉ် သူကြီး၏ လူယုံ ထွန်းအွံ့နှင့် ပွကြီးတို့ကလည်းညဘက် တွင် အသွားအလာ အကူးအသန်း မပြုရ ဟူသော သူကြီး၏ အမိန့်ကို တိတ်တဆိတ် ချိုးဖောက်ကြလျက် ညောင်လှရွာသို့ အပျိုသွားလည်လေ့ ရှိသည်တဲ့။ ယခုည၌မူ အပြန်တွင် အရက်ပုံးထမ်းရန်ဟု ဆိုလျက် သာခွေးကိုပါ ခေါ်သွားရာ မောင်လူရှည်သည် သာခွေး၏ ကိုယ်စား သာခွေးစောင့်ရမည့် ည၌ဝက်ကင်းအလှည့်ကို စောင့်ခဲ့သေးသည်ဆို၏။ ထို့နောက် မိမိတို့ရွာနှင့်နီးသော ဤရွာဘက်သို့ အရောက်လာခဲ့လျက်။

စံနက်ကျော်က လက်လာလိုက်သည်။ ည၌၏ တိတ်ဆိတ်မှုသည် ပို၍ ပေါ်လွင်လာ၏။ မောင်ကြီးက နားစွင့်လိုက်ပြီး "ကျောက်စရစ်အဖွဲ့ လာနေကြပြီထင်တယ် " ဟု ခပ်တိုးတိုးပြောသည်။ လင်းဝက်ငှက်အော်သံသည် မရှေးမနှောင်းပေါ်လာခဲ့၏။

မောင်ကြီးက ထိုအတိုင်း ပြန်အသံပြုသည်။ တကယ်ပင် ကျောက်စရစ်ရွာ အဖွဲ့ လာနေကြပါပြီ။ စံနက်ကျော်က မောင်လူရှည်ဘက်သို့ လှည့်လိုက်၏။

"အဲဒါပါပဲ ခင်ဗျ၊ ကျုံခနဲကလာကြမယ့် ကိုမောင်ကြီးတို့ကို ကျွန်တော်က လာစောင့်နှင့် တွေ့ကြပြီး အခုအတူပါလာခဲ့တာပဲ "

ကိုလူရှည်၏ စကားအဆုံးသတ်ပြီးချိန်တွင် ကျောက်စရစ်အုပ်စုလည်း ရောက်လာကြသည်။ ဘလှခေါင်းဆောင်သော အဖွဲ့ ဝင်ခုနစ်ဦး တို့ဖြစ်ကြ၏။ ခရီးဝေး သောကြောင့် ခြေရာခြေကြောင်း မထင်စေရန် လူနည်းနည်းဖြင့် လာခဲ့သည်ဟုဆို၏။ ၄င်းတို့တွင် အင်္ဂလိပ်ရိုင်ဖယ် (၅) လက်၊ ဒူးလေး (၂) လက် ပါသောကြောင့် လက်နက်တောင့်သည်။ ကျုံခနဲအဖွဲ့က မောင်လူရှည်ပါ (၁၃) ယောက် ဖြစ်လျက် ဒူးလေး (၆) လက်၊ အင်္ဂလိပ်ရိုင်ဖယ် (၅) လက်၊ နှစ်လုံးပြူး (၁) လက်၊ တော်မီသေနတ် (၁) လက်နှင့် အင်္ဂလိပ်လုပ် လက်ပစ်ဗုံး (၅) လုံးပါသည်။

စုစုပေါင်း လူ (၂၉) ယောက်။ မောင်းပြန် သေနတ်ဖြစ်သော တော်မီသေနတ် (၂) လက် အပါအဝင် တကယ့် သေနတ်အစစ်တို့နှင့်တကွ ဒူးလေးတို့ကလည်း သေနတ်တို့ကဲ့သို့ ပစ်နိုင်ကြသည်ဖြစ်ရာ လူစေ့ လက်နက်စေ့ အပြည့်ပါသည်ဟု ဆိုလျှင်လည်း ရသည်။ လူထက် လက်နက်အင်အားက များစွာ ပိုသည်ဟု ဆိုလျှင်လည်း ရသည်။ အကြောင်းမှု သူတို့၏ ဒူးလေးများအတွက် ရိုးရိုးမြားတို့ကလည်း ဒူးလေးတိုင်းတွင် သုံးဆယ်ခန့်စီ ပါကြသေးသည်။ ဓားဆိုလျှင်လည်း လူစေ့။ ဓားလွယ် လွယ်မလာသူတိုင်း၏ ခါးတွင် ဓားမြှောင်များ ရှိနေကြသည်။ စံနက်ကျော်က သွားကြရန် အချက်ပြလိုက်၏။

အချင်းချင်း ဘာမှ မပြောကြတော့ဘဲ စတင် လှုပ်ရှားလိုက်ကြသူ လူတိုင်း၏ စိတ်ထဲ၌ အတွေးကိုယ်စီဖြင့်။ ယခု တကယ့်တိုက်ပွဲကို တိုက်ကြရတော့မည်။ မည်သို့ တိုက်ကြရပါ့မလဲ၊ လေ့ကျင့်တုန်းက အတိုင်းနှင့် တူပါ့မလား။

လေ့ကျင့်ကြရတုန်းက ရန်သူအဖြစ် ပြုလုပ်ရသည့် အဖွဲ့အနီးသို့ တိုက်မည့်အဖွဲ့က တိတ်ဆိတ် ချဉ်းကပ်ရသည်။ ရန်သူအဖြစ် စောင့်နေသူတို့ လုံးဝမသိအောင် မိမိတို့က ချဉ်းကပ်နေရာယူထားနိုင်ကြသည်နှင့် မိမိတို့ဘက်က နိုင်သည်။ ရန်သူပြုလုပ်သူများက

မိမိတို့ကို ကြိုတင်သိခြင်း၊ တိတ်တဆိတ် လူခွဲစောင့်နေကြလျက် ဝင်ရောက်ချဉ်းကပ်လိုက်သည့် မိမိတို့ကို ထပ်ဆင့် ဝိုင်းရံထားနိုင်ခြင်းတို့ ဖြစ်ပါက သွားရောက်တိုက်ခိုက်သူတို့ဘက်က ရှုံးရသည်။

ယခု တကယ်တိုက်ကြမည် ဆိုလျှင်လည်း ထိုအတိုင်းပဲလား။ ရန်သူမသိအောင် မိမိတို့က အနီးသို့အရောက် ချဉ်းကပ်လိုက်နိုင်ရုံမျှနှင့် လေ့ကျင့်တုန်းကသကဲ့သို့ အနိုင်ဖြစ်လိမ့်မည်မထင်။ ဝင်ရောက်တိုက်ရမည်၊ ပစ်ရမည်၊ ခုတ်ရထစ်ရမည်။

ထိုအတွေး ဝင်လာသည်နှင့် လူတိုင်းလူတိုင်းလိုလို သွေးပူလာကြ၏။ အသားတွေတုန်လာကြ၏။ ဆေးလိပ်သောက်ချင်သည့် စိတ်တို့ကလည်း အောင့်မရအောင် ပေါ်လာကြ၏။ အချို့ဆေးငုံတတ်သူတို့က အိတ်ထဲမှ ဆောင်းရွက်ကြီးကို ဆုတ်၍ ပါးစပ်ထဲသို့ သွင်းလိုက်ကြသည်။ ဆေးမငုံတတ်သူတို့ကလည်း အိတ်ထဲတွင် ထည့်လာသည့် ကွမ်းသီးစိတ်ကို ထုတ်ကာ ဝါးလိုက်ကြသည်။

သူတို့သည် ဤဆေးလိပ် သောက်ချင်သည့် ဒုက္ခ ကိုလေ့ကျင့်ခဲ့ကြစဉ်ကတည်းက တွေ့ကြုံခဲ့ဖူးကြပြီ ဖြစ်သောကြောင့်အားလုံး အဆင်သင့် ပါလာခဲ့ကြ၏။ သူတို့ဆရာလေးက ဤကိစ္စတွင် စည်းကမ်းကြီးလွန်းသည်။ တိုက်ပွဲလေ့ကျင့်ပြီး၍ အနားယူချိန်၌ပင်လျှင် ဆေးလိပ်သောက်ခွင့်မပေး။ အကျင့်ပါသွားမည်စိုးသောကြောင့် ဟုဆို၏။ မိမိနေရာအိမ်သို့ ပြန်ရောက်ပြီးမှသာ ဆေးလိပ်သောက်ရမည်ဟု ဆို၏။

ထိုသို့မဟုတ်ဘဲ တကယ့် တိုက်ပွဲတို့၌လည်း တိုက်ပွဲပြီးပြီ မိမိတို့က နိုင်ပြီးပြီဟု စိတ်အေးလက်အေး ဆေးလိပ်မီးကြီး တရဲရဲနှင့်ဖြစ်နေကြမည် ဆိုပါက ရန်သူ့ ဘက်မှ လွတ်မြောက် နေသူများနှင့် ရန်သူကိုကူညီရန် မိမိတို့မသိဘဲ ရောက်ရှိနေသူများကို မိမိတို့အား တိုက်ပါခိုက်ပါတော့၊ မိမိတို့နောက်မှ တိတ်တဆိတ် လိုက်လာခဲ့ပါတော့ ဟု ဖိတ်ခေါ်နေခြင်းပင် ဖြစ်သည်တဲ့။

ရှေ့မှ ရပ်လိုက်သောကြောင့် အတွေးကိုယ်စီနှင့် စိတ်စော လျက်ပါသွားကြသူတို့အားလုံး တုံ့ခနဲ ရပ်လိုက်ကြသည်။ ဤတွင်မှရှေ့သို့ သတိပြုလိုက်ကြသောအခါ

ညို့ညို့မည်းမည်း ရွာတန်းကြီးကို တွေ့နေရသည်။ ဂျပန်ဖက်ဆစ်သရဲကြီးတွေ လက်နက်အပြည့် အစုံနှင့် အသင့်ရှိနေကြသည့် ရွာတန်းကြီး။

ရွာကြီးကိုက ကြောက်စရာလို ဖြစ်နေသည်။ ဤရွာကြီး၌ အရပ်သူအရပ်သား တစ်ယောက်မျှ မရှိ။ သခင်မဲ့သောခွေးတွေနှင့် တုံးလုံးပက်လက်သေဆုံး ကုန်ကြ ရသော ရွာသူရွာသားတို့၏ အလောင်းကောင်တွေ၊ ပြီးတော့ ဂျပန်ဖက်ဆစ်သရဲကြီးတွေ။

ထိုင်ရန်အချက် ပေးလိုက်သောကြောင့် ထိုင်လိုက်ကြရသည်။ ကိုထွေး၊ ဆရာလေး၊ မောင်ကြီးနှင့် ဘလှတို့ကမတ်တတ်ရပ်လျက်ခေါင်းချင်း ရိုက်ကာ တိုးတိုး တိုးတိုး ပြုလုပ်နေကြ၏။ ထို့နောက် ကိုဘလှနှင့် မောင်ကြီးတို့ ထိုင်နေသူများနှင့် တိုးတိုးတိုးတိုး လာပြောကြပြီးနောက် သူတို့လူများ ထလိုက်ကြသည်။ တစ်စုနှင့်တစ်စု ကိုက် (၂၀၀) ခန့် ဖြစ်သော အလံငါးဆယ် လယ်နှစ်ကွက်စာခန့် ရွာဘက်သို့တိုး၍ နေရာယူရသောကြောင့် အဖွဲ့သုံးဖွဲ့ ဖိုခုံလောက်ဆိုင် ရှိနေကြရသည်။

အကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်လာခဲ့သော် အဖွဲ့တစ်ခုနှင့် တစ်ခု မည်သို့ သတင်းပို့ ဆက်သွယ်ရမည် စသော အကြောင်းစုံတို့ မှာကြားသွန်သင်ပြီးနောက် အဖွဲ့သုံးဖွဲ့မှ လူနှစ်ယောက်စီခေါ်လျက် ဆရာလေးတို့ ရွာဘက်သို့ သွားကြသည်။ မောင်ကြီး၊ ကိုထွေး၊ ဆရာလေး၊ ဘလှနှင့် အဖွဲ့သုံးဖွဲ့မှ ကိုလူရှည် အပါအဝင် လူခြောက်ယောက် အားလုံးပေါင်း ဆယ်ယောက်။

ဆရာလေးတို့သည် လရောင်မှေးမှေးတွင် မည်းမည်းမည်းမည်းနှင့် ခပ်ရေးရေး မြင်နေရာမှ ပျောက်သွားသည်။ မြက်တွေက စိုနေသောကြောင့်အေးစက်စက် ဖြစ်နေသည်။ ပုစဉ်းရင်ကွဲနှင့် လယ်ပုရစ်တို့သည် လူတွေအားလုံး ငြိမ်နေကြသောအခါ စီခနဲ တစ်ပြိုင်တည်း အော်လိုက်ကြသည်။ သူတို့ အော်ကြသည်ကလည်း အဖွဲ့နှင့်အုပ်စု တညီတညွတ်တည်းမို့ အတုယူစရာ။

ပိုးကောင်တွေ အော်သံကို နားထောင်ရင်း စောင့်စား စိတ်စောနေကြရသော သူတွေအားလုံး အချိန်ရှည်လျား ကြာမြင့်လွန်းလှသည်ဟု ထင်နေကြ၏။ တစ်မိနစ် ဆိုလျှင် တကယ့်ကို တစ်နာရီခန့်မျှ။ ငိုက်မျဉ်းသူတွေ က ငိုက်မျဉ်း၊ စိတ်စောသူက စိတ်စော

ရှိနေစဉ်အဝေးရွာတွေမှ ကြက်တွန်သံတို့ကို ကြားကြရသည်။ ဤကျက်သရေကင်းမဲ့သော ရွာကြီးကမူ တိတ်ဆိတ်လျက်။

ရှည်လျားစွာ ဆွဲဆွဲငင်ငင် အူလိုက်သော ခွေးသံကိုကြားရသောအခါ လူအားလုံး တို့၏ မျက်နှာသည် ရွာဘက်ဆီသို့ တစ်ပြိုင်တည်း လှည့်လိုက်ကြသည်။ အဝေးသို့ ကြည့်နေစဉ် မည်းမည်းမည်းမည်းနှင့် ခပ်ရေးရေးတွေ့ရ၏။ တာဝန်ယူနေရသော ကျော်ကြီးက ဆရာလေးတို့လား၊ ရန်သူလား မသိရသေးမီ လက်နက်များဖြင့် အသင့် ချိန်ရွယ်ထားရန် အချင်းချင်းလက်တို့ အချက်ပေးလိုက်သည်။ ထို့နောက် လင်းဝက်ငှက် ကဲ့သို့အသံပြု၏။ တစ်ဖက်မှ အသံပြန်လာသည်။ လက်နက်များကို ပြန်ချလိုက်ကြရန် အချက်ပေးပြန်သည်။

ဆရာလေးတို့ ပြန်ရောက်ကြသည်နှင့် အဖွဲ့သုံးဖွဲ့လုံး တစ်ခုစီခွဲ၍ မိမိတို့တာဝန်နှင့် မိမိတို့သွားကြရသည်။ တစ်စုတစ်စည်းတည်း နေခဲ့ရာမှ တကယ်တာဝန် ဆောင်ရွက်ရန်၊ တကယ် တိုက်ကြခိုက်ကြရန်အတွက် လူတွေခွဲလိုက်ကြရပြီဟု သိသောအခါ ရင်ထဲတွင် ဟာလာကြသည်။ အားငယ်သလိုလို လည်းဖြစ်ကုန်ကြသည်။ ငါတို့ တကယ် တိုက်ရတော့ မှာပဲဟုသိလာလျက် ဒူးတွေလက်တွေလည်း တဆတ်ဆတ်တုန်လာကြသည်။ ကြောက်၍ တုန်သည်ဟုလည်း မဆိုနိုင်။ မကြောက်ကြပါဘူးဟုလည်း မပြောသာ။ လူက စိတ်က တိုက်ချင်နေသော်လည်း အသွေးအသားများက ကြောက်နေကြသလား။

သူကရက်ရက်စက်စက် ပြုလုပ်ထားသော်လည်း ကိုယ်က တိတ်တဆိတ် ချောင်းမြောင်း၍၊ အနိုင်ယူ၍ ရက်ရက်စက်စက် ပြုလုပ်ရမည်ကို ဝန်လေးသည်။ ပြီးတော့ ထိုသို့ပြုလုပ်ရင်း ကိုယ့်ကို ထိခိုက်လာမည့် ဘေးနှင့်ရင်ဆိုင်ကြုံတွေ့ကြရမည်ကိုလည်း ကြောက်သည်။ သို့သော် ထိုသို့ဖြစ်နေရပါသည်ဟု မိမိတို့၏ အသိနှင့် စိတ်ဆန္ဒတို့က လက်မခံသောအခါ လူတွေ အားလုံးသည် မည်မျှ အကြောင်းပြနိုင်ခြင်း မရှိပါဘဲ တစ်ကိုယ်လုံး တုန်လှုပ်လျက် ရှိနေကြသည်။

ဆရာလေးက အစီအစဉ်ချပေးထားသည်။ အရေးအကြောင်းပေ၍ အပြင်က အကူအညီလာရန် ဤရွာသို့ လာမည့် လမ်းနှစ်လမ်း ရှိသည်ဆို၏။ ပထမက ထိုလမ်း

နစ်လမ်းမှ ဆီးကြို၍ စောင့်နိုင်ရန် လူအင်အား အတော်အသင့် ချထားပေးဖို့ စီစဉ်ခဲ့သေးသည်။ သို့သော် မထင်မှတ်ခဲ့ သော အဖြစ်တစ်ခုနှင့် ကြုံလာရသည်။

ကိုလူရှည်က ဖက်ဆစ်သရဲကြီးများသည် ရွာထိပ်တွင် တစ်ခုတည်းသာ ကျန်နေသော အကာတစ်ဖက်သာ ရှိသည့် ဇရပ်ကြီးထဲ၌သာ အားလုံးစုပေါင်း စခန်းချနေပါသည်ဆို၏။ သို့သော် အပြင်မှ ရန်သူအကူများ ဝင်ရောက် လာနိုင်ကြသည့် လမ်းများကိုကြည့်ရင်း အနောက်ဘက်ရွာ သို့ ရောက်ခဲ့သည်။ ထိုအခါ တစ်ဝက်တချို့ မီးလောင်ထားသည့် ဆရာမလေးနေခဲ့သော ခရစ်ယာန် ဘုရားရှိခိုးကျောင်းကလေးကို တွေ့ကြရသည်။

ဆရာလေးက ဒီလိုနေရာမျိုးမှာလည်း ဖက်ဆစ်သရဲများနေလိုက နေနိုင်သည်။ အကာအကွယ် ကောင်းမည့် နေရာတစ်ခု ဖြစ်နိုင်သည်ဟု ဆို၏။ ကိုလူရှည်က မနေကြပါ။ ထိုကျောင်း ပေါ်သို့ တက်ရောက်သည့် ခြေရာလက်ရာကိုလည်း မတွေ့ခဲ့ပါ။ ကျွန်တော် မနက်က ဖက်ဆစ်သရဲ ကောင်တွေအတွက် ဟင်းလျာစိမ်းများပို့ရင်း ထိုကျောင်းပေါ် သို့ပင် တက်ကြည့်ခဲ့ ပါသေးသည်ဟု ဆို၏။ သို့သော် ဆရာလေးက ဒီလိုနေရာလွတ်မျိုး ကြည့်ထားသင့်သေးသည် ပြောသဖြင့် ကြည့်ရန်သွားရသေးသည်။ ထိုနေရာတစ်ဝိုက်လုံး ကွမ်းသီးတောကြီးက ညို့မည်းမှောင် မိုက်နေသည်။ အနီးသို့ ရောက်မှ ကွက်လပ်ထဲတွင် ပျက်စီးနေသော ကျောင်းကလေး မှောင်မှောင်မည်းမည်းကို တွေ့ကြရသည်။

ကွက်လပ်တွင် လင်းနေသောကြောင့် ထိုကွက်လပ်ကို နောက်ခံပြုထားသည့် ငုတ်တုတ်မည်းကြီး တစ်ခုကို သတိပြုမိလိုက်ကြသည်။ ပိန္နဲပင်ခြေရင်းမှ မည်းမည်းကြီး။

ဆရာလေးနှင့်အတူ ယှဉ်၍ ရှေ့ဆုံးမှ လျှောက်လာသော ကိုလူရှည်သည် ဆရာလေး၏ လက်ကို ဆုပ်ကိုင်လိုက်သည်။ အားလုံးငြိမ်သက် ရပ်တန့်သွားကြ၏။ မည်းမည်းကြီးသည် ကိုလူရှည်တို့နှင့် သိပ်မဝေးလှ။ ပေအစိတ်၊ သုံးဆယ်မျှ သာရှိလိမ့်မည်။ သူတို့သည် ထိတ်ခနဲဖြစ်ရင်း အသံမပြည်အောင် ကွမ်းသီးပင်များကိုကပ်လိုက်ကြ၏။

ထိုစဉ် မည်းမည်းကြီးကလည်း ဖြည်းညင်းစွာ ထလိုက်သည်။ ဆံပင်ဖားလျားကြီးနှင့်။ နောက်ထဘီကို ရင်ရှားလိုက်သည်။ အချို့သူတို့ ကျောထဲမှ စိမ့်ခနဲဖြစ်ကြလျက် ကြက်သီးထသွားကြသည်။

လူမရှိသော၊ မနေသောနေရာတွင် မှောင်ကြီးမည်းမည်း တစ်ယောက်တည်းထဘီရင်ရှားနှင့် ဆံပင်ဖားလျားနှင့် မိန်းမတစ်ယောက်။ ထိုမိန်းမသည် အစိမ်းသေသေသွားသော ဆရာမလေး ဆိုသူများဖြစ်လေမလား။ အချို့က အမျှ အမျှ တို့လှူဒါန်းခဲ့တာတွေ အမျှဟု ဝမ်းထဲက ကျိတ်၍ အမျှဝေကြသည်။

ထိုစဉ် မည်းမည်းတစ်ကောင် ထပ်ပေါ်လာပြန်သည်။ လေထဲတွင် လှုပ်ယမ်းနေသလို အကောင်ကြီး။ ကွင်းကလေး ပြောင်ပြောင်ပေါ်မှာ နောက်တစ်ကောင်။ ကားရားကြီးရပ်လျက်။

ရွာသားတွေ အတော်ကြောက်ကုန်ကြသည်။ အစိမ်းသေတွေ တို့ကို ချောက်ကုန်ကြပြီဟု တွေးလျက်နေရာမှ တုတ်တုတ်မျှ မလှုပ်ဝံ့ဘဲပါးစပ်မှ ဣတိပိသောသံတွေ၊ သမ္ဗုဒ္ဓေတွေကို တိုးတိုးတိုးတိုး ရွတ်နေကြ၏။ ထိုစဉ် လူသံနှင့် မတူသော လေးတွဲ့တွဲ့အသံကြီးတစ်ခုပေါ်လာသည်။

"ဖွားသိုက်၊ နင်ဘယ်သွားလဲ။ ထွက်ပြေးဖို့များတော့ မကြံနဲ့နော်"

ထိတ်ခနဲ ဖြစ်သွားကြသော်လည်း ယောက်ျားကြီး တစ်ယောက်၏ အရက်မူးသံဟု သိလာကြပြီး ပင့်သက်ချလိုက်ကြသည်။ မောင်လှရှည်နှင့် တစ်ယောက်၊ နှစ်ယောက်တို့က ထိုအသံသည် သစ်သားသစ်သားချင်းကို အန္တရာယ်ပေးနေသော ပုဆိန်ရိုးသစ်သားကြီး ကိုဌေးမြိုင်၏ မူးမူးရူးရူးအသံကြီး ဖြစ်ကြောင်း ချက်ချင်း မှတ်မိကြ၏။

"ခေါ်ဘာ ခေါ်ဘာ ဖွားသိုက်ကို ခေါ်ဘာ" ဟူသော ပုဆိန်သွားကြီး၏ အသံသည် ကွင်းပြောင်ပြောင် ကားရားကြီး မြင်နေရသည့်နေရာမှထွက်လာသည်။

"နင်ပြေးမလို့ လုပ်နေတာ မဟုတ်လား"

တိုက်သူကြီး ကိုဌေးမြိုင်၏ စိတ်မရှည်သောအသံက ထပ်ဆင့် ပေါ်လာ၏။

"ကျုပ်မပြေးဝံ့ပါဘူးတော်၊ ဒါပေမယ့် နည်းနည်းတော့ အနားပေးကြပါဦး "

ဆုတ်ဆိုင်းဆုတ်ဆိုင်း မရွှေ့တရွှေ့ဖြင့် လုံချည်ပြင်ဝတ်နေ သလိုလို၊ ခေါင်းကုတ်နေသလိုလို၊ ကျောကုန်းကုတ် နေသလိုလို ပြနေသည့် မိန်းမဆီမှ စိတ်ညစ်ညူးကြောက်ရွံ့နေဟန် ရှိသော အသံတုန်တုန် ပေါ်လာသည်။

ဖွားသိုက်သည် အသက် (၂၈) နှစ်အရွယ်ခန့် မိန်းမတစ်ယောက် ဖြစ်၏။ သူ့ယောကျ်ားက ကိုတာတီးဖြစ်သည်။ လင်မယားနှစ်ယောက်လုံး ရှုးပေါ်ပေါ်။ သဘောကောင်းကောင်း တွေဖြစ်ကြ၏။ လူတကာတို့၏ အနိုင်ဖတ်၊ ခိုင်းဖတ် အနှိပ်စက်ခံများဖြစ်ကြ၏။ သို့သော် လင်မယားနှစ်ယောက်လုံး အလုပ်ကြမ်းသမားတွေ ဖြစ်သောကြောင့် တောင့်တောင့်ခိုင်ခိုင် လုံးလုံးကျစ်ကျစ် ရှိကြသည်။ အလွန်လည်း ဆင်းရဲကြသည်။ သူတို့၏ အိမ်ကလေးသည် ကိုဌေးမြိုင်တို့၏ ဝက်ခြံလောက်မျှ မကျယ်။ သူတို့ အိမ်ထောင်ကျသည်မှာ ကိုးနှစ်ကျော် ဆယ်နှစ်ခန့်မျှ ရှိခဲ့ပြီဖြစ်သော်လည်း ကလေးသားငယ်မရ။ ထို့ကြောင့် စားရေးဝတ်ရေး ဆင်းရဲသော်လည်း ခံနိုင်ရည်ရှိကြသည်။ ထို့ပြင် သူတို့ သည် ဆင်းရဲသော်လည်း လင်မယား ချစ်ချစ်ကြင်ကြင်ရှိကြသည်။ သူတို့၏ ဆင်းရဲမွဲတေလှသော ဘဝတစ်လျှောက်လုံး ယခုအကြိမ်သည် သေချင်စရာ ကောင်းလောက်အောင် မုန်တိုင်းအဆင်ခံလိုက်ရသည့် အကြိမ် ဖြစ်နိုင်သည်။

တစ်နည်းဆိုလျှင် ဖက်ဆစ်သရဲကြီးများ ဖြစ်ကြသော ပုဆိန်သွားတွေ နစ်နစ်မြုပ်မြုပ် ခုတ်ထစ်နိုင်စေရန် အတွက် တိုင်းပြည်သူဖြစ်သော သစ်ပင်ဖွားသိုက်ကို တိုင်းပြည်သားဖြစ်သော သစ်ပင်မှသစ်သား ကိုဌေးမြိုင်ကြီးက ပုဆိန်လက်ကိုင်ရိုးအဖြစ် အသုံးတော်ခံပေး လိုက်ခြင်းဖြစ်သည်။ ဖွားသိုက်နှင့် ကိုတာတီးတို့ ထူထောင်လာခဲ့ကြသည့် မြူမတင်သော အိမ်ထောင်ရေး ဘဝကလည်း ဗုန်းဗုန်းလဲ ပြိုကျရပေလေမလား။

ဖက်ဆစ်သရဲကြီးသည် ကြောက်ရွံ့ကြောက်ရွံ့နှင့် တိုးလာနေသည့် ဖွားသိုက်၏ ခါးကို ဆီးကြိုဆက်ဆွဲသွားသည့် အချိန်၌ ဆရာလေးတို့ တဖြည်းဖြည်း နောက်ဆုတ်လာခဲ့သည်။

ထို့ကြောင့် တိုက်ခိုက်ကြရမည့် သူတို့သည် တစ်နေရာတည်းတွင် တိုက်၍ မဖြစ်တော့ဘဲ နှစ်နေရာကို တစ်ပြိုင်နက်တည်း ခွဲ၍ တိုက်မှ ဖြစ်နိုင်လိမ့်မည်ဟု ဆုံးဖြတ်လိုက်ကြသည်။ ထို့ကြောင့် အနီးအနားရွာတို့မှ အကူအညီလာနိုင်သည့် လမ်းကြောင်း နှစ်ခုကို လမ်းတစ်ကြောင်းလျှင် နှစ်ယောက်ကျ အားလုံးပေါင်း (၄) ယောက်သာ သွားရောက် စောင့်ဆိုင်းရမည်ဟု တာဝန်ပေးသည်။ ထိုသူတို့သည် ရွာနှစ်ရွာ၏ ကြား လမ်းတစ်ဝက်ခန့် နေရာမှ သွားရောက်စောင့်လျက် ရန်သူတို့လာပါက ရှေ့ဦးစွာ တစ်ယောက်ကို ထိမှန်ဒဏ်ရာရစေ သည့်အထိအနီးကပ်ခံလျက် စောင့်ပစ်ရမည်။ ထိုသို့ တစ်ချက်ပစ်ပြီးမှ အနည်းငယ် နေရာရွှေ့ပြောင်းကာ အကာအကွယ် မယူသေးသည့် ကျန်သောသူတို့ကို မိမိအားမမြင်လျှင် သေသေ ချာချာ ချိန်ဆပစ်ခတ်ရမည်။ မြင်ပုံရလျှင် ခေါင်းမဖော်နိုင်အောင် ချက်ဆင့် အရမ်းပစ်ပြီး ရန်သူက အကာအကွယ်ယူသည်နှင့် မိမိလွတ်မြောက်ရန် နောက်ဘက်၊ ဘေးဘက်သင့်ရာသို့ အမြန်ဆုတ်၍ နေရာယူရမည်။ အဖော်နှစ်ယောက်တို့သည် တစ်ယောက်ဆုတ်ချိန်တွင် ကျန်တစ်ယောက်ပစ်ပေးရမည်။ ၄င်းတို့သည် လုံးဝ ဆုတ်လာရန်လည်း မဟုတ်။ ရန်သူများ ရုတ်တရက် ရှေ့မတက်နိုင်ရန် ပတ်၍ ပစ်ခတ်ပေးနေရမည်သာ ဖြစ်သည်။ ထိုသို့ပစ်ရာ၌ရန်သူ၏ အနေအထားနှင့် အခြေတို့ကို ဖျက်ပြီးနောက် ရန်သူကိုမတားနိုင်ဘဲ ရန်သူက ရှေ့သို့ လွန်သွားခဲ့လျှင်လည်း ရန်သူက စိတ်ချကျော်ပြသွားသော ရန်သူ၏ နောက်ပိုင်းမှ ထိထိရောက်ရောက် ယမ်းအားဖြုန်း၍ ပစ်ပေးနိုင်ရမည်။ ဤသို့ပစ်ပေးခြင်းဖြင့်ရန်သူသည် တိုက်ခိုက်ရမည် မသိဘဲလည်း ဖြစ်နိုင်သည်။ နောက်ပိုင်းမလုံသဖြင့် မိမိတို့ဦးတည်ရာသို့ သွားရေးအတွက် နှောင့်နှေးမှုလည်း ဖြစ်နိုင်သည်။ တိုက်ရေဝသော တပ်ဖွဲ့ခေါင်းဆောင် တို့ဦးတည်ရာသို့ သွားရေးအတွက် နှောင့်နှေးမှုလည်းဖြစ်နိုင်သည်။တိုက်ရေ ဝသော တပ်ဖွဲ့ခေါင်းဆောင်တို့ ဦးဆောင်လာသည့် ရန်သူတပ်ဖွဲ့များ ဖြစ်ပါက မိမိတို့ပြန်လည် ပစ်ခတ်ရန် အနည်းငယ်မျှကိုသာ ချန်ထားခဲ့၍ အများစုတို့ကမူ ၄င်းတို့ဦးတည်ချက် ရှိသည့် နေရာသို့သာ ဆက်လက်ချီတက်ကြလိမ့်မည်။ ထိုအဖြစ်မျိုးကို သိလျှင် တာဆီး စောင့်တိုက်နေကြသော နှစ်ယောက်တို့ သည် ချီတက်လာသည့် အဖွဲ့ဘေးမှ ပန်းလိုက်လာကာ ဆက်လက်ပစ်ခတ် တားဆီးရမည် ဟူသည်တို့ဖြစ်သည်။

ဤလက်ဖြောင့်တပ်သား တစ်စုံတစ်တွဲတို့၏ လှည့်ပတ် တိုက်ခိုက်နည်းကို ကျည်ကွယ်မျက်ကွယ် အကာအကွယ်ယူရာ၌ လာဘ်မြင်ကျွမ်းကျင်သည့် လက်ဖြောင့် တပ်သားတို့ကို ရွေးချယ်ကာ အစုံလိုက် အတွဲလိုက် အပေးအယူသင့်သူချင်း လေ့ကျင့်ပြီးသား ရှိနေခဲ့သောကြောင့် မခက်ခဲလှ။ ထိုအတွဲများကို စံနက်ကျော်က သံတံတိုင်း ညီနောင်များဟု နာမည်ပေးထား၏။ ကျောက်စရစ်အဖွဲ့၌ သံတံတိုင်းညီနောင် နှစ်ဖွဲ့ပါ၏။ ထို့ကြောင့် ဘလှက သံတံတိုင်းညီနောင်နှစ်တွဲကို ညွှန်ကြားချက်များ ပေး၍ နေရာချပေးကာ ၄င်းအပါအဝင် သုံးယောက်က စံနက်ကျော်နှင့် တွဲရ၏။ အရှေ့ပိုင်း ဇရပ်ကြီးထဲတွင် ဖက်ဆစ်သရဲကောင် (၄၀) ကျော်ခန့် စခန်းချလျက် ရှိ၏။ ထိုနေရာသို့ မောင်ကြီးနှင့် ကိုထွေးတို့ အပါ အဝင် (၂၂)ယောက်တို့က တိတ်တဆိတ် ချဉ်းကပ် တိုက်ခိုက်ရန် တာဝန်ယူရ၏။ မောင်းပြန် သေနတ်နှစ်လက်ကိုလည်း ထိုအဖွဲ့သို့ပင် ပေးလိုက်၏။ ဆရာမလေး၏ စာသင်ကျောင်း နေရာကို စံနက်ကျော် ကိုယ်တိုင်နှင့်ဘလှ အပါအဝင် ပေါင်းလေးယောက်သားက ဝင်စီးရန် တာဝန်ယူရ၏။ သူ့ရဲဘော်တွေက စိုးရိမ်သော်လည်း စံနက်ကျော်ကိုယ်တိုင်က ကိစ္စမရှိပါ။ အလွန်ဆုံး ဖက်ဆစ်သရဲ ပိုလ်လုပ်သူ အကောင်များအပါအဝင် ငါးယောက်ထက်မပိုနိုင်။ ပိုချင်းပိုလျှင် မိန်းမတစ်ယောက်နှင့် ကိုဒွေးမြိုင်သာ အပိုဖြစ်လိမ့်မည်ဟုဆို၏။

တိုက်ပွဲတွင် သံတံတိုင်း ညီနောင်နှစ်တွဲမှ တစ်ပါး ကျန်အားလုံးတို့က တတ်နိုင်လျှင် သေနတ်လုံးဝမသုံးဘဲ ရန်သူကို စီးနင်းနိုင်ရန်ကြိုးစားရမည်။ အလွန် မလွှဲမရှောင်သာမှ သေနတ်ကို အသုံးပြုကြရမည်ဟု ညွှန်ကြားသည်။ ထို့ပြင် သူတို့၏ အချက်ပေးသံသည် ခွေးဟောင်သံ နှင့် တစ်ဆက်တည်း အူလိုက်သည့် အသံဖြစ်သည်။ ထိုအသံကို နားစွင့်လျက် နေရာနှစ်နေရာကို တစ်ပြိုင်တည်းဝင်ရောက် တိုက်ခိုက်ရမည်။ တစ်ပြိုင်တည်း ဆုတ်ခွာလာကြမည်ဟု မှုသေညွှန်ကြားထား၏။ ဆုတ်ခွာရာ၌ မိမိတို့ အဆင့်သင့်သလို အမြန်ဆုံးဆုတ်ခွာခဲ့ကြရမည်။ ရောင်းပူဟု ခေါ်သော ထိုသို့ တွေ့ဆုံ ပေါင်းစည်းကြမည့်နေရာသို့ အားလုံးစုံတို့က ရောက်လာကြပါလျက် တဖွဲ့ဖွဲ့ဖြစ်စေ၊ တိုက်ဖော် တိုက်ဖက် တစ်ဦးတစ်ယောက်ဖြစ်စေ မရောက်လာမပါရှိခဲ့သော် ရောက်ရှိနှင့် သူအားလုံးတို့၏ သဘောအတိုင်း ပူးပေါင်းဆောင် ရွက်ကြရမည်ဖြစ်၏။

စံနက်ကျော်တို့ စီမံခန့်ခွဲနေကြဆဲ၌ပင် လခြမ်းပွဲသည် မွန်းတည့်လုမတတ် ဖြစ်လာ၏။ လခြမ်းပွဲကလေး စောင်းသွားခဲ့လျှင်ရောင်နီလာပေတော့မည်။

ပြောက်ကျားတပ်ဖွဲ့တို့၏ ခေါင်းဆောင်များသည် ဤအစီအစဉ် တို့ကို အားလုံး သိပြီးကြပြီဖြစ်ရာ သွေးပူ၍ တထိတ်ထိတ်လှုပ်ရှားသော ရင်တို့ဖြင့် မိမိတို့ အုပ်စု များ ကို မိမိတို့ခေါင်းဆောင် သွားကြသည်။ သူတို့၏ စိတ်တွင်း၌ ဝမ်းသာခြင်းနှင့် ဝမ်းနည်းခြင်းကို မခွဲခြားနိုင်သည့် အကြောင်းတစ်ခုသည်လည်း ရင်ထဲတွင် ခုလုခုလုနှင့် ပါသွားခဲ့ကြသည်။

သူတို့သည် ဆရာမကလေးနှင့် နေခဲ့သည့် ခရစ်ယာန်ကျောင်းကို စီးနင်း ရန်အတွက် မောင်းပြန်သေနတ် ဖြစ်သော တွန်မီသေနတ်ကို ယူသွားပါရန်အတင်းပေး၏။ ခေါင်းမာသော ဆရာကလေးသည် ထိုမောင်းပြန်သေနတ်ကို မယူရုံမျှမက ၎င်း၏အဖွဲ့တွင် ပါသည့် ရိုင်ဖယ်သေနတ်တစ်လက်ကိုပင်လျှင် ကျုံ့ခန်းအဖွဲ့တွင် ပါလာသည့် နစ်လုံးပြူး သေနတ်ဖြင့် လဲလှယ်ယူသွားသေးသည်။ ဒါလည်း အင်မတန်ကို မရှောင်သာမှ သုံးမှာပါဟု ပြောသွားခဲ့သည်။

တစ်ကြိမ်တစ်ခါမျှ ပွဲမတိုးဘူးကြသေးသော ပြောက်ကျားတပ်သားတို့သည် မိမိတို့ စီးနင်းရမည့် နေရာအားလုံးတို့၌ အသင့်နေရာယူပြီး ရှိနေကြသည်။ သူတို့သည် အမှောင်ရိပ်တွင် ခိုကြကာ ၎င်းတို့ ဝင်ရောက်စီးနင်းရမည့် နေရာတို့ကို အချင်းချင်း တိုးတိုးတိတ်တိတ် ညွှန်ပြလျက် အချက်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် မည်သူက မည်သို့ ပြုလုပ်ကြရမည်ဟု ညွှန်ကြားတာဝန်ပေးနေကြသည်။

အသင့်ရောက်နှင့် နေကြသူတို့က အလွန်စိတ်စောနေကြ၏။ ကိုထွေးနှင့် မောင်ကြီးတို့သည် မိမိတို့မျက်စိရှေ့၌ သုသာန်ဇရပ်ကြီးကဲ့သို့ တိတ်ဆိတ်ငြိမ်သက် လွန်းလှသော ဇရပ်ကြီးကို ကြည့်လျက် စိတ်မောနေကြသည်။ ကိုလူရှည်သည် ထိုဇရပ်ကြီးတွင် ဂျပန်ဖက်ဆစ် သရဲတွေ မည်သို့နေကြသည်ကို မျက်မြင် သိသူ ဖြစ်သောကြောင့် မောင်ကြီး၊ ကိုထွေးတို့နှင့်အတူ ပါလာခဲ့ရသည်။

ကိုလူရှည်က ပြော၏။ ဖက်ဆစ်သရဲကြီးများ ဤအပေါ်တွင် တကယ်ရှိပါသည်တဲ့။ ထို့ကြောင့် မိမိတို့ လူများကို ယူထားသည့်နေရာတို့တွင် နေရစ်ခဲ့ကြစေပြီး ဘေးဘက်မှ

ပတ်လှည့်၍ကြည့်ကြသည်။ ဇရပ်ကြမ်းပြင်ပေါ်၌ ထောင်ထားသော ခြင်ထောင်များကို တွေ့ရ၏။ စိတ်အေးသွားခြင်းနှင့် အတူ စိတ်လှုပ်ရှားခြင်းတို့ ဖြစ်လာကြရသည်။ ဇရပ်ဆီသို့ ချဉ်းကပ်ကြရန်အတွက် မိမိတို့စီစဉ်ညှိနှိုင်းပြခဲ့သည်မှာ မှန်ကန်ကြောင်းကို တွေ့ကြရ၏။ အရေးကြီးသည်မှာက အစောင့်အကောင်ကို မိမိတို့က မတွေ့ကြရသေးခြင်းပင် ဖြစ်သည်။ သူတို့သည် အစောင့်မရှိဘဲနှင့် မည်သည့်အခါမျှ နေလိမ့်မည်မဟုတ်။ ဇရပ်၏ ဘေးပတ်ပတ်လည်၌ မြေပြောင်မြေပြန့်ဖြစ်၏။ အကာအကွယ်ကင်းမဲ့၏။ ထိုမြေပြန့်အတိုင်း ကိုက်(၅၀) ခန့်ဖြတ်ကျော်ပြီး ဇရပ် ရှိရာသို့ ရောက်မည်။

ထိုသို့ ဖြတ်ကျော်ရမည်က မလွယ်။ မိမိတို့ရှာဖွေ မတွေ့ရသေးသည့် အစောင့်ဖြစ်သူက သော်လည်းကောင်း၊ ဇရပ်ကြီး၏ အမှောင်ထဲတွင်ရှိနေကြသည့် ခြင်ထောင်တွေထဲမှ သော်လည်းကောင်း ကြည့်နေရမည့်သူများ ရှိခဲ့လျှင် ရန်သူက မိမိတို့ကို ဦးစွာမြင်နိုင်သည်။ ထိုသို့မြင်သည်နှင့် မိမိတို့အဖို့ သူတိုက်ကိုယ်တိုက် ဖြစ်ရတော့မည်။ မိမိတို့ဘက်မှလည်း အထိနာနိုင်သည်။ ဆရာလေးက သင်ထားသည့် ရန်သူကို ရင်ဆိုင်ကြရမည့် ပြောက်ကျား ရဲဘော်တိုင်း ရန်သူ့ဘက်မှ အခွင့်အရေးနှင့် မိမိတို့ဘက်မှ အခွင့် အရေးကို အမြဲ နှိုင်းယှဉ်ချိန်ဆ တတ်ကြရမည်။ မိမိတို့ဘက်မှ အခွင့်အရေးသာအောင် မဖန်တီးနိုင်ဘဲနှင့်ရန်သူကို ရင်ဆိုင်လေ့ရှိသောပြောက်ကျား စစ်သားသည် ဘယ်အခါမှ ပြောက်ကျားစစ်သားကောင်း မဖြစ်နိုင်တဲ့။

ကိုထွေးတို့သည် အမှောင်အောက်တွင် နေရာယူထားကြသော မိမိတို့လူများနှင့် တိုင်ပင်ကြပြန်၏။ ယခု မိမိတို့ရှိနေကြရာ ကိုက် ငါးဆယ်အဝေးမှနေ၍ လူကိုမမြင်ကြဘဲ ဇရပ်ကြီးကို သေနတ်ဖြင့် အရမ်းဝိုင်းပစ်ကြမည်ဆိုပါက မိမိတို့ဘက်တွင် ရန်သူတို့ထက် နစ်ဆကျော်မျှ များပြားသည့် လူအင်အားရှိသည်ထားဦး မပြုထိုက်မလုပ်ထိုက်။ ပြီးတော့ ဆရာလေးက မှာထားသည်။ တိုက်ပွဲ၏ အစသည် အသံတိတ် ဖြစ်ကြရမည်တဲ့။

ထိုထွေးတို့သည် ဇရပ်ကြီးအနီးသို့ ကပ်ရန်အတွက် အကြံမရနိုင်အောင် ရှိနေကြသည်။ ရန်သူတို့ရှိသည့် နေရာကိုကြည့်၍ မိမိတို့အား အမိန့်မပေးသေး သောကြောင့် မိမိတို့ကို အလွယ်တကူ တုံ့ပြန်သည့် ရန်သူအနီးတွင် ကပ်ကာ ရင်တဒုတ်ဒုတ် ခုန်လျက် စောင့်နေကြရခြင်းသည် လက်နက် ကိုင်ထားကြရသော

လက်တို့တွင် ချွေးစေးများ ပြန်လောက်အောင် စိတ်လှုပ်ရှားဖွယ် ကောင်းသည့် အချိန်ကြာညောင်းမှုမျိုး ဖြစ်လေသည်။ ထိုအချိန်သည် နောက်လိုက် ရဲဘော်တို့အဖို့ တစ်စက္ကန့်ကို တစ်နာရီမျှ ထင်ကြရသော အချိန်မျိုး။

ထို့အတူ မိမိဘက်မှ အသင့်မဖြစ်နိုင်သေးသော တာဝန်ယူ ထားရသည့် ခေါင်းဆောင်တို့ အဖို့လည်း ရုတ်တရက် တိုက်ပွဲစမည့် အချက်ပေးသံ ပေါ်လာမည်ကို အလွန်စိုးရိမ် နေတတ်ကြရသည်။ သူတို့အဖို့ အချိန်သည် အလွန်ကုန်လွယ်နေတတ်၏။ ကိုထွေးတို့အဖို့လည်း ဤအတိုင်းဖြစ်နေသည်။ ယခုနေ ဆရာလေးတို့ဆီမှ တိုက်ပွဲစရန် အချက်ပေး လိုက်လျှင် မိမိတို့က မည်သို့စကြရမည်ကို စဉ်းစားမရနိုင်ဘဲ ဖြစ်နေကြသည်။ ထို့ကြောင့် လိုလိုမည်မည် လက်ပစ်ဗုံးရှိသူတို့ကို ကြိုတင် ညွှန်ကြားမှုပေးထားကြသည်။

"ဗုံးကိုင်တွေ မင်းတို့ဆီက ဖြစ်ဖြစ်၊ ဆရာလေးတို့ဘက်က ဖြစ်ဖြစ် သေနတ်သံလိုလို အသံတစ်ခု အဝေးကကြားလောက်အောင် ထွက်လာပြီ ဆိုတာနဲ့ လက်ပစ်ဗုံး တွေကို အသင့်ကိုင်လိုက်။ ကျုပ်က ဗုံးပစ်လို့အော်လိုက်တာနဲ့ ရှေ့က ကွက်လပ်ထဲ အပြေးဝင်ပြီး ဇရပ်ကြီးထဲကို ဗုံးတွေပစ်သွင်းလိုက်ပေတော့ "

ဆရာလေးတို့ အဖွဲ့သို့ လိုလိုမည်မည် လက်ပစ်ဗုံးနှစ်လုံး ထည့်ပေးလိုက်သေး သော်လည်း ကျန်သော အင်္ဂလိပ်ဗုံးခြောက်လုံး၊ ဂျပန်မီးခွက်ဗုံး တစ်လုံးတို့သည် ဤဇရပ်ကြီးထဲရှိ ဖက်ဆစ်သရဲ လေးဆယ်ခန့် ကို တစ္ဆေတိုင်းပြည်သို့ ပို့ပေးနိုင်လိမ့်မည်ဟု တွေးမိထား၏။

ကိုထွေးနှင့် ကိုမောင်ကြီးတို့၏ အကောင်းဆုံးနှင့် နောက်ဆုံး ရရှိသောအကြံသည် မိမိတို့လူများကို နှစ်စုခွဲပြီးလျှင် တစ်စုက ဇရပ်ကြီး၏ ဘေးဘက်မှ နေရာယူ ထားရမည်။ ထိုနေရာသည် ဇရပ်ကြီး၏အတွင်း ရှိခြင်ထောင်များကို တစ်ဖက်ဘေးမှ နောက်ခံလရောင် ပြောက်ပြောက်တွ င် မှိုးမှိုးမဲမဲ မြင်နေကြရသည့်နေရာ ဖြစ်သည်။ ဖက်ဆစ် သရဲကောင်တွေ လှုပ်ရှားကြမည် ဆိုလျှင်လည်းမြင်နိုင်သည်။ ကျန်တစ်စုသည် ဇရပ်ကြီးအတွင်းမှ လှမ်းကြည့်၍ မမြင်နိုင်သည့် အကာတစ်ဖက်ခံနေသော ဇရပ်ကြီး၏ နောက်တည့်တည့်မှ နေရာယူကြရမည်။ သူတို့သည် တိုက်ပွဲစရန် အချက်ပေးသံ ကြားသည်နှင့် ဇရပ်ရှိရာသို့ မျောက်သွားသွား၍ အမြန်ချဉ်းကပ်ကြရမည်။

ထိုစဉ် တစ်နေရာရာတို့မှ လည်းကောင်း၊ ဇရပ်ကြီးအတွင်း ဘက်မှ လည်းကောင်း ရန်သူတို့ လှုပ်ရှားမှုကိုမြင်လျှင် ဘေးဘက်မှ စောင့်နေသည့် အဖွဲ့က ရိုးရိုးမြားကို အသုံးပြုလျက် ဒူးလေးတို့ဖြင့် အသံတိတ် ပစ်ခတ်တိုက်ခိုက်ရမည်။ အခွင့်အရေး သာလျှင် ဒူးလေးပစ်သူတို့ကို ရပ်ဆိုင်းစေရန် ရှေးဦးစွာ ဇရပ်ကြီးပေါ်တွင် တက်ရောက်နိုင်သူက ပစ်ရပ်ဟု အော်လိုက်ရမည်။ ပြီးလျှင် အဆုံးသတ်အနိုင်ယူသော တိုက်ပွဲသည် ဇရပ်ပေါ်တွင် ရှိနေကြသည့် ဖက်ဆစ်သရဲကောင်တွေ တစ်ပြုံလုံးကို ဓားစာ ကျွေးပစ်လိုက်ကြခြင်း ဖြစ်ရမည်။

ကိုမောင်ကြီးနှင့် ကိုထွေးတို့သည် အစီအစဉ်အတိုင်း မိမိလူများကို ပြင်ဆင်၍ နေရာရွှေ့ပြောင်းပေးကြပြီးလျှင် ရင်ထဲ၌ ပေါ့သွားကာ ပင့်သက်ချလိုက်နိုင် ကြသည်။ ထိုစဉ် ကိုထွေး၏ မျက်လုံးသည် ပြူးခနဲကျယ်သွားသည်။ မိမိလူများကို လက်တို့၍ ပြလိုက်သည်။ ဖက်ဆစ်သရဲတစ်ကောင်သည် မိမိတို့ စွန့်ခွာလာခဲ့သည့် နေရာနှင့် မဝေးလှ သည့်ဘက်မှ သေနတ်ကို ရေထမ်းတံပိုးထမ်းသကဲ့သို့ ထမ်းကာ ကွက်လပ်ကြီးကို ဖြတ်လျက် ဇရပ်ကြီးဆီသို့ အေးအေးလူလူ ဝင်လာနေသည်ကိုတွေ့ရသောကြောင့် ဖြစ်သည်။ ဘာပဲ ဖြစ်ဖြစ် ဤသို့ တွေ့မြင်ကြရခြင်းသည် ပြောက်ကျားအဖွဲ့သားတွေ အားလုံးအဖို့ စိတ်ချောက်ချား တုန်လှုပ်ကြရသည်မှာ ငြင်း၍မရလေ။ သို့သော် အချို့တို့က ဒူးလေးကို ကျစ်ကျစ်ဆုပ်လျက် ရိုးရိုးမြားတံကို ထုတ်ယူမိနေကြသည်။

ခွေးဟောင်သံတစ်ခု ပေါ်လာသည်။ စိတ်ထဲမှ ထူပူလှုပ်ရှား နေသော ဇရပ်နောက်ဘက်ရှိ တပ်သားတို့သည် တိုက်ပွဲစမည့် အချက်ပေး သံဟုထင်လျက် ဇရပ်ဘက်ဆီသို့ ပြေးဝင်ကြသည်။ မောင်ကြီးက ဟန့်တားလိုက်သဖြင့် မြေပြောင်ပြောင် လရောင်အောက် ရောက်နေရာ၌ပင် ဝပ်လိုက်ကြသည်။ တစ်ပြိုင်တည်းပင်လျှင် ကိုထွေး၏ ဘက်မှလည်း လေးညို့ခတ်သံတို့ ပေါ်လာကြလျက် မြားနှစ်စင်းထွက်သွားသည်။ မြားနှစ်စင်းလုံး ဖက်ဆစ်သရဲကောင်ကို မထိခဲ့။ ဖက်ဆစ်သရဲကောင်ကလည်း မြားထွက် သွားရာဘက်သို့ လှည့်လိုက်ရာမှ ကောင်းကင်ပတ်လည်သို့ လှည့်ပတ် ကြည့်လိုက်ပြီးနောက် ရှေ့သို့ဆက်ကာ လျှောက်မြဲလျှောက်လာသည်။ကိုထွေးသည် စိုးရိမ်မှုနှင့် စိတ်ဆိုးမှုတို့ ပေါင်းလျက်ရှေ့လောကြီး နေကြသော ထိုသူတို့၏ ပခုံးကို ခပ်ကြမ်းကြမ်း တွန်းလိုက်၏။ ကိုမောင်ကြီးကလည်း နောက်သို့ ပြန်ဆုတ်လာမည်

ပြုနေသော ရှေ့သို့တက်သွားသည့် မိမိလူများကိုနေရာ၌ ပင် ဝပ်နေကြရန် လက်တပြပြ မြင်သာအောင်ပြနေရ၏။

အဝေးမှ ခွေးဟောင်သံက မရပ်။ စင်စစ် ဤရွာကြီးထဲမှ သခင်မဲ့ခွေးများသည် ဂျပန်တို့က နှိပ်စက်လွန်းသောကြောင့် ဘာကိုမှမဟောင်ဝံ့ဟု ကိုလူရှည်က ပြော၏။ သို့ပါလျှက် ယခု ဟောင်ပုံမှာ ဒေါသတကြီးဟောင်နေခဲ့သည်။

သေနတ်တစ်ချက် ကပ်၍ ပေါ်လာ၏။ ဤတစ်ကြိမ်တွင်မူ ကိုထွေး၏ ဘက်မှ အပြုံလိုက် ထွက်သွားကြသော မြားတို့သည်ဇရပ်ကြီး၏ အနီးသို့ ရောက်နေပြီ ဖြစ်သည့် ဖက်ဆစ် သရဲကောင်ကို ငါးချောင်းခန့်သို့ ရောက်နေပြီဖြစ်သည့် ဖက်ဆစ်သရဲ ကောင်ကို ငါးချောင်းခန့် စူးဝင်သွားခဲ့ပြီ။ နာကြည်းစွာ ညည်းတွားလိုက်သော ခွေးအော်သံကို ပြေးဝင်သွားကြသော ပြောက်ကျားတပ်ဖွဲ့သားများ၏ ခြေသံအချို့က ဖုံးလွှမ်းသွားသည်။ ချက်ချင်းပင် လက်ပစ်ဗုံးသုံးလုံးခန့် ဆက်ကာဆက်ကာ ပေါက်ကွဲသွားကြသည်။ အပြင်ဘက်ဆီမှ ဖက်ဆစ်သရဲနှစ်ကောင် ပြေးဝင်လာကြရင်းဇရပ်ကြီး၏ ဝန်းကျင်၌ ရှုပ်ထွေး ပြေးလွှားနေကြသည့် ပြောက်ကျားရဲဘော်များကို သေနတ်များဖြင့် ပစ်ကြပါသည်။ ပါးစပ်မှလည်း ကျယ်လောင်စူးရှစွာ အော်ကြသည်။ သူတို့သည် အဆုတ်အဆိုင်းမရှိဘဲ အတင်းတိုးဝင် လာနေကြခြင်းဖြစ်၏။

ကိုထွေးက ရုတ်တရက် ဒူးထောက်လိုက်ကာ မောင်းပြန် တွန်မီ သေနတ်ဖြင့် ဆီးဆို့ပစ်ခတ် လိုက်သည်။ အခြေအနေသည် ရုတ်ခြည်း ရှုပ်ထွေးသွား၏။ ဖက်ဆစ်သရဲကောင် အတော်များများတို့သည် လက်ပစ်ဗုံးများ ပေါက်ကွဲအပြီးတွင် ဇရပ်ပေါ်မှ ချက်ချင်း လိမ့်ဆင်းလာနိုင်ကြသည်။ သူတို့သည် အာဏာဖြင့် လေ့ကျင့်သင်ကြားခဲ့ရသော အသေခံ ကျေးကျွန်များပီပီ ဖျတ်လတ်လျင်မြန်မှုများ ရှိကြသည်။ သူတို့နှင့်အတူ လက်နက်များလည်း ပါလာကြသည်။ ပြောက်ကျားရဲဘော်တို့က ဓားဖြင့် အတင်းဝင်ခုတ်သည်။ သူတို့က သေနတ်တို့ဖြင့် ရိုက်ကြသည်။ ကာကွယ်ကြသည်။ ဓားနှင့် လုံ့စွပ်ပါလာသူတို့က လက်ထဲတွင်ကိုင်လာသည့် သေနတ်တွင် ချက်ချင်း လုံ့စွပ် တပ်လိုက်ကြသည်။ အပြင်ဘက်မှ နောက်ထပ် ဝင်လာလိမ့်ဦးမလား ဟုစောင့်နေသော ကိုထွေးသည် မစောင့်နိုင်တော့ဘဲ ဇရပ်ဘေးတွင် ရှုပ်ထွေးနေသည့် လူအုပ်ထဲသို့

ဝင်လိုက်ရသည်။ မောင်ကြီးသည် အနားကပ်၍ ကြည့်လျက် ရန်သူမှန်းသိတိုင်း မောင်းပြန်တွန်မီသေနတ်ဖြင့် တွယ်ရသည်။ ကိုယ့်လူကိုလည်းမလွတ်သာက "ဟော့ကောင် မှောက်လိုက်စမ်း" ဟုအော်ရသည်။ ကိုထွေးကလည်း ဤအတိုင်း ဝင်လာသည်။ အခြေအနေ မလှမှန်း သိသော ဖက်ဆစ်သရဲတို့က ဇရပ်ကြီးပေါ်သို့ ချက်ချင်း ပြန်တက်လိုက်ကြသည်။ ဇရပ်ကြီးပေါ်မှ မီးများဝင်းခနဲ ဝင်းခနဲ ပွင့်လာသည်။

"ဗုံးဆက်ပစ်၊ ဗုံးဆက်ပစ်"

ဗုံးသမားအချို့က ဓားကိုင်လျက် ခုတ်ထစ်နေရသောကြောင့် ရုတ်တရက် မကြားနိုင်။ သို့သော် ကြားသည်နှင့် ဓားကို မြေသို့စိုက်လိုက်ကာ နေရာယူဟုအော်ရင်း ဇရပ်ကြီး ထဲသို့ ဗုံးများ ပစ်သွင်းလိုက် ကြသည်။ ထိုထွေးနှင့် မောင်ကြီးတို့ကလည်း ဝမ်းလျား မှောက်နေရင်းမှပင် မိမိလူများ မဟုတ်သဖြင့် မိုးတိုးမတ်တတ် ကျန်နေရစ်ကြသော ဖက်ဆစ်သရဲကောင်တွေကို မောင်းပြန်သေနတ်များဖြင့် ဆက်လက် ပစ်ခတ်ကြသည်။ ဗုံးကွဲသံများ၊ မောင်းပြန်သေနတ်သံများနှင့် အနီးဝန်းကျင်ရွာတို့မှ အရက်ဦး တုံးခေါက်သံများတို့ အစဲတွင် ဟောင်၍ ဟောင်၍ ဆွဲဆွဲငင်ငင် အူလိုက်သော ခွေးအူသံတစ်ခုက ပေါ်လာပြန်သည်။ တကယ့်ခွေးအူသံဟု ထင်ရသော်လည်း လူက အတုယူပြုလုပ်လိုက်သော တိုက်ပွဲစပြီးမှ တိုက်ပွဲစရန် အချက်ပေးလိုက်သည့်အသံ။

ထိုအသံကို မပေး၍ မဖြစ်။ သို့မှသာ နောက်တစ်ကြိမ် ဤအသံမျိုးကြားလျှင် ပြောက်ကျား ရဲဘော်တွေအားလုံး နေရာတိုင်းမှဆုတ်ခွာ လာကြပေလိမ့်မည်။ ထို့ကြောင့် စံနက်ကျော်က တိုက်နေရင်းဆဲဆဲ တိုက်ပွဲအတွင်းမှ အချက်ပေးလိုက်သဖြင့် ဘလှ၏ လူတစ်ယောက်က ပြုလုပ်ရခြင်း ဖြစ်လေသည်။

ထိုအချိန်က စံနက်ကျော်တို့ လေးယောက်သည် ရန်သူကိုယ်စီဖြင့် အကြိတ်အနယ် လုံးထွေး သတ်ပုတ်နေဆဲဖြစ်၏။ ခရစ်ယာန် စာသင်ကျောင်းကလေး၏ အနေအထား တစ်ခုလုံးကို သိပြီးဖြစ်သော စံနက်ကျော်သည် ရေလှောင်ကန်များ ရှိရာဘက်မှလည်း အတွင်းသို့ ဝင်လျှင် ရနိုင်ကြောင်းပြောပြရာ ဘလှနှင့် အဖော်တစ်ယောက်တို့ စွန့်စား ဝင်ကြည့်ကြရန် စီမံနေကြစဉ် သေနတ်ဖြင့် ဗုံးကွဲသံများကို ကြားလိုက်ရခြင်းဖြစ်၏။ စင်စစ် စံနက်ကျော်တို့သည် တိုက်ပွဲစရန် အချိန်စောစော

ကြီးကလည်း အချက်ပေးနိုင်ကြသည် ဖြစ်သော်လည်း ပတ်ဝန်းကျင် ရွာတို့မှ လာရောက်ကြမည့် အကူများကို တားဆီးရန် ကြိုတင်လွှတ်လိုက်သည့် သံတံတိုင်း ညီနောင်တို့ ရွာနှင့် အလွန်နီးကပ်စွာ နေရာယူထားကြမည် စိုးသည့်အတွက် တမင်အချိန်ဆွဲလျက် စောင့်နေကြခြင်းဖြစ်သည်။ ထိုအတွင်း သေနတ်သံနှင့် ဖုံးသံတို့ ပေါ်ထွက်လာကြသည်။ ဘလုတို့ကို "အဲဒီကပဲ ဝင်ကြတော့" ဟုအချက်ပေးလျက်ခုန်ပျံ ကျော်လွှားခြင်း မပြုနိုင်သော စံနက်ကျော်က တစ်ခုတည်းသော အုတ်လှေကားကလေး ရှိရာ တံခါးမဆီ သို့ဖြတ်ပြေးစောင့်သည်။ ထင်သည့် အတိုင်းပင် ထိုတံခါးမမှ ဖက်ဆစ်သရဲ နှစ်ကောင်တို့ ပြေးထွက်လာကြရာ ဓားဖြင့် ဆီးကြိုပိုင်းလိုက်သည်။

ဓားလွတ်ဖြင့် စံနက်ကျော် ပိုင်းလိုက်သည့်သူက တစ်ချက်တည်းမသေဘဲ တလိမ့်ခေါက်ကွေးကျလာသည်။ စံနက်ကျော်နှင့်မျက်နှာချင်းဆိုင်မှ နေရာယူကာ ဒူးလေးကို ကျောတွင်လွယ်၍ မြတ်ခုတ်ဓားရှည်ကြီးဖြင့် ပိုင်းချလိုက်သော စံနက်ကျော်၏ အဖော်ဘက်မှ ဖက်ဆစ်သရဲကောင်ကမူ လှေကားထိပ်မှ အောက်သို့ပင် မကျတော့ဘဲ လှေကားထိပ်တွင် ပိတ်လျက် အပေါ်၌ပင်လဲကျနေသည်။ တစ်ဆက်တည်းပင် နောက်မှ ဆင့်၍ ပါလာသည့် ဖက်ဆစ်သရဲတစ်ဦးက ထိုလဲကျနေသည့် သူတို့၏ အလောင်းကို ခလုတ်တိုက်လိုက်ကာ ငါးထစ်ရှိ သော လှေကားပေါ်မျ မြေသို့ရောက်သည်အထိ တလိမ့်ခေါက်ကွေးကျ သွားခဲ့သည်။ ထို့ကြောင့်လည်း ထိုအကောင်ကြီးသည် စံနက်ကျော်နှင့် အဖော်ဖြစ်သူ၏ ဓားချက်နှစ်ခုလုံးမှ လွတ်သွားခဲ့သည်။ စံနက်ကျော်သည် မိမိ၏ ခြေထောက်မှ ဒဏ်ရာကို မေ့လျော့ကာ ရုတ်ရက် ခုန်ဆင်းခုန်ချလိုက်မိ၏။

ဖက်ဆစ်သရဲကြီးသည် ပွက်ကာသီကာကလေး ရှောင်တိမ်း လိုက်ပြီး စံနက်ကျော်၏ မျက်နှာအနားသို့ ခုန်တိုးကပ်လိုက်လျက်တိရစ္ဆာန် ရိုင်းတစ်ကောင် မျက်နှာအနားသို့ ခုန်တိုးကပ်လိုက်လျက် တိရစ္ဆာန်ရိုင်းတစ်ကောင် မာန်ဖီသကဲ့သို့ အော်ဟစ်လိုက်သည်။ တစ်ပြိုင်တည်းပင် စံနက်ကျော်၏ ဘေးသို့ ဝိုင်းပတ်လျက် ဓားဖြင့် ပိုင်းရင်း ထထွက်သည်။

စံနက်ကျော်၏ ခြေထောက်မှ ဒဏ်ရာသည် စံနက်ကျော်ကို ကံကောင်းစေခဲ့သည်။ အကြောင်းမူ ရှေ့သို့အားလွန် လဲကျနေသောစံနက်ကျော်သည် အားယူ၍ တိုက်သော်

လည်း ခြေထောက်မှ ဒဏ်ရာသည် မိမိစိတ်ရှိသလို မရပ်တည်နိုင်ဘဲ ခွေညွတ်ကျသွားသောကြောင့် ဖက်ဆစ်သရဲကြီး၏ ဓားမှာ စံနက်ကျော်၏ ခေါင်းထက်မှ လွတ်မြောက်သွားခဲ့သည်။ သို့သော် ဖက်ဆစ်သရဲကြီးသည် မိမိရှေ့မှောက်တွင် မျက်စိလည်းလမ်းမှား၍ ပြေးဝင်ရောက်လာသော ရှဉ့်ငယ်ကို တွေ့ရသည့် တောကြောင်ကြီးကဲ့သို့ အပေါ်စီးဖြင့် မာန်ဖီလျက် အတင်းဝင်ရောက်ခုတ်၏။ ကျောင်းအတွင်း၌ ရှိနေလိမ့်မည်ဖြစ်သော ၎င်း၏ လူတွေကိုလည်း အော်ဟစ် အမိန့်ပေး၏။ စံနက်ကျော်သည် ထိုဖက်ဆစ်သရဲကြီး၏ ဓားချက်မှ ထရှောင်လိုက်သော်လည်း ခြေထောက်သည် လုံးဝထောက်၍ မရဘဲ ညွတ်ကျသွား၏။ သို့သော် ဓားချက်မှ သီသီကလေး လွတ်သွားပြန်၏။ စံနက်ကျော်၏ အခြေကို ရိပ်စားမိလာသော ဖက်ဆစ်သရဲကြီးသည် ရင်ခေါင်းသံကြီးဖြင့် အားအားဟု သံကုန်အော်လျက် ရှေ့သို့စုန်ခြောက်လိုက်နောက်သို့ ခုန်ဆုတ်လိုက်ဖြင့် ချက်ကောင်းကို ရှာနေ၏။

စံနက်ကျော်အဖို့ စိတ်ရှိသလောက် ရွေ့လျားနိုင်ခြင်းမရှိသော ခါးကျိုးလျက် ပါးပျဉ်းထောင်နေရသည့် မြွေကဲ့သို့ ဖြစ်နေ၏။ စံနက်ကျော်၏ လှုပ်ရွေ့နိုင်မှုသည် ဒူးထောက်ထခြင်းနှင့် တင်ပါးကို ဘေးသို့ လွှဲချထိုင်လိုက်ခြင်းတို့မျှသာ ဖြစ်၏။ ဤအချက်ကိုသိသော ဖက်ဆစ်သရဲကြီးသည် ခြေနှစ်ချောင်းကို ရှေ့၊ နောက်ချဲကားရာမှ

ဘယ်ညာ ချဲ့ကားလိုက်ကာ စံနက်ကျော်၏ အပေါ်မှ စီးမိုးလျက် အားခနဲ၊ယားခနဲ စူးစူးဝါးဝါး အသံပြုရင်း ဘယ်၊ ညာပတ်ဝိုင်း၍ရှစ်ချက်ခန့်ခုတ်လိုက်ပြီးနော က်သို့ ခုန်ဆုတ်လိုက်သည်။ မဆုတ်လျှင်လည်း မဖြစ်တော့ပြီ။ ဖက်ဆစ်သရဲကြီး၏ ဓားချက်သည် ကြိုးဆိတ်ကသကဲ့သို့ အလွန်မြန်ဆန်သည်မှာ မှန်၏။ သို့သော် စံနက်ကျော်ကလည်း ကိုယ်ကိုယိမ်းနွဲ့လျက် ခါးနှင့်တင်ပါး ကိုသာအားပြု၍ ရှောင်တိမ်းရင်း အခွင့်သာတိုင်း ခါခွပ်သကဲ့သို့ တွတ်လိုက်ပက်လိုက်သည့် ဓားချက်တစ်ချက်သည် ဖက်ဆစ် သရဲကြီး၏ ဘယ်ဘက် လက်မောင်းရင်းတွင် ပူခနဲ၊ ဖျဉ်းခနဲ ဖြစ်သွားခဲ့ပါပြီ။ စံနက်ကျော်သည် မောဟိုက် တုန်လှုပ်သည့် မျက်နှာဖြင့် ဖက်ဆစ်သရဲကြီးအား မျက်ခြည်မပြတ် စူးစိုက်နေသကဲ့သို့ ဖက်ဆစ်သရဲကြီးကလည်း စံနက်ကျော်ကို မျက်တောင် မခတ်ကြည့်ရင်း ဒေါသတကြီးအော်သည်။ ထို့နောက် ဒဏ်ရာရသွားသည့် လက်ဖြင့် ခါးကိုပွတ်၍ စမ်းကြည့်သည်။ သေနတ်ကို စမ်းခြင်းဖြစ်သည်။ စံနက်ကျော်၏ ခါးထဲတွင်မူ ခြောက်လုံး

ပြုံးသေနတ်ပါပါသည်။ သို့သော် သေနတ်ရှိရာသို့ စိတ်ရောက်လိုက်သည့် အခိုက်အတန့်တွင် ဖက်ဆစ်သရဲကြီး၏ ဓားဦးသည် မိမိ၏ နလုံးသွေးကို ထွင်းဖောက် သောက်သွားနိုင်သည်။

စံနက်ကျော်၏ ဆရာဦးပြေသိမ်းက "တိုက်ပွဲတွင် အာရုံထွေပြားမှု မရှိခြင်း၊ မာနဒေါသကို ထိန်းချုပ်လျက် တွေ့ကြုံနိုင်သည့် သတိဖြင့် တိုက်ပွဲကိုသာ အမြဲအာရုံစူးစိုက်နေနိုင်ခြင်းသည် တစ်ဝက်အောင်နိုင်ပြီးခြင်း ဖြစ်သည်" တဲ့။

ဘာသာတရားတို့ကို အလုံးစုံ အကြွင်းမဲ့ ယုံတတ်လေ့မရှိသော စံနက်ကျော်သည် ဆရာသမားတို့၏ ယုတ္တိပြည့်စုံသော စကားတို့ကိုမူ ဦးထိပ်တွင် အမြဲပန်ဆင် တတ်လေ့ရှိခဲ့သည်။ ထို့ကြောင့် ရန်သူ ဖက်ဆစ်သရဲကောင်ကြီး၏ လှုပ်ရှားမှုတို့ကိုသာ အမြဲအာရုံပြုရင်း မိမိကိုယ်ကိုမည်သို့ ကာကွယ်နိုင် သေးသည်ကိုလည်း တွေးကြံနေခဲ့သည်။ အမှန်အားဖြင့် ယခုတိုက်ပွဲသည် စံနက်ကျော်အဖို့ ပထမဦးဆုံး ကြောက်ရွံ့တုန်လှုပ်ရမှု စစ်စစ်ကို တကယ်ကိုယ်တွေ့ သိလိုက်ရသော တိုက်ပွဲဖြစ်ခဲ့သည်။ ဤမျှသစ်လွင် လတ်ဆတ်သော လရောင်နုနုနှင့် လေနအေးအေးလေ၏ အောက်တွင် စံနက်ကျော်၏ နဖူး၌ ချွေးများစို့နေခဲ့သည်။

စံနက်ကျော်၏ နည်းတူပင် ဖက်ဆစ်သရဲကောင် တောကြောင်ကြီးကလည်း မိမိတို့ ရှေ့မှောက်တွင် ဝင်ရောက်မှားနေသည့် အကောင်ငယ် ကလေးသည် ရှဉ့်ငယ်ကလေး မဟုတ်ဘဲ အကိုက်အဖြတ် မြန်ဆန်ရဲရင့်သည့် မြွေပါတစ်ကောင် ဖြစ်နေကြောင်းကိုသိလာသည်။ ထို့ကြောင့် သူသည် သူ၏ ရဲဘော် တစ်စုံတစ်ယောက်၏ အကူအညီကို လိုအပ်လျက်ရှိနေသည်။

သူသည် သူ၏ ရဲဘော် တစ်စုံတစ်ယောက်ကို အော်ဟစ်ခေါ် အမိန့်ပေးရင်း စံနက်ကျော်ရှိရာသို့ တိုးဝင်ကာ အပေါ်မှ စီးလျက်ခုတ်ထစ်ကြပြန်သည်။ စံနက်ကျော်သည် တွေးတောထားသည့် အတိုင်း ဒူးထောက်၍ ခါးနွဲ့ ၍ တိမ်းရှောင်ရုံမျှ မဟုတ်ဘဲ အလျဉ်းသင့်ပါက လိုမ်၍လိုမ့်၍ မမျှော်လင့်သည့်ဘက်မှ ထိုင်လိုက်၍လည်း ရှောင်တိမ်းသည်။ ထိုသို့ရှောင်ရင်း နေရာမရွေးဘဲရန်သူ၏ ကိုယ်ပေါ်သို့လည်း မိရာနေရာတွင် ဓားချက်ချသွားခဲ့သေးသည်။

ဤတစ်ကြိမ် လူချင်းကွဲသွားကြရာ၌ စံနက်ကျော်၏ လက်ပြင်ပေါ်တွင် ဖက်ဆစ်သရဲကြီး၏ ဓားချက်က ရွှေဘော်နှင့် ထိုးလိုက်သကဲ့သို့ လျှပ်ထိသွားသလို စံနက်ကျော်၏ ဓားချက်ကလည်း ဖက်ဆစ်သရဲကြီး၏ တင်ပါးခွက်ထဲသို့ အတော်နစ်နစ် စိုက်ဝင်သွားခဲ့သည်။

ထိုစဉ် ဖက်ဆစ်သရဲတစ်ကောင်နှင့် စံနက်ကျော်၏ အဖော်သည် နစ်ယောက်သား တစ်ယောက်နှင့် တစ်ယောက် ဖက်တွယ်လုံးထွေးရင်း စံနက်ကျော်တို့၏ ရှေ့လိမ့်ဝင် လာခဲ့သည်။ စံနက်ကျော်နှင့်တိုက်လျက် ရှိသော ဖက်ဆစ်သရဲကြီးသည် ၄င်း၏ ရှေ့တွင် ရောက်နေသော အပေါ်စီးရနေသည့် စံနက်ကျော်၏ အဖော်ကို "ရှား" ဟူသော အသံကို ပြုလိုက်ရင်း ကျောထက်သို့ ဓားဖြင့် ထိုးစိုက်လိုက်သည်။ စံနက်ကျော်သည် ထိုအခိုက်အတန့်ကလေး အတွင်း၌ပင် ထိုမိမိနှင့် တိုက်ဖက် ဖက်ဆစ်သရဲကြီး၏ ဆီးခုံကို ပက်ဓား၊ တွက်ဓား နစ်ချက်ဆက်သွင်းလိုက်နိုင်ခဲ့သည်။ ဖက်ဆစ်သရဲကြီး၏ ဓားသည် အချိန်အဆပျက်လျက် ပြောက်ကျားရဲဘော်၏ ကျောပေါ်သို့ လွတ်ကျလာခဲ့သည်။ ဖက်ဆစ် သရဲကြီးသည် ရှေ့သို့ကုန်းလာရာမှနောက်သို့ ဖင်ထိုင်ကျလျက် မြေပေါ်တွင် လဲကျသွားသည်။ စံနက်ကျော်က ခါးပိုက်ထဲမှ ခြောက်လုံးပြူးသေနတ်ကို ထုတ်လျက် မိမိအဖော်နှင့် လုံးသတ်နေသည့် ဖက်ဆစ်သရဲကောင် ၏ ဦးခေါင်းကို ပစ်ထည့်လိုက်သည်။

"ကဲ ကိုယ့်ရဲဘော်၊ ထနိုင်ရဲ့လား။ခင်ဗျား ကျောကို တော်တော် ထိသွားသလား" ပြောက်ကျားရဲဘော်က ဓားမြှောင်ကို ဆုပ်ကိုင်ရင်း လူးလဲထလိုက်သည်။

"ဘာမှမဖြစ်ဘူး ဆရာလေး၊ ဘယ်လိုမှမနေဘူး "

"ကဲကဲ အထဲကိုသွားကူဦး၊ ကျုပ်တို့ကောင်တွေ "

စံနက်ကျော်၏ စကားမဆုံးသေးမီပင် ကျောင်းကလေးအတွင်းမှ အော်လိုက်သံ တစ်ခုက အခြားအသံတို့ကို လွှမ်းမိုးထွက်လာသည်။

"အပြင်ကိုလာလေရဲ့ဟေ့၊ မလွတ်စေနဲ့"

စံနက်ကျော်သည် အုတ်လှေကားကလေးဆီသို့ လှည့်၍ ပစ်လိုက်သည်။ ရန်သူ တစ်ယောက် တစ်လိမ့်ခေါက်ကွေး လိမ့်ကျလာသည်။ မရှေးမနှောင်းပင် နှစ်လုံးပြူး သေနတ်သံနှစ်ချက် ဆင့်၍ ပေါ်လာသည်။ ငြိမ်သွားကြ၏။ တစ်ခဏအတွင်း ဘလုနှင့် အဖော်တစ်စုတို့ ထွက်လာသည်။

"ဆရာလေးတို့၊ ဘယ်လိုနေသေးလဲ" ဟုမေးရင်း အနီးသို့ ရောက်လာသည်။

"ကုန်ခဲ့ပြီလား၊ အဲဒါက ကိစ္စမရှိဘူး။ တိုက်ပွဲစဖို့ အချက်ပေးသံမြန်မြန်လုပ်ဦး"

တစ်ယောက်က ခွေးဟောင်သံပြုလိုက်ပြီး တစ်ဆက်တည်း အူလိုက်၏။ ပြီးမှ စံနက်ကျော်ဘက်သို့လှည့်လိုက်သည်။

"ဆရာလေးကလည်း တိုက်ပြီးကုန်ကြမှ တိုက်ပွဲကိုစဖို့ အချက်ပေးနေရသေး သလား"

ဒီတော့မှ "နောက်တစ်ခါ အသံကြားရင် တိုက်ပွဲကိုရပ်ပြီး တစ်ပြိုင်နက် ထွက်ကြရမှာ မဟုတ်လား"

ထိုစဉ် မိန်းမတစ်ယောက် ဆံပင်ဖားလျားဖြင့် ကျောင်းပေါ်ကဆင်းလာသည်။ ဘလုက ထိုမိန်းမဆီသို့ ကြည့်လိုက်ပြီး -

"သူကလည်း တစ်ချက်တစ်ချက်တော့ ဝင်ဝင်ကူတာပဲ ဆရာလေး"

"ကဲ- အဲဒါခဏထား၊ ဒီမှာ အမျိုးသမီး၊ ခင်ဗျားကျွန်တော် တို့ကိုလည်း မသိချင်နဲ့ ဘာမှလဲမပြောနဲ့။ ခင်ဗျားရွာ ခင်ဗျား သင့်သလို အမြန်ဆုံးသာ ပြန်ပေတော့"

အမျိုးသမီးသည် ဘာမှမပြောဘဲ တွေရပ်နေသည်။ စံနက်ကျော်က နားစွင့် လိုက်၏။ သေနတ်သံတို့သည် အဝေးဘက်တို့မှလည်း ကြားနေရလေပြီ။

"ကဲ - တိုက်ပွဲရပ်ဖို့ နောက်တစ်ခါ လုပ်လိုက်ပေတော့ဗျာ၊ အဝေးကလူတွေ လာနေလို့ ကျွန်တော်တို့လူတွေ ဆီးတွယ်နေရပြီ"

ခွေးငယ်ကလေး တစ်ကောင်၏ ဟောင်ရာမှ အူလိုက်သည့်အသံသည် ဒုတိယ အကြိမ် စူးစူးဝါးဝါး ပေါ်လာပြန်ပါပြီ။ မိမိတို့တွေ့ဖို့ စုပေါင်းကြမည့် နေရာသို့ သွားကြရန် အတွက် နေရာမှရွေ့လျားလိုက်ကြသည့် အချိန်တွင် စံနက်ကျော်သည် အားတင်း၍ ထရပ်လိုက်ပါလျက် မထနိုင်ဘဲ ပုံလဲသွားခဲ့ရသည်။ ကျောပြင်ပေါ်မှ သွေးယိုစီးကျနေသော ပြောက်ကျား ရဲဘော်ကြီးနှင့် ဘလုက ဝင်တွဲလိုက်သည်။ စံနက်ကျော်က တောက်ခေါက် လိုက်၏။ ကောင်းကင်ရှိ လခြမ်းပဲ့ကြီးသည် ထိုသူတို့၏ လှုပ်ရှားမှုကို ကြည့်ရှုနေရာမှ စိတ်ထိခိုက်စွာ တိမ်ညိုထဲသို့ ဝင်အသွား အရုဏ်ဦးလေပြည်သည် ပြောက်ကျား ရဲဘော်တွေကို အမောပြေ စေရေးအတွက် လေချိုနုကလေးဖြင့် ပက်ဖျန်းပေးလိုက်သည်။ သူတို့သည် တိုက်ပွဲဖြစ်ခဲ့ရသည့် ရွာကြီးကို ကျောခိုင်းခဲ့ကြပေပြီ။

ရန်ကုန်ဘဆွေ